www.burmeseclassic.com

# ရင်မိုး
(ဆေးတက္ကသိုလ်)

# ဆုံနိုင်ခွင့်ရှိသောဘဝတိုင်း

BURMESE CLASSIC .com



Design L လင်း

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မှီး(ဆေးတက္ကသိုလ်)

**ဆုံနိုင်ခွင့်ရှိသောဘဝကြောင်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၀၁၀၉၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၁၂၁၀၀၈

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။


ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com







## (၁၈)

ပြေးတော့ပြေးနေပေမယ့် မလွတ်နိုင်တော့ဘူးဆိုတာ သိနေသော ပြေးခြင်းမျိုးနဲ့ ထွက်ပြေးနေမိတာလည်းဖြစ်သည်။ ထွက်ပြေးသည်ဆိုသော စကားမှာ လွတ်မြောက်အောင်ထွက်ပြေးတာဖြစ်ပေမယ့် အခုအခြေအနေမှာတော့ သူသည် ဘယ်လိုမှ မလွတ်နိုင်တော့ဘူး ဆိုတာကို တဖြည်းဖြည်း သိလာခဲ့ပြီ။

မလွတ်တော့ဘူးဆိုတာ သိလာလေလေ ပိုပြီးလွတ်ချင်လာလေလေဖြစ်နေသော စိတ်ကလည်း တော်တော့်ထူးခြားပါသည်။ သူ့တစ်ကိုယ်လုံးလည်း ချွေးတွေ ရွဲနစ်နေသည်မှာ ရေချိုးထားသလားပင် ထင်ရလောက်အောင် ရွှဲနစ်နေတာ။ ဆံပင်တွေဆိုတာ အချောင်းလိုက်၊ နဖူးပြင်မှစီးကျသော ချွေးစက်ချွေးသီးတွေဟာ နှားထင်တစ်လျှောက် သွယ်ဆင်းလာကာ လည်ပင်းအိုစီးကျရာမှ ခန္ဓာကိုယ်ပေါ် ဆက်လက်စိမ့်ဝင် စီးဆင်းလာကာ



www.burmeseclassic.com

www.burmeseclassic.com



ခြေများအထိပင် တောက်လျှောက်ဆင်းလာနေတာမို့ တစ်ကိုယ်လုံးရှိ အဝတ်တွေဟာ ရေညှစ်ချလို့ရအောင် ချွေးနဲ့ ရွှဲနစ်နေတာ။

တောက်လျှောက်ပြေးနေရတာ၊ မနားတမ်းပြေးနေရတာတွေကြောင့် ချွေးပြန်တာထက် စိုးရိမ်ကြောင့်ကြခြင်းကြောင့် ထွက်လာသောချွေးတွေက ပိုမည်ထင်ပါသည်။

"မလွတ်တော့ဘူးထင်တယ်"

သူ့နှုတ်ဖျားမှ ဗလုံးဗထွေးပြောရင်း သူ့နံဘေးပန်းစွန်းကို ငုံ့ကြည့်မိတော့ ငယ်ထိပ်ဖျားလေးတစ်ခုကို မြင်ရသည်။ ကြည့်စမ်း ... ဒီလိုပြေးနေခဲ့တာ သူတစ်ယောက်တည်း မဟုတ်ဘူးပေါ့။ တစ်စုံတစ်ယောက်ဟာ သူ့နံဘေးမှာ တောက်လျှောက်ပါနေခဲ့တာပေါ့။ ဟာ ... နေဦး ... အဲဒီတစ်စုံတစ်ယောက်ကို ငါ့လက်ဖဝါးနဲ့ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ဆွဲခေါ်လာတာပါလား။ သူ့ရဲ့လက်ဖဝါးဆီမှ နူးညံ့အိထွေးမှုကို ပြန်ခံစားလိုက်ရသည်။ ထိုနူးညံ့အိထွေးသော လက်ဖဝါးလေးဆီမှာ သူ့အပေါ် အားကိုးယုံကြည်ခြင်းကိုလည်း ခံစားနေရသည်။ လက်ဖဝါးချင်း တင်းကျပ်မြဲမြံစွာ ဆုပ်ကိုင်ထားရင်းမှ ...

"သေတဲ့အထိ မခွဲဘူးနော်"

ဟူသော အသံညင်းသဲ့သဲ့လေးကို ကြားလိုက်ရချိန်တွင် သူ့ရင်ထဲမှာ လှပ်ခနဲအေးသွားပါသည်။ ရင်ထဲမှာ တလှပ်လှပ်





တသိမ့်သိမ့်နဲ့ အေးခနဲ ဖြစ်သွားရခြင်းမှာ သူနဲ့ သူကလေးတို့ဟာ ဟိုးအမြင့်ကြီးတစ်နေရာကနေ အဆုံးမရှိဘူးထင်ရတဲ့ ချောက်အနက်ကြီးထဲကို အတူတူ လက်တွဲမဖြုတ်ခဲ့ဘဲ ထိုးကျသွားခဲ့၍ပဲဖြစ်လေသည်။

သူသည် ထိုသို့ သိလိုက်ရတော့ ကြောက်အားလန့်အားဖြင့် အားခနဲ အသံကျယ်ကြီး အော်လိုက်မိသည်။ တွယ်ရာမဲ့ပြုတ်ကျနေသဖြင့် တွယ်မိတွယ်ရာ တစ်စုံတစ်ခုကိုများ လှမ်းကိုင်လိုက်မိမလားရယ်လို့ သွေးရူးသွေးတန်း လှမ်းရှာဆုပ်ကိုင်မိသည်။

"ဝုန်း ..."

ဆိုသော အသံကြီးနဲ့ သူ့ကျောပြင်မှ နာကျင်ခြင်းကိုပါ ဆက်ခံစားလိုက်ရသောအခါ ...

မျက်လုံးတွေ ဖွင့်ကြည့်လိုက်မိသည်။ ဟိုက် ... ငါခုတင်ပေါ်က ပြုတ်ကျတာပဲ။ ကြည့်စမ်း ... အိပ်မက်,မက်ပြီးပြုတ်ကျတာ။

"ဟဲ့ ... အခန်းထဲမှာ ဘာဖြစ်နေတာလဲ၊ အော်သံတွေရော ဝုန်းဒိုင်းအသံတွေရော ဘာဖြစ်နေတာလဲ"

"သား အိပ်မက်,မက်ပြီး ခုတင်ပေါ်က ပြုတ်ကျတာပါ"

"ဘာဖြစ်သွားသေးလဲ"

"ဘာမှ မဖြစ်ပါဘူး မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ပြန်အိပ်ချေဦး၊ မနက်ငါးနာရီပဲရှိသေးတယ်"

ဘုရားစာဆက်ရွတ်နေသော မေမေ့အသံကို နား ထောင်ရင်း သူ ဘယ်လိုမှ ပြန်အိပ်မပျော်တော့ဘဲ ထူးဆန်းသော အိပ်မက်ကိုသာ ပြန်တွေးတော သုံးသပ်ကြည့်နေမိသည်။





# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



## ၁

“ဟော့ကောင် ... ရုပ်ကြီးက ဘာဖြစ်နေတာလဲ”

လက်ပိုက်ထိုင်၊ ခြေထောက်ချိတ်ပြီး ထိုင်နေရာတည်းကို တည့်တည့်ကြီးမိနစ်ပေါင်းများစွာ စိုက်ကြည့်နေမိသောကြောင့် ဘေးမှာရှိနေသော ကျော်ဇင်က ပခုံးကို အုန်းခနဲ လာပုတ်ကာ အော်မေးလိုက်လေသည်။

“ဖြည်းဖြည်းပုတ်ပါကွ၊ လန့်သွားတာပဲ ရှစ်(ထ်)”

“အန်တီဒေါ်ဥမ္မာရေ ဒီမှာ မိုးခြိမ့်ညံ ဆဲနေပါတယ်ဗျို့”

မေမေ မကြားနိုင်မှန်းသိပေမဲ့ ကျော်ဇင်က တမင်ပဲ သူ့ပါးစပ်ရှေ့ လက်ဖဝါးနှစ်ဖက်ဝိုင်းကာ မေမေ့ဆိုင်ဘက် လှမ်းအော်သလိုလုပ်ပြီး အော်ပြနေပါသည်။

မေမေကတော့ ဘယ်လိုလုပ်ကြားပါ့မလဲ။ မှန်ကြည်ကြည်များဝန်းရံထားတဲ့ ယိုးဒယားပိုးထည်ဆိုင်ကြီးထဲမှာ အလုပ်





ရှုပ်နေမှာပေါ့။ မနက်က မေမေပြောနေတော့ နာမည်ကြီးမင်းသားရဲ့ မင်္ဂလာပွဲအတွက် မှာပေးထားတဲ့ ယိုးဒယားပိုးထည်တွေကို ဒီနေ့ စိစစ်ရမယ်ဆိုလား။

မိုးခြိမ့်ညံရယ်၊ ကျော်ဇင်ရယ်၊ နေလင်းဝင်းရယ်ကတော့ မေမေ့ဆိုင်နဲ့ မျက်နှာချင်းဆိုင်မှာ Toys R us(တွိုင်း(စ)အာအပ်(စ))အမည်နဲ့ အရုပ်မျိုးစုံဆိုင်ကို စပ်တူဖွင့်ထားကြလေသည်။ ဟဲဟဲ ... နာမည်ကတော့ နိုင်ငံခြားတိုင်းပြည်က အရုပ်ဆိုင်ကြီးရဲ့ နာမည်မျိုး ခိုးချအတုခိုးပြီးပေးထားရတာပေါ့။ တကယ့်တကယ်တော့ အဲဒီကုမ္ပဏီရဲ့ဆိုင်ခွဲတော့ မဟုတ်ပါဘူး။ မိုးခြိမ့်ညံတို့ သုံးယောက် ရဲ့စပ်တူပိုက်ဆံနဲ့ ဖွင့်ထားတဲ့ဆိုင်ပါ။

“အိပ်ငိုက်သလိုလို ဖြစ်နေတာကွာ”

“ညက ဘယ်နနာရီမှ အိပ်လို့လဲ”

“ဆယ့်တစ်နာရီ”

“ဟာ ... ဒါ စောတာပဲ၊ အိပ်ရေးမဝစရာလား”

မိုးခြိမ့်ညံလိုလူငယ်တွေရဲ့ အိပ်ချိန်ဟာ ဘယ်တော့မှ ည ဆယ့်နှစ်နာရီထက် မစောတတ်တာမို့ ကျော်ဇင်က ဒီအိပ်ချိန်ကို စောသည်ဟု ပြောခြင်းဖြစ်သည်။

“ဟုတ်တယ်၊ ညက ဘာဖြစ်မှန်းမသိပါဘူးကွာ၊ ကွန်ပျူတာထိုင်ကြည့်နေရင်း တအားအိပ်ငိုက်လာတာနဲ့ ပိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခဏလှဲမယ်လုပ်လိုက်တာ လုံးဝအိပ်ပျော်သွားတယ်၊ မင်း သိပါတယ်၊ ငါ ကွန်ပျူတာရှေ့ ဘယ်လောက်ထိုင်ထိုင် အိပ်မငိုက်တတ်ပါဘူး၊ မနေ့ညက ဘာဖြစ်မှန်းမသိဘူး၊ ထူးထူးဆန်းဆန်း အိပ်ငိုက်လာလို့ အိပ်လိုက်တာပဲ”

“တစ်ခါတလေလည်း လိုအပ်တာထက်ပိုအိပ်ရင် ထပ်ခါ ထပ်ခါ အိပ်ချင်နေတတ်တယ်တဲ့၊ မင်းလည်း အဲဒီလိုဖြစ် တာထင်တယ်”

“မဟုတ်ဘူး ကျော်ဇင်ရ၊ စ,အိပ်ကတည်းကိုက ဘာတွေမှန်း မသိပါဘူး၊ မက်လိုက်တဲ့ အိပ်မက်တွေ၊ ရှုပ်ထွေးနေတာပဲ၊ ပီပီပြင်ပြင်လည်းမရှိဘူး၊ အဆက်အစပ်ကိုမရှိဘူး၊ တစ်ညလုံး အိပ်မက်,မက်နေတာ ငါ ဒါမျိုး တစ်ခါမှ မဖြစ်ဖူးဘူးကွ”

မိုးခြိမ့်ညံပြောရင်း ဝါးခနဲ ထပ်သမ်းဝေလိုက်မိပြန် သည်။ အိပ်ငိုက်ပါတယ်ဆိုမှ စန္ဒရားသံချည်းသက်သက်ကိုသာ လွှင့်သည့် စီဒီကိုထည့်ဖွင့်ထားသေးရာ ပိုပြီး ငိုက်လာသည်။ နေ့လယ်စာအဖြစ် မေမေ အိမ်က ချိုင့်နဲ့ ထည့်ယူလာတာက ကြက်သားဆုန်းဘောင်ကြီးကြော်ရယ်၊ ချဉ်ပေါင်မျှစ်ချဉ်ရည်ရယ်၊ ငါးခူစင်းကောရယ်ပဲမို့ သိပ်ပြီး အဆီတက်တဲ့ဟင်းလျာတွေ မဟုတ် လှပေမယ့် နေ့လယ်စာ ထမင်းစားပြီးတော့ ထမင်းဆိပ်တက်ပြီး ပိုလည်းငိုက်လာတာမျိုးဖြစ်သည်။ လူက ဒီနေ့ ဘာဖြစ်နေမှန်းကို





မသိ။ ထုံထုံထိုင်းထိုင်း ရီရီဝေဝေနှင့် တစ်ချိန်လုံး တဝါးဝါးသမ်း နေမိသည်။

အိပ်ချင်ပြေအောင် လက်ဖက်ရည်ဆိုင်သွားထိုင်ရင် ကောင်းမလား။ လူငယ်တစ်ယောက်ဖြစ်ပြီး ဒီလိုကြီး ထုံထိုင်းရီဝေ အိပ်ငိုက်နေရတာမျိုးမဖြစ်ချင်။ ကြိုက်လည်းမကြိုက်။ မိုးခြိမ့်ညံ ရဲ့ ရာဇဝင်မှာလည်းမရှိ။ မိုးခြိမ့်ညံဆိုတာက အမြဲတမ်း အော်ဟစ် ရယ်မော၊ တက်ကြွရှင်လန်းပြီး ခွန်အားတွေ အမြဲပြည့်ဖြိုးနေတဲ့ ကောင်လေးတစ်ယောက်လေ။ ဒီလို အိပ်ချင်မူးတူးရုပ်ကြီးနဲ့ ငေါင် နေတတ်တာမျိုး မိုးခြိမ့်ညံ တစ်ခါမှ မဖြစ်ခဲ့ဖူးပါ။

“ဘယ်လိုအိပ်မက်မျိုးလဲ”

“သေသေချာချာ မြင်လိုက်တာ မရှိဘူးကွ”

“အိပ်မက်နိမိတ်အကြောင်းရေးထားတဲ့စာအုပ် ငါ့အစ်မမှာ ရှိတယ်၊ ငါလည်း ယူဖတ်ဖူးတယ်၊ မင်း အိပ်မက်ထဲမှာ ဘာတွေ့လဲဆိုတာ သိရရင် ငါ နိမိတ်ကောက်လို့ရတယ်”

“အံမာ ... ဗေဒင်ဆရာ လုပ်စားမလို့လားကွာ”

“ပြောပါကွ၊ ဘာတွေ့လဲ”

“မသေချာပါဘူးကွာ”

“ရေတွေ တွေ့လား”

“ရေ ...”

www.burmeseclassic.com



"အေး ... ရေကွာ၊ ဥပမာ မြစ်တွေချောင်းတွေတွေ့လား"

"ချောင်းဆိုတာ ခပ်သေးသေးလေးကွာ၊ အဲဒါမျိုးမဟုတ်လား၊ မြစ်လောက်မကျယ်ဘူး"

"အရေးထဲ ပထဝီသင်နေပြန်ပြီ၊ မြစ်လောက်မကျယ်သော ရေပြင်ကို ချောင်းဟုခေါ်သည်လို့ ပြန်သင်နေတာလား"

"သေချာချင်လို့ ပြောတာပါကွာ"

"ဒါဆို မင်း အိပ်မက်ထဲမှာ ရေတွေ့တယ်ပေါ့"

"ချောင်းလိုဟာမျိုးတော့ ဖျတ်ခနဲတွေ့သလိုလိုပဲ။ ဟာ... အဲဒါလည်း မကြာဘူးကွ၊ ဓာတ်ပုံရိုက်ရင် ဖလက်ရှ် ဖျတ်ခနဲ တစ်ချက်ပွင့်သလောက်ပဲ ဖျတ်ဆို မြင်လိုက်၊ ပျောက်လိုက်၊ နောက်ပြီး ကျွဲတွေနွားတွေ တစ်အုပ်ကြီး တွေ့လိုက် ပျောက်လိုက်၊ လယ်ကွင်းတွေထဲ ငါက ပြေးနေတယ် ထင်လိုက်၊ နောက်တစ်ခါ ဘာမှန်းမသိဘူး။ ဘယ်ကရောက်လာမှန်းမသိတဲ့ လူတွေက ငါ့ကို ဝိုင်းကြည့်နေတာ၊ ငါက သူတို့ရှေ့မှာ မျက်နှာငယ်လေးနဲ့တဲ့ကွာ၊ သေချင်စော်နံရော၊ ငါက ဘယ်သူ့သွားကြောက်နေရတာလဲ မသိဘူး။ ပြီးတော့ ရယ်ရတယ်ကွာ၊ ငါက နွားကျောင်းနေသေးတာတဲ့၊ နွားတစ်ကောင်ပေါ် တက်စီးနေတာလေ"





"ပလွေလေးမှုတ်ရင်း လယ်တောကအပြန် ပန်းချင်တယ် စံပယ်ဖူးရယ်လို့ လေးချိုးဒွေးချိုးလေးတွေလည်း ဟစ်လာသေးတယ်ပေါ့"

ကျော်ဇင်က တဟီးဟီးရယ်ရင်း ဝင်နောက်လိုက်သဖြင့် မိုးခြိမ့်ည အဲဒီတော့မှ တစ်ခုခုကို သတိရသွားသလိုဖြင့် ...

"ဟာ ... သတိရပြီ၊ ငါ မင်းပြောတဲ့ လေးချိုး ဒွေးချိုးတွေတော့ မဆိုဘူး၊ အံမာ ... ငါက မယ်ဒလင်တီးတယ်တဲ့၊ အဲဒီလို ဖျတ်ခနဲတော့ မြင်လိုက်တယ်၊ တောအိမ်ကြီးလို အိမ်ကြီးတစ်လုံးလည်း မြင်တယ်ကွာ၊ ဘာတွေမှန်းကို ဆက်စပ်လို့မရတာတွေ တစ်ညလုံးပဲကွာ၊ ဓာတ်ပုံအယ်လ်ဘမ်လှန်ကြည့်နေရသလိုပဲ၊ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်ပေါ်လာပြီးမှ ငါ့အထင်တော့ မနက်လေးနာရီလောက်ကျမှ သေသေချာချာ ကွက်ကွက်ကွင်းကွင်းမြင်တဲ့ အိပ်မက်တစ်ခုကို မက်လိုက်တယ် ထင်တယ်"

"ဟုတ်လား၊ ဘယ်လိုဇာတ်လမ်းမျိုးလဲ"

"မင်းကလည်း အိပ်မက်ပါဆိုမှ ဇာတ်လမ်းရှိရဦးမှာလား"

"ဒါလည်း ဇာတ်လမ်းတစ်ပုဒ်ပဲလေ၊ အိပ်မက်ကို အတိအကျပြန်မှတ်မိနေရင် ဒါလည်း ဇာတ်လမ်းတစ်ပုဒ်အတိုင်း မင်း ပြန်ပြောနိုင်တာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



မိုးခြိမ့်သည် စိတ်ထဲမှာလည်း ဘာကြောင့်ရယ်မသိ ဒါကို သိပ်ပြန်ပြောပြချင်နေသည်ဖြစ်ရာ လိုလိုလားလားပင် ပြောပြလိုက်ပါသည်။

"ငါကွာ သေပြေးရှင်ပြေးကို ပြေးနေရတယ်တဲ့၊ တကယ့်ကိုကွာ စိုးရိမ်တကြီး ပြေးနေရတာမျိုးပေါ့၊ နောက်ကလည်း ဘယ်သူတွေ လိုက်လာမှန်းမသိဘူး၊ လိုက်တော့လိုက်နေတာ ထက်ကြပ်မကွာပဲ။ အဲဒီမှာကွာ ငါ့တစ်ကိုယ်လုံးလည်း ဇောချွေးတွေရော၊ မောလွန်းလို့ထွက်နေတဲ့ ချွေးတွေရော တစ်ကိုယ်လုံး ရွှဲနေတယ်လို့မက်တာ၊ ငါ နိုးတော့ ဒီလောက် Air con နဲ့ အေးနေတဲ့အခန်းထဲမှာကွာ ငါ့တစ်ကိုယ်လုံး အိပ်မက်ထဲကအတိုင်း တကယ် ချွေးတွေရွှဲနေတာကွ"

"ဒါပဲလား"

"မပြီးသေးဘူး ကျန်သေးတယ်၊ အဲဒီမှာ ငါပြေးနေရင်း တဖြည်းဖြည်း သတိထားမိလာတာက ငါ ကောင်မလေး တစ်ယောက်ကို လက်တွဲပြီး ပြေးနေတာတဲ့ကွာ၊ သူ ဘယ်သူလဲဆိုတာ ငါ ကြိုးစားပြီး ရအောင်ကြည့်တာပဲ၊ ဒါပေမဲ့ လုံးဝ သူ့မျက်နှာကို ပီပီပြင်ပြင် မမြင်ရဘူးဖြစ်နေတယ်၊ အသံလေးပါကြားလိုက်တယ်၊ အဲဒီအသံက နောက်ဆုံးပဲ"

ကျော်ဇင်က စိတ်ဝင်တစားပင် ...





"ဘာအသံလဲ"

ဟု မိုးခြိမ့်သည် ခဏစကားစ,ပြတ်သွားလျှင် ဆက်မေးနေပါသည်။

"သေတဲ့အထိ မခွဲဘူးနော်တဲ့"

"အီး ... ကြောက်စရာကြီး"

"ဘယ်ကကြောက်စရာကြီးရမှာလဲ၊ သူ့အသံလေးက ငိုသံတစ်ဝက်နဲ့ ငါနဲ့အတူတူ သေရမှာမို့ ကျေနပ်တဲ့အသံတစ်ဝက်နဲ့ ပြောတာကွ၊ အဲဒီအသံလေးကို ကြားရတာ ရင်ထဲမှာ ဘယ်လိုကြီးမှန်းကိုမသိဘူး၊ အရမ်းလွမ်းသွားတယ်၊ အသည်းတွေကွဲသွားသလိုပဲ ခံစားလိုက်ရတယ်၊ ငါ့အိပ်မက်ထဲမှာ ခံစားရတာကိုပြောတာကွာ၊ အဲဒီခံစားချက်က ခဏလေးပဲ၊ ပြီးတော့ ငါ့တစ်ကိုယ်လုံး တငြိမ့်ငြိမ့်အသည်းတအေးအေးနဲ့ ပြုတ်ကျသွားတော့တာပဲ၊ ဟိုး ... အမြင့်ကြီးကနေ ချောက်ထဲကိုပြုတ်ကျသွားတယ်လို့ သိလိုက်တယ်။ ကောင်မလေးကလည်း ငါ့လက်ကို မြဲမြဲတွဲထားပြီး ငါနဲ့အတူတူ ပြုတ်ကျလာတယ်တဲ့၊ ငါလည်း ကြောက်အားလန့်အားနဲ့ ဟိုဆွဲဒီဆွဲလုပ်တယ်ပေါ့၊ အဲဒီလို အိပ်မက်ထဲမှာလုပ်တော့ လူက အပြင်မှာပါ အိပ်နေရင်းနဲ့ ကယောင်ကတမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အော်၊ ဝရန်းသုန်းကား ဖြစ်သလား မသိပါဘူး၊ ငါ ခုတင်ပေါ်ကပြုတ်ကျတော့တာပဲကွာ၊ ပြုတ်ကျလို့နာသွားမှပဲ ငါလည်း အဲဒီအိပ်မက်ကြီးထဲက နိုးလို့ရတော့တယ်၊ တကယ်ကွာ တစ်ခါမှ မမက်ဖူးဘူး၊ တစ်ခါမှလည်း မကြုံဖူးဘူး၊ တကယ့်ကို Realistic(ရီရယ်လစ်စတစ်)ဖြစ်တဲ့ အိပ်မက်မျိုးအခုတစ်ခါပဲ ကြုံလိုက်ရတယ်၊ အိပ်မက်ပြီးနိုးတော့ မနက်ငါးနာရီပဲရှိသေးတယ်၊ မေမေတောင် အရုဏ်ဆွမ်းထ,ကပ်ပြီး ပရိတ်ရွတ်နေတုန်း ရှိသေးတာလေ။ ပြန်အိပ်ပေမဲ့ အိပ်လို့မရဘဲ မျက်စိကြောင်ပြီး လှဲနေမိတာ၊ ခုနစ်နာရီထိုးမှ ထလိုက်ပေမယ့် လူက ခေါင်းလည်းမကြည်ဘူးကွာ၊ ဒါကြောင့် ဒီနေ့ တစ်နေကုန် ငိုက်နေတာ”

ထိုသို့ အကုန်ပြောပြလိုက်ပြီးသောအခါမှာ ရင်ထဲမှာပေါ့သွားမလားထင်ပေမဲ့ မပေါ့သွား။ ထိုအကြောင်းအရာတွေဟာအသစ်ပြန်ဖြစ်လာသလိုပဲ ပြန်ခံစားလာရပြန်သည်။ ရင်ထဲမှာနံးချည့်ပြီး ဘာကိုကြေကွဲမှန်းမသိ ကြေကွဲသလို ဖြစ်နေသည်။ လွမ်းသလိုလို ဆွေးသလိုလိုကြီး ဖြစ်နေပြန်သည်။ ထိုသို့ခံစားနေရတာတွေကို လုံးဝမနှစ်ခြိုက်ဘဲ သူ့ကိုယ်သူပင် ပြန်ဒေါသဖြစ်နေမိသူမှာ မိုးခြိမ့်ညံပဲ ဖြစ်လေသည်။





ဘာကြောင့်လဲ ဆိုတော့ မိုးခြိမ့်ညံဆိုတာက လွတ်လပ်ပေါ့ပါး ပျော်ရွှင်ဖြူနေတတ်ပြီး ဘာကိုမှလဲ လေးလေးနက်နက်မခံစားတတ်သူ။ ပေ့ါးလားဝါးလားနေတတ်သူ။ ရည်းစား ဘယ်လောက်ထားထား ဘယ်လောက်ကွဲကွဲ အသည်းမကွဲတတ်သူ၊ လူပျော်လူတောလေး မဟုတ်လား။ ဒါကြောင့် ဒီလောက်အိပ်မက်လေးတစ်ခုနဲ့ အကြီးအကျယ် ခံစားနေစရာလားဆိုပြီး သူ့ကိုယ်သူဒေါသဖြစ်ကာ မကျေမချမ်းဖြစ်၍ နေပါသည်။

“တောက် ... ငါကွာ၊ ဒါလေးကိုခံစားပြီး တသသဖြစ်နေတာကွာ၊ လုံးဝ မူမမှန်ဘူး၊ မကျေနပ်ဘူးကွာ၊ ဒါ အိပ်မက်ပဲ၊ ငါ ဘာလို့ အတည်ခံစားနေရလဲ မသိဘူး”

“မင်းပြောပြတာနဲ့ ငါလည်း မင်းအိပ်မက်ကို နိမိတ်ဖတ်မှာတောင် ဘယ်လို နိမိတ်ဖတ်ရမှန်းတောင် မသိတော့ဘူး”

“နိမိတ်ဖတ်မနေပါနဲ့ကွာ၊ ဘာမှ မဟုတ်ပါဘူး၊ ရုပ်ရှင်ကြည့်ဖူးတာတွေ စိတ်စွဲပြီးမက်တာပါ”

“ဘာမှသာမဟုတ်တယ် မင်းရုပ်ကြီးက အီးဆယ်ချက်မှန်ထားတဲ့ရုပ်ကြီးနဲ့ ... ဟား ဟား”

ထိုအချိန်မှာပင် အရုပ်ဆိုင်ကြီးထဲသို့ ချိုးဝင်လာသော လူရိပ်တချို့ကြောင့် မိုးခြိမ့်ညံတို့ စကားစ,ပြတ်သွားပါသည်။

www.burmeseclassic.com



မိုးခြိမ့်ညံ့နဲ့ ကျော်ဇင်တို့ ဆိုင်ထောင့်မှာရှိသော ကောင်တာပုံစံ စားပွဲနောက်ရှိ ဆုံလည်ကုလားထိုင်သုံးလုံး ချထားရာနေရာမှာ တစ်ယောက်တစ်ခုံစီ ထိုင်ရိုကြတာဖြစ်သည်။ ဆိုင်ပိုင်ရှင်က သုံးယောက်မို့ ထိုင်ခုံကို သုံးခုချထားပေမယ့် နေလင်းဝင်းတစ်ယောက်ကတော့ ဘယ်တော့မှ ဆိုင်မှာ ဖင်မြဲအောင်လာမထိုင်တတ်ပါ။ တစ်နေ့တစ်ခါလောက်သာ မျက်နှာလာပြတတ်ပြီးတာနဲ့ ဘာတွေ အရေးတကြီးကိစ္စရှိမှန်းမသိ အရေးကြီးသလိုပုံစံနဲ့ ပြန်ထွက်သွားတတ်လေသည်။ တကယ့်တကယ် မေးကြည့်ရင် ဘာအလုပ်မှလဲ ရှိလှတာမဟုတ်ဘဲ ကောင်မလေးကိစ္စ ဗျာများရတာနဲ့ပဲ အချိန်ကုန်နေသူဖြစ်သည်။

ဒါပေမဲ့ နေလင်းဝင်း ဆိုင်ကိုလာမကူလို့လည်း မိုးခြိမ့်ညံ့တို့နှစ်ယောက်က စိတ်ဆိုးစရာမရှိ။ ဒီအရုပ်ဆိုင်ကြီးက အပျော်လောက်သာ ဖွင့်ထားတာဖြစ်ပြီး သိပ်ပြီးအလုပ်များလှတာလည်းမဟုတ်၍ နေလင်းဝင်း ရှိမနေလည်း ဘာမှ ပြဿနာမရှိပါ။

အခိုက်,ကတော့ စင်ကာပူမှာ ကျောင်းအတူတူသွားတက်ရင်း ခင်မင်လာကြသော သူတို့သုံးယောက် ပြန်ရောက်ရောက်ချင်း ဘာလုပ်ရမှန်းလဲ မသိ။ သင်လာသော Hospitality & Tourism ဘာသာရပ်နဲ့ ပတ်သက်တဲ့ အလုပ်မျိုးလည်း မစ,သေးခင် ဒီဆိုင်ခန်းတစ်ခန်း လွတ်နေတာတွေ့ပြီး ဆိုင်တစ်ဆိုင်ခဏတစ်ဖြုတ်





အပျော်ဖွင့်ကြည့်ချင်လို့ ဖွင့်ထားတဲ့သဘောသာ ဖြစ်ပါသည်။ ဒီဆိုင်ခန်းကတော့ မိုးခြိမ့်ညံ့ မေမေ ဒေါ်ဥမ္မာ ဝယ်ထားတာထဲက တစ်ခန်းအပိုင်မို့ ဆိုင်ငှားခလည်း မရှိသဖြင့် အပျော်ဖွင့်ရလည်း ဖွင့်ပျော်ပါသည်။

ဆိုင်ထဲဝင်လာသူတွေမှာ ဆယ်နှစ်အရွယ်ကလေး ကောင်လေးတစ်ယောက်ရယ်၊ လေးနှစ် ငါးနှစ်လောက်အရွယ် မိန်းကလေး ကောင်မလေးတစ်ယောက်ရယ် ဖြစ်ပြီး သူတို့နဲ့အတူ ပါလာသူမှာကား ... ...။

"ဟင် ... သူ ..."

မိုးငြိမ့်ညံ့ နှုတ်ဖျားမှ ရုတ်တရက် အာမေဋိတ်သံ ထွက်လိုက်မိလေသည်။ ကျော်ဇင်က အနီးကပ်ထိုင်နေသူမို့ မိုးခြိမ့်ညံ့ရဲ့ အာမေဋိတ်သံ တိုးတိုးကို ကြားသွားပြီး ...

"ဘာလဲ ... မင်းနဲ့ သိလို့လား"

ဟု မေးလေသည်။

ဒီတော့မှ မိုးခြိမ့်ညံ့လည်း သူ့ကိုယ်သူ ပြန်မေးသလိုလိုအသံနဲ့ တုံ့ပြန်မိလေသည်။

"သိသလိုလိုပဲ၊ ဒါပေမဲ့ သိလည်း မသိဘူးထင်တယ်"

"ဟောကောင် ... ဘယ်လိုဖြစ်နေတာလဲကွာ၊ ညက အိပ်မက်ဆိုးတွေမက်ပြီး ကယောင်ချောက်ချား ပြောနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကယောင်ချောက်ချား ဖြစ်နေတာကွ၊ သူ့ကို ပြန်တွေ့ရသလို ခံစားလိုက်ရပြီး ဝမ်းသာအားရ ဖြစ်သွားတာကွ။ ဒါပေမဲ့ အဲဒီလိုဖြစ်ပြီး စက္ကန့်ပိုင်းအတွင်း သိလိုက်တယ်၊ သူ့ကို ငါ မသိဘူးလို့"

"သိပ်လှတဲ့ ကောင်မလေးနဲ့ သိနေပြီးသားဆိုပြီး ငါတောင် မင်းကို အားကျနေတာကွာ"

"မသိပါဘူး ... ဟုတ်တယ်။ ငါ သူ့ကို လုံးဝဘယ်မှာမှ မဆုံဖူးခဲ့ပါဘူး။ ဒါပေမဲ့ ထူးဆန်းတယ်ကွ၊ စိတ်ထဲမှာ သိလည်းသိနေတယ်"

မိုးငြိမ့်ညံတို့နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး တိုးတိုး ပြောလိုက်၊ ဆံပင်အရှည်ကြီး ကျောပြင်မှာ ချထားသော ကောင်မလေးကိုကြည့်လိုက်။

ကလေးနှစ်ယောက်ကို ဦးဆောင်လာသော ကောင်မလေးမှာ မိုးငြိမ့်ညံတို့နဲ့ ရွယ်တူလား။ ပိုတောင်ငယ်မလားတော့ မသိ။ မျက်နှာလေးက နုဖပ်ဖြူစင်ချောမွတ်လှကာ မျက်လုံးနက်နက်စိုစိုလေးတွေက အပြစ်ကင်းစင်လှတာ ယုန်ကလေးတစ်ကောင်ရဲ့မျက်လုံးတွေလိုမျိုး ဖြစ်နေသည်။

အသားအရေက ဖြူဖွေးဆွတ်လှပြီး ဖြူဖျော့ဖျော့ ဖြစ်နေတာမျိုးလည်း မဟုတ်ပြန်။ နှင်းခဲဖြူဖြူတွေလိုပဲ ဖြူပုံမျိုး





ဖြစ်ကာ မျက်ခုံးမျက်လုံးနက်နက်၊ နှင်းဆီပုံလို နှုတ်ခမ်းဖူးဖူး ပန်းရောင်လေးတို့ကိုလည်း ပိုင်ဆိုင်ထားသေးသောကြောင့် တော်တော့်ကိုလှပါသည်။ ငေးနေရလောက်အောင် လှပါသည်။ လှပါတယ်ဆိုမှ ပိုပြီးလှစေအောင် ဘယ်သူမှ မယှဉ်နိုင်သည့် ဆံပင်နက်မှောင်မှောင်ခါးလယ်ထိအရှည်ရဲ့ လှပခြင်းကိုလည်း ထပ်၍ ပိုင်ဆိုင်ထားသေးသည်။

သူကလေးရဲ့ဆံပင်လှပပုံမှာ တကယ့်ကို ဆံပင်၏ ကောင်းခြင်းနဲ့ ပြည့်စုံတာမျိုးဖြစ်သည်။ ဆံပင်အရင်းရိုးရာ ဦးရေမှာ စိမ်းသလိုလေးပင် ဖြစ်နေကာ ဆံပင်သားမှာ ထူထဲနက်မှောင်လှသည်။ အလယ်ခွဲထားသော ဆံပင်မှာ အတိုအရှည် တညီတည်း၊ တဖြောင့်တည်း စင်းအိနေသည်။ ပိုးကတ္တီပါအစရှည် တစ်စလိုပဲ ပျော့အိထွေးနေကာ သူကလေးရဲ့ကျောပြင်မှာ လှပစွာ ရှည်ကျနေသည်။ ရှန်ပူကြော်ငြာတွေမှာ တွေ့ရသော ဆံပင်သားလိုပဲ နက်မှောင်ပြောင်လဲ့နေသေးသည်။ နဂိုဆံပင်လှပသလို အခုခေတ်မှာ ဒီလိုလှပအောင် ပြုပြင်ထားမှုတွေကလည်း ရှိတတ်သဖြင့် ပိုပြီး လှနေတာမျိုးလားတော့ မသိ။

မိုးခြိမ့်ညံရော ကျော်ဇင်ပါ မိန်းမလှလေးကို ငေးငေးမိတော့သည်။ ကျော်ဇင်ကတော့ ယောကျာ်းလေးသဘာဝ ချောလို့ လှလို့ ငေးမိတာ။ မိုးခြိမ့်ညံကတော့ ရင်ထဲမှာ မပျော်မြူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



**ဖြားပြီး ဆေးနေမိတာ။** ဒီကောင်မလေးကို လုံးဝမသိဖူးပါဘဲ မြင်မြင်ချင်း **သူ့စိတ်ထဲမှာ** သိလိုက်သလို ခံစားရခြင်းကို ပဟေဠိဖြစ်**လို့နေတာ။**

ဆိုင်ထဲ သူတို့သုံးယောက် လျှောက်ကြည့်နေစဉ် ဖုန်းခေါ်သံလေးတစ်ခု မြည်လာသည်။ မိုးခြိမ့်ညံရော ကျော်ဇင်ပါဒါ သူတို့ဖုန်းသံ မဟုတ်ဘူးဆိုတာ သိသဖြင့် ဖုန်းကိုယူမကြည့်ပါ။ အဲဒီကောင်မလေးကသာ တံတောင်ဆစ်မှာ ချိတ်လာသော လက်ကိုင်အိတ်အကြီးကြီးထဲမှ ဖုန်းအဖြူလေးကို ထုတ်ကိုင်ပြီး ဖွင့်နားထောင်လိုက်သည်။ ကောင်မလေးဖုန်းက ခေါ်သံဖြစ်ပါသည်။

"ဟဲလို ... ကိုကြီး ... ပြောပါ၊ ကြားရပါတယ်"

ဆိုင်က သိပ်မကြီးလှသဖြင့် ကောင်မလေး စကားပြောသံကို အတိုင်းသား ကြားနေရသည်။

"နီနီနဲ့ ပိုပို အရုပ်ဆိုင် ရောက်နေပါပြီ"

"........."

"ဟုတ်ကဲ့ ... စိတ်ချပါ"

"........."

"ဝယ်ပြီးတာနဲ့ ပြန်မှာပါ၊ ဘယ်မှမဝင်ပါဘူး"

"........."





"ဒါပဲ မဟုတ်လား၊ ဒါဆို ဖုန်းပြောတာ ရပ်လိုက်ပြီနော် ကိုကြီး"

တစ်ဖက်က ဘာတွေညွှန်ကြားသလဲတော့ မသိ။ ဖုန်းလက်ခံပြောချိန်မှာ ကောင့်မလေးရဲ့မျက်နှာသည် သတိအနေအထားလို ဖြစ်နေပြီး တော်တော့်ကို တရိုတသေ အသံမျိုးနဲ့ပြောရတာဖြစ်ကြောင်း သတိထားမိသည်။ ကိုကြီးလို့ အခေါ်ခံရသူသည် သူကလေးရဲ့ အစ်ကိုကြီး အရင်းလား။ ဒါမှမဟုတ် သူကလေးရဲ့ ချစ်သူ ကိုကြီးလား။

"နီနီ လိုချင်တာ ရှာတွေ့ပြီလား"

"မတွေ့ဘူး၊ ဒီဆိုင်လည်း မစုံပါဘူး တီဥရာ"

"ဟဲ့ ... တိုးတိုးပြော"

"တီဥ ... ပိုပို ပြောတဲ့ Bratz (ဘရက်ဇ်)အရုပ်မလေးတွေတော့ ဒီမှာရှိတယ်၊ အများကြီးပဲ၊ ပိုပို ဘယ်နှရုပ်ရမှာလဲ"

"ဟယ် ... ဘယ်နှရုပ်တောင် လိုချင်လို့လဲ၊ တစ်ရုပ်ဆိုတော်ရောပေါ့"

"ပိုပို နှစ်ရုပ်လောက် ရမလား"

"နှစ်ရုပ်တောင်၊ ဘာလုပ်မလို့လဲ"

"တစ်ရုပ်တည်းဆို သူ့မှာ သူငယ်ချင်း မရှိဘူး ဖြစ်နေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... အိမ်မှာ Barbie (ဘာဘီ)တွေ ရှိတာပဲ၊ Bratz နဲ့ Barbie နဲ့ သူငယ်ချင်းလုပ်ပေါ့"

"တီဥကလည်း ကပ်စေးနဲလိုက်တာနော်၊ ပိုပို့ကို Lille (လီလီ)နဲ့ Yasmin (ရက်စ်မင်) နှစ်ရုပ်ဝယ်ပေးပါဆို"

"တီဥက သူ့ပိုပိုပဲ ဂရုစိုက်နေတယ်၊ ဒီမှာ နိုနို့ကျ ဝိုင်း ရွေးမပေးဘူး"

"နင်ပဲ နင်လိုချင်တာ မတွေ့ဘူးဆို"

"Transformer (ထရန့်ဖောင်မာ)စက်ရုပ် လိုချင်တာဗျ။ မရှိတော့ Nintendo )နင်တန်ဒို)ဂိမ်းစက်ပဲ ဝယ်ရင်ကောင်း မလား မသိဘူး"

"Transformer ဆိုလည်း Transformer ပေါ့ဟယ်၊ ဘာလို့ Nintendo ဝယ်မှာလဲ"

"တီဥ ... ပိုပို နှစ်ရုပ် ယူပြီနော်"

"ကိုကြီးကို ရအောင်ပြော၊ ရော့ ... ကိုယ့်ဘာသာ ဖုန်း ခေါ်ပြီးပြော"

"တီဥ ပြောပေးပါ၊ ပိုပို မပြောရဲဘူး"

"ကိုယ့်အဖေတော့ ကိုယ်ရအောင်မပြောဘဲနဲ့။ ငါ့ကိုကျ အနိုင်ကျင့်ပြီး ဝယ်ချင်တာတွေ လျှောက်ဝယ်ဦးမယ် ... ဟွန်း"





သူကလေးက ကလေးတွေနဲ့အပြိုင် စကားနိုင်လုကာ မျက်စောင်းထိုးကာ၊ မျက်နှာလေးရှုံ့မဲ့ကာ၊ နှုတ်ခမ်းလေးစူကာ စကားတွေ ပြောနေပြန်သည်။ မိုးခြိမ့်သည် ရင်ထဲမှာ ဘာတွေဖြစ် မှန်းမသိဖြစ်ပြီး၊ သူကလေးရဲ့အမူအရာတွေကို မြင်ရတာနဲ့ အလိုလို လွမ်းဆွတ်ကြေကွဲမှုတစ်ခုကို ခံစားလာရသတဲ့။ အံ့သြစရာပဲ။ မိန်းကလေးတစ်ယောက်ရဲ့ ချစ်စဖွယ် အမူအရာလေးတွေကို တွေ့တာနဲ့ သဘောကျ နှစ်ခြိုက်ရမဲ့အစား အလိုလိုနေရင်း လွမ်းဆွတ်ကြေကွဲလာသည်မှာ တော်တော်ကို ထူးဆန်းနေပါသည်။

"ဟော့ကောင် ... မျက်လုံးတွေ ပြန်ကောက်တင်ဦး"

"တိုးတိုးပြောပါကွ"

"မင်း အငမ်းထူနေတာ ကောင်မလေး မသိဘူး မထင်နဲ့"

"ငမ်းတာမဟုတ်ဘူး"

"ဒါဖြင့် ကြည့်တာလား"

"ဘာပြောရမှန်း မသိဘူးကွာ၊ ငါ သူ့ကို သိလည်းမသိဖူး ပဲနဲ့ သိပ်သိနေသလို ခံစားနေရလို့"

"ဒါဖြင့်လည်း သွားစကားပြောလိုက်"

"အံမာ ... မိန်းကလေးချောချောမြင်တိုင်း အရောဝင်တဲ့ ကောင် ထင်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရယ်သလို မောသလိုနဲ့ တွေ့ဖူးသလိုပဲနော်၊ အရင်ဘဝက ဆုံဖူးတယ် ထင်တယ်တွေ ဘာတွေပြောပြီး ဝင်ရောလိုက် ပေါ့၊ ဘာဖြစ်လဲ၊ ငါတို့က ယောကျ်ားလေးပဲ။ ယောကျ်ား လေးဆိုတာက မိန်းကလေးတွေကို စ,ပြီးစကားသွားပြော အရောဝင်ခွင့်ရှိတယ်"

"ကိုယ့်ဆိုင်လာတဲ့ လူကိုကွာ၊ အဲဒီလို အိစီကလီ မလုပ် ချင်ပါဘူး။ ပြီးတော့ ငါ သူ့ကို စိတ်ဝင်စားတယ် ဆိုတာ က အီချင်လို့ စိတ်ဝင်စားတာမျိုး မဟုတ်ဘူးကွ။ ပြောရ ခက်တယ်၊ မင်းကိုလည်း နားလည်အောင် ရှင်းပြလို့မရ ဘူး။ ငါ့ကိုယ်ငါလည်း နားမလည်ဘူး"

မိုးခြိမ့်ညံတို့ အရုပ်ဆိုင်မှာ အရောင်းဝန်ထမ်းလည်း မခန့်ရသေးသဖြင့် ဈေးဝယ်သူလာလျှင် ရောင်းပေး၊ ပစ္စည်းတွေ ထုတ်ပြပေး၊ အရုပ်တွေအကြောင်း ရှင်းပြပေးရမည့်သူမှာ သူတို့ နှစ်ဦးသာရှိသဖြင့် တကယ်တော့ ဈေးဝယ်လာသူနား သွားပြီးနှုတ် ဆက်စကားဖြစ်ဖြစ် ...

"ဘာရှာလဲ၊ ဘာလိုပါသလဲ ခင်ဗျာ"

ဆိုတာမျိုးဖြစ်ဖြစ် သွားပြောရမှာဖြစ်သည်။ အရင် ကတော့ လုပ်နေကျ ဖြစ်ပေမဲ့ ဒီနေ့ကျမှ မိုးခြိမ့်ညံကလည်း ထ,





သွားပြီး မမေးသလို ကျော်ဇင်ကလည်း မိုးခြိမ့်ညံ၏ ထူးခြားသော အမူအရာနဲ့ စကားတွေ နားထောင်မိပြီး စကားသွားပြောဖို့ မေ့ နေပြန်သည်။

"ဟေ့ကောင် ... ထ,ထ၊ သူတို့ ဆိုင်ထဲမှာ ဝင်လာပြီး ဟိုရှာဒီရှာ လုပ်နေတာမဲ ကြာလှပြီ။ ခုထိ ငါတို့သွားမမေး ရင် မကောင်းဘူးနော်၊ ဒီဆိုင်က ဆက်ဆံရေးကျဲတယ်တွေ ဘာတွေ ပြောခံနေရဦးမယ်"

ကျော်ဇင်က သူကျတော့ မသွားဘဲ မိုးခြိမ့်ညံကိုပဲ အတင်းဆွဲထူ တွန်းလွှတ်နေသဖြင့် မိုးခြိမ့်ညံလည်း ထလာလိုက် ရသည်။

"ဘာရှာလဲ မသိဘူး"

မိုးခြိမ့်ညံ အသံကြောင့် ဟိုဟာကိုင်ကြည့်၊ ဒီဟာ ကိုင်ကြည့် လုပ်နေသော ကောင်လေးက ...

"အစ်ကိုကြီးတို့ဆိုင်မှာ Transformer ရုပ်ရှင်ကားထဲက စက်ရုပ်လို အရုပ်မရှိဘူးလား"

"မရှိသေးဘူးကွာ"

"ကျွန်တော့်သူငယ်ချင်းတွေ ပြောတော့ Toys R Us မှာ အရုပ်တွေ ပိုစုံတယ်ပြောလို့ လာရှာတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသူငယ်ချင်းတွေမှာ အဲဒီစက်ရုပ် ရှိနေပြီလား၊ သူတို့ ဒီဆိုင်က ဝယ်တယ်ပြောလား"

"ဟာ ... အဲဒီလိုတော့ မပြောပါဘူး၊ လိုချင်ရင် သွားရှာ၊ အဲဒီဆိုင်ကတော့ အရုပ်ပိုစုံတယ် ပြောတာပါ။ ကျွန်တော့် သူငယ်ချင်းတွေထဲက တစ်ယောက်ဆီမှာပဲ အဲဒီစက်ရုပ် ရှိနေတာပါ၊ သူက စက်ရုပ်ပုံလည်း ပြောင်းလို့ရတယ်၊ ရုပ်ရှင်ထဲကလိုပဲ ကားပုံစံပြန်ဖြစ်အောင်လည်း လုပ်လို့ရတယ်။ အစ်ကိုကြီးရော Transformer ရုပ်ရှင်ကြည့်ပြီးပြီလား၊ အဲဒီထဲကအတိုင်းပဲဗျ"

"ရုပ်ရှင်တော့ ကြည့်ဖူးပါတယ်ကွာ၊ ဒါပေမဲ့ မင်း ပြောတဲ့ စက်ရုပ်တော့ ငါ့ဆိုင်မှာ မရှိသေးဘူးကွာ ဆောရီးပါပဲ။ မင်း့သူငယ်ချင်းကရော ဘယ်ကရလာတာတဲ့လဲ"

"သူလည်း ဒီရန်ကုန်ထဲက ဆိုင်တွေမှာ ဝယ်တာမဟုတ်ပါဘူး၊ သူတို့မိသားစု ဗန်ကောက်သွားလည်ရင်း ဝယ်လာတာပါ"

"ဒါဖြင့် ဒီအပတ် အရုပ်တွေထပ်မှာတဲ့အထဲမှာ Transfomer စက်ရုပ်တွေ ထည့်မှာလိုက်မယ်ကွာ၊ ငါတို့ဆိုင်က တစ်လ တစ်ခါလောက်တော့ အရုပ်အသစ်တွေ ထပ်ဖြည့်ပါတယ်၊





မင်း့လိုချင်ရင် ခဏစောင့်လိုက်ပါလား။ ဒီအပတ်မှာရင် ကွန်တိန်နာက နောက်အပတ်ထဲမှာ ဝင်တာပဲ"

"ကျွန်တော်က ချက်ချင်းလိုချင်တာဗျ"

မိုးခြိမ့်ညသည် နည်းနည်းဂျီကျပြီး ကတ်သီးကတ်သတ်လည်း ပြောတတ်၊ လုပ်တတ်ပုံရသော ဆယ်နှစ်သားကောင်လေးကို ပြောစရာစကား ကုန်သွားသဖြင့် ဘာမှဆက်မပြောဖြစ်တော့။ သူ့စိတ်တွေဟာ ကောင်လေးဘေးမှာ အေးအေးဆေးဆေး ရပ်စောင့်နေတဲ့ သူကလေးကိုသာ တစိမ့်စိမ့် စိတ်ဝင်စားနေတော့တာဖြစ်ပါသည်။

ဘာတွေမှန်းမသိ ရင်ထဲမှာ ပြောင်းဆန်နေကာ ဝမ်းနည်းလာလိုက်၊ ကြေကွဲလာလိုက်၊ လွမ်းဆွေးသလိုလို ဖြစ်လာလိုက် စသဖြင့်သော ခံစားချက်တွေ ရောပြွမ်းနေသည့် ခံစားချက်မျိုးစုံတို့ဟာ သူကလေးကို မြင်တွေ့နေရလေလေ ပိုပြီးပီပြင်လာလေလေ။

တစ်ခါမှလည်း မတွေ့ဖူးသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်တာနဲ့ နှစ်ပေါင်းများစွာက ကွဲကွာနေခဲ့သော သူကို ပြန်ဆုံရလို့ ဝမ်းနည်း၊ ဝမ်းသာ ဖြစ်ရတာမျိုးတွေ ရင်ထဲမှာ ခံစားရသည်မှာ တော်တော်လည်း အံ့သြစရာ ကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကိုကိုနို့ဟာ မရရင်လည်း ပိုပိုပဲ ဝယ်တော့မယ်နော် ... တီဥ”

“အေး ... ဝယ် ... ဝယ် ... ပိုပိုပဲ ဝယ်တော့”

ထိုအသံလေးကို အနီးကပ်ကြားရတော့ မိုးခြိမ့်ည ရင်ထဲမှာ ပိုပြီးဆွေးမြည့်သွားပြန်သည်။

“သားကရော”

“နီနီက မဝယ်နဲ့ဦးလေ၊ ဆိုင်ရှင်ပြောသလို အရုပ်သစ်တွေ ထပ်ရောက်လာမှ ဝယ်ပါလား”

“မစောင့်နိုင်ပါဘူးဆိုနေ”

“မစောင့်နိုင်လည်း နင့်ဘာသာ နင့်အဖေကို ရအောင်ပြော ပြီး ဗန်ကောက်မှာ သွားဝယ်၊ ကဲ ... ကဲ ... ပိုက်ဆံရှင်း ပြီး ပြန်ရအောင်၊ ကိုကြီးက ကြာရင် ငါ့ပဲဆူမှာ၊ နင်တို့ ကို ဆူမှာမဟုတ်ဘူး”

“တီဥ ... ပိုပို Bratz နှစ်ရုပ် ယူမှာနော်”

“ယူ ... ယူ”

တီဥ ... တဲ့။ ဘယ်လိုနာမည်ပါလိမ့်။ ကလေးတွေ အခေါ်ဆိုတော့ အန်တီဥ လို့များ ခေါ်သလား။ တချို့တွေက အဒေါ်ကို တီတီလို့ ခေါ်လိုခေါ်။ တီလေးလို့ ခေါ်လိုခေါ် ဆိုတော့





ကလေးတွေက နာမည်အဖျားဆွတ်နဲ့ တွဲခေါ်သလား မသိဘူး။ နာမည်ထဲက “ဥ”ဆိုတဲ့ စာလုံးပါလိမ့်မယ်။ အန်တီကို “တီ” လို့ အတိုကောက်ခေါ်ပြီး နာမည်နဲ့တွဲခေါ်တာလည်း ဖြစ်နိုင်တယ်။ တီဥတဲ့။ “ဥ”တဲ့ နာမည်လေးထဲမှာ အဲဒီစာလုံးပါသတဲ့။ ထိုသို့ ရင်ထဲမှာ ပြောလိုက်မိပြန်သောအခါ မိုးခြိမ့်ညသည် ထိုနာမည်ကို ရင်းနှီးနေသလိုပဲ ခံစားလိုက်ရပြန်သည်။

“ဘယ်လောက်ကျပါသလဲရှင်”

“ဒီနှစ်ရုပ်ပဲ ယူမှာနော်”

“ဟုတ်တယ်၊ ဒီနှစ်ရုပ်ပဲ”

“ဒီကောင်လိုချင်တဲ့ အရုပ်တော့ မရှိသေးဘူးဗျာ၊ ကျွန်တော် မှာတော့ မှာထားပေးပါမယ်”

“ကိစ္စမရှိပါဘူး၊ တမင်ကြီး ထည့်မမှာပေးပါနဲ့၊ ရပါတယ်၊ တော်ကြာ လာမဝယ်ဖြစ်ရင် အားနာဖို့ကောင်းတယ်လေ”

“ရပါတယ်၊ ကလေးတွေကြားမှာ ဒီအရုပ် ခေတ်စားနေ တယ်ဆိုတာ သိရတော့ ထည့်မှာရမှာပေါ့။ လိုချင်တဲ့သူ လာရှာရင် ဝယ်သွားလို့ ရတာပေါ့”

မိုးခြိမ့်ညက အရုပ်မလေးနှစ်ရုပ် ဈေးကိုတွက်ပေး၊ တီဥက ပိုက်ဆံရှင်း (နာမည်သေသေချာချာ မသိသေးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေခေါ်သလို လိုက်ခေါ်မိတာပါ) ကျော်ဇင်က ဤမြွေ ပျက်လောက်အောင် သူတို့ရဲ့ဆက်ဆံရေးကို အကဲခတ်။ အရုပ်ဝယ် ပြီးပြန်ထွက်သွားကြသောအခါမှာတော့ မိုးခြိမ့်ည ရင်ထဲမှာ ဘာ ပြောစရာမှ မကျန်တော့လောက်အောင် ရှင်းလင်းပြီး ဟာလာဟင်း လင်းကြီးဖြစ်လျက် မိန်းမောကျန်ရစ်ရလေသည်။





## ၂

မေမေက နဖူးလာစမ်းကြည့်ပါသည်။ ပူခြစ်နေတဲ့ မိုးခြိမ့်ည၏ ကိုယ်အပူချိန်ကြောင့် မေမေပင် လန့်ပြီး လက်ကို ရုပ်လိုက်သည်။ ပြီးမှ မိုးခြိမ့်ည၏ လည်ပင်းတစ်ဝိုက်ကို လက် ဖဝါးနဲ့လိုက်စမ်းရင်း ...

"ကိုယ်တွေ ပူခြစ်နေတာပဲကွယ်၊ ဘယ်လိုများ ဖြစ်ရတာလဲ"

ဟု စိုးရိမ်တကြီးမေးတော့သည်။

"ဘယ်လိုဖြစ်မှန်းကို မသိပါဘူး မေမေရာ၊ သားဘာသား လည်း စိတ်တိုဒေါသထွက်မိတယ်၊ တစ်ခါမှ ဒီလောက် မဖျားမနာဖူးဘူး ဆိုတော့ စိတ်တိုမိတယ်"

"ဟုတ်ပါရဲ့ဟယ်၊ သားဟာ ငယ်ငယ်တည်းက ကြီးကြီး ကျယ်ကျယ် ဖျားနာပြီး နေမကောင်း မဖြစ်ခဲ့ဖူးဘူး ဖျား



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း တစ်ရက်ပဲ၊ ခဏလေး ကိုယ်လေးငွေ့ငွေ့ပူပြီး ဆေးတစ်ခွက်လောက် သောက်လိုက်ရင်ပဲ သက်သာသွားတတ်တာပါ၊ ဒီလိုအဖျားတစ်ရာကျော်ကြီးဖြစ်အောင် မဖျားဖူးခဲ့တဲ့သူက အသက်နှစ်ဆယ်ကျော်မှပဲ အိပ်ရာထဲလဲအောင် ဖျားတော့တယ်၊ အံ့သြစရာပဲ”

မေမေသည် ဒစ်ဂျစ်တယ်သာမိုမီတာမှ တီတီ တီတီနှင့် အသံပေးသဖြင့် မိုးခြိမ့်သည် ပါးစပ်ထဲမှ ထုတ်ယူကြည့်လိုက်ရာ အဖျားတစ်ရာ့နှစ်သို့ ညွှန်ပြနေသည်ကို ကြည့်လည်းကြည့် မိုးခြိမ့်သည် ဘက်လည်းပြကာ ပြောပါသည်။

“ဆရာဝန်ဆီ သွားမလား သား”

“မသွားပါဘူးဗျာ၊ ရှက်စရာကြီး”

“ဟဲ့ ... ဖျားနာလို့သွားတာပဲ၊ ရှက်စရာလား”

“မေမေ့လို အသက်ငါးဆယ်လူကတော့ အကောင်းပကတိဖြစ်နေပြီး သားလို သန်သန်မာမာ အရွယ်ကောင်းကြီးက ဖျားရတာ ရှက်စရာပေါ့”

“မေမေ လိုက်မပို့စေချင်ရင်လည်း ကိုယ့်ဘာသာ သွားလိုက်ပါလား”

“ဖျားတာလေးနဲ့တော့ ဆေးခန်းမသွားပါဘူး၊ အိမ်မှာရှိတဲ့ဆေးပဲ သောက်မယ်”





“အေး ... ဒါဖြင့်လည်း သောက်၊ ဆိုင်တော့မသွားနဲ့တော့ပေါ့၊ မေမေတော့ သွားမှဖြစ်မယ်၊ ဒီဇိုင်နာ မှာထားတဲ့ ပိုး,စ,တွေ ပြပေးရမှာမို့ မသွားလို့ မဖြစ်ဘူး”

“မေမေ့ဘာသာ သွားစရာရှိတာတွေ စိတ်ချလက်ချသွားပါ၊ သား,ကလေးလည်း မဟုတ်ပါဘူး၊ ရပါတယ်၊ နေလို့ရတယ်၊ ခုတလောမှ ဘာဖြစ်မှန်းကို မသိလို့ ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်နေတာ”

“ဘာဖြစ်နေလို့လဲ”

“မေမေ့ ပြောရင် စိတ်တွေပူဦးမယ်၊ မပြောချင်ဘူး”

“မင်း, ဘာတွေ ခိုးလုပ်ထားလို့လဲ”

“မဟုတ်ပါဘူး၊ ဘာမှလုပ်ထားလို့ မဟုတ်ပါဘူး။ မေမေကလည်း။ တစ်ခုခုဆို သား ဘာမကောင်းတာလုပ်ထားလဲပဲ စ,မေးပြီ”

“မင်းလည်း မေမေလစ်ရင် လစ်သလို ခိုးလုပ်တာကိုး။ ဟိုတလောကလည်း ဘောလုံးပွဲ သွားလောင်းပြီး သိန်းနဲ့ချီရှုံးထားတာ၊ အမေကို အသိမပေးဘဲ ကျိတ်ဖြေရှင်းနေတာလေ၊ အဲဒါ ကျုပ်က မမေ့ပဲ နေမလား”

မေမေသည် မိုးခြိမ့်သည် ခေါင်းကို ခေါက်တော့မလို့ ... ရွယ်ပြီးမှ နေမကောင်းဘူး ဆိုတာ သတိရသွားဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုပြန်ရုပ်သွားပါသည်။ အိမ်ကနိုင်းတဲ့ကောင်မလေး ယူလာပေးသော ကော်ဖီပူပူနဲ့ ပါရာစီတမောလ်နှစ်ပြားကို ခပ်မြန်မြန်ပဲ မျှောချလိုက်သည်။ ဖျားတာပျောက်ချင်လှပြီလေ။ မိုးခြိမ့်ညံက ဒီလိုကြီး အိပ်ရာထဲမှာ လူမမာကြီးလို ငြိမ်မနေချင်သူ။ အရင်ကတော့ နည်းနည်းပါးပါး ကိုယ်ပူလည်း (အဲဒါကလည်း ဖြစ်ခဲပါတယ်၊ တစ်နှစ်နေလို့ တစ်ခါဖြစ်ချင်မှဖြစ်တာ) ပျောက်သွားနေနိုင်သူ။ ဆေးတောင်သောက်စရာမလိုဘဲ အလိုလိုပျောက်တတ်သူ။ သိပ်ကျန်းမာသူအဖြစ် ကိုယ့်ကိုယ်ကိုယ် တော်တော်ကျေနပ်ဂုဏ်ယူခဲ့ဖူးသည်။

ကျန်းမာရေးကလည်း မကောင်းဘဲ နေမလား။ မိုးခြိမ့်ညံက မနက်ဆို နိုးတာနဲ့ Gym ကို ထွက်သွားပြီး တစ်နာရီပြည့်အောင်တော့ကစားတတ်သည်။ ဝိတ်မခြင်း၊ Treadmill ပေါ်မှာ ပြေးခြင်း၊ စက်ဘီးနင်းခြင်း သုံးမျိုးကို တစ်နာရီပြည့်အောင် အချိန်နဲ့ ကစားပြီးမှ အိမ်ပြန်လာ ရေမိုးချိုး။ အဲဒါတွေပြီးမှ ရွှေပင်းမောလ်ကြီးမှာရှိသော အရုပ်ဆိုင်ထိုင်ဖို့ ထွက်လာတတ်တာ။ ယောကျ်ားလေးပေမဲ့ ဘီယာအရက်တွေ အလကားနေရင်း သောက်မနေတတ်ပဲ တစ်ပတ်မှာ တစ်ခါလောက်သာ သူငယ်ချင်းတွေနဲ့ပြီး ဘီယာလောက်ပဲ သောက်တတ်သလို၊ သုံးဘူးထက်လည်း မပိုတတ်ပါ။ ကြိုက်တာလည်းမဟုတ်၊ မကြိုက်တာလည်း မဟုတ်ဘဲ အပျော်သဘောလောက်သာ သောက်တတ်သဖြင့် သူက အရက်သေစာလည်း စွဲစွဲမက်မက်မရှိတဲ့အထဲမှာ ပါပါသည်။ စီးကရက်ကိုတော့ မကြိုက်သဖြင့် လုံးဝမသောက်ခဲ့ပါ။ အဲဒါတွေကြောင့် မိုးခြိမ့်ညံဟာ ကျန်းမာရေးကောင်းတဲ့အထဲ ပါနေတာဖြစ်သည်။

အခုတစ်ခါကျတော့ နေမကောင်း ဖြစ်နေတာက ဆက်တော့ကို ဆိုးရွားသဖြင့် ခေါင်းလည်းမထူချင်။ မလှုပ်နိုင်မရှားနိုင်ဖြစ်လျက် ရင်ထဲမှာလည်း မောလျနေသလိုလို။ စိတ်တွေသည်း မကြည်ဘဲ မှိုင်းဝေနေသည်။

"သား ... ဘာလုပ်ထားလဲ၊ ပြောပါဦး"

"ဟာ ... မမေကလည်း"

"ဟာ ... မမေကလည်း မလုပ်နဲ့၊ မမေက ဆူတာသာရှိတာပါ၊ ဒီသားလေးတစ်ယောက်တည်းရှိတာ၊ ပိုက်ဆံကုန်ရတာတွေကို မမှုပါဘူး။ ဘိန်းဖြူတွေ ဆေးခြောက်တွေ သုံးပြီး ပျက်စီးသွားမှာပဲ စိုးရိမ်တာပါကွယ်"

"အဲဒါတွေ မလုပ်ပါဘူး မမေရာ၊ သား မမေ့ကွယ်ရာမှာ နိုင်ငံခြားမှာတောင် သုံးနှစ်သွားနေပြီး ကျောင်းတက်လာတာပဲ။ ကိုယ့်ကိုယ်ကိုယ် ထိန်းတတ်ပါတယ်"

"ဒါဖြင့် ဘာအဆင်မပြေတာတွေ ဖြစ်ထားလဲ၊ ပြောပါဦး"






www.burmeseclassic.com

www.burmeseclassic.com



"မေမေ စိတ်တော့မပူနဲ့ ပြီးတော့ သားကို ဟိုဆရာနဲ့ပြ ဒီဆရာနဲ့ပြလည်း မလုပ်နဲ့"

"ဟဲ့ ... ဘာတွေလဲ၊ ဘာမှကြိုမသိရဘဲနဲ့ တောင်းလိုက်တဲ့ ကတိတွေက အများကြီးပါလား"

"မေမေက စိုးရိမ်တတ်လို့ပါ"

"ဘာများလဲ၊ ပြောပဲ ပြောပါဦး"

မိုးခြိမ့်သည် စိတ်ဆုံးဖြတ်လိုက်ပြီး မေမေ့ကို ပြောပြဖို့ အားယူလိုက်ပါသည်။ သူကိုယ်တိုင်တောင် ဘာဖြစ်နေမှန်း မသိတဲ့အကြောင်းအရာကို မေမေများသိရင် ဘာကြားရမလဲ ??။

"ဒီလိုပါ မေမေ။ ခုတလော ဘာဖြစ်မှန်းမသိဘူး။ ညတိုင်း ကောင်းကောင်း အိပ်မပျော်ဘူး။ စ,အိပ်ကတည်းက အိပ်မက်တွေတောက်လျှောက်မက်ပြီး မနက်နိုးလာရင် လူက ခေါင်းမကြည်ဘဲ နိုးလာတယ်။ တစ်နေကုန် ရွှင်ရွှင်လန်းလန်း မရှိဘူး။ လူက ထိုင်းမှိုင်း လေးလံနေတာတော့ မဟုတ်ပါဘူး။ အဲဒီအိပ်မက်ကိုပဲ သတိပြန်ရနေပြီး ရင်ထဲမှာ လွမ်းမောနေတာမျိုး ခံစားနေရတယ်။ ဘာကိုလွမ်းမှန်းမသိဘူး လွမ်းနေတာမျိုး ဖြစ်နေတယ်။ အဲဒီလို ခံစားရတိုင်း ရင်ဘတ်ထဲက အောင့်အောင့်လာတာမျိုးလည်း ဖြစ်နေတယ်၊ အိပ်မက်က တစ်ညတည်းမက်တာ မဟုတ်ဘူး၊ ညတိုင်း





မက်တာဆိုတော့ လူက အိပ်ရေးပျက်ပြီး ထိ,တာပေါ့။ အိပ်ရမှာတောင် ကြောက်လာတယ်။ အဲဒီအိပ်မက်,မက်ပြီး အခု နှစ်ပတ်လောက်ကြာတော့ မနက်အိပ်ရာအထ,မှာ ကိုယ်တွေ ခြစ်ခြစ်တောက်ပူပြီး နိုးလာတာ စ,ဖြစ်တော့တာပဲ"

မေမေ ဒေါ်ဥမ္မာမှာ မိုးခြိမ့်သည် ပြောသမျှ ဂရုတစိုက် နားထောင်နေခဲ့သည်။ ဒါပေမဲ့ မျက်နှာမှာတော့ စိုးရိမ်ပူပန်ခြင်းတွေ အထင်းသား ဖြစ်နေသည်။ မိုးခြိမ့်သည် စကားဆုံး သွားတဲ့အထိတောင် မေမေ့ထံမှ ဘာတုံ့ပြန်ချက်မှ မကြားရသေးဘဲ တွေဝေငိုင်သွားတာကိုလည်း တွေ့ရပါသည်။

"သား ခေတ်လူငယ်တစ်ယောက်ပါ မေမေ၊ အိပ်မက်တွေဘာတွေလဲ မယုံပါဘူး။ ဒါပေမဲ့ အခုကျ ဘာဖြစ်မှန်းမသိဘဲ ဘယ်ကဘယ်လို ရောက်လာတဲ့ အကြောင်းအရာမှန်းမသိတဲ့ အိပ်မက် တစ်မျိုးတည်းကိုပဲ ထပ်ခါ ထပ်ခါ ညတိုင်းမက်နေတော့ လူကတစ်မျိုးကြီး ဖြစ်လာတယ်"

"အိပ်မက်တစ်မျိုးတည်းကိုပဲ မက်နေတာ ဟုတ်လား၊ ထူးဆန်းလိုက်တာ"

"စစချင်းတော့ ဘာတွေမှန်း မသိဘူး ရောထွေးပြီးမက်တာ၊ ပီပီပြင်ပြင်လည်း မရှိတဲ့ ကယောင်ချောက်ချား အိပ်မက်မျိုး



www.burmeseclassic.com

www.burmeseclassic.com



လိုလိုတွေ မက်ပြီးမှ မနက်မိုးလင်းခါနီးဆို မက်နေတဲ့ အကြောင်းအရာကို ပီပီပြင်ပြင်မြင်ပြီး မက်တော့တာပဲ မေမေ"

"ဘယ်လိုမျိုးလဲ"

မိုးခြိမ့်ည် မေမေ့ကို ပြန်ပြောပြလိုက်ပါသည်။ ထိုသို့ ပြန်ပြောပြတိုင်း အသစ်လိုပဲ ပြန်ခံစားရကာ ရင်ထဲမှာ အော်ဟစ်ငိုကြွေးချင်စိတ်တွေ အလိပ်လိုက် တက်လာပါသည်။

မေမေသည် မိုးခြိမ့်ည် မျက်နှာပေါ်မှ ကြေကွဲမှုကို ကြည့်ရင်း အံ့ဩနေပုံပြပါသည်။

"အေးနော် ... တော်တော်ထူးဆန်းတာပဲ။ မေမေလည်း ဘာပြောရမှန်းတောင် မသိဘူး။ ဒါနဲ့ သား ည,ညကျ internet ကြည့်ရင် ပုံပြင်တွေ၊ ဇာတ်လမ်းတွေများ ကြည့်ဖူးသလား"

"မကြည့်ပါဘူး၊ Down load လုပ်ရတာ ကြာလွန်းလို့ စိတ်မရှည်တာနဲ့ မကြည့်ပါဘူး"

"ဇာတ်လမ်းတွေ ပုံပြင်တွေကြည့်ပြီး စိတ်စွဲပြီး မက်တာလားလို့ပါ"

"သားရဲ့ အရင်ဘဝ အကြောင်းလို့ မေမေ မထင်ဘူးလား"





"အရင်ဘဝလား၊ သားမှာ အရင်ဘဝတော့ ရှိရင်ရှိမှာပေါ့၊ ဒါပေမဲ့ ဘယ်သူကများ ကိုယ့်အရင်ဘဝကို ပြန်အိပ်မက်မက်တာရှိလို့လဲကွယ်၊ ပြီးတော့ သားပဲ အသက်နှစ်ဆယ့်တစ်နှစ်ပြည့်ပြီးနေပြီ။ အရင်ဘဝကို အခုမှ အိပ်မက်,မက်တာ ဖြစ်နိုင်ပါ့မလား။ နှစ်ပေါင်းနှစ်ဆယ်ကျော် လူပြန်ဖြစ်လာပြီးမှ အရင်ဘဝကို ပြန်သတိရပါတော့မလား။ ငယ်ငယ်ကတော့ သတိမရဘဲနဲ့။ မေမေတော့ မယုံပါဘူး"

"သားကို ကိုယ်ဝန်စ,ရှိတော့ မေမေ အိပ်မက်တွေ ဘာတွေ မမက်ဘူးလား"

"ဘာအိပ်မက်မှကို မမက်ဘူး"

"သားငယ်ငယ်ကရော ပြန်ပြောတာရှိလား"

"မရှိပါဘူး သားရယ်၊ သားက မွေးကတည်းက သိပ်လည်း မငိုဘူး။ အေးလည်းအေးတယ်။ ကျန်းမာတယ်။ ပြီးတော့ အရင်ဘဝက ပါလာတဲ့ အမှတ်တွေ ဘာတွေလဲ မပါပါဘူး၊ အယူသီးမနေပါနဲ့ သားရယ်၊ တစ်ခါတလေလည်း ကိုယ်ခန္ဓာအတွင်းမှာ နေလို့မကောင်းရင် အိပ်မက်ဆိုးတွေ မက်တတ်တာပဲ၊ ပြီးတော့ မေမေတို့လည်း ဖြစ်ဖူးပါတယ်၊ မက်ပြီးသားအိပ်မက်ကို ခဏခဏပြန်မက်တာ ရှိတာပဲ၊ ဥပမာ စာမေးပွဲ နီးနေပြီ၊ ဘာစာမှ မကျက်ရသေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုး၊ စာမေးပွဲဖြေနေရင်း ဘာမှမရေးရသေးဘူး၊ အချိန်စေ့ခါနီးနေပြီ ဆိုတာမျိုး၊ တစ်ခါတလေလည်း မေးခွန်းဖြတ်ပြီး ကိုယ်ဖြေနိုင်တာ တစ်ပုဒ်မှ မပါလို့ ဇောချွေးပြန်နေရတယ် ဆိုတာမျိုး ခဏခဏ ပြန်မက်ပါတယ်။ ကိုယ့်ဘဝမှာ အကြီးမားဆုံး စိတ်ခံစားမှုကို ပေးတတ်တဲ့ အကြောင်းအရာ ဆိုရင် ခဏခဏ ပြန်မက်တတ်တယ် လေ"

မေမေ ဒီလို ဖြေသိမ့်ပေမဲ့ မိုးခြိမ့်ညဲ့ လက်မခံချင်။

"သားရဲ့အိပ်မက်ကျတော့ ဘာမှလဲ မဆိုင်ဘဲနဲ့ နေ့တိုင်း မက်နေတာ"

"သားရယ် ... အယူမသီးပါနဲ့လို့ မေမေ ပြောနေသားပဲ။ သား စိတ်ထဲမှာ ဒါကို မကျေနပ်ရင် ဆရာဝန်နဲ့ သွားတိုင်ပင်ပြီး ပြောပြကြည့်ပါလား"

"ဆရာဝန်က သားကို ရူးနေတယ်ဆိုပြီး စိတ်ရောဂါကု ဆရာဝန်ဆီလွှတ်မှာ သေချာတယ်"

"စိတ်ရောဂါကု ဆရာဝန်ဆီသွားတိုင်း ရူးလို့သွားတာမှ မဟုတ်တာကွယ်"

"ဘာလုပ်ရမှန်းကို မသိတော့ဘူး၊ ဒီအိပ်မက်က ဘယ်အချိန်ထိ မက်နေမှန်းကို မသိတော့ဘူး၊ စိတ်ညစ်တယ်"





"ကဲ ... ကဲ ... သား ဆေးသောက်ထားရတာ၊ ခဏနားလိုက်ပါကွယ်၊ ချွေးထွက်လာရင် ပျင်းပြီးလှဲမနေနဲ့နော်၊ ထပြီးသုတ်ပစ်၊ အင်္ကျီလေး လဲပစ်လိုက်။ ထမင်းမှစားချင်ရင် ကောင်မလေးတွေကို ခေါက်ဆွဲပြုတ်ခိုင်းရင်ခိုင်းပေါ့၊ ဘာမှမစားဘဲနဲ့တော့ မနေနဲ့၊ အိုဗာတင်းနဲ့ ပေါင်မုန့်ထောပတ်သုတ်လေးတော့ စားရမယ်၊ ထမင်းရော ခေါက်ဆွဲပြုတ်ရော မစားချင်ရင် ပြောတာ"

မေမေ့မှာလည်း ဆိုင်ကိစ္စ အရေးကြီးနေသဖြင့် မိုးခြိမ့်ညဲ့ကို စကားစ မြန်မြန်ဖြတ်ပြီး ထားခဲ့ပါသည်။ မိုးခြိမ့်ညဲ့လည်း ကိုယ်အပူရှိန်ဖြင့် ပြန်မှိန်းနေလိုက်ပြီး အိပ်မပျော်သွားချင်သဖြင့် မအိပ်မိအောင် သတိနဲ့နေနေမိသည်။ ဘာကြောင့်လဲဆိုတော့ ဘယ်အချိန်မှာပဲဖြစ်ဖြစ် အိပ်လိုက်တိုင်း၊ မှေးခနဲဖြစ်လိုက်တိုင်း မက်ပြီးသားအိပ်မက်ကိုပဲ မက်နေသဖြင့် လူကအိပ်ရမှာပင် ကြောက်နေသည်။ အိပ်မက်ကို ကြောက်တာတော့ မဟုတ်။ အိပ်မက်ထဲက အဖြစ်အပျက်ကို ပြန်တွေးမိတိုင်း ရင်ထဲမှာလှမ်းပြီး နှလုံးသားမှာ နာကျင်သည်ဟု ခံစားရ၍ဖြစ်သည်။ အဲဒီလိုနှလုံးသားနာကျင်သောဒဏ်ကို သူ လုံးဝခံနိုင်ရည်မရှိပါ။

မှေးခနဲဖြစ်သွားလိုက် ပြန်နိုးထလိုက် ဖြစ်နေပြီး၊ ဆေးအရှိန်ကြောင့် အိပ်လည်းအိပ်ချင်လှသည်ဖြစ်ရာ မှေးတော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး အိပ်လိုက်မယ်ဟု စဉ်းစားပြီး အိပ်လိုက်မိတော့သည်။ ထုံးစံအတိုင်း အိပ်မက်,မက်ပြီးတော့ ချွေးတွေပြန်ကာ ပြန်နိုးလာတော့ ဆယ့်နှစ်နာရီ ရှိနေပြီ။

ချွေးသုတ်၊ အဝတ်အစားပြန်လဲ လုပ်နေတုန်းမှာ မိုဘိုင်းလ်ဖုန်းမှ အသံမြည်လာသည်။ ဖွင့်လိုက်တော့ နေလင်းဝင်း ခေါ်တာဖြစ်နေသည်။

"ဟေ့ကောင်ကြီး ... မိုးခြိမ့်၊ ဖျားနေတယ်ဆို၊ အန်တီပြောလို့၊ ငါတို့ အံ့သြပြီး ဝိုင်းဟားနေကြတာ"

"အေးကွာ၊ ငါ့ကိုယ်ငါလည်း ဒေါသဖြစ်နေလို့"

"ဟ ... အသံကလည်း အားနည်းလှချည်လား"

"ဟုတ်လား ... အားနည်းတဲ့အသံ ဖြစ်နေလို့လား"

"အေးကွ၊ အသံက အားနည်းတာလား၊ စိတ်ဓာတ်ကျနေတာလား မသိဘူး၊ အဲဒီလို အသံကွ အားမပါဘူး။ မင်းက တကယ့်ကို လူကလည်း ခပ်ထွားထွား အသံကလည်း အောင်သေးတာလေ၊ စကားသံကိုက အားပါနေတဲ့အသံမျိုး၊ အခုကျ အားနည်းနေသလားလို့ ငါထင်တယ်"

"မင်း ဆိုင်ရောက်နေတာလား"

"အေးကွ"

"ထူးထူးဆန်းဆန်း"





"ကျော်ဇင်ပဲ ညကပြောတယ်လေ၊ ဒီနေ့ ကွန်တိန်နာနဲ့ ရောက်လာတဲ့ ပစ္စည်းသစ်တွေ စာရင်းသွင်းစရာရှိတယ်ဆိုလို့။ ငါလည်း ဆိုင်ဘက်မရောက်တာ ကြာပြီ၊ မင်းတို့ချည်းပဲ Run နေရတာ အားနာလာလို့ လာကူတာပါကွာ"

"ကျေးဇူးပဲကွာ၊ ငါက ဒီနေ့မှပဲ အကြီးအကျယ် ဖျားတာကွ၊ ခေါင်းတောင်မထူနိုင်လို့ မလာဖြစ်တော့ဘူး"

"ဟား ဟား ... မင်း မလာဖြစ်တာအတွက် ကြေကွဲရမဲ့သတင်းကို ကျော်ဇင် ပြောပြချင်နေတယ်၊ သူနဲ့ပြောလိုက်ဦးကွ"

"ဟုတ်လား ... ဘာသတင်းလဲ"

မိုးခြိမ့်သည် တစ်ယောက် အဖျားလည်းကျခါစ သူငယ်ချင်းတွေနဲ့လည်း စကားနည်းနည်းပြောလိုက်ရသဖြင့် စိတ်ညစ်တာတွေ၊ ရင်ဘတ်ထဲက အောင့်တာတွေပင် ပျောက်သွားပြီး စိတ်နည်းနည်းပေါ့သွားပါသည်။

"မိုးခြိမ့် ... မင်း ဒီနေ့မလာနိုင်တာ ဆွေးတာပဲကွာ၊ ဒီနေ့ ဆိုင်ကို မင်းရဲ့သူလေး လာသွားတယ်"

"တီဥလား"

ထိုသို့ မေးလိုက်သောအခါ ရင်ထဲမှာ အရင်နှစ်ပေါင်း အကြာကြီးထဲက လွမ်းနေခဲ့ရသည့်အလား လွမ်းနေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... သူ့တူလေးက ပြောတယ်တဲ့၊ ဒီဆိုင်မှာ နှစ်ပတ်ကြာရင် Transformer စက်ရုပ် ရောက်မယ်ဆိုလို့ လာကြည့်တာတဲ့"

"အဲဒီစက်ရုပ်တွေ ဒီတစ်ခါ ကွန်တိန်နာမှာ ပါတယ်လေ၊ ဆိုင်မှာတင်ပြီးပြီ မဟုတ်လား"

"တင်ထားပါတယ်ကွာ၊ သူတို့လည်း ဝယ်သွားပါတယ်"

"ငါ့ကို မေးမယ်မထင်ပါဘူး"

"ဟား ဟား ... အဲဒီလောက် စိတ်ကူးမယဉ်နဲ့လေကွာ"

"မယဉ်ပါဘူး၊ ဒါပေမဲ့ ... ..."

"ဘာလဲကွ၊ ဒါပေမဲ့ ပြောပြီး အကြာကြီး ငြိမ်မနေနဲ့လေ၊ သိချင်လို့ နားထောင်နေတာကွာ"

"ငါတို့ ပြန်ဆုံကြမယ်လို့ ငါ့စိတ်ထဲမှာ သိနေတယ်"

"ဆုံအောင်လုပ်ရင်တော့ ဆုံမှာပေါ့ကွာ"

"ဆုံအောင်မလုပ်လည်း အလိုလိုနေရင်း ဆုံကိုဆုံရဦးမယ်လို့ ငါသိနေတယ်၊ ငါ ဘာဖြစ်နေမှန်း မသိဘူး၊ ခုတလော ဘာတွေဖြစ်မှန်းကို မသိဘူး၊ စိတ်လည်းမလန်းဘူးကွာ၊ ဘာတွေလွမ်းမှန်း မသိဘူး၊ လွမ်းနေတယ်၊ သူလေးနဲ့ဆုံရရင် ပိုပြီးလွမ်းသလိုလို ခံစားရတယ်"

"အကြားအမြင်ဆရာ သွားပြကြည့်ပါလား"





"ဟော့ကောင် ... ငါ အယုံအကြည် မရှိဘူးကွ"

"အယုံအကြည် မရှိဘူးလည်း ဆိုသေး၊ မင်းက အတိတ်ကို ပြန်လွမ်းသလိုလို Supernatural (စူပါနက်ထရယ်) ပါဝါရသလိုလို လာပြောနေတယ်"

"အိမ်မှာနေရတာ ပျင်းတယ်ကွာ၊ အဖျားလည်း နည်းနည်းကျသွားပြီဆိုတော့ ထွက်လာရင် ကောင်းမလား မသိဘူး"

"လာရင်လာခဲ့လေ၊ နေလင်းဝင်းကြီးလည်း ရောက်နေတော့ ပိုစည်သွားတာပေါ့"

မိုးခြိမ့်ည် တစ်ယောက် သိပ်ပြီးအဖျားပျောက်သေးတာ မဟုတ်လှပေမဲ့ ယောက်ျားလေးပီပီ ပေပေတေတေ နေကတ်တာမို့ ရေထချိုးပစ်လိုက်သည်။ ဆေးနှစ်လုံး ထပ်သောက်လိုက်ပြီး အဝတ်အစားလဲကာ ထွက်လာတော့ မေမေ မှာထားခဲ့သည့်အတိုင်း ထမင်းချက်သော ဒေါ်ကြီးမြိုင်က လှမ်းပြောသည်။

"သား မောင်ခြိမ့်၊ ဘာစားမလဲ၊ ခေါက်ဆွဲပြုတ်လိုက်ရမလား၊ မဥမှာက သားကို ဂရုတစိုက် ကျွေးဖြစ်အောင်ကျွေးလို့ပြောတယ်"

"ကျွန်တော် မစားတော့ဘူး ဒေါ်ကြီးမြိုင်၊ အပြင်မှာ သူငယ်ချင်းတွေနဲ့ ကြေးအိုးသောက်ရင် သောက်လိုက်မယ်"

"ညနေပြန်လာရင် ဘာစားမလဲ၊ ဘာလုပ်ထားရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလုပ်ထားပါနဲ့၊ ကျွန်တော့်အတွက် ဘာမှမပူပါနဲ့၊ စိတ်အေးအေးနဲ့ ဒေါ်ကြီးမြိုင် ဘာသာ ချက်ချင်တာချက်ထားပါ"

မိုးခြိမ့်ည ကားကိုမောင်းပြီး အိမ်ကထွက်လာတော့ ခေါင်းထဲမှာ မူးရိပ်မူးရိပ်တော့ ဖြစ်နေသေးလေသည်။





၃

အိပ်မက်တွေ ရက်ဆက်မက်လာသော ရက်များစွာ ကြာလာသောအခါ၊ အိပ်မက်ထဲက အဖြစ်အပျက်ကို အပြင်ထိ ခံစားသယ်ဆောင်ပြီး တမြည့်မြည့် ခံစားရပေါင်း များလာသော အခါ၊ ဘာတွေ သတိရမှန်းမသိ ဘယ်သူ့ကို လွမ်းမှန်းမသိ လွမ်းဆွတ်ကြေကွဲတဲ့ရက်ပေါင်း ကြာလာသောအခါ မိုးခြိမ့်ညမှာ အဖြည်းဖြည်းနဲ့ ရွှင်လန်းတက်ကြွမှုတွေနည်းသော လူတစ်ယောက် ဖြစ်လာသည်။ ကျန်းမာသန်စွမ်းသော၊ ဖျတ်လတ်တက်ကြွသော၊ အပူအပင်ကင်းမဲ့သော မိုးခြိမ့်ည ဘယ်ရောက်သွားသလဲလို့ မေးလောက်အောင်ပင် ပုံစံက သိသိသာသာ ပြောင်းသွားသည်။

ဘယ်နေရာသွားသွား၊ ဘာလုပ်လုပ် အပျော်တွေ ကင်းမဲ့သော မျက်နှာကြီးနဲ့ မိုးခြိမ့်ညကို တွေ့ရလျှင် အရင်က



www.burmeseclassic.com

www.burmeseclassic.com



မိုးခြိမ့်ညံကို ရတွေ့ဖူးသူတွေမှာ တအံ့တဩ ဖြစ်ကြရသည်။ ပြီးတော့ အရင်က ဖျားခဲ နာခဲနဲ့ ကျန်းမာလှပါသည်ဟု ချီးကျူး ခံရသော မိုးခြိမ့်ညံလည်း မဟုတ်တော့၊ တစ်ပတ်မှာ သုံးရက် လောက် အဖျားကြီးပြီး အိပ်ရာထဲ လဲနေသော ရက်မျိုးတွေလည်း အများကြီး ပိုင်ဆိုင်လာရသူ ဖြစ်လာသည်။

လူက အိပ်ရေးပျက်ရတာရော၊ မကြာခဏ ဖျားတာ ရော၊ စိတ်နှလုံး မကြည်လင်တာရော ပေါင်းပြီး အသားအရေလည် ဖျော့တော့တော့ ဖြစ်လာသည်။ မျက်ကွင်းတွေချောင်ကာ မျက်လုံး တွေမှာ တောက်ပလန်းဆန်းမှု နည်းလာလျက် ရီဝေဝေ မှိုင်းညို့ နေသည်။ အိပ်ရေးပျက်ရသည့်ဒဏ်ကြောင့် မျက်ခွံတွေမှာ အညို မျက်ကြောစင်းလျက်။

နှစ်လလောက်အတွင်း ကျန်းမာရေးတွေ ချို့တဲ့လာ ကာ ဒီလိုကြီးဖြစ်လာတော့ မေမေက မယုံသင်္ကာဖြစ်ပြီး အထူးကုဆီ အတင်းခေါ်သွားသဖြင့် မလိုက်ချင်၊ လိုက်ချင်နှင့် ပါသွားရသည်။

"သားဟာ ဒီနှစ်လလောက်အတွင်းမှာ ခဏခဏဖျားပြီး ရွှင်ရွှင်ပျပျ မရှိတော့ဘူး ဒေါက်တာ။ သူကတော့ ရိုးရိုး ဖျားတာ၊ အိပ်ရေးပျက်လို့ဖြစ်တာ ပြောပေမဲ့ ကျွန်မ စိတ်မချ ဘူး။ ဘာရောဂါများ ဝင်နေလဲလို့ စစ်ဆေးပေးပါ ဒေါက်တာ ရယ်။ သွေး၊ ဆီး၊ ဝမ်း စစ်လို့ ရတာမှန်သမျှ စစ်ပေး





တယ်။ ရောဂါတစ်ခုခု တွေ့ရင်လည်း ဘာမှအားမနာပါနဲ့ ပြောသာပြောပါ ဒေါက်တာ၊ ကျွန်မ ခံနိုင်ရည်ရှိပါတယ်"

မိုးခြိမ့်ညံမှာ ကလေးကြီး တစ်ယောက်လိုပဲ အမေ ကိုယ်တိုင် ဆေးခန်းလိုက်ပြတာကို လက်ခံလိုက်ရပြီး ငုငုငေါင် ငေါင်နဲ့ပဲ ဆေးစစ်သမျှ ခံရပြန်သည်။

အဖြေရလို့ ဆေးခန်းတစ်ခေါက် ပြန်သွားတော့ ဆရာဝန်ကြီးက ...

"ဘာရောဂါမှ မရှိပါဘူး၊ အကုန်လုံး normal ပါပဲ"

ပြောပေမဲ့ မေမေမှာ မကျေနပ်နိုင်သေး။

"သားမှာ တစ်ခုခုတော့ ဖြစ်နေတယ် ဒေါက်တာ၊ ကျွန်မ စိတ်မချနိုင်ဘူး။ ကျွန်မမှာ ဒီသားတစ်ယောက်ပဲ ရှိတာ။ သားရဲ့ရောဂါတစ်ခုခု အချိန်လွန်မှ သိလိုက်ရရင် ကျွန်မ ရင်ကွဲရလိမ့်မယ်။ တခြားဘာနည်းနဲ့များ ရောဂါရှာလို့ ရဦးမလဲ၊ ကူညီပါ ဒေါက်တာ"

လူနာရှင်က တဖွဖွ အကူအညီတောင်းတော့လည်း ဆရာဝန်ကြီးလည်း မနေသာတော့ဘဲ ညွှန်ကြားရပြန်သည်။

"ကဲ ... ဒါဖြင့်လည်း USG ရိုက်၊ X-ray ရိုက်၊ CT scan ရိုက်၊ ဟုတ်ပြီလား၊ စစ်လို့ရတာ အကုန်စစ်နိုင်အောင် ရေးပေးလိုက်မယ်၊ ခုလောလောဆယ်တော့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံအရ ပြောရရင် မောင်မိုးခြိမ့်ညံ့ဟာ တကယ့်ကို လူကောင်း ပကတိပဲ၊ ဘာရောဂါမှကို မရှိနိုင်ပါဘူး"

ဆရာဝန်ကြီးက ဘယ်လောက်ပဲ ဖျောင်းဖျပါစေ။ မေမေကတော့ လက်မခံ။ ဆရာဝန်ကြီး ရေးပေးလိုက်သည့်အတိုင်း မိုးခြိမ့်ညံ့ကို ရောဂါရှာဖို့ ဝမ်းဗိုက်ကို USG ရိုက်ခြင်း၊ အဆုတ်ကို ဓာတ်မှန်ရိုက်ခြင်းနှင့် တစ်ကိုယ်လုံးရောဂါရှာဖို့ CT scan ရိုက်ခြင်းတို့ကို တကယ့်နာမည်ကြီး ဆေးရုံကြီးမှာ သွားလုပ်ပေးပါသည်။ မိုးခြိမ့်ညံ့ ဘာသာဆိုလျှင် မသွားမှာစိုး၍ သူကိုယ်တိုင် အလုပ်ပျက်ခံပြီး ဆိုင်ကိုတောင် မန်နေဂျာနဲ့လွှဲထားခဲ့ကာ လိုက်ပို့ပါသည်။

မိုးခြိမ့်ညံ့မှာ ကိုယ့်ကိုယ်ကိုယ် ရောဂါသည်ကြီးလို အထင်ခံရတာကို ရှက်တော့ရှက်ပေမဲ့ မေမေ့ကို သနားတာနဲ့ ရောဂါစစ်ဆေးရှာဖွေတာတွေ မလုပ်ချင်ဘဲ လုပ်နေရသည်။

အဖြေတွေ ထွက်လာပြန်တော့လည်း ...

"သူ့တစ်ကိုယ်လုံးမှာလည်း ဘာရောဂါမှ မရှိဘူး အကုန်ကောင်းတယ်၊ ကိုယ်ခန္ဓာအတွင်းမှာရှိတဲ့ Organ တွေ အကုန်လုံးကလည်း အသက်နှစ်ဆယ်ကျော်ကာစ လူငယ် လူရွယ်တစ်ယောက်ရဲ့ ကျန်းမာသန်စွမ်းမှုအတိုင်း အကောင်း ပကတိပါပဲ"





ဟူသော အဖြေကိုသာ ကြားရသည်။

သို့သော် မိုးခြိမ့်ညံ့ကတော့ အရင်နေ့တွေတုန်းက လောက်ပင် မသွက်တော့ဘဲ ပိုပြီးလေးလံထိုင်းမှိုင်းလာတာကိုတော့ ဆရာဝန်ကြီး ကိုယ်တိုင်ပင် တအံ့တသြဖြစ်စွာ ကြည့်ရှုသတိထားမိသည်။

မျက်လုံးတွေမှာ လုံးဝ မအိပ်ထားသော လူတစ်ယောက်ဖြစ်မှန်း သိသာလှစွာ ချိုင့်ဝင်လျက် မျက်သားတွေမှာ နီရဲနေသည်။

ဆရာဝန်ကြီး စ,မြင်ခါစ လွန်ခဲ့တဲ့ ဆယ်ရက်လောက်တုန်းကတောင် ခပ်ငှငှဝေါင်ဝေါင်ပေမဲ့ ရုပ်ရည်ချောမောသားနားသော ကောင်လေးရုပ် ထွက်နေသေးတဲ့ မိုးခြိမ့်ညံ့မှာ ဒီဆယ်ရက်အတွင်း ပုံစံပြောင်းလိုက်သည့်အလား ညှဉ်းဆိုးဆိုးရုပ်ထွက်လာသည်ကို သတိပြုမိသည်။ ဆံပင်တိုတိုနဲ့ သပ်သပ်ရပ်ရပ်လေးရှိတဲ့ အသွင်အပြင်မှာ အခုတော့ ခြားနားသွားပြီ။ မဖြီးမသင် ဖွာဆန်ကြဲသောဆံပင်နဲ့ တွေ့ရာကောက်ဆွဲဝတ်လာသလို အဝတ်အစားတွေနဲ့ ကောင်လေးသည် လောကကြီးကို စိတ်မဝင်စားတော့သလို မျက်ဝန်းရီဝေဝေတွေနဲ့ တစ်နေရာတည်းကို အကြာကြီး ငေးစိုက်ကြည့်နေတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရောဂါမရှိပေမဲ့ မိခင်နဲ့ ကျွန်တော် ခဏလောက် စကားပြောကြရအောင်လား၊ မောင်မိုးခြိမ့်ညံကတော့ အပြင်မှာ ခဏလေးထိုင်စောင့်ပေးပါ"

ဆရာဝန်ကြီးသည် အခြေအနေ အရပ်ရပ်ကို လေ့လာသုံးသပ်ရင်း ဒေါ်ဥမ္မာနဲ့ နှစ်ယောက်တည်း ဆွေးနွေးကြဖို့ ဆုံးဖြတ်လိုက်ပါသည်။ ဆရာဝန်ကြီး ရုံးခန်းထဲမှာ ဒေါ်ဥမ္မာ တစ်ယောက်တည်း ဖြစ်သွားမှ ဆရာဝန်ကြီးက စပြီးပြောပါသည်။

"မောင်မိုးခြိမ့်ညံဟာ မူးယစ်ဆေးဝါးတွေများ သုံးသလား ဒေါ်ဥမ္မာ"

"ရှင် ... ဘာဖြစ်လို့ အဲဒီလို မေးတာလဲ ဒေါက်တာ"

"သူ့မှာ ဘာရောဂါမှလဲ ရှာမတွေ့ဘဲ သူ့ပုံစံက ကျွန်တော်ကြည့်နေရင်းနဲ့တောင် ရက်ပိုင်းအတွင်း ပိုပြီးငူငူငေါင်ငေါင်ဖြစ်လာတယ်၊ တစ်မျိုးဖြစ်နေတယ်၊ ဘာတစ်မျိုးမှန်း ကျွန်တော် စဉ်းစားမရဘူး။ ဒါကြောင့် လူငယ်တစ်ယောက်အနေနဲ့ အဖြစ်နိုင်ဆုံးကို မှန်းပြီးမေးတာပဲ"

"သား အဲဒါမျိုးတွေ မလုပ်ပါဘူး ဒေါက်တာ။ ကျွန်မယုံပါတယ်၊ ကိုယ့်သားမို့ ယုံတယ် ပြောတာမဟုတ်ပါဘူး။ သူ မူးယစ်ဆေးဝါးသုံးရင် ဘယ်လိုပဲလိမ်လိမ် ကျွန်မ သိမှာပါ။ ကျွန်မသား ဖြစ်နေတာ မူးယစ်ဆေးဝါးသုံးလို့ ဖြစ်တာမဟုတ်ဘူး ဒေါက်တာ"

"ဒေါ်ဥမ္မာ ပြောပုံက အဖြေကို သိပြီးသလိုပါလား"

ဒေါ်ဥမ္မာမှာ ဝဲတက်လာသော မျက်ရည်တွေကို မျက်မှန်ချွတ်၍ အသာတို့သုတ်လိုက်ရင်း ...

"သားမှာ အိပ်မက်ဆိုးတွေမက်ပြီး တဖြည်းဖြည်းနဲ့ အဲဒီအိပ်မက်က သူ့ကို လွှမ်းမိုးလာတာ ခံနေရတယ် ဒေါက်တာ။ အိပ်မက်ထဲက အဖြစ်အပျက်ဟာ အပြင်မှာ တကယ်ရှိခဲ့ဖူးတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း(၆၀)ကျော်လား (၇၀)ကျော်ကလား မသိဘူးတဲ့။ အဲဒါ တကယ်ဖြစ်ခဲ့ဖူးတယ်တဲ့။ အဲဒီအိပ်မက်ထဲကလူဟာ သူပါပဲတဲ့။ အဲဒီလိုတွေ ကျွန်မကို ကယောင်ချောက်ချား ပြောပြနေတာ လေးငါးရက်လောက်ရှိပြီ ဒေါက်တာ။ သူ အိပ်ကိုမအိပ်တော့ဘူး၊ မအိပ်ဘဲ ခုံမှာတလှုပ်လှုပ်နဲ့ ကိုယ်ကိုယ်မိမ်းထိုးထိုင်နေပြီး ပါးစပ်ကလည်း တိုးတိုး တိုးတိုးနဲ့ တစ်ယောက်တည်း ပြောတယ် ဒေါက်တာ။ ဘာပြောမှန်း မကြားရဘူး။ သူ့အနား သွားလိုက်ရင် အသံ(ဟ) တိတ်သွားရော။ မကြားစေချင်လို့ သူ ဘာမှ မပြောတော့ဘူး။ သူ့မှာ သူနဲ့ဆိုင်အတွေးဖွင့်တဲ့




ငွေတာရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အခင်ဆုံးသူငယ်ချင်းနှစ်ယောက်လည်း ရှိတယ်၊ စင်ကာပူမှာတောင် ကျောင်းအတူတက်လာပြီး တစ်ခန်း အတူတူ စုပြီး ငှားနေတဲ့ သူငယ်ချင်းတွေပေါ့။ အဲဒီသူငယ်ချင်းတွေကိုလည်း ဖုန်းလက်ခံမပြောဘူး။ အတွေ့လည်း မခံဘူး။ ဘယ်သူနဲ့မှလဲ စကားမပြောဘူး။ ကျွန်မကိုပဲ သူ ပေးသိစေချင်တဲ့ အကြောင်းအရာကို ပြောတာလောက်ပဲ ရှိတယ်"

ဆရာဝန်ကြီးက ခေါင်းတညိတ်ညိတ် နားထောင်နေသည်။ သူ့ရှုံးခန်းကို ကာထားသော မှန်ချပ်တွေမှတစ်ဆင့် အပြင်က ထိုင်ခုံတန်းတွေမှာ ထိုင်စောင့်နေသော ခေါင်းငိုက်စိုက်၊ လက်ပြင်ကုန်းကျနေသည့် အနေအထားနဲ့ မိုးခြိမ့်ညံကို အသာ တစ်ချက်လှမ်းကြည့်လိုက်ပါသေးသည်။

"သူ့ရဲ့အတိတ်ဘဝကို သူ ပြန်သိနေရပြီမို့ သူ မပျော်ဘူးတဲ့။ သူ လူတစ်ယောက်ကို ရှာမတွေ့မချင်း မပျော်ဘူးတဲ့၊ အဲဒီလိုတော့ ကျွန်မကို ပြောပြတယ်"

"ဒေါ်ဥမ္မာ ယုံသလား"

"ရှင်"

"ဩော် ... ယုံသလားလို့ မေးတာပါ"





"ယုံရမလား၊ မယုံရမလားတောင် မသိပါဘူး ဒေါက်တာရယ်။ ကျွန်မ သူ့ကိုမွေးကတည်းက ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ အမေရင်းပါ။ လူဝင်စားဖြစ်တယ် ဆိုတာတွေက ကျွန်မ ကြားဖူးသလောက်တော့ ကလေးဘဝကသာ မှတ်မိပြီး ပြန်ပြောတာပါ။ ကျွန်မ သားလိုတော့ အသက်နှစ်ဆယ်ကျော်မှ ကောက်ကာငင်ကာ အိပ်မက်တွေမက်ပြီး ပြန်သိတာတော့ မကြားဖူးပါဘူး"

"ကျွန်တော် ့မေးရတာကလည်း လူတစ်ယောက်နဲ့တစ်ယောက်က မတူကြဘူးလေ။ တချို့ကလည်း အကြားအမြင်တို့ Super natural power တို့၊ အရင်ဘဝတို့ နောက်ဘဝတို့ကို ယုံကြတဲ့လူတွေရှိတယ်၊ ဒီတော့ ဆေးပညာအရ ပြောရင် လက်မခံချင်ကြဘူး"

"ကျွန်မကတော့ မယုံပါဘူး ဒေါက်တာ၊ သားကို စိတ်ရောဂါတစ်ခုခု ဝင်နေတယ်လို့ ထင်မိတယ်၊ အိပ်မက်တွေ မက်ရင်း အိပ်ရေးမဝလို့ ကယောင်ချောက်ချား ဖြစ်လာတယ်လို့ ထင်ပါတယ်"

"ဟုတ်ပြီ၊ ကျွန်တော်လည်း အဲဒီလို ယူဆပါတယ်၊ မောင်မိုးခြိမ့်ညံဟာ အကောင်းပကတိကြီးကနေ ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီး အိပ်မက်တွေမက်ပြီး စိတ်ရောဂါဝင်စရာ အကြောင်းတော့ မရှိပါဘူး။ သူ drug တစ်ခုခုသုံးလို့ ဖြစ်လာတယ်ပဲ ထင်တယ်၊ ဒေါ်ဥမ္မာ မသိလိုက်တာတွေလည်း ရှိမှာပေါ့။ သူက လူငယ်တစ်ယောက်ပဲ အမေမသိအောင် ခိုးလုပ်ရင်လည်း လုပ်နေမှာပေါ့၊ drug မှုးယစ်ဆေးဝါးကြောင့် စိတ်မူမမှန်တော့တာ ဖြစ်ဖို့များနေတယ်”

“ဒေါက်တာ ကြိုက်သလိုပဲ ယူဆပါ၊ ရပါတယ်။ ကျွန်မသားကို ဘာလုပ်ရမလဲ၊ ဘယ်မှာ ကုရမလဲပဲ ညွှန်ကြားပေးပါ ဒေါက်တာ။ ကျွန်မ သူ့အတွက် သောကရောက်နေရတာလည်း ကြာပါပြီ၊ အရင်က သူ ဒီလိုမှမဟုတ်တာ စင်ကာပူမှာ ကျောင်းသွားတက်ပြီး ပြန်လာတော့ သူငယ်ချင်းသုံးယောက် ဘာလုပ်ရမလဲ မသိသေးလို့ ဆိုင်ဖွင့်မယ် စီးပွားရေးလုပ်မယ်နဲ့ တက်ကြွနေတာ။ ဆိုင်ဖွင့်နေရင်းနဲ့ သူတို့ဘာသာ အကြံရပြီး စားသောက်ဆိုင် အကြီးကြီး ဖွင့်ကြမယ်လို့ စီစဉ်နေတုန်းပဲ ရှိသေးတာ ဒေါက်တာရယ်၊ အခုတော့ သားက ဘာဆိုဘာမှကို စိတ်မဝင်စားတော့ဘူး၊ တစ်နေ့ တစ်နေ့ သူ့မှာ အိပ်မက်အကြောင်းပဲ ခံစားတွေးတောနေတော့တယ်”



“ဟုတ်ပြီ၊ ကျွန်တော် သိပ်တော်တဲ့ Psycliatric (စိတ်ရောဂါကုဆရာဝန်)ဆီ စာရေးပြီး Refer လုပ်ပေးလိုက်မယ်။ သူက ဆရာဝန်ကြီးပေမဲ့ အသက်က သိပ်အကြီးကြီးတော့ မဟုတ်သေးဘူး၊ ဒါပေမဲ့ သိပ်တော်တယ်လို့ နာမည်ကြီးနေတယ်။ ကျွန်တော်နဲ့ Same batch တော့ မဟုတ်ပေမဲ့ လူချင်းလည်း ခင်မင်ရင်းနှီးပါတယ်၊ ဒီတော့ သူ့ဆီပဲ လွှဲပေးလိုက်မယ်၊ ဖြစ်မလား”

ဒေါ်ဥမ္မာမှာ ဘယ်သူ့အားကိုးရမှန်းလဲ မသိလေရာ ဒီဆရာဝန်ကြီး ညွှန်ကြားသမျှကိုသာ လိုက်နာဖို့ ဆုံးဖြတ်ပြီးနေပါပြီ။ စိတ်ထဲမှာလည်း ထိခိုက်နေသည်။ တစ်ဦးတည်းသောသားလေးကျမှ စိတ်ရောဂါဖြစ်ရတယ်ဟု တွေးပြီး ယူကျုံးမရ ဖြစ်နေသည်။

သား အသက် ဆယ့်ငါးနှစ်အရွယ်မှာ သားအဖေ ဆုံးသွားပြီးကတည်းက ဒေါ်ဥမ္မာအတွက် သားဟာ အနာဂတ်တစ်ခုသာဖြစ်ခဲ့လေရာ သားရဲ့အဖြစ်အပျက်ကြောင့် စိတ်ထဲမှာ ထိခိုက်ကြေကွဲနေမိတော့သည်။

“ဒေါက်တာစိုးအုပ်ကျော်
စိတ်ရောဂါအထူးကုဆရာဝန်”

www.burmeseclassic.com



ဟူသော လိပ်စာကတ်လေးနှင့်အတူ ဆရာဝန်ကြီး ရေးပေးလိုက်သော အကျိုးအကြောင်းပါစာကို လက်ကိုင်အိတ်ကြီးထဲထည့်ပြီး ထွက်လာသော ဒေါ်ဥမ္မာသည် ခေါင်းငိုက်စိုက်ကြီးဖြင့် ထိုင်နေသော မိုးခြိမ့်ည အနားကိုရောက်လျှင် ...

"သားကို စိတ်ရောဂါကုဆရာဝန်နဲ့ သွားပြခိုင်းလိုက်တယ် မဟုတ်လား မေမေ"

ဟူ၍ မိုးခြိမ့်ည ကြိုမေးလိုက်သံကို ကြားရသည်။

ဒေါ်ဥမ္မာမှာ တအံ့တသြဖြင့် ...

"သား ဘယ်လိုလုပ် သိလဲ"

ဟု ပြန်မေးလိုက်မိသည်။

"ဘာရောဂါမှလဲ ရှာမရဘူး၊ လူပုံစံကလည်း ဘာဖြစ်မှန်း မသိဖြစ်နေတဲ့ ငကြောင်ပုံစံ ပေါက်နေတော့ ဆရာဝန်က စိတ်ရောဂါပဲ ထင်တော့မှာပေါ့"

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့ သားရယ်။ သွားပြလိုက် ကြရအောင်နော်"

"သားမရူးဘူး မေမေ"

"ဟုတ်ပါတယ် သားမရူးပါဘူး။ အိပ်မက်ဆိုးတွေမက်တာ ပျောက်အောင်လုပ်ဖို့ပဲ လိုတာပါ"





"အိပ်မက်ဆိုး မဟုတ်ပါဘူး၊ ဖြစ်ခဲ့တာတွေကို ပြန်သိဖို့ အချိန်တန်လို့ အခုမှ ပြန်သိတာပါ။ ပြီးတော့ သူနဲ့လည်း ဒီဘဝမှာ အတူတူ လူလာဖြစ်ရတာချင်း တိုက်ဆိုင်သွားလို့ ဒါတွေ ပြန်သတိရလာတာပါ မေမေ"

ဒေါ်ဥမ္မာမှာ မိုးခြိမ့်ညကို ကရုဏာသက်စွာ တိတ်တဆိတ်ကြည့်ရင်း ဒေါက်တာစိုးအုပ်ကျော်ထံ အမြန်ဆုံး ရက်ချိန်းယူပြီး သွားဖို့သာ စိတ်ဆုံးဖြတ်နေမိတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၄

မိုးခြိမ့်ညံသည် ဒေါက်တာစိုးအုပ်ကျော် ပြောသည့် အတိုင်း ဒရင်းဘက်(ခ)မှာ ပက်လက်လှဲအိပ်လိုက်ပါသည်။ စိတ် ရောဂါကုဆရာဝန်ကို မပြချင်ပေမဲ့လည်း မေမေ့ကြောင့် ဒီဆေး ခန်းထိ လိုက်လာရပြီးပြီဖြစ်ရာ ဆရာဝန်ခိုင်းသမျှ မငြင်းမဆန် လုပ်ဖို့သာ ဆုံးဖြတ်လိုက်ပါသည်။ တကယ်တော့ သူ့ကိုအိပ်ဆေး ချကုထုံးတွေနဲ့ကုပြီး သောက်ဆေးတွေပေးလည်း ဘာမှထူးခြား လာမှာမှ မဟုတ်တာကို သူကိုယ်တိုင် သိပါသည်။

ရင်ထဲမှာ လွမ်းဆွတ်ကြေကွဲနေခဲ့တာ။ တမ်းတနေ ခဲ့တာ၊ ဆွေးမြည့်နေခဲ့တာ၊ ပြန်ဆုံတွေ့ချင်သူ တစ်ဦးတစ်ယောက် ဟာ ဘယ်သူမှန်းမသိဘဲနဲ့ တွေ့ချင်နေလှတာတွေကို အဆမတန် ခံစားရလွန်းသည်ဖြစ်ရာ လွမ်းဖျား လွမ်းနာကျနေမိသည်လား ရင်ကွဲနာကျတဲ့ ဝေဒနာကို ခံစားနေရသည်လား မသိတော့ပေ





ဒေါက်တာစိုးအုပ်ကျော်မှာ အသက်သိပ်အကြီးကြီး တော့ မဟုတ်။ ခန့်မှန်းကြည့်ရရင် အသက်သုံးဆယ့်ငါးလောက် ပဲ ရှိပါဦးမည်။ သို့ပေမဲ့ မျက်မှန်အောက်မှ မျက်လုံးတွေမှာ ဉာဏ်ပညာကြီးပြီး ဖြတ်ထိုးဉာဏ်ကောင်းလှသူမှန်း သိသာပေါ် လွင်နေသည်။ စကားကို အေးအေးဆေးဆေး ပြောတတ်ပုံမှာ စိတ်ဝေဒနာသည် ရောဂါရှင်တွေကို စကားပြောပေးဖို့ အကောင်း ဆုံး လေ့ကျင့်ထားပုံလည်း ရသည်။

"ဒီချိန်သီးလေးကို ကြည့်နေပါ၊ ချိန်သီးလေးလှုပ်တဲ့ဘက် တိုင်းကို ခေါင်းမလှည့်ဘဲ မျက်လုံးလိုက်ရွေ့ရုံပဲ ကြည့်နေ ပါ။ တဖြည်းဖြည်းနဲ့ စိတ်ဟာ ချိန်သီးဆီမှာပဲ စုစည်းလို့ ရလာအောင်လုပ်ပါ၊ ကျွန်တော် စကားပြောပေးနေမယ်၊ မေးခွန်းလေးတွေ မေးမယ်၊ စိတ်ထဲမှာ ပေါ်လာတဲ့အတိုင်း ဖြေပါ"

ချိန်သီးကိုကြည့်ရင်းကြည့်ရင်း မျက်စိညောင်းပြီး အိပ်တောင် အိပ်ချင်လာသည်။ မိုးခြိမ့်ညံ၏ မျက်ခွံတွေ စင်းကျ လာပေမဲ့ လုံးဝကြီး အိပ်ပျော်သွားတာမျိုးမဖြစ်ဘဲ ရီတီတီနှင့် အိပ်မက်,မက်သလိုလို ဖြစ်လာပါသည်။

"နာမည်ဘယ်လိုခေါ်လဲ၊ ပြောပါဦး"

"မိုးမောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ ?"

"မိုးမောင်ပါ"

ဒေါက်တာစိုးအုပ်ကျော် မျက်ခုံးအနည်းငယ် မြင့်တက်သွားပါသည်။ လူနာမအိပ်တအိပ် အနေအထားမှာ နာမည်ကောက်မေးကြည့်တာ မူလနာမည်ရင်းကို မပြောဘဲ တခြားနာမည်တစ်ခုကို ပြောသဖြင့် ရောဂါလက္ခဏာတစ်ခုကို စတွေ့လိုက်ပြီဟု ခေါင်းထဲမှာ မှတ်ထားမိပါသည်။ multiple personality (မာလ်တီပယ်လ် ပါဆင်နယ်လ်တီ)ဟု ခေါင်းထဲမှာ မှတ်ထားလိုက်ပြီး ဆက်မေးပါသည်။

"မိုးခြိမ့်ညံ့ မဟုတ်ဘူးလား"

"မိုးခြိမ့်ညံ့ ဆိုတာ အခုဘဝက နာမည်။ မိုးမောင်က အရင်ဘဝကနာမည်"

"အရင်ဘဝက နာမည်ကို ဘယ်လိုသိတာလဲ"

"အိပ်မက်ထဲမှာ သိလာတာ"

"အိပ်မက်ထဲမှာ ဘယ်သူက ခေါ်တာလဲ"

"အားလုံးပဲ၊ အားလုံးက ခေါ်ကြတယ်၊ ကျေးဉကတော့ ကိုမိုးမောင်လို့လည်း ခေါ်တယ်၊ နှစ်ယောက်တည်း ဆိုရင်တော့ 'မောင်'လို့ ခေါ်တယ်"

"ကျေးဉ ဆိုတာ မင်းရဲ့ချစ်သူလား"





"မိုးမောင်ရဲ့ချစ်သူပါ"

"မိုးခြိမ့်ညံ့ရဲ့ချစ်သူရော"

"အခုဘဝမှာ ကျေးဉလည်း လူလာဖြစ်တယ်တဲ့၊ ဒါကြောင့် မိုးခြိမ့်ညံ့က ကျေးဉ ဝင်စားတဲ့ မိန်းကလေးကို လိုက်ရှာရလိမ့်မယ်"

"ကျေးဉ လူလာဖြစ်တာကို ဘယ်သူကပြောလဲ"

"အိပ်မက်ထဲမှာ ကျေးဉ ကိုယ်တိုင်ပြောတာ၊ ကျေးဉကို လိုက်ရှာပါ၊ ကျေးဉ စောင့်နေတယ် မောင် ... တဲ့"

"ကဲ ... တခြားအကြောင်း ပြောရအောင်"

"မိုးမောင်မှာ တခြားအကြောင်း ပြောစရာမရှိဘူး"

"မိုးခြိမ့်ညံ့မှာရော"

"မိုးခြိမ့်ညံ ပြောမဲ့စကားဟာ မိုးမောင် အကြောင်းပဲ ဖြစ်နေတယ်"

"ကောင်းပြီ၊ မိုးခြိမ့်ညံ့ဟာ ဆေးခြောက်သုံးဖူးသလား"

"တစ်ခါတော့ စမ်းဖူးတယ်"

"ဘယ်တုန်းကလည်း"

"ဆယ်တန်းအောင်ပြီး စင်ကာပူမှာ ကျောင်းသွားတက်ဖို့ အတွက် လိုအပ်တဲ့ IELTS ဖြေဖို့ သင်တန်းတက်နေတုန်းကပါ၊ တစ်ခါပါပဲ၊ လုံးဝခံစားလို့ မရဘူး၊ ကြိုက်လည်း



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူး၊ ဆေးအရှိန်ရှိတုန်း ခဏပဲ ပျော်ရပြီး ဆေးအရှိန် ပြန်ကျသွားတဲ့အခါ သေအောင်ခံရတာကို ကြောက်သွားလို့ လုံးဝမသုံးတော့ပါဘူး”

“ဆေးပြားတွေရော သုံးဖူးလား”

“စင်ကာပူမှာ ကျောင်းတက်နေတုန်းက club သွားတော့ သူငယ်ချင်းတစ်ယောက် ဝယ်တိုက်တာနဲ့ (e) တော့ တစ်ခါသောက်ဖူးတယ်၊ ဒါပေမဲ့ သူလည်း ဆေးအရှိန်ပြယ်ရင် ပြန်ခံစားရတာ ကြောက်ဖို့ကောင်းတာမို့ ကျွန်တော် လုံးဝ ထပ်မသုံးဖြစ်ခဲ့ပါဘူး”

“ဒါဆို drug လုံးဝမသုံးပါဘူးလို့ အာမခံတယ်ပေါ့”

“လုံးဝမသုံးပါဘူး”

“ဟုတ်ရဲ့လား၊ အခုလောလောဆယ် ဆေးတစ်ခုခုကို စွဲသောက်နေတာရော မရှိဘူးလား၊ အိပ်မက်ဆိုးတွေမက်လို့ ဆေးသောက်တာမျိုး ရှိနိုင်တယ်”

“အိပ်မက်ဆိုးတွေ သူ့ဘာသာအချိန်ကျလို့ မက်လာတာပါ။ ကျွန်တော် အသက်နှစ်ဆယ့်တစ်နှစ်ပြည့်ပြီးရင် သိကိုသိစေရမယ့်သဘောနဲ့မက်တာပါ၊ အိပ်မက်ဆိုးကို ကျွန်တော် မကြောက်ပါဘူး။ အဲဒါ ကျွန်တော့်အရင်ဘဝက အဖြစ်အပျက်ဆိုးပါ၊ ကျွန်တော် ကြုံခဲ့ပြီးပါပြီ၊ မကြောက်ပါဘူး”





“အရင်ဘဝဆိုတာ ရှိတယ်လို့ ယုံသလား”

“ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘာသာမှာတော့ အတိတ်ဘဝတို့ နောက်ဘဝတို့ရှိကြောင်း အယူအဆ ရှိပါတယ်”

“ကျွန်တော်လည်း ဗုဒ္ဓဘာသာပါပဲ၊ ဒါပေမဲ့ မျက်စိနဲ့မသိနိုင် မမြင်နိုင်တဲ့ အတိတ်ဘဝကို သိပ်မယုံဘူး။ နောက်ဘဝဆိုတာလည်း ရှိတယ် မရှိဘူး ဆိုတာ ဘယ်သူမှ အသေအချာ မပြောနိုင်တာမို့ သေပြီးရင် ဘာဖြစ်မယ်ဆိုတာ မသိနိုင်ဘူးထင်လို့ မယုံပါဘူး”

“ကျွန်တော့်ကို သက်သေလုပ်ပါ ဒေါက်တာ။ ကျွန်တော် ကိုယ်တိုင် အတိတ်ဘဝရဲ့ အဖြစ်အပျက်တွေကို ပြန်ခံစားပြီး နှလုံးကွဲကြေနေတာပါ ဒေါက်တာ။ ကျွန်တော့်မှာ အတိတ်ဘဝ ရှိနေပါတယ်၊ ဟုတ်တယ်၊ ကျွန်တော် မိုးခြိမ့်ညံ မဟုတ်ဘူး၊ ကျွန်တော်ဟာ မိုးမောင်ပါ။ လယ်သူရင်းငှား မိုးမောင်ပါ၊ လူဆင်းရဲ မိုးမောင်ပါ၊ မိဘမဲ့ တစ်ကောင်ကြွက် ငမွဲမိုးမောင်ပါ။ လယ်ရှင်အိမ်မှာ အလုပ်လုပ်၊ သူပေးတာယူ၊ ကျွေးတာစား၊ လယ်တောထဲမှာ စောင့်ရှင်းနေဖို့ တဲအစုတ်နဲ့ ပေးနေတာ ခံရတဲ့ မိုးမောင်ပါ၊ ဒီမိန်းကလေးကို လက်ဖျားနဲ့တောင် မထိပါဘူး၊ စိတ်နဲ့တောင် မပြစ်မှားပါဘူးလို့ အတင်းအဓမ္မ ကတိပေး သစ္စာရေ သောက်ခိုင်းတာခံရတဲ့ မိုးမောင်ပါ”

www.burmeseclassic.com



မိုးခြိမ့်ညဲ တစ်ယောက် ပြောရင်း ပြောရင်း လှုပ်ရှားရုန်းကန်လာသည်။ ယောကျ်ားကြီးတန်မဲ့ မျက်ရည်တွေစီးကျကာ တဟီးဟီး ငိုကြွေးရင်း လဲ့အိပ်မနေတော့ဘဲ ထထိုင်ဖို့ကြိုးစားလာသည်။ အိပ်မွေ့ချကုထုံးနဲ့ ကုနေပေမဲ့ လုံးဝအိပ်မပျော်ဘဲ အိပ်မက်ထဲမှာ စကားပြောနေသလို အသံမျိုးနဲ့ ခပ်လေးလေး ခပ်နှေးနှေး ပြောနေသော မိုးခြိမ့်ညဲရဲ့အသံတွေ မြန်လာသည်။ ပီသလာသည်။ လုံးဝ နိုးကြားလာသည်။

"ကျေးဥကို ရှာရမယ်၊ ရှာရမယ်၊ ကျေးဥကို တွေ့မဖြစ်မယ်၊ ကျေးဥကိုတွေ့ရင် နှစ်ယောက်အတူတူ ဆုတောင်းပြည့်စေတီတစ်ဆူတည်ပြီး ဆုအတူတူတောင်းမှ ဝဋ်ကြွေးတွေပြေမယ်"

"အိုကေ ... တော်လောက်ပါပြီ"

"အိပ်မက်တွေ ထပ်မက်ရဦးမယ်၊ ကျေးဥ ဘယ်မှာရှိတယ်ဆိုတာ သိတဲ့အထိ မက်ရဦးမယ်၊ ကျေးဥကို ရှာရမယ်"

"နာ့(စ်)ရေ ... အပြင်က အကူကောင်လေးနှစ်ယောက်ခေါ်ပြီး လူနာကို ချုပ်ခိုင်းတော့။ သူ မရတော့ဘူး။ စိတ်ငြိမ်ဆေးထိုးမှ ဖြစ်တော့မယ်၊ မြန်မြန်ခေါ်လိုက်"

ဒေါက်တာစိုးအုပ်ကျော်ကို ဝိုင်းကူသော နာ့(စ)နှင့် ဒေါက်တာတို့ကိုယ်တိုင် မိုးခြိမ့်ညဲကို ဝိုင်းဖိ၊ ဝိုင်းချုပ်သေမဲ့ မရဘဲ





ရုန်းကန်ပြီး ထွက်သွားလိုက်ဖို့ ကြိုးစားနေသောကြောင့် ဒေါက်တာစိုးအုပ်ကျော် ထိုသို့ ညွှန်ကြားလိုက်ရတော့သည်။ ဒေါ်ဥမ္မာမှာ အခန်းထောင့် တစ်နေရာတွင် အသံတိတ် ထိုင်စောင့်ကြည့်ရင်း မျက်ရည်တွေ အသာသုတ်နေမိသည်။ သားဟာ စိတ်ရောဂါသည်ကြီး လုံးဝဖြစ်သွားပြီ ထင်ပါရဲ့။

ဒေါက်တာစိုးအုပ်ကျော်၏ ဆေးခန်းအစောင့် လူရွယ်လေးနှစ်ယောက်တို့ကို နာ့(စ)ပြေးခေါ်၊ သူတို့အခန်းထဲ ဝင်လာ၊ မိုးခြိမ့်ညဲကို ဝိုင်းချုပ်၊ ဒေါက်တာစိုးအုပ်ကျော်က ဆေးတစ်လုံး ထိုးပေးလိုက်သောအခါ မိုးခြိမ့်ညဲတစ်ယောက် စက္ကန့်ပိုင်းအတွင်း ငြိမ်ကျသွားပါသည်။ ချက်ချင်းပဲ မျက်လုံးတွေမှိတ်ကာ တခေါခေါ အိပ်ပျော်သွားပါသည်။

ဒေါ်ဥမ္မာသည် သားဖြစ်သူမျက်နှာကို အသာလက်ဖြင့်ထိရင်း ...

"သူ့ရဲ့စိတ်ရောဂါက တော်တော်အခြေအနေ ဆိုးသလား ဒေါက်တာ"

ဟု ဒေါက်တာစိုးအုပ်ကျော်ကို အားကိုးတကြီးမေးလိုက်သည်။

"သိပ်အဆိုးကြီး မဟုတ်ပါဘူး၊ သူက ဖြစ်ခါစပဲ ရှိသေးတော့ ကုရလွယ်ပါတယ်၊ ဆေးတွေပဲ မှန်မှန်သောက်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်သောက် ဆိုတာက လူနာကတော့ ဘယ်သောက်မလဲ၊ သူ့အနားမှာရှိမဲ့လူတွေကပဲ ဂရုတစိုက် တိုက်ပေးဖို့လိုတယ်"

"ဘယ်လိုဖြစ်လို့ ကောက်ကာငင်ကာ အခုကျမှ လူအကောင်းကြီးကနေ စိတ်ရောဂါ ဝင်သွားရသလဲ ဒေါက်တာရယ်။ ကျွန်မတော့ စဉ်းတောင် မစဉ်းစားတတ်တော့ဘူး"

"ကျွန်တော် သူ့ကို ဒီနေ့မှ စ,တွေ့တာ မေးတာ စမ်းတာ လုပ်ဖူးတာဆိုတော့ သူ့ရဲ့ drug history (ဒရပ်ဂ်ဟစ္စတြီ) ကို သေသေချာချာ မေးကြည့်လို့ မရသေးဘူး အန်တီ။ ဘယ်သူကမှတော့ လူအကောင်းကြီးကနေ အိပ်မက်ဆိုးတွေမက်ပြီး စိတ်ရောဂါ ဝင်လာစရာ အကြောင်းမရှိပါဘူး။ မူးယစ်ဆေး တစ်မျိုးမျိုးကို စွဲသုံးနေရင်းကမှ ဖြစ်လာတာလို့ ကျွန်တော် ထင်တယ်။ စိတ်မပူပါနဲ့ ဆေးဖြတ်ပြီးရင် သူ ပြန်ကောင်းသွားမှာပါ"

"အခု သူ့ အိပ်ပျော်နေတာ ဘယ်လောက်ကြာမှ ပြန်နိုးမှာလဲ ဒေါက်တာ"

"အနည်းဆုံး နှစ်နာရီတော့ အိပ်သွားမယ်။ အန်တီကားပေါ်ကို ကျွန်တော့်ဝန်ထမ်းတွေ လိုက်သယ်မ,ပြီး ပို့ပေးပါလိမ့်မယ်။ အိမ်ရောက်ရင်ရော ဝိုင်းချူပေးမဲ့လူ ရှိလား။ မရှိရင် ကျွန်တော် လူထည့်ပေးလိုက်မယ်"





"အိမ်မှာ လူတွေရှိပါတယ်"

"အိမ်ရောက်လို့ သူနိုးတာနဲ့ တခြားဘာမှမပြောဘဲ ဒီဆေးတစ်ထုပ်ကို အရင်တိုက်လိုက်ပါ။ ငါးရက်စာ ရေးပေးလိုက်မယ် အန်တီ။ ဝယ်သောက်လိုက်ပါ။ ငါးရက်သောက်ပြီးရင် သိသိသာသာ သက်သာလာပါလိမ့်မယ်၊ အဲဒီရက်အတွက် ရက်ချိန်းယူပြီး တစ်ခါပြန်လာပြပါ။ အကယ်၍ ဒီကြားထဲ အခြေအနေ ပိုဆိုးလာတာတွေ ရှိခဲ့ရင်လည်း ဖုန်းဆက်ပြောနိုင်ပါတယ်"

"ဒေါက်တာ ... သားမှာ ဘယ်လိုစိတ်ရောဂါမျိုး ရှိတာလဲ"

"ရောဂါကို diagnose (ဒိုင်ယာဂနို့(စ)) လုပ်ရင်တော့ Schizophrenia (စကစ်ဇိုဖရီးနီးယား)ပဲ ပြောရမှာပေါ့။ အိပ်မက်ထဲမှာ မက်တာတွေ တကယ်ထင်ပြီး ထင်ယောင်ထင်မှားဖြစ်ပြီး စိတ်ကစဉ့်ကလျား ဖြစ်လာတာပေါ့"

ဒေါ်ဥမ္မာရင်ထဲ နင့်သွားသည်။ အိပ်မောကျနေပေမဲ့ အိပ်မက်တွေ မက်နေပုံရသော မျက်လုံးတွေမှာ မျက်ခွံပိတ်ထားတဲ့အောက်မှာ တရွေ့ရွေ့ လှုပ်နေတာ တွေ့ရပြန်လျှင် သားကို ပိုပြီးစိုးရိမ်ပူပန်သွားပါသည်။ ကုလို့မပျောက်ရင် ဘယ်လိုလုပ်မလဲ ဆိုသော အတွေးက ဖျတ်ခနဲ ဝင်လာရာ၊ ရပ်နေရာမှပင် ပြိုလဲမိတော့မလို ဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အန်တီ၊ ရလား ... ဖြစ်ရဲ့လား"

ဒေါက်တာစိုးအုပ်ကျော် စိတ်ပူသွားပြီး ဒေါ်ဥမ္မာ့ကို မေးလိုက်သည်။

"ရပါတယ်၊ သားအတွက် စိတ်တွေပူရလွန်းလို့ ခေါင်းမူး သွားတာပါ"

"ကား ... ကိုယ်တိုင်မောင်းလာတာလား"

"ဒီနေ့တော့ ဒရိုင်ဘာ ပါပါတယ်၊ ကျွန်မလည်း ခုတလော သားအတွက် ပူရတာတွေများတော့ ကားကို ဒရိုင်ဘာနဲ့ပဲ စီးတာ များပါတယ်"

"ဪ ... ဒါဆိုလည်း အဆင်ပြေပါတယ်၊ အန်တီ့ အတွက်ပါ၊ စိတ်ပူမိလို့ပါ။ သားအကြောင်းပဲ ခေါင်းထဲ တွေးနေမိတော့ သတိလက်လွတ် ဖြစ်မှာစိုးလို့ပါ"

မိုးခြိမ့်ညံကို ဒေါက်တာစိုးအုပ်ကျော် ဆေးခန်းအကူ ကောင်လေးနှစ်ယောက်က တွဲထုတ်သယ်မပြီး ကားနောက်ခန်းထဲ လိုက်ထည့်ပေးပါသည်။ မိုးခြိမ့်ညံကတော့ လုံးဝပြန်နိုးမလာပါ။ ရိုးရိုးသာမန်အိပ်နေလျှင်ပင် နိုးလာနိုင်ပေမဲ့ ဒီလိုဆေးထိုးပြီး အိပ်ပျော်အောင်လုပ်ထားသည်ဖြစ်ရာ ဘယ်လိုမှ နိုးထမလာပါ။

ဒေါ်ဥမ္မာ၏ကားမောင်းသူ ဒရိုင်ဘာကြီးကတော့ မိုးခြိမ့်ညံကို တအံ့တဩဖြစ်ပြီး စိုးရိမ်ပူပန်စွာပင် ...





"မဥမ္မာ ... ကလေး ဘာဖြစ်သွားတာလဲ၊ အခြေအနေ ကောင်းရဲ့လား"

ဟု ဆီးမေးပါသည်။

ဒီဒရိုင်ဘာဦးညိုကြီးက မိုးခြိမ့်ညံ ငယ်ငယ်တည်းက မိုးခြိမ့်ညံ ကျောင်းပို့ ကျောင်းကြိုကို ကားမောင်းပေးလာသူ ဖြစ်ရာ ဆွေမျိုးတစ်ဦးနီးပါးလောက် မိုးခြိမ့်ညံ အပေါ် သံယောဇဉ် ရှိနေပါသည်။

"ဒေါက်တာက အိပ်ပျော်ပြီး စိတ်ငြိမ်သွားအောင် ဆေးထိုး ပေးလိုက်တာပါရှင်၊ ဘာမှမဖြစ်ပါဘူး"

"မောင်မိုးခြိမ့်ဟာ လူအကောင်းကြီးကနေ လပိုင်းအတွင်း ကျန်းမာရေး ချွတ်ယွင်းလာလိုက်တာဗျာ ယုံတောင်မယုံ နိုင်ဘူး။ ဘာများဖြစ်တာပါလိမ့်"

"ဦးညိုကြီး သိလည်း ဘယ်သူမှတော့ မပြောပါနဲ့ရှင်၊ သားမှာ စိတ်ရောဂါ ဝင်နေတာပါ"

"ကလေးက လူအကောင်းကြီးပါဗျာ၊ ဘယ်က စိတ်ရောဂါ ဝင်ရမှာလဲ"

"အိပ်မက်ဆိုးတွေမက်ပြီး ဟိုပြော ဒီပြော ဖြစ်လာတာလေ၊ ဒေါက်တာကတော့ ရောဂါနာမည်တပ်လိုက်ပြီ ဦးညိုကြီး ရယ်။ ဒီတော့ စိတ်ရောဂါ ရှိနေတာ သေချာပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးညိုကြီး ကားကို ဂရုတစိုက် ညင်သာစွာမောင်းရင်း နောက်ကြည့်မှန်မှတစ်ဆင့် ဒေါ်ဥမ္မာကို အသာလှမ်းကြည့်လျက် ...

"ဒေါ်မြိုင်နဲ့ ကောင်မလေးတွေပြောလို့ နည်းနည်းတော့ သိပါတယ်၊ အိပ်မက်,မက်ပြီး အိပ်မက်ထဲကအတိုင်း အပြင်မှာ ရှိတယ်လို့ ပြောနေတာ မဟုတ်လား"

ဟု ချိန်ချိန်ဆဆ အသံဖြင့် မေးပါသည်။

အိမ်မှာက ထမင်းဟင်းချက် ဒေါ်မြိုင်က ဦးစီးညွှန်ကြားသော အိမ်ဖော်ကောင်မလေးကချည်း သုံးယောက်ရှိသည်။ အဝတ်လျှော် မီးပူတိုက် အိမ်သန့်ရှင်း စသော တာဝန်တွေကို မျှဝေယူကြရုံမက ဦးညိုကြီးတို့လို ဦးအဘီးရှက်တို့လို မောင်ကြည်တို့လို ကားဒရိုင်ဘာတွေ၊ ခြံစောင့်တွေ၊ ဥယျာဉ်မှူးတွေကို ထမင်းပါကျွေးသဖြင့် ထမင်းခူးခပ်ကျွေးဖို့ တာဝန်ကိုပါ ဒေါ်မြိုင်တို့တစ်သိုက် ခွဲဝေယူရသည်ဖြစ်ရာ အိမ်ကြီးရှင်ရဲ့ အဖြစ်အပျက်တွေကို ပြန်ပြီးဖောက်သည်ချထားကြပုံ ရသည်။ ဦးညိုကြီးပင် တစ်ပိုင်းတစ်စ သိနေလေပြီတည်း။

"မဥမ္မာ အနေနဲ့ အယုံအကြည် ရှိချင်မှလည်း ရှိမယ်၊ တစ်ခါတလေကျ သိပ္ပံနည်းပညာနဲ့ ဖြေရှင်းလို့မရတဲ့ ကိစ္စတွေ ရှိတတ်ပါတယ်၊ မောင်မိုးခြိမ့် ဖြစ်နေတာကို တတ်ကျွမ်းတဲ့ အကြားအမြင်ဆရာနဲ့ ပြကြည့်ဖို့ စိတ်ကူး မရှိဘူးလား"





"ကျွန်မ မယုံပါဘူးရှင်"

"ဒါဆိုလည်း ရပါတယ်၊ ကျွန်တော်က ကိုယ့်တူလိုသားလို ဖြစ်နေတဲ့ ကလေးတစ်ယောက်အတွက် ကူညီလို့ရနိုင်တာ ကူညီအကြံပေးတဲ့သဘောပါ။ မဥမ္မာ စိတ်ဝင်စားခဲ့ရင် ကျွန်တော့်မှာ ဆရာကောင်း ဘယ်မှာရှိလဲဆိုတာ ပြောပြနိုင်တဲ့မိတ်ဆွေ ရှိပါတယ်၊ စိတ်မဝင်စားရင်တော့လည်း မပြောပြတော့ပါဘူး"

အိမ်ရောက်သောအခါ အိမ်ရှိလူကုန်နီးပါး မိုးခြိမ့်ညံကို ဝိုင်းတွဲခေါ် အိပ်ရာထဲထိ ပို့ပေးကာ အလှည့်ကျ စောင့်ကြည့်ပေးကြသည်။ အိပ်ရာကနိုးလျှင် ဆေးတိုက်ရမည်ဟု ဒေါ်ဥမ္မာ ညွှန်ကြားထား၍ ဆေးတိုက်ပေးဖို့လည်း အားလုံး အသင့်ပြင်ပေးထားကြသည်။ သူတို့ထင်တာက မိုးခြိမ့်ညံဟာ အိပ်ရာကနိုးတာနဲ့ အရူးစစ်စစ်တစ်ယောက်လိုပဲ ထကြွသောင်းကျန်းတော့မလား ဆိုသော အထင်နဲ့ စောင့်ကြည့်နေကြသော ပုံစံမျိုးလည်းဖြစ်ရာ ဒေါ်ဥမ္မာမှာ ဒီအဖြစ်ကိုမြင်ပြီး ရင်ထဲမှ မကောင်းလှ။ သားကို ကျန်းမာပျော်ရွှင်သန်စွမ်းသော လူအဖြစ်သာ မြင်လိုပါသည်။ အခုတော့ သားမှာ စိတ်ရောဂါရှိနေတယ်ဆိုတဲ့ အရိပ်မည်းကြီးက ဖုံးအုပ်ခံထားရသလိုဖြစ်ကာ အမှောင်ဖုံးသလို ခံစားနေရသည်။

"ဟော ... မိုးခြိမ့်လေး နိုးလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းချက်ဒေါ်မြိုင်က အရင်ဆုံး သတိပြုမိပြီး ဒေါ်ဥမ္မာကို ပြောသည်။

မိုးခြိမ့်ညံဟာ အိပ်ရာကနိုးနိုးချင်း ဘေးဘီကိုလှည့်ပတ်ကြည့်လိုက်ပါသည်။

"သား ဘယ်လိုလုပ် အိမ်ပြန်ရောက်လာတာလဲ"

"ဒေါက်တာ ဆေးထိုးပေးလိုက်တော့ သား အိပ်ပျော်သွားတာနဲ့ ပြန်ခေါ်လာတာလေ၊ နိုးရင် ဆေးသောက်လိုက်ပါဦး၊ ဒေါက်တာက နိုးနိုးချင်း ဆေးတစ်ခွက် သောက်ပါတဲ့"

"ဘာဆေးတွေလဲ"

"သား အိပ်မက်ဆိုးတွေ မမက်တော့အောင် ဒါတွေသောက်ရမယ်"

"အိပ်မက် မမက်လို့ ဘယ်ဖြစ်မလဲ၊ အိပ်မက်ထဲမှာပဲ ကျေးဥကို တွေ့ရတာ။ မမက်ရရင် ကျေးဥကို ဘယ်လိုလုပ် ပြန်ဆုံမလဲ၊ ကျေးဥ ဘယ်မှာရှိတယ်ဆိုတာ ခုထိ မသိရသေးဘူး၊ ဒါကြောင့် အိပ်မက်,မက်မှဖြစ်မယ်"

"သားရယ် ... တကယ်မရှိတာတွေ မပြောပါနဲ့"

"တကယ်ရှိခဲ့ပါတယ်၊ တကယ်ဖြစ်ခဲ့ပါတယ် မေမေရယ်။ ကျေးဥနဲ့အတူတူ မိုးမောင်ဟာ သေဆုံးသွားပြီးမှ ဘဝပေါင်းများစွာ ဆက်ကျင်လည်နေခဲ့တာပါ။ အခုကျမှ ဒီဘဝမှာ လူလာဖြစ်ရတာပါ။ ပြီးတော့ ဒီဘဝမှာမှ ကျေးဥနဲ့ ဘဝတူ လူလာဖြစ်ရတာမို့ ဒီဘဝမှာ ပြန်ဆုံချင်တယ်။ ဝဋ်ကြွေးတွေကျေအောင် ဘုရားအတူတူတည်ချင်တယ် မေမေ၊ သားပြောတာကို ယုံပါ"





"သားရယ် ... မေမေ စိတ်ချမ်းသာအောင် ဒီဆေးတွေတော့ သောက်လိုက်ပါ၊ သားအတွက်နဲ့ မေမေ ဘယ်လောက်ထိတောင် စိတ်ဆင်းရဲနေရပြီလဲ၊ မေမေ့ကိုချစ်ရင် သနားရင် ဒီဆေးတွေတော့ မှန်မှန်သောက်ပေးပါ သားရယ်"

မိုးခြိမ့်ညံသည် မေမေ့မျက်ရည်တွေကို မြင်တော့လည်း စိတ်မကောင်း ဖြစ်မိကာ မေမေ့အလိုကျ ပုံထားသော ဆေးလုံးတစ်ပုံနှင့် နွားနို့တစ်ခွက်ကို ခပ်မြန်မြန်ပဲ ပါးစပ်ထဲ ပစ်သွင်းပြီး သောက်ချလိုက်တော့သည်။

သောက်ပြီးတာနဲ့ လူက လေးလံထိုင်းမှိုင်းလာကာ အိပ်ငိုက်လာသည်။ အမှန်တော့ မိုးခြိမ့်ညံ ဒီလိုမဖြစ်ချင်။ အိပ်ရာကနိုးတာနဲ့ လန်းလန်းဆန်းဆန်း ဖြစ်ခါစမှာ ဆေးတွေပြန်သောက်လိုက်ရလို့ လေးလံထိုင်းမှိုင်းသွားရတာမျိုး မဖြစ်ချင်။ ဒါပေမဲ့ ဆေးမသောက်ပြန်ရင်လည်း မေမေက မျက်ရည်ကျဦးမည်ဖြစ်ရာ ဆေးတွေသောက်လိုက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရတော့လည်း ကောင်းတာပေါ့လေ။ အိပ်မက်ထဲမှာ ကျေးဥကို တွေ့ရဦးမည်။ ကျေးဥဆီက စကားသံတွေ ကြားရဦးမည်။ ပြန်ဆုံခွင့်ရရင် ဆုံလိုက်ချင်ပါပြီ ကျေးဥရယ်။ လွမ်းရတဲ့ဒဏ်ကို တကယ်ပဲ ခံနိုင်ရည် မရှိတော့ပါဘူး။ ရင်ထဲမှာ ရင်ကွဲနာ ကျနေခဲ့ပြီ။





# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



## ၅

"ဥဒေါင်း ... ခဏလာဦး"

ဥသည် အိပ်ရာကနိုးတာနဲ့ ဖယ်ဆက်သလို လု[illegible] နေရသော အိမ်အလုပ်များကို ချခဲ့ကာ ကိုကြီး အော်ခေါ်ရာ[illegible] အပြေးအလွှား ရောက်လာခဲ့ရပါသည်။ ကလေးနှစ်ယောက်အတွ[illegible] ထမင်းချိုင့် ပြင်ဆင်ထည့်ပေးဖို့ မနက်စာ ညစာတွေ စီစဉ်ညွှ[illegible] ကြားပြီးချက်ဖို့ ဥ,တက်နေသော နိုင်ငံခြားဘာသာသင်တန်း[illegible] လည်း အချိန်မီသွားတက်ဖို့ စသဖြင့်တွေ ဆက်တိုက်လုပ်ရသ[illegible] အခုလို ကိုကြီး အော်ခေါ်လျှင်လည်း လုပ်လက်စတွေ ပစ်ချ[illegible] အပြေးလာရတာလည်း ရှိသည်။

ဥနဲ့ အသက်ဆယ့်ငါးနှစ်လောက်ကွာသော အစ်[illegible] မို့ ရှိသေလေးစား ကြောက်ရွံ့ရတာရော၊ မိဘတွေမရှိတော့[illegible]





အထဲက ဥကိုပြုစုစောင့်ရှောက်ခဲ့သူမို့ အားကိုးရတာရော ပေါင်းပြီး ဥသည် အစ်ကိုဖြစ်သူကို အစ်ကိုလိုတစ်မျိုး၊ ဖခင်အရာလောက် ထောင်ထားပြီးတော့တစ်မျိုး တွယ်တာလေသည်။

"အမေက ငါ့ကို ကိုးတန်းဖြေခါနီးမှ လာပြောတယ်၊ သားကြီးရယ် အမေတော့ ကိုယ်ဝန်ထပ်ရှိသွားတယ်ကွယ်၊ သားအတွက် ညီလေးလား ညီမလေးလား မသိဘူး၊ ရတော့မယ်၊ သား ကျေနပ်ရဲ့လားလို့ တစ်ရက်မှာ ပြော လာတော့ ဟား ဟား ... ငါ့နှယ် ဘာပြန်ဖြေရမှန်းတောင် မသိဘူး။ အသက်ငယ်တုန်းကတော့ သူများတွေလို ညီတွေ ညီမတွေ သိပ်လိုချင်ခဲ့တုန်းက အမေက မွေးမပေးခဲ့ဘူး။ အသက်ဆယ့်လေးနှစ်လောက်ရောက်ပြီး ကိုယ့်ဘာသာ ကိုယ့်ဘဝနဲ့ကိုယ် ပျော်တတ်တဲ့အချိန်ကျမှ အမေက ညီ၊ ညီမ ထပ်မွေးမယ်ဆိုတော့ ငါ ဘယ်လိုမှ မခံစားရဘူး ပေါ့၊ အမေ ဘာကြောင့် ကလေးထပ်ယူလဲတော့ ငါမသိ ပေမဲ့ ငါ့နှယ် လူပျိုပေါက်အရွယ်ဖြစ်မှ ညီမသေးသေးနီ တာရဲလေးကို လက်ကမချအောင် ချစ်ခဲ့တာတော့ လူတိုင်း ပြောယူရတယ်"

ဟူ၍ ကိုကြီးက ဥကို မကြာခဏ ပြန်ပြန်ပြောပြ ဖြီး ဥကိုမွေးလာပုံကို သတိရတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်အများကြီးကွာသော အစ်ကိုကြီးကို ပိုင်ဆို
ရသဖြင့် ဥ အပေါ် အစွမ်းကုန် အလိုလိုက်သော အစ်ကိုမျိုး
သဖြင့် ကံကောင်းခဲ့ပေမဲ့ ဥမှာ ကံမကောင်းတာတွေတော့
သည်။ ဥ ငါးနှစ်လောက်မှာ ဖေဖေက အလုပ်သွားရင်း
အက်ဆီးဒင့်ဖြစ်ပြီး သေလုမြောပါး ဒဏ်ရာတွေနဲ့ ဆေးရုံရော
ဒဏ်ရာပြင်းသဖြင့် အကြာကြီး သတိလစ် မေ့မြော coma
ပြီး သုံးလအကြာမှာ ဆုံးပါသည်။

ဥ အသက်ဆယ်နှစ်အရွယ် ကိုကြီး နှစ်ဆယ့်ငါး
အရွယ် ဆရာဝန်ဖြစ်ပြီးချိန်မှာ မေမေက ရောဂါဖြင့်ဆုံးပြန်သည်
ဒါကြောင့် ငယ်ငယ်လေးနဲ့ မိဘမဲ့ဖြစ်ရသော ဥ,ကို ကိုကြီး
ကရုဏာပိုလျက် ဂရုတစိုက် စောင့်ရှောက်ခဲ့သည်။ မေမေ
ခါစမှာ ကိုကြီးတွင် အိမ်ထောင်ကျပြီး သားတစ်ယောက်ပင်
ခါနီးသောအချိန် ဖြစ်သည်။ ကိုကြီးဟာ ဇနီးနဲ့သားထက်
ညီမဖြစ်သူကို ပိုပြီးဦးစားပေး ဂရုစိုက်ခဲ့သူ ဖြစ်သည်။

အခုတော့ ကိုကြီးရဲ့ဇနီး မဖြူပြာလည်း မရှိ
သောအခါ ဒီအိမ်ထောင့်တာဝန်တွေ အကုန်လုံး ဥ,ခြေ ဥ,လ
ဖြစ်လာသည်။ မဖြူပြာမှာ သမီး ပိုပိုကို မွေးပြီးပြီးချင်း ဆုံးသွာ
မို့ ပိုပိုဟာ ဥကိုယ်တိုင် နို့ဘူးတိုက်ပြီး မွေးပေးခဲ့ရသော ကိုကြ
သမီး၊ ဥရဲ့အချစ်ဆုံးတူမလေးလည်း ဖြစ်နေလေသည်။





ကိုကြီးက ဥ,ကို သူများတွေခေါ်သလို ဥ,ဟု
များဆွတ်မခေါ်။ ဥဒေါင်း ဟုသာ ခေါ်တတ်သည်။

"ဥ,တဲ့ ဘယ်လိုကြီးမှန်း မသိဘူး၊ ကန်စွန်းဥလိုလို ဘဲဥ ကြက်ဥ ငုံးဥလိုလိုနဲ့၊ ငါမခေါ်ချင်ပါဘူး၊ ဥဒေါင်းမျိုးဆိုတဲ့ နာမည်လေးက ဘယ်လောက်လှလဲ၊ ဥဒေါင်းဆိုတာ သိပ်လှတဲ့ ငှက်တစ်မျိုးရဲ့ နာမည်လေ။ ဘယ့်နှယ် ဥဒေါင်းကို ဥဒေါင်းလို့ မခေါ်ဘဲ ဥလို့ ဖွဲ့ခေါ်ရမှာလဲ၊ မေမေတို့က ကလေးကို နာမည်ဖျက် ခေါ်နေပြန်ပြီ"

ဟုလည်း အရင်က မေမေ ချစ်စနိုးနဲ့ "ဥ"လို့စ,ခေါ်
ဘာ ကိုကြီး ကိုယ်တိုင် ကန့်ကွက်ပါသည်။ သူများတွေဟာ
ဥ"လို့ ဘယ်လောက်နှုတ်ကျိုးနေနေ ကိုကြီးကတော့ ဥဒေါင်း
သာ ခေါ်မြဲဖြစ်သည်။

"ဘယ်ရောက်နေတာလဲ၊ ခေါ်ထားတာ ချက်ချင်းရောက် မလာဘူး၊ စောင့်လိုက်ရတာ"

"နိုနိုနဲ့ ပိုပို ထမင်းဘူး ပြင်ဆင်နေတာပါ ကိုကြီးရဲ့။ ပိုပိုလေးက ဘာထည့်ပေးပေး စားတယ်၊ နိုနိုက သိပ်ချေးများတာ၊ ချဉ်ပေါင်ရွက်ဆို မစားဘူး။ ကြက်သားဟင်းဆို အာလူးနဲ့ မနှပ်ရင် မစားဘူးနဲ့။ သူ့အတွက် သီးသန့် အာလူးကြော် ထပ်ထည့်ပေးနေရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေကို အဲဒီလောက် အလိုမလိုက်နဲ့လေ"

"ကိုကြီး ဘာခိုင်းမလို့လဲ"

"ငါ ညက တင်ထားတဲ့ဖိုင်လ်တွဲတွေ ရှင်းလား မေးမလို့"

"ရှင်းလိုက်တယ် ကိုကြီး၊ စားပွဲရှုပ်နေတာနဲ့ ဥ ဖိုင်လ်တွေ သိမ်းသန့်ထားတဲ့ စာအုပ်စင်အကန့်ထဲ သွားထိုးထည့်လိုက်တယ်"

"မမေးမစမ်းနဲ့ ဘာလို့ သွားထိုးထည့်တာလဲ၊ ငါ ဒီနေ့ ချိန်းထားတဲ့ Patient တစ်ယောက်ရဲ့ဖိုင်လ် ပါသွားတယ်"

"ဥ ရှာပေးပါ့မယ်"

ဥ,သည် ကိုကြီး စာကြည့်ခန်းပတ်လည်မှာ ဖွဲ့ထားသော နံရံကပ် စာအုပ်စင်တွေဘက် လှည့်လိုက်သည်။

"ရှာရအောင် ဘယ်သူ့ဖိုင်လ်လဲတော့ မမေးဘဲနဲ့"

"ဘယ်သူလဲ"

"မိုးခြိမ့်ညံတဲ့၊ 'မ'နဲ့စတဲ့လိုင်းမှာ ရှာကြည့်လိုက်ပေါ့၊ နင် ညကရှင်းပြီး ထိုးထည့်ရင်လည်း 'မ'နဲ့စတဲ့ နာမည်မို့ အဲဒီအက္ခရာရှိတဲ့လိုင်းထဲပဲ ထည့်လိုက်မှာပဲ"

ဥ,သည် ခေါင်းထဲ ဒိန်းခနဲလိုလို ဖြစ်သွားကာ ယိုင်ခနဲတောင် ဖြစ်သွားပါသည်။

"ဟဲ့ ... ဥခေါင်း၊ ဘာဖြစ်သွားတာလဲ"





"ဟို ... ဟို ... ခေါင်းထဲ မူးသွားလို့"

"ဒါဖြင့် ရှာမနေနဲ့တော့၊ ငါ့ဟာငါပဲ ရှာတော့မယ်"

"ကိုကြီး ... ကိုကြီး ... ကိုကြီးပြောတဲ့ နာမည်က ဘယ်သူလဲ၊ ထပ်ပြောပါဦး"

ဥသည် တုန်ယင်သောအသံမျိုးဖြင့် မေးလိုက်မိသည်ဟု ထင်သည်။ ဥ ဘာဖြစ်သွားသည် မသိ။ မိုး ... ဟူသောစာ သုံးပါသည့် နာမည်ကို ကြားလိုက်တာနဲ့ ဥ ဘာဖြစ်သွားရသနည်း။

"မိုးခြိမ့်ညံလေ၊ Schizo (စကစ်ဇို)နဲ့လာတဲ့ Patient ပဲ၊ အသက်နှစ်ဆယ့်တစ်နှစ်"

ဥသည် ဒီနာမည်မျိုး မကြားဖူးပါပဲ သိပြီးနေသလိုလို ခြင်းက ဥ၏လက်အစုံသည် ထိုအမည်တပ်ထားသော ဖိုင်လ်ကို ရှာစရာမလိုဘဲ အလွယ်တကူ သူ့အလိုလို ရောက်သွားသလိုဖြင့် ရှုလိုက်ပြီး နေလေပြီတည်း။

"တယ်ဟုတ်ပါလား၊ ရှာတာ မြန်လှချည်လား"

"ကိုကြီး အဲဒီလူက ဘာရောဂါဖြစ်တာလဲဟင်"

"Schizo လေ၊ ထင်ယောင်ထင်မှားတွေ ထင်မြင်ပြီး ကယောင်ချောက်ချားတွေ ပြောတာပေါ့"

"ဆေးသမားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးသမားတော့ မဟုတ်ဘူး၊ သူ စ,ဖြစ်တာကတော့ အိပ်မက်ဆိုးတွေမက်ပြီး အိပ်ရေးပျက်ရင်းက ဖြစ်လာတာပဲ။ ငါလည်း အစကတော့ ဒီကောင်လေး ဆေးချပါများပြီး ဖြစ်လာတယ်ပဲ ထင်တာ၊ အခု သူ့ကို ကုနေတာ သုံးလလောက် ကြာလာတော့ သူ ဆေးမချဘူးဆိုတာ သိလာတယ်၊ ဆေးလည်းမချဘဲနဲ့ ဘယ်လိုကဘယ်လို Schizo ဖြစ်သွားတယ်ရယ်တော့ မသိဘူး။ တချို့ family တွေက လည်း မေးရင် အကုန်အမှန်အတိုင်း မဖြေဘဲ ဖုံးကွယ်ကြတာများတော့ မေးရခက်နေတယ်၊ မျိုးရိုးထဲမှာများ ရှိသလား မသိဘူး"

"အခု သက်သာလာပြီလားဟင်"

"အပြင်လူအမြင်နဲ့တော့ သက်သာလာပြီလို့ ထင်ရင်ထင်မှာပဲ၊ ဒါပေမဲ့ လူနာက လူလည်ပဲ၊ သူ့ကို အရှူးထင်မှာစိုးလို့ ဟန်ဆောင်ထားပုံပဲ၊ အိပ်မက်တွေ မမက်တော့ပါဘူး၊ အိပ်ရေးဝ,ပါတယ် ပြောပေမဲ့ ငါ သူ့မျက်လုံးတွေကို ကြည့်လိုက်တာနဲ့ သိတယ်၊ မျက်လုံးတွေက ရီဝေဝေနဲ့၊ ဘယ်တော့မှ မကြည်ဘူး၊ မှိုင်းညို့နေတာ၊ ငါသိတာပေါ့။ ဒါ တစ်ခုခုကို ဖုံးကွယ်ထားတဲ့ မျက်လုံးတွေပဲ"

"သူ့နာမည်က မိုးခြိမ့်ညံနော်"





ဥ နောက်တစ်ခါ ထပ်မေးလိုက်မိလျှင် ကိုကြီးက မယုံကြည်သလိုဟန်ဖြင့် အကဲခတ် စူးစိုက်ကြည့်ပါသည်။ ဥရဲ့ အစ်ကိုကြီး ဒေါက်တာစိုးအုပ်ကျော်သည် ဥအပေါ် အလွန်လည်း သဝန်တိုလှကာ ယောကျ်ားလေးမိတ်ဆွေပင် မထားနိုင်းတဲ့အထိ အစိုးရိမ်ကြီးလှသူ ဖြစ်ပါသည်။

"ဘာလဲ ... နင် သိနေလို့လား"

"ဟင့်အင်း ... ဥ မသိပါဘူး၊ နာမည်က ဆန်းလို့ပါ"

"ကဲ ... လုပ်စရာရှိတာတွေ သွားလုပ်တော့၊ ဟိုနှစ်ကောင် ကျောင်းဝင်ပို့ပြီးရင် နင် ကျောင်းဆက်သွားမှာ မဟုတ်လား၊ ကျောင်းမှာပဲ အချိန်ကုန်တက်နော်၊ ဘယ်မှလျှောက်သွားမနေနဲ့"

"စိတ်ချပါ၊ ဥ ဘယ်မှမသွားပါဘူး"

ဥသည် ကိုကြီး၏ စာကြည့်ခန်းထဲမှ ထွက်လာသော အခါ ခေါင်းထဲမှာ မူးသလိုလို၊ လေးလံသလိုလို၊ နှာခေါင်းဝမှာ ခရေပန်းရနံ့ ရသလိုလို ထူးခြားသော ခံစားချက်တွေကို ရုတ်ခြည်း ခံစားလိုက်ရပါသည်။ ဥ၏ ရင်ဘတ်ထဲက နှလုံးသားမှာ တဒိတ်ဒိတ် အသံမြည်ခုန်လာပြီး ရင်ဘတ်တစ်ခုလုံး ပေါက်ကွဲထွက်တော့မလိုပင် ခံစားလာရသည်။

ဘုရားရေ ... ဥ ဘာဖြစ်တာပါလိမ့်။ ဘာလို့ အလိုလိုနေရင်း နေမကောင်း ဖြစ်ချင်သလိုလို ဖြစ်လာရလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဉ၊ သမီး ဘာဖြစ်လာလဲ၊ မျက်နှာပျက်လို့ပါလား"

မီးဖိုချောင်ထဲ တန်းဝင်လာသောအခါ အိမ်မှုကိစ္စတွေကို ဦးဆောင်လုပ်ပေးရသော ဒေါ်စိန်စိန်က သတိပြုမိပြီး မေးတော့သည်။

"ကြီးကြီးစိန်တို့ ခရေပန်း ဝယ်လာကြသလား"

"မဝယ်လာပါဘူး"

"ဉ နှာခေါင်းထဲ ခရေပန်းရနံ့ ရသလို့ပဲ"

"အဲဒါကြောင့် မျက်မှောင်ကြီး ကျုံ့နေတာလား"

"ခရေပန်းနံ့ကြောင့်တော့ မဟုတ်ပါဘူး။ ခရေပန်းလေးတွေက ရင်အေးအောင် မွှေးတာပဲ ဉ ကြိုက်ပါတယ်။ ဉ ခေါင်းထဲမူးသလိုလို ဖြစ်လာလို့ပါ"

"ဒါဆို ခဏ ထိုင်နားနေ၊ ဆရာရှာခိုင်းတဲ့ စာရွက်စာတမ်းတွေကများတော့ ဉ ခေါင်းတော်မူးသွားပြီထင်တယ်"

"ဉ ဆေးသောက်လိုက်မယ်၊ ဉရဲ့ခေါင်းကိုက်ပျောက်ဆေးလေး ယူပေးပါနော်"

ဉထံမှာ မကြာခဏ ခေါင်းကိုက်တတ်လှသော ဝေဒနာတစ်ခုက ရှိထားလေရာ ခေါင်းကိုက်ပျောက်ဆေး အမြဲသောက်ရကြောင်း ဒေါ်စိန်စိန် သိထားပါသည်။ မီးဖိုချောင်ရှိ နံရံကပ်ဆေးဗီရို အသေးလေးထဲမှာ အရက်ပြန်၊ ဂွမ်း၊ ပတ်တီး၊ ဟန်ဒီပလပ်(စ)စသည့် first aid ပစ္စည်းများ ရှိသလို ပါရာစီတမောလ်လို နျူရိုဖန်လို သောက်ဆေးတွေလည်း ထည့်ပေးထားတတ်သည်။ ဒေါ်စိန်စိန်ကတော့ ဉဒေါင်း သောက်နေကျ နျူရိုဖန် ခေါင်းကိုက်ပျောက်ဆေးကို သွားယူပေးလိုက်ပါသည်။

"နီနီ့အတွက် အာလူးလေးတွေ လေးစိပ်လုပ်ပြီး ကြော်ပေးပြီးပြီ သမီး။ ကြီးစိန် ထည့်လိုက်ရမလား"

"ရတယ် ... ရတယ်။ ဉ,ပဲ ထည့်မယ်၊ နီနီ ဘယ်လောက်စားတတ်တယ်ဆိုတာ ဉပဲ သေသေချာချာ သိတာ၊ များရင်လည်း သူက မစားဘူး၊ နည်းရင်လည်း မဝ,လို့ဆိုပြီး စိတ်ကောက်လို့ဆုံးမှာ မဟုတ်ဘူး"

ဉသည် ဖိုင်ဘာဘူးလှလှလေးတွေထဲ ကြက်သားဟင်း၊ အာလူးကြော်၊ ငါးဥကြော် စသဖြင့် သင့်တင့်လှပအောင် ထည့်ပေးလိုက်သည်။ ဉကိုယ်တိုင်လည်း နိုင်ငံခြားဘာသာသင်တန်း သွားတက်နေသေးမဲ့ ထမင်းဘူးတော့ ထည့်ယူသဖြင့် ဉအတွက်လည်း ထည့်ရသည်။ ကိုကြီးအတွက်လည်း လေးဆင့်ချိုင့်နှင့်လှပအောင် ထည့်ပေးရပါသေးသည်။ ကိုကြီးက မနက်ပိုင်းဆေးရုံတွင် စာပြသည့်အလုပ်ကို လုပ်ရပြီး၊ ညနေပိုင်းတောက်လျှောက်ကတော့ သူ၏ကိုယ်ပိုင်ဆေးခန်းဖွင့်ထားရာ တာဝါကြီးတစ်ခုရှိ အထပ်တစ်ထပ်မှာ အချိန်ကုန်ပါသည်။ ဆေးခန်းက ညကိုးနာရီထိ







www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရပြီး ထိုဆေးခန်းပိတ်ပြီး ပြန်လာမှပဲ ညစာကို စားတတ်သည်။ မနက်စာကတော့ အခု ချိုင့်နဲ့ထည့်ပေးလိုက်တာကို စားတတ်သည်။ ကိုကြီးက အပြင်စာလည်း မကြိုက်။ အိမ်ထမင်း အိမ်ဟင်းကိုသာ မက်မောလှသူဖြစ်ရာ ဉကိုယ်တိုင်ပဲ ဟင်းတွေ တွဲစပ်စီစဉ်ရပြီး တစ်ခွက်တလေတော့ ဝင်ချက်ပေးပါသည်။

ဉပမာ ... ကြက်ဥဆီပြန်ချဉ်စပ်ဟင်းလိုမျိုး၊ ငါးရံ့အူဆီပြန်လိုမျိုး၊ ငါးခူဆီပြန်လိုမျိုး ဟင်းတွေကျတော့ ကိုကြီး ကိုယ်တိုင်က ...

"ဉဒေါင်း ကိုယ်တိုင် ဝင်ချက်ပေးစမ်းပါ၊ အိမ်ကလူတွေ ချက်တာက ငါးဆီပြန်ဆိုလည်း ညှီနံ့က မပျောက်ဘူး၊ ကြက်ဥဆီပြန်ဆိုလည်း ဘာလိုမှန်းမသိ ပေါ့သလိုလို၊ တစ်ခါတလေလည်း ငန်ရှူးသလိုလိုနဲ့ ငါးရံ့အူဆိုလည်း အချိုချက်ပါဆို အမြဲတမ်း ရေတတ်သီးဆီသတ်ချက်ပြီး မန်ကျည်းနှစ်တွေထည့်တာ ကိုကြီး လုံးဝမကြိုက်ဘူး"

ဟူ၍ မှာထားတတ်သဖြင့် ဉ,လည်း တစ်ခွက်လောက်ကတော့ နေ့တိုင်း ဝင်ချက်ပေးရပါသည်။

ထမင်းချိုင့်တွေ အကုန်ပြင်ဆင်ပြီးသောအခါ ဉလည်း ကလေးတွေ ရေချိုး၊ အဝတ်လဲပေးလိုက်သလို ဉကိုယ်တိုင်လည်း အဝတ်အစားလဲ ပြင်ဆင်လိုက်ပါသည်။ ဉကတော့ မနက်ဆို





ခြောက်နာရီလောက် ပုံမှန်နိုးကာ နိုးနိုးချင်းပဲ ရေပါတစ်ခါတည်း ချိုးလိုက်သည်မို့ ရေချိုးစရာမလိုပါ။ အိမ်မှာက ရေပူရေနွေး အဆင်သင့်ရှိသဖြင့် ဘယ်ရာသီမှာမဆို ရေချိုးလို့ ရပါသည်။

မနက်ရှစ်နာရီဆယ့်ငါးလောက်မှာ ဉ မောင်းသော ကားပေါ်တွင် နိုနို၊ ပိုပို မောင်နှမနှစ်ယောက်နဲ့အတူ တူဝရီးသုံးယောက် နေ့စဉ်ပုံမှန် ထွက်လာကျအတိုင်း ထွက်လာခဲ့ကြသည်။ နိုနိုနဲ့ ပိုပိုကို အထက်တန်းကျောင်းကြီးတစ်ကျောင်းမှာ ဝင်ပို့ပေးပြီးမှ ဉတက်ရမည့် နိုင်ငံခြားဘာသာတက္ကသိုလ်သို့ ဆက်မောင်းလာခဲ့ပါသည်။

ဉသည် သားရေအိတ်ကြီးလွယ်လျက် ကျောင်းရှေ့ကားပါကင်မှာ ကားရပ်ပြီး ဆင်းလာခဲ့သည်။ ဒီနေ့ ဉ ဘာဖြစ်နေမှန်းမသိ ရင်ထဲမှာ နွမ်းလျလျက် စိတ်မကြည်သလိုလည်း ခံစားနေရသည်။ မနက်က ထ,တုန်းကတော့ မကောင်းပါ။ ကိုကြီးကို မိုးခြိမ့်ည် ဆိုသော လူနာရဲ့ဖိုင်လ်ကို ရှာပေးပြီးတော့မှ ဉ ဒီလို ခေါင်းထဲ အုံသလိုလို၊ ရင်ထဲမှာ နွမ်းလျသလိုလို ခံစားလာရတာမို့ ကျောင်းရောက်တဲ့အထိ လူကမလန်းသလို ဖြစ်နေသည်။

"ဉဒေါင်း ... ဟဲ့ ဉ၊ အမယ်လေး ခေါ်လိုက်ရတာဟယ်၊ နင့်နာမည်ကို အကျယ်ကြီးခေါ်တော့ လူတွေဝိုင်းကြည့်တာနဲ့ တိုးတိုးပဲခေါ်လို့ထင်တယ်၊ နင် မကြားဘူး



www.burmeseclassic.com

www.burmeseclassic.com



ဥ အနား အပြေးရောက်လာကာ မောဟိုက်သံဖြင့် ပြောလိုက်သော သူငယ်ချင်း သိမ့်သိမ့်သဲကြောင့် ဥလည်းခြေလှမ်းတွေ အရှိန်နည်းနည်း လျှော့လိုက်ပါသည်။

“ဘာတွေ တွေးလာတာလဲ”

“ဒီနေ့ နေသိပ်မကောင်းသလိုပဲ ခေါင်းလည်း နည်းနည်းကိုက်နေလို့ ဆေးတောင် သောက်လာရတယ်”

“နင်က ခေါင်းခဏခဏ ကိုက်တတ်တယ်နော်”

“အေးလေ ... ဒါကြောင့် ခေါင်းကိုက်တာက ငါ့အတွက်တော့ သိပ်မဆန်းပါဘူး၊ ဒါပေမဲ့ ဒီနေ့တော့ ရင်ဘတ်ထဲမှာပါ၊ မောသလိုလို အားအင်ကုန်ခန်းသလိုလို ဖြစ်နေတယ်”

“ဒါဆို ကျောင်းခဏပဲတက်ပြီး အိမ်ပြန်ရင် ပြန်လေ”

“အဲဒီလောက်ကြီး ပြန်နားရလောက်အောင်လည်း မဆိုးပါဘူး။ အိမ်ပြန်နားလည်း ဘာမှမထူးပါဘူး၊ ဟိုနှစ်ကောင်ကျောင်းကြိုဖို့ အိမ်ကနေ နာရီဝက်လောက် ကြိုပြန်ထွက်ရမှာ သွားတာ လာတာနဲ့တင် အချိန်က လမ်းပေါ်မှာတင်ကုန်နေပြီ”

“နင့်အစ်ကိုကြီးကလည်းလေ။ မသိတတ်လိုက်တာ၊ ညီမအပျိုကို ကလေးတာဝန်တွေ အကုန်ယူခိုင်းထားတော့တာ





ပဲနော်၊ ဒါနဲ့ နေပါဦး၊ သူက နောက်မိန်းမ ထပ်မယူတော့ဘူးတဲ့လား”

“ငါပဲရှာပေးမှ ဖြစ်မှာပေါ့၊ ဘယ်လိုလဲ၊ နင်နဲ့ငါ ယောက်မတော်လိုက်ရအောင်လား သိမ့်ရယ်”

“အံမယ် ... နင့်အစ်ကိုကြီးဘက်က နာနေပါဦးမယ်နော်”

“မဆိုးပါဘူး၊ နင်နဲ့ စကားပြောလိုက်ရလို့ ထင်တယ်၊ ငါ နည်းနည်း နေပြန်ကောင်းသွားသလိုပဲ”

“အဲဒီလို ကြားရတာ ဝမ်းသာပါတယ်ဟယ်၊ ငါက နင့်ကို ဒီနေ့ ချော့ဆွဲသွားမလို့ စဉ်းစားနေတာ”

“ဘယ်ကိုချော့ဆွဲချင်လို့လဲ”

သိမ့်သိမ့်သဲက ခုလိုကားကိုယ်တိုင်မောင်းပြီး ကျောင်းလာရသူ မဟုတ်။ အိမ်ကကားနဲ့ ကျောင်းလိုက်ပို့ပေး၊ ပြန်လာကြိုပေးပုံစံနဲ့ ကျောင်းလာရသူ ဖြစ်သည်။

ဒါကြောင့် ကျောင်းချိန်ကြီး အချိန်ဖျက်ပြီး တစ်နေရာရာသွားလိုလျှင် သိမ့်က ဥ,ကို ကားမောင်းလိုက်ပို့ဖို့ အဖော်ခေါ်တတ်လေသည်။ ဥနဲ့ သိမ့်သိမ့်သဲတို့က ဆယ်တန်းဝိုင်းကျူရှင်ရောက်မှ စပြီးခင်မင်ခဲ့ကြသူတွေဖြစ်ပြီး၊ ဆယ်တန်းအောင်ပြီးသောအခါ နိုင်ငံခြားဘာသာသင်တန်းမှာ ပြင်သစ်ဘာသာယူပြီး အတူတူ တက်တာခြင်းလည်း တူညီသလို၊ ကျောင်းပိတ်

www.burmeseclassic.com



ရက်မှာ စနေ၊ တနင်္ဂနွေ နှစ်ရက်လုံးကို ဒီဇိုင်နာသင်တန်းတက်တာခြင်းလည်း တူသဖြင့် ပိုပြီးခင်မင်စွာ တွဲမိလာသော သူငယ်ချင်းတွေသာ ဖြစ်ပါသည်။

ဥမှာလည်း သိမ့်တစ်ယောက်သာ ရင်းနှီးတဲ့သူငယ်ချင်းရှိသလို သိမ့်မှာလည်း ဥဒေါင်းမျိုး တစ်ယောက်သာ သေသေချာချာ လက်တွဲဖြစ်သော သူငယ်ချင်းရှိတာ ဖြစ်ပါသည်။

"ဗေဒင်ဆရာမ,ဆီ သွားမလို့"

"လုပ်ပြီ"

"ငါ့အဒေါ်တွေ သွားမေးလာတာ တော်တော်မှန်တယ်ဆိုပဲ ငါလည်း စိတ်ဝင်စားတာနဲ့ တိုကင်ကြိုယူထားလိုက်တာ ဒီနေ့ နေ့လယ်ဆယ့်တစ်နာရီ ရတယ်၊ နင် လိုက်ခဲ့ဦးနော်"

ဥနဲ့ သိမ့်သိမ့်သဲတို့မှာ မတူသောအချက်က သိမ့်ဟာ ဗေဒင်မေးဖို့ ဝါသနာပါပြီး တစ်လမှာ တစ်ခါလောက်တော့ ဗေဒင်ဆရာ တစ်ဦးမဟုတ် တစ်ဦးထံ ရောက်နေတတ်သူလည်း ဖြစ်သည်။

သိမ့်တို့က မျိုးနဲ့ရိုးနဲ့ကို ဗေဒင်ဝါသနာပါပြီး ယုံကြည်ကြသူများဟု ပြောရမှာပင်။ ဗေဒင်ကဟောသည့်အတိုင်း မပျက်မကွက် ယတြာချေခြင်း၊ ရှောင်စရာရှိ ရှောင်ခြင်း၊ ဗေဒင်ကဟောထားလို့ ဒီနေ့မဖြစ်မနေ လုပ်ရမဲ့ကိစ္စဆို ရအောင်လုပ်ခြင်း





စသဖြင့် သိမ့်ထံမှ အမြဲမပြတ်တော့ ကြားနေရတတ်စမြဲလည်း ဖြစ်သည်။ ဥကတော့ သိမ့်ခေါ်လျှင် ကြုံတဲ့အခါတော့ လိုက်ပို့ပေးတတ်ပေမဲ့ တစ်ခါမှလည်း ဝင်မမေးကြည့်ဖူးပါ။ ဗေဒင်ဆရာ၊ ဆရာမတွေဆီသွားလျှင် အကြာကြီးတွေလည်း ထိုင်စောင့်ရတတ်သဖြင့် သိမ့်ကို ပို့ပေးပြီးလျှင် ဥ,တော့အတူမစောင့်ပေးဘဲ ပြန်တတ်တာများသည်။

ဗေဒင်တွေ၊ အကြားအမြင်တွေ၊ တားရော့ကတ်ဒ်ဟောတာတွေ၊ လက္ခဏာတွေကို မယုံတာတော့မဟုတ်။ မေးရမှာစိတ်ကိုမပါ၊ စိတ်လည်းမဝင်စားလှ၍ တစ်ခါမှ ဝင်မမေးကြည့်တာလည်း ဖြစ်ပါသည်။

"နေ့လယ်ဆယ့်တစ်နာရီဆိုတော့ ကိုးလိုးကန့်လန့်ဖြစ်နေပြီ၊ ထမင်းလည်း မစားချင်သေးတော့ စားသွားလို့မရ။ ဟိုမှာအကြာကြီး ထိုင်စောင့်ရရင်လည်း အူလိမ်ဦးမယ်"

"ဒါဆိုလည်း မသွားနဲ့ပေါ့ သိမ့်ရဲ့"

"ဟယ် ... မသွားလို့ ဘယ်ဖြစ်မလဲ၊ အဲဒီ ဆရာမကြီးက တိုကင်ယူရတာ ခက်လွန်းလို့၊ ငါ ရလာတာတောင် ကံကောင်းတယ်တဲ့၊ ငါနဲ့ ကံစပ်တယ်လို့တောင် ငါ့အဒေါ်တွေက ပြောနေတာ။ သူ့ဆီမှာ မေးချင်ရင် တစ်လလောက်တောင် တိုကင် ကြိုယူရတာလို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို ကိုယ့်မှာ အဆင်မပြေတဲ့ ပြဿနာတွေကို ဆရာမကြီးကို ပြောပြီး ဖြေရှင်းပေးဖို့ တစ်လလောက်အောင့်ပြီး စောင့်နေရတဲ့သဘောပေါ့၊ ဟုတ်လား”

“ဉ ... နင် လိုက်ခဲ့ဟယ်၊ ဒီတစ်ခါ နင်ပါ ဝင်မေးကြည့်ပါလား”

“ငါ အကြာကြီး မစောင့်နိုင်ဘူး၊ နင့်ကို ပို့ပေးပြီးရင် ကျောင်းပြန်လာမှာပဲ၊ အရင်ကအတိုင်းပဲလေ”

“လူမများရင်တော့ စောင့်ပေါ့”

“နင့်ကို စောင့်မပေးချင်လို့ မဟုတ်ဘူး၊ ဗေဒင်ဆရာမအိမ်မှာ သိပ်ကြာသွားရင် ငါက ကျောင်းပြန်လာမှာတွေ၊ နီနီတို့ကို သွားကြိုရမှာတွေနဲ့ အချိန်တွေကျပ်ကုန်မှာစိုးလို့ပါ၊ နီနီတို့ကျောင်းက သုံးနာရီဆင်းပေမဲ့ ပါကင်က အရမ်းကျပ်တော့ နှစ်နာရီကျော်လောက်တည်းက ငါ့မှာ ကားနေရာသွားဦးရတာလေ၊ နင် သိသားပဲ”

“ဒါကြောင့် ပြောတာပေါ့၊ နင့်အစ်ကိုကြီးက မသိတတ်ပါဘူးလို့။ ကိုယ့်ညီမ အပျိုအရွယ်လေးပဲ အပူအပင်ကင်းကင်းနဲ့ သွားချင်ရာသွားပါစေလား၊ ကလေးတွေကို ကျောင်းကားနဲ့ လွှတ်ပါလား၊ ရသားနဲ့ တမင် နင့်ကို တာဝန်မိအောင် လုပ်ထားတာ၊ ရည်းစားထားချိန်တောင် မရအောင် လုပ်တာ”





ဉတို့ကျောင်းမှာ ကလပ်(စ)ကို နှစ်ချိန်တက်ပြီးတာနဲ့ သိမ့် သွားချင်နေသော ဗေဒင်ဆရာမအိမ်ကို ဉ လိုက်ပို့ပေးရပါသည်။ လူစည်ကားပြီး လူဦးရေထူထပ်သော ရပ်ကွက်ကြီးထဲမှာ ကန်ထရိုက်တိုက်ခန်း အပေါ်လွှာ၊ အောက်လွှာ တစ်တွဲလုံး ဆင်ဟောခန်းဖွင့်ထားသော သိမ့်၏ဆရာမကြီးထံ ရောက်သောအခါ ထူးထူးခြားခြားပင် အရင်ဗေဒင်ဆရာ၊ ဆရာမတွေရဲ့ ဟောခန်းကို သွားတုန်းကလို ကားတွေထူထပ်မနေ။ အောက်အလွှာရှိ ထိုင်စောင့်သော ခုံတန်းတွေမှာ လူတစ်ဦးမှပင် မရှိဘဲ ရှင်းနေတာတွေ့ရသည်။

သိမ့်က ဝမ်းသာအားရပင် ...

“ဟယ် ... ထူးဆန်းလိုက်တာ၊ ဘယ်သူမှ မရှိဘူး၊ ခု ငါတို့ ချက်ချင်းဝင်လို့ရမယ်ထင်တယ်”

ဟု ဉကို လှည့်ပြောသည်။

“ဉ မပြန်နဲ့နော်၊ ငါနဲ့အတူတူဝင်နော်”

“နင့်ကိစ္စဝင်မေးမှာဟယ်၊ ငါကလိုက်ဝင်လို့ ဖြစ်မလား၊ မကောင်းပါဘူး၊ ငါ အပြင်မှာပဲ ထိုင်စောင့်ကျန်ခဲ့ပါ့မယ်”

“အဲဒီလိုမလုပ်ပါနဲ့ ဉရယ်။ ငါ့မှာဘာကိစ္စမှလဲ မရှိဘူး။ ဘာပြဿနာမှလဲ မရှိဘူး၊ ရှိလည်း နင်သိသွားလို့ ငါဘာမှမဖြစ်ပါဘူး။ ငါ့မှာ ဘာလျှို့ဝှက်စရာမှလဲ မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်ကို မမေးရ မနေနိုင်ဘဲ ဝါသနာပါလို့ မေးတာပါ။ နင် ဝင်လိုက်လာပါ၊ ရပါတယ်”

“နင့်အတွက်ပဲ တိုကင်ယူထားတာဟယ်၊ ငါ ဝင်လိုက်ရင် ရပါ့မလား”

“ရပါတယ်”

“ငါ မမေးဘူးနော်၊ နင့်ကို အဖော်လိုက်ပေးမှာ”

“အေးပါ … မမေးနဲ့ ရတယ်”

နှစ်ယောက်သား ခုံတန်းတွေမှာ ဝင်ထိုင်ပြီး တိုးတိုး ကျိတ်ကျိတ် တိုင်ပင်နေစဉ် အပေါ်လွှာမှဆင်းသော လှေကားမှ ကိုယ်တစ်ဝက် ခေါင်းပြူကြည့်လာသော မိန်းကလေးတစ်ယောက်ကို တွေ့ရသည်။

“အစ်မ … သိမ့်သိမ့်သဲလား၊ ဆယ့်တစ်နာရီ ဝင်မဲ့သူလား ရှင်”

“ဟုတ်ပါတယ်”

“ဒါဆို ဝင်လို့ရပါပြီ၊ မေမေကြီးက အသင့်ဖြစ်နေပါပြီ၊ တက်လာခဲ့ပါ”

ကောင်မလေးက သိမ့်လက်ထဲမှာ ကိုင်ထားသော နံပါတ်စဉ်တစ်ခု ရေးထားသည့် တိုကင်ပြားဖြူဖြူကို လှမ်းသိမ်းလိုက်ရင်း အပေါ်လွှာကိုတက်ဖို့ လမ်းဖယ်ပေးသည်။





“ဒီနေ့ လူရှင်းနေတယ်နော်”

“မနက်တည်းက မေမေကြီးက ဘယ်သူ့မှမတွေ့တော့ဘဲ တိုကင်တွေအကုန်လုံး အချိန်လွှဲပစ်လိုက်တယ်ရလေ၊ မေမေကြီး သွေးတိုးပြီး နေသိပ်မကောင်းလို့တဲ့”

“ဒါဖြင့် အခုမှ သက်သာသွားလို့ ပြန်လက်ခံတွေ့တာလား၊ တို့ ကံကောင်းတာပဲပေါ့”

“အစ်မတို့ကို ဘာလို့ လက်ခံတွေ့လဲတော့ မသိဘူး။ မေမေကြီးက ဒီနေ့ တိုကင်တွေအကုန်လုံး ဘယ်သူမှ မကြည့်ဘူး လုပ်ထားတာပါ၊ အစ်မတို့ကား တိုက်ရှေ့မှာ ရပ်လိုက်တော့ မေမေကြီး လှမ်းကြည့်ပြီး သူတို့ကိုတော့ တွေ့မယ်လို့ ကျွန်မကို ပြောတာနဲ့ အစ်မတို့ကို ဆင်းခေါ်တာပါ”

မြန်မာဆန်ဆန် အင်္ကျီလုံချည်ရှည်လေး ဝတ်ထားပြီး ဘီးကျော်ပတ် ပတ်ထားသော မိန်းကလေးမှာ ဗေဒင်ဆရာမကြီးနဲ့ ဘာတော်သည်တော့ မသိ။ လက်မှာဖိုင်လ်တစ်ခုပိုက်ပြီး ဘောလ် င်န်တစ်ချောင်းလည်း ရင်ဖုံးမှာ ထိုးထားသလို တစ်ချိန်လုံး ညှိနေသော ဟန်းဖုန်းကိုလည်း ဖြေကြားပြီး တိုကင်နံပါတ်ပေး နေတာ တွေ့ရသည်။ ဗေဒင်ဆရာမကြီးရဲ့ သမီးလား။ တူမလား။ က်ထောက်ဆရာမလေးလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ဥနဲ့ သိမ့်တို့ကတော့ အပေါ်လွှာထဲ ရောက်တာနဲ့ အမွှေးတိုင်ရနံ့များ၊ ပန်းရနံ့ပေါင်းစုံရနံ့များဖြင့် ပြည့်နှက်မွှေးကြိုင်နေသော ဘုရားခန်း အကြီးကြီးကို အရင်ဆုံး ဖူးတွေ့လိုက်ရသဖြင့် ငေးမောသွားရပါသည်။ ဘုရားရုပ်တုတော်တွေ အမျိုးမျိုးမှာ မတ်တတ်ကိုယ်တော်၊ ထိုင်ကိုယ်တော်၊ လျောင်းတော်မူကိုယ်တော်၊ မွေ့စကြာယောတော်မူသော ရုပ်တုတော်၊ ဒုက္ခရစရိယာကျင့်သော ရုပ်တုတော် စသဖြင့် အမျိုးစုံလှသလို တခြားရုပ်တုတော် ခပ်သေးသေးတွေလည်း အများကြီးတွေ့ရသည်။ ဘုရားရုပ်တုများ ပင့်ထားရာ အမြင့်ထက် တစ်ဆင့်အနိမ့်လောက်မှာတော့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေ၏ ရုပ်တုကြီးတွေ ထားထားတာတွေ့ရသည်။

ဘုရားပွဲ၊ သာသနာပွဲများလည်း ပွဲအကြီးကြီးတွေ ထိုးထားသော ဘုရားခန်းကြီး အလယ်တွင် ရှေးဆန်သည့်ရုပ်ရည်မျိုးနဲ့ရှိသော အမျိုးသမီးကြီးတစ်ယောက် ပုဆစ်တုပ်ထိုင်နေတာတွေ့ရသည်။

ညိုမှိုင်းမှိုင်းအရောင် ပါတိတ်ဝမ်းဆက်ကို ဝတ်ထားသော အမျိုးသမီးကြီး၏ မျက်နှာမှာ ဘာအပြင်အဆင် အခြယ်အသမှ မရှိပါ။ ဆံပင်မှာ ခုနစ်ရင်းစာအုပ် ကိုင်ထားသော မိန်း



ကလေးလိုပင် ဘီးကျော်ပတ်ကြီးနှင့်ဖြစ်ပြီး အုန်းဆီတွေ ရွှဲအိနေအောင် ထည့်ထားပါသည်။

"လာ ... လာ ... သမီးတို့ လာကြ၊ ထိုင်ပါ။ ဘုရားအရင်ကန်တော့လိုက်ပါဦး"

ဥသည် ဆရာမကြီး၏ မျက်လုံးနက်နက်တွေ ကြည့်မိလျှင် ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားသဖြင့် ဘုရားဆီသာအာရုံပြုပြီး မြန်မြန်ဦးချလိုက်ရသည်။

"တိုကင် ယူထားတာ ဘယ်သူလဲ"

"သမီးပါ ဆရာမကြီး"

"ဩော် ... ဩော် ... သမီးနာမည် ပြောပါဦး"

"သိမ့်သိမ့်သဲပါ"

"မွေးသက္ကရာဇ် ပြောပါဦး"

သိမ့်က သူ့မွေးနေ့မွေးရက် အတိအကျကို ပြောလိုက်ပါသည်။

ဆရာမကြီးက ကျောက်သင်ပုန်းချပ်လေးမှာကျောက်တံဖြင့် ရေးခြစ်အကွက်ချ တွက်ချက်လိုက်ပါသည်။

"သမီး ဘာမေးချင်လဲ၊ မေးစရာမရှိခဲ့ရင်တော့ ဆရာကြီးမြင်တာတွေ တောက်လျှောက်ပြောလိုက်မယ်၊ သမီးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရေးပေါ့။ အကယ်၍ မေးစရာပဲ သီးသန့်ရှိနေလို့ လာတယ် ဆိုရင် အဲဒါကို အရင်မေးပါ”

“မေးစရာတော့ မရှိပါဘူး၊ သမီးရဲ့ဇာတာလေးစစ်ပြီး ဆရာမကြီး မြင်တာတွေ ပြောတာကို သိချင်ပါတယ်၊ ပြီးမှ သမီးထပ်သိချင်တာမေးမယ်၊ ရလား”

“ရပါတယ်၊ ကဲ ... ဒါဖြင့်လည်း ဒီကစာရွက်လေးတစ်ရွက် ယူ၊ ဒီမှာဘောလ်ပင်နဲ့ လိုက်ရေးပါ”

ဆရာမကြီးဆိုသူက မျက်လုံးစုံမှိတ်ပြီး ပါးစပ်က ခပ်ဖြည်းဖြည်းလေးလေး၊ စဉ်းစဉ်းစားစား အသံမျိုးနဲ့ တောက်လျှောက်ပြောသွားပါသည်။ သိမ့်မှာ ဂရုတစိုက် လိုက်ရေးမှတ်နေတော့သည်။ ဥကတော့ အမွှေးရနံ့တွေကြောင့် ခေါင်းထဲမူးနောက်နောက် ပြန်ဖြစ်လာသလိုလို၊ ထိုအမွှေးနံ့တွေထဲမှာ ခရေပန်းရနံ့ပါနေသလိုလို ဖြစ်နေသဖြင့် ခရေပန်းဘယ်မှာများ ဘုရားကပ်ထားသလဲလို့ လိုက်၍ မသိမသာ မျက်လုံးကစား ရှာကြည့်ပေမဲ့လည်း မတွေ့ပါ။ ခရေပန်းနဲ့ တူတာဆိုလို့ ဘာမှမတွေ့ရဘဲ ဘာကြောင့်များ ဥ နှာခေါင်းထဲမှာ ခရေပန်းရနံ့ကို ရလိုက်၊ ပျောက်လိုက် ဖြစ်နေရသနည်း။ မနက်တည်းက အဲဒီခရေပန်းနံ့ကို ရနေတာ။ ခရေပန်းနံ့လေးမို့ အေးချမ်းညှို့သက်လှသော်လည်း ခရေပန်းကို





မတွေ့ရဘဲ အနံ့ကိုပဲ ရရနေသဖြင့် ဥ ရင်ထဲ မနှစ်မြို့ချင်သလိုလို ဖြစ်နေပါသည်။

“ပြည့်စုံပြီလား၊ သမီး ဘာမေးချင်သေးလဲ”

“ဆရာမကြီးပြောတဲ့အထဲမှာ ပညာတွေ အများကြီးထပ်သင်ရဦးမယ် ဆိုတာပါတယ်၊ အဲဒါ သမီးဘယ်လိုပညာမျိုး ထပ်သင်ရတာ ဖြစ်မလဲ”

“အခု ဘာတွေသင်နေလဲ”

“အခုက ပြင်သစ်ဘာသာတတိယနှစ်ပါ။ နိုင်ငံခြားက လာဖွင့်တဲ့ ဂျပန်ဒီဇိုင်နာသင်တန်းမှာ တက်နေတာ တစ်နှစ်ရှိပြီ”

“သမီးက ဒီဇိုင်နာအလုပ်နဲ့ အကျိုးပေးမယ်၊ အဲဒီဒီဇိုင်နာပညာကိုပဲ ဂျပန်သွားပြီး ဆက်သင်ရလိမ့်မယ်။ ဂျပန်ရောက်တဲ့အခါ စိတ်ဝင်စားတာနဲ့ မိတ်ကပ်ဆံပင်ပညာတွေပါ ဆက်သင်ပြီးမှ မြန်မာပြည် ပြန်လာမှာ။ အဲဒီပညာတွေတစ်ပုံကြီး သင်ပြီးမှ ကိုယ်ပိုင်ပညာနဲ့ အသက်မွေးဝမ်းကြောင်း ဆက်လုပ်ဖြစ်လိမ့်မယ်”

“မိဘကို လုပ်ကျွေးချင်သေးလို့ ဘယ်အချိန်လောက်မှ ကိုယ့်ဝင်ငွေနဲ့ကိုယ် ရပ်တည်နိုင်မှာလဲရှင်”

www.burmeseclassic.com



"အသက်သုံးဆယ်မှ စီးပွားဖြစ်လာမှာကွယ်၊ အဲဒီကျမှပဲ လုပ်ကျွေးနိုင်လိမ့်မယ်"

"ဟင် ... ဟုတ်လား"

သိမ့်အသံက စိတ်ပျက်သွားသော အသံမျိုးဖြစ်နေသည်။ ဦးကတော့ သူများတွေ မိဘကိုလုပ်ကျွေးချင်တယ်တို့ မိဘကို လုပ်ကျွေးနေတာတို့ အသံကြားရင် ဝမ်းနည်းမိပါသည်။ ဦးမှာတော့ ငယ်ငယ်လေးနဲ့ မိဘမဲ့ရသည်ဖြစ်ရာ လုပ်ကျွေးခွင့်တောင် မကြုံခဲ့ရပါ။

"သမီးရဲ့မိဘတွေက အသက်ရှစ်ဆယ်ကျော်အထိ အသက်ရှည်မှာပါကွယ်၊ ဒီတော့ အချိန်တွေ အများကြီးလုပ်ကျွေးလို့ရပါတယ်။ ဆရာမကြီးက သမီးရဲ့ဇာတာကိုတွက်ပြီး မိဘတွေ အသက်ရှည်မရှည်ကို ကြည့်ပြောတာလေ။ သမီးရဲ့ဇာတာမှာ အသက်ငါးဆယ်အထိ မိဘနှစ်ပါးနဲ့ နေရမဲ့ဇာတာဖြစ်နေတယ်၊ ဒီတော့ မိဘတွေဟာ အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်ထိ အသက်ရှည်ကိုရှည်မယ်လို့ ပြနေတာပဲပေါ့"

သိမ့် မျက်နှာ ဝင်းပသွားတာကို ဦးမှာ အားကျစွာငေးကြည့်နေခဲ့မိသည်။





"ကဲ ... ဘာများသိချင်သေးလဲ"

"တော်တော်ပြည့်စုံသွားပါပြီ၊ ကျေးဇူးပါပဲရှင်၊ သမီး ဉာဏ်ပူဇော်ခကို ဒီဖလားထဲ ထည့်လိုက်မယ်နော်"

"အေးကွယ် ... ထည့်လိုက်ပါ"

သိမ့်က တစ်ထောင်တန် တစ်ရွက်ကို ငွေဖလားထဲ ထည့်လိုက်ပါသည်။

"ဒီသမီးလေးကရော"

"ရှင်"

"ဘာမှမမေးဘူးလား"

"ဟို ... သမီး၊ အဲ ... ကျွန်မ သူငယ်ချင်းကို အဖော်လိုက်လာတာပါ"

"ဆရာမကြီးကို အထက်ကပုဂ္ဂိုလ်တွေ လာပြောထားလို့ သမီး ရောက်လာမယ် ဆိုတာ သိနေတယ်၊ ဒါကြောင့် ဆရာမကြီး ဒီနေ့တစ်နေ့လုံး သမီးကိုပဲ ရည်စူးပြီးစောင့်ပေးရမယ်၊ သမီးအတွက်ပဲ အာရုံတွေပို့ပြီးစူးစိုက်ပေးရမယ်လို့ အထက်ကပုဂ္ဂိုလ်တွေ မှာကြားထားတဲ့အတိုင်း ဒီနေ့ တိုကင်ယူထားတာတွေ အားလုံးပယ်လိုက်ပြီး သမီးလာတာကိုပဲ စောင့်နေတာပါ။ သမီးနဲ့ ရေစက်ပါတယ် ပဋ္ဌာန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်လည်း ပါတယ်၊ ဒါကြောင့် ဒီဘဝမှာ ပြန်ဆုံပြီး ကူညီခွင့်ရပြန်ပြီလေ”

သိမ့်မှာ ဆရာမကြီး၏ ထူးဆန်းသော စကားကြောင့် အံ့သြပြီး ဥ၏လက်ဖဝါးကို အသာအုပ်ကိုင်လေသည်။ ဥသည် ဆရာမကြီး ပြောနေတာတွေကြားတော့ ယုံရအခက်၊ မယုံရအခက် ဖြေမဲ့ ကိုယ်မသိသော ပညာရပ်ထစ်ခုကိုလည်း အလကားနေရင်း အထင်အမြင်သေးလို့ မရတာမို့ အလိုက်သင့်သာ နားထောင်ပေး လိုက်ပါသည်။

“သမီး မမေးလည်း ဆရာမကြီးမှာ ပြောပြစရာတွေရှိတယ်၊ ပြောမယ်ကွယ်”

သိမ့်က ဥ၏ အင်းမလုပ် အဲမလုပ် အမူအရာကြောင့် အားနာဟန်ဖြင့် ...

“ဥ မေးလိုက်ပါဟယ်၊ ဘယ်လောက်မှ အချိန်မပေးရပါဘူး”

ဟု အနားကပ် ပြောလေသည်။

“နေပါ ... နေပါ ... သူ ဘာမှမမေးချင်ရင်နေပါ၊ ဆရာမ ကြီး မြင်တာပဲ ပြောပါ”

“အားနာလို့ပဲမေးမေး၊ ဘာကြောင့်ပဲမေးမေး သမီးကို တွက်ချက်ပြီး ပြောပေးရမဲ့ အတိတ်ဇာတ်ကြောင်းတွေ ရှိ





နေလို့ ဆရာမကြီးက သမီးကိုတိုက်တွန်းရတာပါ။ ဘယ်လိုမှ မထင်ပါနဲ့၊ ခါတိုင်းဆို အဖော်လိုက်လာတဲ့သူကို မေးစရာ မရှိအူးလားလို့ ဆရာမကြီး တစ်ခါမှစပြီး မမေးဖူးဘူး”

“သမီးမှာ အတိတ်ဘဝရှိတယ် ဟုတ်လား”

“ရှိတယ်၊ ကဲ ... စတွက်ရအောင် မွေးသက္ကရာဇ်လေးတော့ ပြောပေးပါဦး”

ဥ၏မွေးသက္ကရာဇ် အပြည့်အစုံကို ပြောလိုက်လျှင် ဆရာမကြီးက ကျောက်သင်ပုန်းသေးသေးလေးမှာ အကွက်တွေ ဇယားတွေချပြီး တတောက်တောက် ရေးခြစ်တွက်ချက်ပါသည်။

“သမီးမှာကျ ဒီမိန်းကလေးနဲ့ မတူတာရှိတယ်၊ အဲဒါက တော့ ဘာလဲဆိုတော့ သမီးဟာ လူဝင်စား မိန်းကလေး တစ်ယောက် ဖြစ်နေတာပါပဲ၊ ပြီးတော့ သမီးမှာ အတိတ် ဘဝရှိတယ်၊ အဲဒီအတိတ်ဘဝကို ဆရာမကြီး မနက်စော စောထဲက ခပ်ရေးရေး ကြိုမြင်နေတာ။ သမီးကိုမြင်လိုက် ရတော့ ပိုပီပြင်လာတယ်။ သမီးရဲ့ မွေးဇာတာကို တွက် ချက်လိုက်ရတဲ့အခါ ပိုပြီး ထင်ထင်ရှားရှား၊ ပြည့်ပြည့်စုံစုံ မြင်သွားပါတယ်၊ သမီးအကြောင်း အာရုံခံလို့ရအောင် မနက်တည်းက တရားထိုင်နေခဲ့ရတာလေ”



www.burmeseclassic.com

www.burmeseclassic.com



ဉထက် သိမ့်မှာ ပိုပြီးတောင် စိတ်ဝင်စားကာ အာရုံဝင်စားနေသည်။ သိမ့်တို့က ဗေဒင်အကြားအမြင် ယုံတတ်ကြရုံမက အတိတ်ဘဝဇွေ လူဝင်စားတွေကိုလည်း စိတ်ဝင်စားတတ်လေရာ ဒီနေ့အဖို့ သိမ့် ဒီကိုလာတာ မှန်သွားပြီလို့ပဲ တွေးနေမလား မသိ။

"အတိတ်ဘဝကို ပြောပြမယ်"

"ဟို ... ဒီလိုပါ ဆရာမကြီး၊ သမီးကို အတိတ်ဘဝပြောပြမနေပါနဲ့လား။ သိမ့်ကို ဟောသလို နောင်ဖြစ်လာမှာကိုပဲ ဟောလိုက်ပါလား၊ ဆရာ လုပ်တယ်လို့ မထင်ပါနဲ့နော်။ သမီးက ဖြစ်ပြီးခဲ့တာတွေ၊ ကိုယ်ကိုယ်တိုင်လည်း မမြင်ဖူးတဲ့ အရာတွေကို စိတ်မဝင်စားလို့ပါ"

"သမီး မယုံဘူးလား"

"မယုံဘူးတော့ မဟုတ်ပါဘူး၊ ဖြစ်ပြီးခဲ့တာတွေက ဘာမှ ပြန်လုပ်လို့မှ မရတာ"

"အတိတ်ဘဝမှာ ဖြစ်ခဲ့တဲ့ အကြောင်းအရာဟာ သမီးတစ်ယောက်တည်းပဲ၊ ဒီဘဝမှာ လူလာဖြစ်ခဲ့ရင် ဘာမှမသက်ရောက်နိုင်ပါဘူး။ အဲဒီလိုပဲ သမီးနဲ့ ပတ်သက်ခဲ့တဲ့ ထူးမှာလည်း သူတစ်ယောက်တည်းပဲ၊ ဒီဘဝမှာ လူလာဖြစ်





ခဲ့ရင် သူ့အတွက်လည်း ဘာမှသက်ရောက်မှု မရှိနိုင်ဘူး၊ ဒါပေမဲ့ ကောင်းကင်က အပ်တစ်စင်းနဲ့ မြေကြီးကအပ်တစ်စင်း လာထိကြသလို ဓာိက်ဆိုင်မှုလို့ပဲ ပြောရမလားမသိဘူး။ ဒီဘဝ အခုပစ္စုပ္ပန်ကာလမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းခုနစ်ဆယ်နီးပါးလောက်က လူဖြစ်ခဲ့တဲ့ လူနှစ်ဦးဟာ အတူတူ လူလာဖြစ်ကြတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းခုနစ်ဆယ်နီးပါးကလိုပဲ ယောက်ျားလေးဟာလည်း ယောက်ျားဘဝ ပြန်ရောက်သလို မိန်းကလေးဟာလည်း မိန်းကလေးဘဝကို ပြန်ရောက်ရတာကလည်း ထူးခြားတဲ့ မျက်လှည့်တစ်ခုလိုပါပဲ၊ ဒီတော့ သမီး အခုဘဝမှာလည်း ဝဋ်ကြွေးတစ်ခုကို ကျေအောင်လုပ်ပေးဖို့ အခွင့်အရေး ရှိလိမ့်မယ်"

ဉသည် နားသာထောင်နေရသော်လည်း ဘာတွေပြောနေမှန်း နားမလည်နိုင်။ သို့သော် ဆရာမကြီး ထိုသို့ပြောနေစဉ် ဉ အတွေးအာရုံထဲမှာတော့ လုံးဝမမြင်ဖူးခဲ့သည့် ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ကို ဖျတ်ခနဲ လက်ခနဲ တစ်ချက်မျှတော့ မြင်လိုက်သလိုလို ထင်မိသည်။ ဒါကလည်း ပြောပြနေသည့် အကြောင်းအရာကို မျက်လုံးထဲမှာ ပုံဖော်မိတာများလားလို့ ဉအနေ ခုတော့ ပြန်တွေးကြည့်မိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးမှာတော့ ဘာသစ္စာမှ စူးမနေဘူးပေါ့၊ ဒါပေမဲ့ အဲဒီယောက်ျားလေးခမျာမှာတော့ သူ မဆိုချင်ပဲ အတင်းအဓမ္မဆိုခိုင်းလိုက်တဲ့ သစ္စာတစ်ခုနဲ့အတူ သစ္စာရေပါ သောက်လိုက်ရတဲ့အတွက် သူ့မှာတော့ သစ္စာစူးနေခဲ့တယ်၊ သမီးနဲ့အတူတူပေါင်းပြီး ဒီဘဝမှာ ပြန်ဖြေမှ သူ အဲဒီသစ္စာစူးနေတာတွေကနေ လွတ်လိမ့်မယ်၊ ကူညီလိုက်ပါ သမီး"

"ဆရာမကြီး ပြောနေတာတွေ သမီး ဘာမှမသိပါဘူး၊ တခြားအကြောင်းအရာ ပြောလို့ရမလား"

"အထက်ပုဂ္ဂိုလ်တွေက ဆရာမကြီးကို တကူးတက စောင့်ခိုင်းထားတဲ့ မိန်းကလေးဟာ သမီးပဲ။ သမီးနဲ့ အဲဒီယောက်ျားလေးတို့ဟာ တကယ့်ကို သာသနာပြုနိုင်တဲ့ ပါရမီထူးရှိကြသူတွေ ဒီဘဝမှာလည်းဘုရားသာသနာကို အသေအချာကောင်းမှုပြုမဲ့သူတွေမို့ သမီးတို့ကို ဆရာမကြီး ကူညီဖြစ်မှာမို့ပါ"

ဥမှာ စိတ်အတော်ရှုပ်လာပြီး ထပဲပြန်ရရင်ကောင်းမလား။ အလိုက်သင့်လေး ဆက်နားထောင်ရင်ပဲ ကောင်းမလားတွေးနေတုန်း။

"လွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ့်ငါးနှစ်ကျော် ခုနစ်ဆ...နီးပါးလောက်ကပေါ့၊ ဒုတိယကမ္ဘာစစ် မဖြစ်ခင် ကာ...





တစ်ခုက အဖြစ်အပျက်လေးပေါ့၊ ဆရာမကြီး အတိအကျတော့ ခုနစ်ကို တွက်မနေချင်တော့ဘူး၊ လွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ့်ငါးနှစ်ကျော်လို့ပဲ ပြောလိုက်မယ်၊ သေသေချာချာလေး နားထောင်ပေးပါ သမီး။ ပြီးတော့ ဆရာမကြီးပြောနေတုန်းမှာ ဘာမှဝင်မနှောင့်ယှက်ပါနဲ့၊ ဝင်လည်းမမေးပါနဲ့။ အောက်ထပ်က ဘယ်သူမှလဲ လာမနှောင့်ယှက်ပါစေနဲ့နော်၊ ဟုတ်ပြီလား"

အကြားအမြင်ဟော၊ ဗေဒင်လည်းတွက်၊ တားရော့အတတ်လည်း တွက်ချက်ကြည့်ရှုပေးသော နာမည်ကြီး ဆရာမကြီးဒေါ်ကုဿိုတံမှာ တစ်စုံတစ်ယောက် သူ့ကို ဝင်ပူးလိုက်သလိုဟိုယ်တစ်ချက် ဆတ်ခနဲ လန့်သွားပါသည်။ မျက်လုံးတွေမှေးစင်းလာကာ ပုံပြင်တစ်ပုဒ်ကို ပြောသလို လေယူလေသိမ်းဖြင့်အတင်ပြောပြလိုက်တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# လွန်ခဲ့သော နှစ်ပေါင်း(၆၅)နှစ်ကျော်ခန့်

## (ဒုတိယကမ္ဘာစစ်မဖြစ်မီကာလ)



မြစ်ဝကျွန်းပေါ်ဒေသ၏ စည်ပင်ကြွယ်ဝသော ရွာကြီးတစ်ရွာမှာ လယ်ပိုင်ရှင် မြေပိုင်ရှင်ကြီးဖြစ်သော ဦးဘိုးသာနှင့် ဘုရင့်လက်ထက်က နန်းတွင်းသူ အချောအလှဖြစ်ခဲ့သော ဒေါ်မြတ်ရုံတို့တွင် သားတွေချည်း သုံးယောက် ဆက်တိုက်မွေးခဲ့ပြီးမှ နောက်ဆုံးတစ်ဦးတည်း ရှားရှားပါးပါး မွေးလာခဲ့သော သမီးချော သမီးလှလေး ရှိခဲ့သည်။

"ကျေးဥ"

ဟု ချစ်စနိုး ခေါ်ကြရင်းက နာမည်တွင်လာသော ကျေးဥဟာ အရွယ်ရောက်လာသောအခါ တကယ့်ကို မထိရက် မတို့ရက်စရာ နန်းထိုက်စိုးထိုက်ဖြစ် အလှထိပ်ခေါင်တစ်ဦးဖြစ်ခဲ့ပြီး နှင်းဆီခိုင်လှလှလေးသဖွယ် လိုချင်သူ ဝိုင်းဝိုင်းလည်ခံခဲ့ရလေသည်။

အစ်ကိုတွေကလည်း တစ်ဦးတည်းသောညီမလေးမို့ အလိုလိုက် ချစ်ခင်ကြသလို မိဘတွေကလည်း ဖူးဖူးမှုတ်ထားခဲ့ခံရတဲ့ ကျေးဥဟာ သမီးလိမ္မာလေးလည်း ဖြစ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဘိုးသာ ဒေါ်မြတ်ရုံတို့များ သားသမီးကံကလည်းကောင်းပါ့။ သားတွေဆိုတာလည်း မသောက်မစား ကျားကျားလျားလျားနဲ့ လူပေါ်ကြော့တွေလည်း မဟုတ်ဘူး၊ မိဘပိုင်လယ်ယာတွေကို ဆန်စက် ဆီစက်တွေကို ကိုယ်တိုင်ဦးစီးပြီးတော့ကို လုပ်ကိုင်ကြတာ၊ တစ်ဦးတည်းသောသမီးလေးဆိုတာလည်း ဘယ်နေရာမှာမှ အပြစ်ပြောစရာမရှိအောင်လုလိုက်တာ ဆိုတာ။ အိမ်တွင်းမှုလည်း နိုင်တယ်၊ အချက်အပြုတ်၊ အချုပ်အလုပ် အကုန်ရတယ်၊ တကယ့်ကို မိုင်းကောင်းကျောက်ဖိ မိန်းမကောင်းလေးပေါ့။ လူ့ကံဆိုတာများ ကောင်းရင် လိုက်မမီဘူးဆိုတာ၊ စီးပွားကလည်းကောင်း၊ သားသမီးကံကလည်း ကောင်းပါ့"

ဟူ၍ သူတို့သတင်း ကြားသူတိုင်း ထိုသို့အားကျစွာ ချီးကျူးပြောဆိုခံကြရပါသည်။

ရွာကြီးမှာ တန်ခူးဆိုလည်း တန်ခူးမို့၊ ကဆုန်ဆိုလည်း ကဆုန်လပြည့်မို့ စသဖြင့် လစဉ်လတိုင်း နေ့ကောင်းရက်ကောင်းတွေမှာ ထမင်းရည်ချောင်းစီးအလှူကြီး အမြဲပေးနိုင်ကြသော သူဌေးကြီး ဦးဘိုးသာမိသားစုကား လူတိုင်းစိတ်ဝင်စားခံကြရသော မဆန်း။

စစ်မဖြစ်မီကာလ လူတိုင်း စီးပွားရေးအကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရချိန်တွင် ဦးဘိုးသာတို့မှာတော့ အလျှံပယ်





ကြွယ်ဝချမ်းသာနေ၍ အလှူကြီးကို လတိုင်းပေးနိုင်နေသည် မှာ လူတိုင်းရင်သပ်ရှုမောဖြင့် အားကျယူရပါသည်။

ရွာထဲကလူတွေ အလုပ်လိုချင်လျှင်လည်း ဦးဘိုးသာတို့ထံသာ သွားတောင်း အလုပ်ကို ဖြစ်အောင်ခန့်ပေးပြီး သူတစ်ပါးစားဝတ်နေရေး အဆင်ပြေစေဖို့လည်း ကူညီပေးတတ်ပုံမှာ လူပြောများလှသည်။ ဒါကြောင့် တစ်နေ့သောအခါမှာတော့ တစ်နယ်တစ်ကျေးကနေ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းအခြေချလာသော မြေးအဘိုးနှစ်ဦးတို့မှာ ရွာရောက်ရောက်ချင်း သတင်းကြီးလှသော ဦးဘိုးသာတို့ထံမှာ အလုပ်သွားတောင်းရင် ရနိုင်ကောင်းရဲ့ဆိုသောစိတ်ကူး ရသွားကြသည်။

အဘိုးမှာ နာတာရှည်အဆုတ်ရောဂါ ဖြစ်နေလျက် မြေးယောကျ်ားလေး၏ပခုံးကို အားကိုးတကြီး ဆုပ်ကိုင်ပြီး တောင်ဝှေးလေးထောက်ကာ ထောက်ကာ သွားရသည်။

မြေးယောကျ်ားလေး၏ အမည်ကား မိုးမောင် ဖြစ်လေသည်။ မိုးမောင်မှာ နာမည်ကသာ မိုးမောင် ဖြစ်ပေမဲ့ သူ့ဘဝမှာ မွေးကတည်းက အစစအရာရာ နိမ့်ပါးခဲ့ရသူ ဖြစ်သည်။ မိုးမောင် မမွေးခင်မှာ ဖခင်ဖြစ်သူ သူရင်းငှားအလုပ် လုပ်ရင်းခြေထောက်ကို သံစူးရာမှ မေးခိုင်ရောဂါပိုးဝင်ကာ ကွယ်လွန်သည်။ မိခင်ကလည်း ရွာရိုးကိုးပေါက်လျှောက်ပြီး ဟင်းသီးဟင်းရွက်ဆောင်းကို ရွက်ရောင်းရသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမောင်ကို မွေးပြီးသောအခါ မိခင်မှာ ပြန်၍နာလန်မထူနိုင်လောက်အောင် ကျန်းမာရေးချို့တဲ့လာကာ မိုးမောင်ကိုပင် နို့ကောင်းကောင်း မတိုက်နိုင်ခဲ့။

"ငါ့မြေးချော အမေနို့လည်း မစို့ခဲ့ရဘူး။ အဘိုးတို့မှာ ဆင်းရဲလွန်းလို့ နွားနို့တောင် မဝယ်တိုက်နိုင်ခဲ့ဘူးဆိုတော့ ထမင်းရည်ကျဲပဲ သောက်ပြီး မင်း အသက်ရှင်လာရတာ အံ့တောင် အံ့ဩဖို့ကောင်းတယ်၊ မင်းကို အသက်မရှင်နိုင်ဘူးတောင် ထင်တာလေ။ မိခင်ကလည်း ကျန်းမာရေးချို့တဲ့လို့ အိပ်ရာထဲ လဲနေတာနဲ့ ကလေးကိုမပြုစုနိုင်။ အဘိုးကလည်း နှစ်ရှည်လများ ခံစားနေရတဲ့ အဆုတ်ရောဂါကြီးတစ်ဖက်နဲ့ ကလေးကို ရသမျှလေး တိုက်ကျွေးပြီး ပြုစုလာရတာလေ"

မိခင်တစ်နှစ်သားအရွယ်မှာ ဆုံးပါးသွား၍ အဘိုးဖြစ်သူကပင် ဆက်ကျွေးမွေးပြုစုလာခြင်း ခံရသော မိုးမောင်။ စာမတတ် ပေမတတ်။ ဘာအသိပညာမှလဲ မရှိသော မိုးမောင်။

ဒါပေမဲ့ မိုးမောင်က သူ့ဘဝအခြေနိမ့်ပါးနေရသည့်အတွက် ဘယ်တော့မှ အားမငယ်ခဲ့သူ။ လက်နှစ်ဖက် အကောင်းရှိနေသ၍ ဘယ်အလုပ်မျိုးမဆိုလုပ်ပြီး အသက်မွေးဝမ်းကြောင်းလုပ်ဖို့ မပျင်းမရိ ဝန်မလေးသူသာ ဖြစ်သည်။





မိုးမောင်က တည်ကြည်သည်။ သစ္စာလည်းရှိသည်။ အလုပ်ကို မပျင်းမရိ၊ မခိုမကပ် လုပ်နိုင်သည်။ လုပ်ခနည်းသည်များသည်ကို ဘယ်တော့မှမပြော။

"ကျွန်တော်နဲ့ ကျွန်တော့်အဘိုးကို မိုးလုံ လေလုံ နေစရာတစ်နေရာပေးပြီး ထမင်းနှစ်နပ် မှန်မှန်ဝလင်အောင် ကျွေးမယ်ဆိုရင် ဘာခိုင်းခိုင်း လုပ်နိုင်ပါတယ်"

ထိုသို့ ခေါင်းကို မြေကြီးဆီသို့ ငုံ့လျက်သား ရိုရိုကျိုးကျိုး ပုဆစ်တုပ်ထိုင်ပြီးပြောလျှင် လယ်ပိုင်ရှင်ကြီး ဦးဘိုးသာ အတော်ပင် ကရုဏာသက်သွားပါသည်။

"ညောင်နှစ်ပင်ရွာကနေ ဘာကြောင့် ပြောင်းလာကြသလဲ"

ဒေါ်မြတ်ရုံကတော့ ဘယ်ကရောက်လာမှန်း သေသချာချာ မစုံစမ်းရသေးသဖြင့် ချက်ချင်း မယုံရဲသေးဘဲ ကောက်ငင်ကာ ဆက်မေးလိုက်ပါသည်။

"ရွာမှာ ဒီနှစ် သီးနှံတွေ လယ်တွေ ရေလွှမ်းကုန်လို့ စီးပွားတော်တော်ပျက်ကုန်ကြပါတယ်။ လယ်ပိုင်ရှင်တော်တော်များများလည်း အငှားအလုပ်သမားတွေ လျှော့ချပစ်ပြီး သူတို့ကိုယ်တိုင်ပါ ဝင်လုပ်တဲ့အထိ ဖြစ်ကုန်တော့ ကျွန်တော့်လို သူရင်းငှားတွေအတွက် အလုပ်အကိုင် သိမ်ရှားလာပါတယ်၊ အလုပ်မရှိတော့ လယ်ရှင်ပေးနေမဲ့ လယ်တဲ



www.burmeseclassic.com

www.burmeseclassic.com



မှာနေဖို့ပါ အဆင်မပြေ ဖြစ်လာပါတယ်၊ အဘိုးကြောင့် ဒီဘက်ရွာကြီးဘက် ပြောင်းလာတာလည်း ပါပါတယ် ခင်ဗျာ။ ဒီရွာမှာက သိပ်တော်တဲ့ ဆေးဆရာကြီးတစ်ဦး လည်းရှိတာ သတင်းကြားထားလို့ပါ၊ အဘိုးကိုလည်း ဆေးကုပေးချင်လို့ပါ"

ဦးဘိုးသာက ဒေါ်မြတ်ရှံထက်စာလျှင် စိတ်သဘောထား ပိုမိုနူးညံ့သူဖြစ်ရာ ဒီမြေးအဘိုးကို သနားပြီး အလုပ်ပေးဖို့ ဆုံးဖြတ်ပြီးနေပြီ။

"ကောင်းပြီ ... မောင်ရင်တို့ မြေးအဘိုး လယ်ကွက်တွေ စောင့်ဖို့ တာဝန်ပေးမယ်၊ မောင်ရင်လေးက လုပ်နိုင်ကိုင်နိုင် အရွယ်ဆိုတော့ လယ်ထွန်၊ ကောက်စိုက်၊ ကောက်ရိတ်၊ နွားကျောင်း၊ နွားစာစဉ်း အကုန်တော့ လုပ်ရမယ်၊ နေဖို့ထိုင်ဖို့ကတော့ လယ်စောင့်တဲတွေ ဆောက်ထားတဲ့ အထဲက တစ်လုံးမှာ လွတ်ရင်ဝင်နေလိုက်ပါ၊ ကိုယ့်ဘာသာ ချက်စားဖို့ ဆန် ဆီ ဆား ငရုတ် ကြက်သွန် ထောက်ပံ့မယ်၊ ဈေးသုံးလည်း သင့်တင့်ရုံ တွက်ချက်ပေးမယ်၊ ကျေနပ်လား"

"ကျေနပ်ပါတယ် ခင်ဗျာ၊ အလုပ်ပေးတာကိုပဲ ဝမ်းသာလှပါပြီခင်ဗျာ၊ ကျေးဇူးကြီးလှပါတယ်"





အဘိုးက မိုးမောင်ကို တွန်းတွန်းထိုးထိုးဖြင့် ...

"ကန်တော့လိုက် ... ကန်တော့လိုက်၊ ကျေးဇူးရှင်ကို ပါးစပ်ကနေ ကျေးဇူးမတင်ရဘူး။ ထိုင်ကန်တော့ရမယ် လူလေး"

ဟု တိုက်တွန်းသဖြင့် မိုးမောင်သည် ဦးဘိုးသာ ဒေါ်မြတ်ရှံ သူဌေးကြီးလင်မယားကို ဦးသုံးကြိမ်ချ ကန်တော့လိုက် ပါသည်။

မိုးမောင်တို့ နေဖို့ပေးသော လယ်တဲလေးမှာ ကြယ် မြင်လမြင်မို့ မိုးမောင် ကိုယ်တိုင် တက်ဖာပြင်ဆင်ရသည်။ ကြမ်းခင်းကျိုးတိုးကျဲတဲမှာ မိုးမောင်က ဖြစ်သလို အိပ်နိုင်ပေမဲ့ ကြမ်းပြင်မှ လေတိုးသော အအေးဒဏ်ကြောင့် အဘိုးရဲ့အဆုတ် ယောင်ရောဂါ ပိုဆိုးလာမှာ စိုးရိမ်ရသဖြင့် မိုးမောင် တတ်သမျှ ဖာထေးပြင်ဆင်ရသည်။ တဲကလေးမှာ လူနှစ်ယောက် အိပ်ရုံ လောက်သာကျယ်လျက် ချက်ပြုတ်ဖို့တော့ တဲရှေ့ကွက်လပ်မှာ ဖြစ်သလို ပြင်ဆင်ချက်ပြုတ်ရသည်။

မနက်ဆို မိုးမောင်မှာ လေးနာရီ တုံးမောင်းခေါက်တာနဲ့ ထ,ရကာ အဘိုးနဲ့သူ စားသောက်ဖို့ ထမင်းတစ်အိုးချက်၊ ရသမျှ ခူးထားသော ဟင်းသီးဟင်းရွက်များနဲ့ ငါးလေး [illegible] ပုစွန်လုံးလေး ရှာလို့ရထားတာတွေ ရောချက်တဲ့အခါချက်၊ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တလေ့ ဖားရှိရင်လည်းဖား၊ ယုန်ရရင်လည်းယုန် ချက်ထားပေးခဲ့ပြီး မနက်ငါးနာရီအရောက် လယ်ရှင်ကြီး၏ အိမ်ဂေဟာကို သွားရသည်။ ရောက်တာနဲ့ နွားစာစဉ်းရသည်။ မောင်းထောင်းပေးဖို့ ပြောထားလျှင် မောင်းထောင်းပေးရသည်။ နွားတွေ အစာဝတာနဲ့ ချည်တိုင်မှဖြုတ်ကာ ထွန်တုံးတင်ပြီး တစ်မနက်လုံးလယ်ထွန်ရသည်။ နေ့လယ်ထမင်းစားခဏနားပြီးတာနဲ့ ညနေတစ်ပိုင်းလုံးလည်း ကောက်စိုက်၊ ပျိုးနုတ်၊ စပါးလှေ့ စသဖြင့် သူ့ရာသီနဲ့သူ လုပ်ရသော လယ်ယာအလုပ်တွေကို လုပ်ရပါသည်။

နေပူကျဲကျဲထဲမှာ အဝတ်မပါ အမြဲကျောပြောင်ကြီးနဲ့ နေတတ်သော မိုးမောင်၏ အသားအရေမှာ ညိုမှောင်းပြီး ကျေးနီရောင်ထလျက် ရှိတတ်သည်။ အရုပ်မြင့်မြင့်၊ ကျေးနီရောင်အသားအရေနဲ့ အလုပ်ကြမ်းလုပ်ရ၍ ကိုယ်လုံးကိုယ်ဖန်လည်း တောင့်ခိုင်သန်မာလှသော မိုးမောင်သည် ရုပ်ရည်အရာမှာတော့ အင်မတန်မှ မွန်မြတ်တည်ကြည်လျက် ယောကျ်ားပီသလှပါသည်။ ထိုသို့ ယောကျ်ားပီသသော ရုပ်ရည်ရှိသူ မိုးမောင်ကို သတိထားကြည့်မိနေသူတစ်ဦးကား ရှိနေခဲ့ပါ၏။

ထိုသူမှာ ကျေးဥပင် ဖြစ်လေသည်။ ကျေးဥသည် မိုးမောင် အိမ်မှာ တောက်တိုမယ်ရ အလုပ်တွေ လာလုပ်ပေးတာ၊ အဖေတို့ အမေတို့ ကျေးဥ၏ အစ်ကိုကြီးတွေဖြစ်သော မောင်မောင်ကြီး၊ မောင်မောင်လေးနှင့် မောင်မောင်ထွေးတို့တစ်တွေ ခိုင်းသမျှ မညည်းမညူ ဖင်ပေါ်ပေါ်နဲ့ လုပ်ပေးတာကို သတိထားကြည့်မိခဲ့တာကြာပြီ။ ကျေးဥကသာ မကြာခဏဆိုတိုင်း၊ တွေ့တိုင်း သတိထား ကြည့်မိတတ်ပေမဲ့ မိုးမောင်ကတော့ သူ့အလုပ်သာသူ စိတ်ဝင်တစား လုပ်လေသည်။ အိမ်ကြီးထဲက ဘယ်သူပဲ သူ့နားလာလာ၊ သူ့နားကဖြုတ်ဖြုတ် မျက်ခွံပင်လှန်မကြည့်တတ်ပါ။ မိုးမောင်ဟာ ဘယ်သူနဲ့ပဲ စကားပြောပြော မျက်လုံးကိုအောက်ချပြီး စကားပြောတာ အကျင့်လိုပင် ဖြစ်နေသလား မသိပါ။ ကျေးဥမှာ သူ့မျက်လုံးတွေဟာ ဘယ်လိုပုံစံမျိုးလဲလို့ပင် သေသေချာချာ ကြည့်ခွင့်မရခဲ့။ သူ့မျက်လုံးတွေထဲက အရိပ်ကို ကျေးဥ တစ်ခါမှ မမြင်ဖူးသေးချေ။

ကျေးဥသည် မိုးမောင် ဟူသော အရွယ်ချင်းမတိမ်းမယိမ်း ယောကျ်ားပျို၊ သူမတို့အိမ်မှာ ထမင်းစားကျွန်ခံ သူရင်းငှား အလုပ်သမားကိုမှ မကြာခဏ မြင်ပါများပြီး တစ်စ တစ်စ စိတ်ဝင်စား စောင့်ကြည့်မိသည်အထိ စွဲလမ်းလာသော သူမကိုယ်သူမတော့ မကြာခဏ ထိန်းချုပ်သတိပေးနေမိခဲ့ပါသည်။

ဘာကြောင့်လဲဆိုတော့ အဖေ အမေနှင့် အစ်ကိုတွေ၏ အဆင့်အတန်း ခွဲခြားတတ်လှသည့် စိတ်ဓာတ်ကို သိထားပြီး၍ ဖြစ်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



အမေကဆို ...

"ငါ့သမီးလေးက တကယ့်ကို မင်းကတော် စိုးကတော် ဖြစ်မဲ့ရုပ်ကွယ့်။ ဒီရွာသားတွေထဲက တစ်ယောက်နဲ့မှကို တူတူတန်တန်ရှိတာ မမြင်သေးဘူး။ ဘယ်လောက်ပဲ ပိုက်ဆံချမ်းသာပါစေ အရာရှိ အရာခံ မင်းကြီးတွေမှ မဟုတ်တာ။ သူတို့ကိုယူရင် သမီးလေးက ကတော်ဘယ် ဖြစ်တော့မလဲ၊ ဒီတော့ ပညာတတ် အရာရှိအရာခံကိုမှ သမီးအတွက် ရွေးချယ်ပေးရမယ်"

ဟူ၍ပင် တစ်ရွာတည်းကဖြစ်စေ၊ တခြားရွာကဖြစ်စေ သူဌေးသားလူပျိုတွေ ပိုးပန်းလာကြတိုင်း ထိုသို့မျှော်မှန်းချက်ကြီးစွာ ပြောနေတတ်တာ။

အစ်ကိုတွေကဆို ...

"ကျေးဥနော် ... အဖေ အမေတို့ စီစဉ်နေရာချပေးတာနဲ့ပဲ လက်ထပ်ရမှာနော်။ ဟိုဟိုဒီဒီ ရည်းစားသနာထားဖို့ ခေါင်းထဲမထည့်နဲ့"

"ဟုတ်တယ်၊ ထည့်လို့ကတော့ အသေပဲမှတ်"

"ကိုယ့်ညီမတော့တိုယ် ဘယ်သတ်မလဲ။ ညည်းရဲ့ရည်းစားကောင်ကိုပဲ အစိတ်စိတ်အမြွှာမြွှာ ပိုင်းသတ်ပစ်မှာ၊ ကြားလား"



စသဖြင့် တစ်ယောက်တစ်မျိုးနှင့် သုံးမျိုးလှောက်ကို ခြိမ်းခြောက်ထားကြတာ။

အဖေကတော့ သမီးဖြစ်သူ၏ အိမ်ထောင်ရေးမို့ ဝင်အကြံပေး ပြောဆိုတာမျိုးတော့ မရှိပေမဲ့ အဖေ့စိတ်ဓာတ်ထဲမှာ အဆင့်အတန်း ခွဲခြားတတ်ခြင်းကတော့ အပြည့်ရှိကြောင်း ကျေးဥ သိသည်။ မျိုးရိုးစဉ်ဆက် လယ်ပိုင်ရှင်ကြီးတွေ ဖြစ်လာသူများပီပီ ပဒေသရာဇ်စိတ်ဓာတ်လည်း အပြည့်ရှိသည်။ လူတွေကတော့ အပြင်ပန်းမှာ သဘောကောင်း စိတ်ထားနူးညံ့လှသော ဦးတိုးသာ အဖြစ်သာ မြင်ကြပေမဲ့ အဖေ့ အတွင်းစိတ်ကို ဘယ်သူမှ မသိကြ။

အဖေကတော့ မျက်နှာမှာသာ အပြုံးကို အမြဲဆင်မြန်းပြီး ဒုက္ခရောက်သူမှန်လျှင် ကူညီဖို့ ဝန်မလေးပေမဲ့ မိသားစုံလျှင်တော့ ...

"ဟင်း ... သူဆင်းရဲတွေ၊ ငတ်ပြီပြတ်ပြီ ဒုက္ခရောက်ပြီ နေစရာမရှိ ဖြစ်ပြီဆိုရင် သူဌေးပဲ ပြေးအကူအညီတောင်းဖို့လောက်ပဲ နားလည်ကြတယ်၊ ဆင်းရဲတာကို ဆင်းရဲပါတယ် ဘဝပေးကုသိုလ်ကံ မကောင်းလှပါဘူးပဲ ညည်းညူဖို့လောက်ပဲ ဦးနှောက်ရှိတယ်၊ ဦးနှောက်နည်းလို့ပဲ သူ

www.burmeseclassic.com

ဆင်းရဲဖြစ်နေတာပဲပေါ့။ ဟား ဟား ... သူတို့ကို ငါက စေတနာထားပြီး ကူညီရလေလေ ငါ့အတွက် ကုသိုလ်ပိုရလေလေပေါ့ကွာ”

ဟူ၍ သူ ကယ်တင်ကူညီရခြင်းရဲ့ အဓိကရည်ရွယ်ချက်မှန်ကို ပြောဆိုတတ်လေသည်။ တကယ်တော့ သူဆင်းရဲတွေကို မညည်းမညူ ကူညီသည်မှာ ကုသိုလ်ရချင်၍ ကူညီနေခြင်းသာဖြစ်သည်။

ထိုသို့မိသားစု၏ စိတ်ဓာတ်ကို သိထားသူ ကျေးဥမှာ မိုးမောင် ဆိုသော လူသားကို မနီးမဝေးမှ အကဲခတ်ကြည့်ရှုရုံကလွဲရင် ရင်းနှီးဖို့လည်း ရှေ့မတိုးရဲခဲ့ပါ။

အဲဒီလိုနဲ့ မိုးမောင် ကျေးဥတို့အိမ်မှာ သူရင်းငှားလုပ်လာတာ တစ်နှစ်ကျော်လာပြီဖြစ်သော အချိန်တွင် မိုးမောင်၏ အဘိုးခမျာ နှစ်ပေါင်းများစွာ နှိပ်စက်ခံခဲ့ရသော အဆုတ်ရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။

သူဌေးကြီးတို့မိသားစုပဲ ဦးစီးပြီး မိုးမောင်၏အဘိုး ရှာပန မြေကျသည်အထိ ငွေကြေးထောက်ပံ့ ကူညီခဲ့ရပါသည်။ အဘိုး ရက်လည်ဆွမ်းကိုပင် ဦးပဉ္စင်းတစ်ပါးပင့်ပြီး မိုးမောင်ကိုယ်တိုင် ဆွမ်းချက်ပြီးကပ်ရုံအပြင် ဒီထက်လည်း ပိုမလှူနိုင်ခဲ့သော





မိုးမောင် ဘဝမှာ အခုမှ တကယ့်ကို တစ်ကောင်ကြွက်ဖြစ်တော့သည်။

တစ်ကောင်ကြွက်ဘဝနဲ့ပဲ သူဌေးကြီးဦးဘိုးသာတို့ အိမ်မှာ ကပ်ရပ်မှီခိုအလုပ်လုပ်ရင်း နေလာသောတစ်နေ့၌ ...

“မိုးမောင်ရေ နွားလှည်းပြင်စမ်းဟေ့။ ဆယ်မိုင်ကုန်းရွာက သူကြီးအိမ်က အလှူကို သွားဖို့ရာ ကြီးကြီးသားတွေ တစ်ယောက်မှမအားလို့ လိုက်မပို့ပေးနိုင်ဘူး၊ မင်းပဲလိုက်ပို့ချေတော့”

တစ်ရက်မှာ မခိုင်းစဖူး အခိုင်းခံရပါသည်။

ကြန့်အင်စုံလှသော နွားနှစ်ကောင်ဆွဲသည့် နွားလှည်းကို မိုးမောင် လိုက်မောင်းပို့ဖူးပေမဲ့ အများဆုံးပို့ရသူမှာ ဦးဘိုးသာဖြစ်တတ်သည်။ ဒေါ်မြတ်ရုံတို့ သမီးကျေးဥတို့ သွားစရာရှိရင်တော့ သားတွေ တစ်ဦးမဟုတ်တစ်ဦးက လိုက်ပို့ပေးဖို့ ရှိနေတတ်သည်။

ဒီရက်ကျမှ တိုက်တိုက်ဆိုင်ဆိုင် ရှိမနေခြင်းမှာ ကျေးဥနဲ့ မိုးမောင်တို့ဆုံဖို့ ရေစက်ပါလာသည်ပဲ ဆိုရပါမည်။

“လှည်းအဆင်သင့်ဖြစ်ပါပြီ ကြီးကြီး”

“အေး ... ကောင်းပြီ”



www.burmeseclassic.com

www.burmeseclassic.com



မိုးမောင်သည် ဒေါ်မြတ်ရုံနှင့်အတူ အိမ်ကြီးပေါ်မှ ဆင်းလာသော ကျေးဥကို ခေါင်းပေါင်းပြင်၍ပေါင်းရင်းမှ အမှတ်မထင် ကြည့်မိသွားသည်။ ကျေးဥဟာ အဲဒီနေ့က အဖြူဆွတ်ဆွတ် ပိုးရင်ဖုံး လက်ရှည်လေးနှင့် ပိုးချိတ်လုံချည်အဖြူဆင်လေးကို ဝတ်ထားခဲ့သည်။ တစ်ပတ်လျှိုထုံးပြီး ဆံနွယ်လေးတစ်ချောင်း ချထားသော ကျေးဥ ခေါင်းမှာ နှင်းဆီဖြူတစ်ပွင့်ကို ပန်ထားခဲ့သည်။ ထိုနှင်းဆီဖြူဟာ မိုးမောင် ကိုယ်တိုင် ပြုစုပျိုးထောင်စိုက်ပျိုးပေးခဲ့ရသော ခြံထဲရှိ ဥယျာဉ်ကြီးထဲမှာပွင့်သော ပန်းတစ်ပွင့်ဖြစ်သည်။ ကျေးဥသည် သနပ်ခါးမှုန်မှုန်ပေါ် မျက်နှာချေလေး အသာတို့ထားရုံမျှနှင့်ပင် ဖွေးဥနေအောင် လှလွန်းပါသည်။ ကျေးဥ လှည်းပေါ်ထိုင်လိုက်ချိန်တွင် ရင်မတောင်နဲ့သင်းသော အကောင်းစား မျက်နှာချေပေါင်ဒါနံ့လေးသင်းသော ရနံ့လေးနဲ့အတူ ကျေးဥကိုယ်ရနံ့ဖျော့သင်းသင်းလေးကိုပါ ရှူရှိုက်လိုက်ရကြောင်း မိုးမောင် ခံစားသိရှိလိုက်သည်။

အဆင့်အတန်းချင်းမတူ မိုးလို မြေလို ခြားလှတာမို့ ဒီအိမ်ကြီးမှာ ကျေးဥ အမည်ရှိ အလှပဂေး၊ လှထိပ်ခေါင်မင်းသမီးလေးတစ်ပါးရှိမှန်း သိခဲ့ပေမဲ့ မျက်လွှာတောင် လှန်မကြည့်ခဲ့ဘဲ အရှောင်ကြီး ရှောင်နိုင်ခဲ့သော မိုးမောင်သည် တစ်ချက်လေးမြင်





ရုံမျှနဲ့ပင် ရင်ထဲမှာ အချစ်ကြီးချစ်၊ အစွဲကြီးစွဲကာ ချစ်စိတ်ဖြင့် ရူးတော့သည်။

ဒါပေမဲ့ မိုးမောင် ရူးရတာ နေ့တစ်ဝက်မျှပင် မခံလိုက်ပါ။ ဒေါ်မြတ်ရုံတို့ သားအမိကို တစ်ဖက်ရွာအလှူကို လိုက်ပို့ပေး၊ ပြန်စောင့်ခေါ်ကာ အိမ်ပြန်ပို့ပေးသော အကြောင်းအရာကို သိကြရသော မောင်မောင်ကြီးတို့ ညီအစ်ကိုသုံးဦးမှာ မိုးမောင် အပေါ် အလိုလိုနေရင်း မသင်္ကာစိတ်တွေဖြစ်လျက် ...

"ဟော့ကောင် ... မိုးမောင်၊ လာခဲ့ဦး"

ဟု အိမ်အပြန်ကိုစောင့်ကာ ခပ်မာမာ မျက်နှာထားတွေနဲ့ ကြိုဆိုနေခဲ့ကြသည်။

"ဘာခိုင်းစရာများရှိလို့လဲ အစ်ကိုကြီးခင်ဗျာ"

"မင်း လယ်တဲကိုသွားနှင့်၊ ဘယ်မှထွက်မသွားနဲ့၊ ငါတို့သုံးယောက်လာခဲ့မယ်"

"စိတ်ချပါ၊ ကျွန်တော်စောင့်ပါ့မယ်"

မိုးမောင် လယ်တဲကို ပြန်သွားပြီး စောင့်နေတာ သိပ်တော့မကြာလှ။ မောင်မောင်ကြီးတို့ ညီအစ်ကိုသုံးယောက် ရောက်လာသည်။

"မင်း ဒီနေ့ ဘာကြောင့် ဟိုဘက်ရွာကို လိုက်ပို့ရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး လိုက်ပို့နိုင်းလို့ပါခင်ဗျာ"

"မင်းက လယ်ထဲမှာ လုပ်စရာမရှိဘူးလား၊ အလကားနေရင်း အိမ်ဝိုင်းထဲ ယောင်လည်လည်လုပ်နေတော့ အိမ်ကကိစ္စတစ်ခုမဟုတ်တစ်ခုပေါ်ရင် ခိုင်းဖို့အသင့်ဖြစ်နေအောင်များ ကြံစည်ထားသလားကွာ"

"မဟုတ်ရပါဘူး အစ်ကိုကြီးတို့ရာ။ ကျွန်တော် နွားစာစဉ်းပြီးတော့ လယ်ထဲသွားမလို့ပါပဲ၊ ထမင်းချက် ဒေါ်သုန်က မနက်ဖြန်ရွာဦးကျောင်း ဆွမ်းချိုင့်ပို့ဖို့ ကြက်သားခုတ်ခိုင်းထားလို့ ခုတ်ရပါတယ်၊ အချို့ပွဲအတွက် အုန်းနို့လိုလို့ အုန်းသီးခွဲ အုန်းသီးခြစ် ရှေ့သုစ် လုပ်ရပါတယ်၊ ဒါကြောင့် လယ်ထဲမရောက်လိုက်တာပါ"

"အေး ... ဘာပဲဖြစ်ဖြစ် မင်းရှိနေတော့ အမေက လိုက်ပို့ခိုင်းဖို့ လူရှိသွားတယ်"

မိုးမောင် ဘာပြောရမှန်း မသိသဖြင့် အသာငြိမ်နေလိုက်သည်။ ဒီညီအစ်ကိုသုံးယောက်က ဆိုးသွမ်းမှုးယစ်နေကြသူတွေတော့ မဟုတ်ပေမဲ့ မောက်မာပြီး စကားပြောရက်စက်ရင့်သီးလှကြောင်း မိုးမောင် သိထားပါသည်။

"ပြောစမ်း၊ မင်း ကျေးဥကိုစိတ်ဝင်စားသွားပြီ မဟုတ်လား"





"မဟုတ် ... မဟုတ်ပါဘူး၊ ကျွန်တော် သူ့ကို ကြည့်လည်း မကြည့်မိပါဘူး"

"ဟား ဟား ... ဟုတ်မှလည်း ညာစမ်းပါကွာ၊ ကျေးဥကို မကြည့်ဘဲနေတယ် ဆိုတာကို သစ္စာဆိုရဲလား"

"ကျွန်တော် ... ကျွန်တော် ... သူ့ကို ... ဟို ..."

မိုးမောင်မှာ သူ့ဘဝသူ စိတ်အားငယ်ခြင်း၊ နာကြည်းခြင်း၊ ယှကျုံးမရခြင်းတွေဖြင့် စကားပင် ဆက်မပြောနိုင်တော့။ လုလှချင်းအတူတူ မင်းကတော့ ကျေးဥကို မကြည့်ရဘူး မကြည့်နဲ့ ဆိုသော သတ်မှတ်ချက်ကို မုန်းမိပါသည်။

"ကြာပါတယ် အစ်ကိုကြီးရာ၊ ရှေ့ဆက်မတိုးအောင် ဒီကောင့်ကို ပညာပေးရမယ်"

"ဟေ့ကောင် ... သစ္စာဆိုရဲလား"

"ကျွန်တော် ဘာကိုသစ္စာဆိုရမှာလဲ"

"ကျေးဥကို မချစ်မိစေရပါဘူး၊ မကြိုက်မိစေရပါဘူးလို့ ကတိပေး သစ္စာဆိုစမ်း"

မိုးမောင်သည် သူ့စိတ်ထဲမှလည်း တိတ်တခိုးချစ်ခင်စွဲလမ်းမိရုံကလွဲရင် ဒီထက်ပိုပြီး ရှေ့ဆက်တိုးဖို့ စိတ်ကူးပင်မရှိခဲ့တာမို့ ထိုကတိကိုတော့ လွယ်လွယ်ပေးလိုက်ဖို့ ဆုံးဖြတ်ဝါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကတိပေးပါတယ်"

"ကျေးဥနဲ့ မနီးစပ်အောင် နေပါ့မယ်လို့လည်း ကတိပေး
စမ်း"

"ဟုတ်ကဲ့ ... ပေးပါတယ်၊ ကတိပေးပါတယ်၊ ကျွန်တော်
သူ့ကို ဝေးဝေးရှောင်ပါ့မယ်၊ သူ့မျက်နှာကိုလည်း မကြည့်
ဘဲ နေပါ့မယ်"

"ကောင်းပြီ၊ ဒါဆို မင်း့လက်မောင်းသွေး ဖောက်စမ်း
ကွာ"

"ခင်ဗျာ"

"လက်မောင်းသွေး ဖောက်လေကွာ၊ ဘာလဲ ယောကျ်ား
ဖြစ်ပြီး ကြောက်နေတာလား။ ဒီလောက်လေး မနာပါဘူး"

"ဟို ... ဟို ... ကျွန်တော် အဲဒီလို ဘာကြောင့်လုပ်ရမှာ
လဲ"

"ကတိပေးရုံနဲ့ ရမလားကွ၊ လက်မောင်းသွေးဖောက်
မင်းရဲ့သွေးတစ်စက်ကို ယောဒီရေခွက်ထဲချပြီး သစ္စာဆို
မယ်၊ သစ္စာရည်သောက်ရမယ်လေ"

မိုးမောင် စိတ်တော်တော်ပျက်ပြီး ကြောက်လည်း
ကြောက်သွားမိသည်။ ကတိပေးလိုက်ရင် ရပြီထင်ပြီး ကတိလွယ်





လွယ်ပေးပေမဲ့ မောင်မောင်ကြီးတို့ ညီအစ်ကိုတွေက အလွယ်တကူ
လက်မခံတာကို စိတ်ပျက်မိသလို သစ္စာရည်တောင် သောက်ရဦး
မည်ဟု သိရလျှင် ကြောက်ရွံ့စိတ်လည်း ဖြစ်မိသည်။

သစ္စာစူးလျှင် နုတ်ရခက်သည်။ ကျိန်စာသင့်လျှင်
ချေရခက်သည်။ ဝဋ်ကြွေးပါလျှင် ကြေဖို့ခဲယဉ်းလှသည်။ ထို့ကြောင့်
သစ္စာစူးမှာကို အလွန်ကြောက်မိပါသည်။

"မိုးမောင် ... မင်း အသားနာမှာ သိပ်ကြောက်သလားကွ။
ကြာတယ်ကွာ၊ ငါ ဖောက်ပေးမယ်၊ လက်မောင်းဆန့်စမ်း"

"အစ်ကိုလေး ... ကျွန်တော် ... ကျွန်တော် ကတိပေးပါတယ်၊
ယုံပါ။ သစ္စာရည်တော့ မသောက်ပါရစေနဲ့"

"ကတိဆိုတာ ပါးစပ်နဲ့လွယ်လွယ်ပေးလို့ ရတယ်ကွ။
ဒါကြောင့် မယုံဘူး"

"ကြာတယ် အစ်ကိုလေး၊ ကျွန်တော်ပဲ လုပ်လိုက်မယ်"

ဆိုကာ မောင်မောင်ထွေးက မိုးမောင်၏ ညာလက်
မောင်းကို ဆွဲဆန့်ပစ်လိုက်ပါသည်။ မိုးမောင် ရုန်းမိသောအခါ
မောင်မောင်လေးက မိုးမောင် မေးစေ့ကို တစ်ချက်ပြင်းထန်စွာ
ပါတ်သီးဖြင့်ထိုး၏။ မိုးမောင် လန့်ကျသွားသော်လည်း ပြိုလဲမ
သွားအောင် မောင်မောင်ထွေးက ချုပ်ကိုင်ထားလိုက်သည်။ အမှန်

www.burmeseclassic.com



တော့ မိုးမောင် ခွန်အားဗလနဲ့ဆိုလျှင် ပြန်ယှဉ်ပြိုင်ထိုးကြိတ်နိုင်မှာပေမဲ့ အလုပ်ရှင်တွေ၊ ကျေးဇူးရှင်ရဲ့သားတွေ ဟူသော အသိကြောင့် ပြန်မထိုးရဲ။ မရုန်းရဲ။ မငြင်းဆန်ရဲတော့။

မောင်မောင်ကြီး၏ စားမြှောင်သွားဖြင့် ညာ,လက်မောင်းကို တစ်ချက်ထိုးဖောက်၊ လက်မောင်းအောက်မှာ သောက်ရေခွက်နဲ့ ရေထည့်ပြီး သွေးသုံးစက်ကိုခံ။ မိုးမောင်မှာ အံကိုတင်းနေအောင် ကြိတ်လိုက်ကာ သူတို့သွေးဖောက်တာကို အောင့်ခံနေခဲ့သည်။

"ကဲ ... ခွက်ကို လက်နှစ်ဖက်နဲ့ကိုင်၊ ခေါင်းပေါ်ကကျော်အောင်မြှောက်။ ပြီးရင် ငါဆိုတဲ့အတိုင်း နောက်ကလိုက်ဆိုစမ်း"

"စိတ်ချပါ အစ်ကိုကြီး"

မောင်မောင်လေးနဲ့ မောင်မောင်တွေးတို့ကတော့ သူတို့လက်ခုပ်ထဲက ရေသဖွယ် ဖြုမှုအနိုင်ကျင့်နိုင်သောကြောင့် ကျေနပ်အားရစွာပင် မိုးမောင်ကို လက်ပိုက်စောင့်ကြည့်နေကြသည်။

"ကျွန်ုပ် မိုးမောင်သည် ကျေးဥကို မေတ္တာမရှိမိအောင်နေပါမည်။ ကျေးဥကို မျက်လုံးပင် ပင့်မကြည့်ဖြစ်အောင်





နေပါမည်။ ကျေးဥကို လက်တွဲခွင့်မရအောင် ရှောင်ကြဉ်ပါမည်။ ကျေးဥကို ပိုင်ဆိုင်လိုစိတ် မဖြစ်စေရအောင် မွေးထားပါမည်ဟု သစ္စာပြုပါသည်။ သစ္စာရည်သောက်ပါသည်။ ထိုကတိစကားများကို ဖောက်ဖျက်မိသည်ရှိသော် ဒီဘဝမှာလည်း ချစ်သူခင်သူများနှင့် ကွေကွင်းပြီး အသေဆိုးနဲ့ကြုံရပါစေ၊ နောက်ဘဝဆက်တိုင်းလည်း ဒီသစ္စာစကားစူးရှမှုကြောင့် ဒဏ်သင့်ပါစေ၊ ဘဝဆက်တိုင်း ဆက်တိုင်းလူဖြစ်လေတိုင်း ချစ်သူနဲ့ ကွေကွင်းပြီး သေကွဲခွဲရပါစေသား"



www.burmeseclassic.com

www.burmeseclassic.com



## ၆

အခန်းငယ်ထဲတွင် အမွှေးနံ့သာပေါင်းစုံ၏ အနံ့များဖြင့် ထုံလွှမ်းမွှေးကြိုင်နေသည်။ တိတ်ဆိတ်နေသော အခန်းတွင် လူသုံးယောက်တို့ရဲ့ အသက်ရှူသံ သဲ့သဲ့မျှသာ ကြားနေရစေပါသည်။

"ဒါ ... ဒါဆို အဲဒီမိုးမောင်က သစ္စာရည်သောက်ခဲ့တဲ့ အတိုင်း ကျေးဥကို ရှောင်လို့ရခဲ့ရဲ့လား"

သိမ့်သိမ့်သဲသည် ကာယကံရှင်ဖြစ်သော ဥဒေါင်းပျို့ထက်ပင် ပို၍သိချင်စိတ် ပြင်းပြနေခဲ့သောကြောင့် စိတ်စောပြီး မေးလိုက်မိပါသည်။ မေးမိပြီးမှ ဥ,ကို အားနာသွားပြီး တစ်ချက်တောင်းပန်သလို ကြည့်လိုက်မိပါသည်။





ဥ,ကတော့ သိမ့်ကိုပင် သတိမထားမိချေ။ ဆရာမကြီး ဒေါ်ကြူစိတ် ပြောပြနေသော အကြောင်းအရာတွေကို သိသလိုလို၊ မသိသလိုလို ခံစားနေရပြီး ဘာဆက်ပြောမလဲ ဆိုတာကို ကြားချင်စိတ်လည်း ပြင်းပြနေပြန်သည်။

"သူတို့နှစ်ယောက်ရဲ့ တစ်ယောက်အပေါ် တစ်ယောက်ထားတဲ့ မေတ္တာစိတ်က သိပ်ပြီးကြီးမားအားကောင်းလွန်းတယ်လေ။ မိုးမောင်ကလည်း သစ္စာရည်ကို မသောက်ချင်ဘဲနဲ့ ကြောက်ပြီး သောက်လိုက်တယ်ဆိုပေမဲ့ အဲဒီခေတ်ကာလက လူတွေရဲ့စိတ်သဘောအတိုင်းပဲ၊ သစ္စာတွေ ကတိတွေကို သိပ်ယုံကြတယ်လေ။ ကတိလည်း တည်ကြသလို၊ သစ္စာဖူးမယ်တို့၊ ကျိန်စာသင့်မယ်တို့ကိုလည်း ယုံကြတာများတယ်။ မိုးမောင်လည်း ယုံတာပဲပေါ့။ သူက ယုံလေလေ ကျေးဥကို ရှောင်လေလေ။ ရှောင်မိလေလေ ရင်ထဲမှာရှိတဲ့ မေတ္တာစိတ် အရင်းခံက ပိုပြီးထိန်းမနိုင်သိမ်းမရ ရုန်းထလာလေလေပေါ့။ အဲဒီလိုပဲ ကျေးဥဘက်မှာလည်း မိုးမောင်ကို သူ့အစ်ကိုတွေ အလကားနေရင်း သွားအနိုင်ကျင့်ပြီး သစ္စာရည်သောက်ခိုင်းတဲ့အကြောင်း အစ်ကိုတွေအချင်းချင်း ဝမ်းသာအားရ ပြောဆိုတိုင်ပင်နေတာကို အမှတ်မထင် ကြားသွားတော့ မိုးမောင် အပေါ် ပိုပြီးကရုဏာသက် သနားလာတဲ့စိတ် ဖြစ်လာတယ်ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကျေးဥကပဲ ပိုရှေ့တိုးလာတာလား၊ မိုးမောင်ကပဲ ရင့်ထဲက မေတ္တာစိတ်ကို ချိုးနှိမ်မရတော့လို့ ဖြစ်ချင်ရာဖြစ် တော့ဆိုပြီး မျက်စိမှိတ် ရှေ့တိုးလာသလားတော့ မသိဘူး ... သူတို့သိပ်ချစ်ကြတဲ့ ချစ်သူတွေအဖြစ်ကို ရောက် သွားခဲ့ကြတယ်"

သိမ့်က အမှတ်မထင် ဥ,ကို လှည့်ကြည့်မိသည်။ ဥကတော့ မျက်နှာအမူအရာ အပြောင်းအလဲ နည်းလှစွာ နားထောင် နေသည်။ သိမ့်ကပင် ဒီအကြောင်းအရာကို အကြီးအကျယ် စိတ် ဝင်စား၊ ပါဝင်ခံစားပြီး စိတ်တွေလှုပ်ရှားနေသည်။

မျက်လုံးထဲမှာလည်း စစ်ကြိုခေတ် အဝတ်အစား ဝတ်ပြီး သရုပ်ဆောင်နေသော ရုပ်ရှင်ကားတစ်ကားကို ကြည့်ရ သလိုပဲ ပုံဖော်လို့ကောင်းနေပါသည်။ သိမ့်မှာ ဇာတ်ရဲ့အဆုံးသတ် ကို ဝတ္ထုစာအုပ်ဖတ်သလို နောက်ဆုံး လှန်ကြည့်ပြီး သိချင်နေ သည်။ ကိုယ်က ဣန္ဒြေမရ သိပ်သိချင်နေလှတာကို ဥ ရိပ်မိပြီး စိတ်ဆိုးမှာလည်း စိုးရိမ်မိသေးသဖြင့် ဟန်ဆောင်နေရသည်။

"သမီး မမှတ်မိသေးဘူးလား"

"ရှင်"

"သမီးရဲ့အတိတ်ဘဝအကြောင်းတွေ ပြောပြနေတာလေ။ သမီး မမှတ်မိသေးဘူးလား"





"သမီး ... ဟို ... သမီးက ကျေးဥ ဖြစ်ခဲ့တာလား"

"ဟုတ်တယ်၊ ဒီဘဝမှာလည်း နာမည်ဆင်ပြီး ဥဒေါင်းမှို့ ဆိုတဲ့ နာမည်ကို ပိုင်ဆိုင်ထားတဲ့ သမီးဟာ မကျေးဥပါပဲ"

"ဒါ ... ဒါဖြင့် ... ကိုကြီးကရော"

"ဘယ်သူလဲ၊ မကျေးဥရဲ့အစ်ကိုတွေကို မေးတာလား"

"မဟုတ်ပါဘူး၊ အခုလည်း သမီးမှာ အစ်ကိုကြီးတစ်ယောက် ရှိပါတယ်၊ အသက်ဆယ့်ငါးနှစ်ကွာတဲ့ အစ်ကိုကြီးပါ။ သူကရော ..."

"အစ်ကိုရှိတာချင်းတူလို့ သမီးမေးတာထင်တယ်၊ အဲဒါ တော့ ဆရာမကြီးလည်း သေသေချာချာ မတွက်ချက်ရသေး လို့ မသိပါဘူးကွယ်၊ မောင်မောင်ကြီးတို့ ညီအစ်ကိုတစ် တွေ ဘယ်ဘဝရောက်နေလဲဆိုတာ လိုက်ကြည့်ပေးနိုင်တဲ့ အထိ ပါရမီမရင့်သေးပါဘူးကွယ်။ သမီးအကြောင်းတောင် အထက်ကပုဂ္ဂိုလ်တွေ အိပ်မက်လာပေးနေတာ ကြာလှပြီ။ ရသလောက်လေး အာရုံစုစည်းပြီး အထက်ပုဂ္ဂိုလ်တွေရဲ့ အကူအညီနဲ့ ကြည့်ပေးနိုင်တာပါ။ ကိုမိုးမောင်နဲ့မကျေးဥ ဟာ ဘဝဆက်တိုင်း ဆက်တိုင်း လူပြန်ဖြစ်နေမှ သာသနာ လည်း အတူတူပြုနိုင်မှာ။ နောင် ... အရိမေတ္တယျမြတ်စွာ ဘုရား ပွင့်တဲ့အထိ သာသနာပြုပေးနိုင်တဲ့ ပါရမီထူးကို



www.burmeseclassic.com

www.burmeseclassic.com



ရှိထားကြလို့ သူတော်ကောင်းမောင်နှံဆိုပြီး အထက်ပုဂ္ဂိုလ်တွေက စောင့်ရှောက်ချင်ကြတာပါ”

ဥသည် ဒီအကြောင်းအရာတွေကို ယုံလိုက်ချင်သော်လည်း ယုံရမှာလည်း မဝံ့မရဲ ဖြစ်နေပြန်သည်။ ဥရဲ့ကိုကြီး ဒေါက်တာစိုးအုမ်ကျော်သာ သိလျှင် စိတ်ဆိုးလိုက်မဲ့ဖြစ်ခြင်း။ ကိုကြီးက သိပ္ပံပညာရပ်များကိုသာ စိတ်ဝင်စားသူဖြစ်ပြီး “ကံ” တရားတို့၊ “ကံ၏အကျိုးပေး”တို့ကိုတောင် မယုံကြည်သူ ဖြစ်ပါသည်။

“အဲဒီအတိတ်ဘဝတုန်းကရော ကိုမိုးမောင်နဲ့ မကျေးဥတို့ လက်တွဲခဲ့ရလား”

သိမ့်က မနေနိုင်ဘဲ ဝင်မေးလိုက်လျှင် ဆရာမကြီးလည်း အခုမှပဲ ဈာန်ဝင်သွားသလိုလို၊ အာရုံတွေ ပြန်ပေါ်လာသလိုလိုဖြင့် မျက်ခုံးနှစ်ခုကြားကို ဘယ်လက်ညှိုး၊ လက်မတို့ဖြင့် ဆောက်၊ မျက်မှောင်ကြုတ်၊ မျက်လုံးတွေ မှေးစင်းသွားလျက် ညာဘက်လက်ချောင်းတွေကတော့ တဆတ်ဆတ် တုန်ယင်လှုပ်ခါသွားပြန်ပါသည်။





# (၁၉၄၀)ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



"မောင် ... ဉတို့ ဘယ်လိုလုပ်ကြမလဲဟင်"

"ဉရယ် ... မောင် ဘာမှမဆုံးဖြတ်ပေးချင်တော့ပါဘူးကွယ်။ မောင့်ကြောင့် ဉ ဘဝမှာ ဆင်းရဲဒုက္ခတွေ မရောက်စေချင်ဘူး။ အဲဒါတော့ အမှန်ပါပဲ"

"ဒါဖြင့် မောင်က ဉကို သူတစ်ပါးရင်ခွင်ထဲမှာ ထားရစ်ခဲ့နိုင်တယ်ပေါ့"

"အဲဒီလိုလည်း မဟုတ်ပါဘူး ဉရယ်။ မောင်လည်း ကိုယ်ချစ်ရတဲ့သူကို ပိုင်ဆိုင်ချင်တာပဲပေါ့။ ဒါပေမဲ့ မောင်မှာ အဲဒီလူကို မယှဉ်နိုင်တာ။ မောင့်လို ပညာလည်းမတတ်၊ မိဘမဲ့ တစ်ကောင်ကြွက်၊ ဆွေမရှိ မျိုးမရှိ၊ ရာထူးဂုဏ်ရှိန်မရှိ၊ ပစ္စည်းဉစ္စာမရှိတဲ့ ယောကျ်ားတစ်ယောက်အနေနဲ့ အဲဒီလူကို ဘယ်လိုလုပ် ယှဉ်နိုင်မလဲ"

ပြဿနာမှာ ကျေးဉကို မြို့ပေါ်ရှိ အရာရှိအရာခံ လူကုံထံ အသိုင်းအဝိုင်းရှိ ညီ့ခံပွဲတစ်ခုသို့ မိဘတွေက ပွဲထုတ်ဖို့ ခေါ်သွားရာမှ စ,တာဖြစ်လေသည်။





မြို့အုပ်ကလေးများ၊ ဝတ်လုံတော်ရရှေ့နေကလေးများ၊ ဆရာဝန်ကလေးများ၊ အင်ဇပက်တော်မင်းပေါက်စများ ကြိုးစိုးသော ထိုပွဲလမ်းသဘင်တွင် ကျေးဉ၏အလှကို သဘောကျမိကြသည့် လူပျိုလူရွယ်များစွာထဲမှ တစ်ယောက်လည်းဖြစ်သော၊ မိဘချင်းလည်း ရင်းနှီးသော အခြေအနေမှာရှိသည့် ဝတ်လုံတော်ရရှေ့နေလေးတစ်ဦးနှင့် ကျေးဉ၏မိဘတွေ သဘောတူခြင်းဖြစ်သည်။ ထိုရှေ့နေလေး၏ မိဘများကပင် တင့်တောင်းတင့်တယ် လက်ထပ်ထိမ်းမြားပေးလိုပါကြောင်း ရွှေငွေတင်တောင်းပြီး ကမ်းလှမ်းလာသောအခါ မိုးမောင်နှင့် ကျေးဉတို့၏ လူမသိ၊ သူမသိ အချစ်ဇာတ်လမ်းလေးမှာ မုန်တိုင်းဝင်မွှေခံရဘိသကဲ့သို့ ဖြစ်ချေတော့သည်။

ကျေးဉကတော့ ချစ်သူနဲ့ မခွဲလို၊ ချစ်သူကလွဲရင် ဘယ်ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကိုမှ မဝင်လို၊ ချစ်သူနဲ့ အတူ စွန့်စားချင်သူ ဖြစ်လေသည်။

သို့သော် မိုးမောင်ကတော့ သူ တမြတ်တနိုးထားပြီး အာခံတွင်းထဲ ငုံထားမတတ်ပင် ချစ်ရသော ချစ်သူနုနုနယ်နယ်လေး၊ ရွှေဘုံ ငွေဘုံစံ မင်းသမီးလေးကို သူ့ရဲ့ဘဝကြမ်းထဲ မခေါ်လိုသူ ဖြစ်နေခဲ့၏။

ချစ်သူကိုခေါ်ပြီး အဝေးကို ထွက်ပြေးရင်ရပေမဲ့ အဲဒီတစ်နေရာမှာ သူ ဘာအလုပ်ပဲလုပ်လုပ် ဘယ်လောက်ပဲ ရှာ

www.burmeseclassic.com



ဖွေကျွေးမွေးပါစေ ကျေးဥ ယခုနေနေရသောဘဝနှင့် အကွာကြီး ကွာခြားပြီး ကျပ်တည်းဆင်းရဲရမှာ သေချာပါသည်။

"မောင်ရယ် ... ဥတော့ အဲဒီလူကို ယူရရင် တစ်သက်လုံး စိတ်ချမ်းသာရမှာ မဟုတ်ဘူး၊ အဲဒါကို မောင် ကြည့်ရက်သလားရှင်"

"မောင်နဲ့ နေရင်တော့ ဥ အနေအထိုင်၊ အစားအသောက် ကအစ အရာရာ လူဆင်းရဲရလိမ့်မယ်လေ"

"မောင် ... မောင် သတ္တိနည်းနေရင်လည်း နေပါ၊ ဥ ဆက်မတိုက်တွန်းလိုတော့ပါဘူး။ ဥ ဘာသာပဲ စိတ်ဆင်းရဲခြင်းကလွတ်အောင် ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်တော့မယ် သိလား"

"ဟာ ... ဥ ... ဥ ... အဲဒီလိုမလုပ်နဲ့လေ၊ မလုပ်ပါနဲ့ ဥရယ်။ ဘာလို့ မကြံကောင်း မစည်ရာတွေ ကြံစည်နေရတာလဲ"

"မောင်မှ ဥကို မချစ်ဘဲ၊ ဥ ဒီလောကကြီးထဲမှာ နေနေလို့လည်း အပိုပဲပေါ့"

"မချစ်ဘူး မပြောရပါဘူး ဥရယ်၊ ချစ်လွန်းလို့ ဘာလုပ်ရမှန်း မသိတာပါ။ ပြီးတော့ မောင် အစ်ကိုကြီးတို့တိုက်တဲ့ သစ္စာရည်ကို သောက်ထားမိတယ်လေ၊ မောင် သစ္စာစူးနေလိမ့်မယ်"





"ဩော် ... မောင်က သစ္စာစူးမှာကြောက်တာနဲ့ပဲ ဥကို စွန့်ပစ်တော့မယ်၊ ဒီလိုလား"

"ဥရယ် ... ဥရယ် ... မောင် စဉ်းစားပါရစေဦး"

ဒါပေမဲ့ မိုးမောင် စဉ်းစားချိန်ပင် မရလိုက်ပါချေ။ ကျေးဥကို အိမ်မှာမတွေ့၍ ဟိုမေးဒီမေးဖြင့် လိုက်ရှာကြသော အစ်ကိုကြီးတွေမှာ လယ်ထဲတွင် အလုပ်လုပ်နေလေ့ရှိသည့် မိုးမောင်ကိုပါ မတွေ့ရလေရာ ချက်ချင်းပဲ သံသယဝင်ကုန်လျက် တုတ်ဆွဲ၊ ဓားဆွဲ လက်အောက်ငယ်သားတွေခေါ်၊ မြင်းတွေပြင်ပြီး လိုက်ရှာကြဖို့ ပြင်ဆင်ကြလေတော့သည်။ တကယ်တော့ ကျေးဥနဲ့ မိုးမောင်တို့မှာ ချိန်းတွေ့နေကျ တောစပ်နားက ချောင်းကလေးနံဘေး ခရေပင်ကြီးအောက်မှာ ချိန်းတွေ့စကားပြော တိုင်ပင်နေခဲ့ကြတာပါ။

ဒါပေမဲ့ အစ်ကိုတွေ၊ မိဘတွေ အထင်မှာတော့ ကျေးဥနဲ့ မိုးမောင် ထွက်ပြေးသွားကြပြီဟူ၍ ဒေါသမီးတွေ ဟုန်းဟုန်းလောင်လျက် ...

"ဒီကောင့်ကိုတွေ့ရင် အသေသာ သတ်ပစ်ကြ။ သူ့ကို အသေပဲရရ၊ အရှင်ပဲရရကွာ၊ ရအောင်ဖမ်းပေးနိုင်သူကို ဆုငွေငါးရာနဲ့ ဆန်တစ်တင်းချီးမြှင့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်က ဆုငွေငါးရာ ဆိုသည်မှာ အတော့်ကို မက်မောလောက်စရာ ငွေကြေးမျိုးဖြစ်သည်။ ခေတ်ကာလ သိပ်မကောင်းပဲ ပါးရှားခက်ခဲလှသော အချိန်တွင် ဆန်တစ်တင်းပါ ရဦးမည်ဟု ထပ်လောင်းသိရသောအခါ ရွာသူရွာသား လူမိုက်တွေရော၊ ရိုးရိုးသာမန်လူတွေကပါ မိုးမောင်ကို ရှာပေးဖို့ စိတ်အားထက်သန်ကုန်ကြတော့သည်။

ထိုသို့ ရွာထဲမှာ လူစုပြီး ရှာကြဖို့ ပြင်ဆင်နေပြီဆိုတာကို သတင်းပြေးပေးသူမှာ ဒေါ်သုန်။ ဒေါ်သုန်မှာ ကျေးဥ ငယ်ငယ်တည်းက ဒီအိမ်မှာ ထမင်းချက် အိမ်ထောင်ထိန်း ကလေးထိန်းဘဝနဲ့ နေလာခဲ့သူဖြစ်သည်။ ဒေါ်မြတ်ရဲ့ မွေးထုတ်လိုက်သော ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ဒေါ်သုန့်လက်ထဲမှာ လူလားမြောက်ခဲ့ရသည့်အထဲတွင် ဒေါ်သုန်သည် ကျေးဥကိုတော့ အချစ်ဆုံး၊ သံယောဇဉ်အရှိဆုံး။ တကယ့် ကိုယ့်သမီးရင်းလေးလို၊ တူမလေးလို ချစ်ခဲ့၊ စောင့်ရှောက်ခဲ့သူသာဖြစ်သည်။

ဒါအပြင် မိုးမောင်အပေါ်ကျတော့လည်း ဘယ်က ဘယ်လို ပေါ်လာသော မေတ္တာတရားကြောင့်ရယ် မသိ။ အင်မတန်မှ ကရုဏာသက် သနားချစ်ခင်မိကာ ဘာမှသွေးသားမတော်စပ်ပါဘဲ ကွဲကွာနေခဲ့သော တူသားလေးတစ်ယောက်လိုပင် စိတ်





ထဲမှာ ခံစားပြီး သံယောဇဉ်ရှိလေသည်။ ဒေါ်သုန် နိုင်းသည်ဖြစ်စေ၊ မနိုင်းသည်ဖြစ်စေ သူ့အသိစိတ်ဓာတ်နဲ့သူ ဖင်ပေါ့စွာ ချက်ရေးပြုတ်ရေးကိစ္စတွေကို ဝင်ကူပေးသွားတတ်သော မိုးမောင်ကို ဒေါ်သုန် ခင်မင်လေသည်။

ကျေးဥနဲ့ မိုးမောင်တို့အကြောင်းကို သိထားသူမှာလည်း ဒေါ်သုန် တစ်ယောက်တည်းဖြစ်ပြီး ဒေါ်သုန်မှာ စ,သိခါစက အကြောက်ကြီးကြောက်ကာ ...

"မောင်မိုးမောင်ရယ် ... မင်းနှယ် ရာဇဝတ်အိုး တုတ်နဲ့ သွားထိုးမိပြီ၊ ဒုက္ခတော့ လှလှကြီး တွေ့တော့မယ်၊ မင်းတို့ဘဝရှေ့ရေးအတွက် ရင်လေးပါဘိ လူလေးရယ်"

ဟု မိုးမောင်ကို သတိပေး ဖျောင်းဖျပါသေးသည်။

"ကျေးဥကို မေ့သွားချင်ရင် ကျွန်တော် ဒီရွာက အပြီးထွက်သွားပြီး အဝေးကြီးမှာ သွားနေမှပဲ မေ့လို့ရမှာ ဒေါ်ဒေါ်သုန်ရဲ့၊ ကျေးဥကို နေ့တိုင်း တွေ့ခွင့်ရနေသမျှတော့ ကျွန်တော်သူ့ကိုချစ်တဲ့စိတ်ကို ဘယ်လိုမှ ဖုံးအုပ်ထားနိုင်မှာ မဟုတ်ဘူး"

ဒီလိုနဲ့ပဲ ကျေးဥတို့ဓာတ်လမ်းကို စိတ်ပူစွာ စောင့်ကြည့်နေခဲ့ရသူ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သုန်သည် မိုးမောင် ကျေးဥနဲ့ ဘယ်မှာသွားသွားတွေ့တတ်သလဲ ဆိုတာလည်း သိထားသူဖြစ်ရာ ရွာထဲမှာဖြစ်ပျက်နေကြတာကို အမြန်ဆုံး ပြေးပြောပါတော့သည်။

"အမယ်လေး ... ဒုက္ခတော့ များကုန်ပါပြီ မကျေးဥရယ်။ သမီးတို့ကို လိုက်ရှာကုန်ကြပြီ။ ရွာထဲမှာ သမီးအစ်ကိုတွေ လူမိုက်တွေခေါ်ပြီး မောင်မိုးမောင်ကို ဖမ်းဆီးဖို့ အမိန့်ပေးနေကြပြီ"

"ဒါ ... ဒါဆို ကျေးဥတို့ ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုလုပ်ကြရမလဲ မောင်ရဲ့။ ကြံပါဦး ကျေးဥ ကြောက်တယ်"

"ဥ အိမ်ပြန်လိုက်သွားလိုက်ပါ၊ သူတို့ရှာတာက မောင့်ကိုပဲ၊ မောင့်ကိုပဲ ဒုက္ခပေးချင်တာပါ"

"ဟာ ... မဖြစ်ပါဘူး၊ မောင့်ကိုတွေ့ရင် သတ်မှာ"

"မသတ်ပါဘူး၊ မောင့်တစ်ယောက်တည်းတွေ့ရင် သူတို့ဘာမှမလုပ်ပါဘူး"

"ကျေးဥ မယုံဘူး ... မယုံဘူး။ မောင့်အနားကနေ ဘယ်မှထွက်မသွားနိုင်ဘူး၊ ဘယ်မှမသွားဘူး၊ မောင်နဲ့ပဲနေမယ်"

"ဟယ် ... ဒုက္ခတော့ ရောက်ကုန်ပါပြီ၊ မြင်းခွာသံတွေ စ,ကြားရပြီ မောင်မိုးမောင်၊ မင်းတို့လှူခွဲလို့ မမီတော့ဘူး





ထင်တယ်၊ ပြေး ... ပြေး ... ပြေးတော့၊ လွတ်အောင်ပြေးတော့၊ ဘာမှနောက်လှည့်ကြည့်မနေနဲ့၊ စဉ်းစားမနေပါနဲ့တော့၊ မကျေးဥကို ခေါ်ပြီး လွတ်အောင်သာပြေးတော့ကွယ်၊ မင်းတို့နှစ်ယောက်လုံး ဒုက္ခရောက်ကြတော့မယ်၊ ပြေးပေတော့"

ဒေါ်သုန်သည် ကြောက်အားလန့်အားဖြင့် ကျေးဥကိုပြန်ခေါ်သွားဖို့ မစဉ်းစားတော့ဘဲ မိုးမောင် လက်ထဲသို့ ကျေးဥကိုထည့်ကာ ထွက်ပြေးဖို့ပင် တိုက်တွန်းမိလိုက်တော့လေသည်။ ခေါင်းထဲမှာ ဘယ်လိုရောက်လာသော အကြံဉာဏ်မှန်းပင် သတိထားလိုက်မိခြင်းမရှိဘဲ ကလေးတွေကို ထွက်ပြေးရန်သာ အကြံပေးလိုက်မိပါသည်။

ဒေါ်သုန့် စကားကြောင့် တွေဝေထိတ်လန့်နေသော မိုးမောင်သည်လည်းကောင်း၊ မိုးမောင်ကို ထားရစ်ခဲ့ပြီး အိမ်ပြန်သွားလိုသော ကျေးဥသည်လည်းကောင်း နှစ်ဦးသား လက်ချင်းကျစ်နေအောင် ဆုပ်ကိုင်လိုက်မိကြကာ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ပြိုင်တူချလိုက်ပြီး ဖြစ်သွားပါသည်။ သူတို့၏ ခြေလှမ်းတွေသည် တောစပ်စမ်းချောင်းလေး၏ ခါးလယ်လောက်ရေအနက်ကို အလျင်အမြန် ဖြတ်သန်းလိုက်ကြပြီးနောက် တောအုပ်နက်နက်ကြီးထဲဆီ ဦးတည်ပြေးနေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျေးဥက လဲပြိုလိုက်၊ မိုးမောင်က ပြန်တွဲထူလိုက် ပြေးလိုက်။ နောက်ကလိုက်လာသော အသံတွေကလည်း ဗိုဗိုနီးလာ။

သူတို့နှစ်ဦးသား ခြေကုန်လက်ပန်းကျကာ ပြေးနေသော နှုန်းတွေလည်း လျော့လာခဲ့သလို နောက်က ညာသံပေးလိုက်လာသော အသံတွေလည်း နီးနီးလာခဲ့လေပြီ။ သူတို့ဘယ်လိုမှမလွတ်နိုင်တော့။ ဘာကြောင့်လဲဆိုတော့ ... ...။ ... ...၊





၇

"သူတို့ကို ပြန်ဖမ်းမိသွားတာလားဟင်"

ဥ,သည် အသံတုန်တုန်တွေဖြင့် မေးလိုက်မိတာဖြစ်ကြောင်း သူမကိုယ်သူမ သတိထားလိုက်မိချိန်တွင် ရင်ထဲမှာကြေမွနေသလို နာကျင်နေကြောင်းလည်း သတိထားလိုက်မိသည်။

ဘုရားရေ ... ဥ ပါးပြင်မှာ မျက်ရည်တွေ ကျနေမိခဲ့တာပါလား။

ထို့အတူ ဒေါက်တာ့ဖိုးတဲ၏ ရှာန်ဝင်ပြီးပြောနေသော မျက်နှာပြင်မှာလည်း မျက်ရည်ပေါက်များ လိမ့်ဆင်းလာကြောင်း ဥ သတိပြုလိုက်မိသည်။

"ပြန်မဖမ်းမိခဲ့ပါဘူး သမီးရယ်၊ သူတို့နှစ်ယောက်ပြေးရင်းနဲ့ သူတို့ပြေးနေတဲ့ လမ်းကြောင်းရဲ့ရှေ့မှာ ချောက်အနက်ကြီး ရှိနေခဲ့တာကို ဘွားခနဲ တွေ့လိုက်ရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ပြုတ်ကျသွားတာလား"

သိမ့်က အလောတကြီးအသံဖြင့် မေးလိုက်သည်။

"ပြုတ်ကျသွားတာ မဟုတ်ဘူး၊ နှစ်ယောက်အတူတူ ခုန်ချသွားခဲ့တာ"

"ဟင် ... ဟုတ်လား"

ဥ,သည် ဝဲတက်လာသော မျက်ရည်များကို အသာပုတ်ခပ်သိမ်းရင်း တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်နေသလို ခံစားရကြောင်း သတိထားမိလိုက်သည်။ ဥကိုယ်တိုင်ပဲ အဲဒီအတိတ်ပုံပြင်ကြီးထဲမှာ ပြေးလွှားမောဟိုက်နေခဲ့ရသလိုပဲ ခံစားရလေသည်။

"တကယ်တော့ ကလေးနှစ်ယောက်ကို ထွက်ပြေးဖို့ တိုက်တွန်းလိုက်တဲ့သူက ဒေါ်သုန် ဆိုတော့ ဒီသတင်းကို ကြားတဲ့အခါ ဒေါ်သုန်ဟာ ယူကျုံးမရဖြစ်ပြီး သူ့ကိုယ်သူ အပြစ်တင်လို့မဆုံးခဲ့ဘူး၊ နောင်တရလို့ မဆုံးခဲ့ဘူး၊ သူသာ မတိုက်တွန်းခဲ့ရင် ဒီကလေးနှစ်ယောက် အဖြစ်ဆိုးနဲ့ ကြုံရစရာမရှိဘူးဆိုတဲ့ စိတ်သောကနဲ့ တရှောင်ရှောင် မကျန်းမမာ ဖြစ်လာတယ်လေ၊ နောက်ဆုံးတော့ ဒေါ်သုန်ဟာ သူ့ မသေခင်လေးမှာ ကလေးတွေကို သူ လုပ်ပေးနိုင်သလောက် ကုသိုလ်ကောင်းမှုလေးတွေ ရည်စူးလုပ်ပေးခဲ့





တယ်။ ဘုရားမှာသွားပြီး အမြဲ့ဒွာန်ပုတီးစိပ်ပေးတယ်။ ဥပုသ်စောင့်ပေးတယ်၊ အဲဒီလို ကောင်းမှုလုပ်ပြီးတိုင်း ဘယ်လိုဆုကိုတောင်းသလဲဆိုတော့ ဒီကလေးနှစ်ယောက် အပေါ်မှာတင်နေတဲ့ ကျိန်စာတွေ ပြယ်ပါစေ၊ သစ္စာစူးနေတာတွေ ပြယ်ပါစေ၊ သံသရာမှာ တစ်ကြိမ်တစ်ခါလောက် ဒေါ်သုန်ရယ်၊ မောင်မိုးမောင်ရယ်၊ မကျေးဥရယ် အတူတူ လူဖြစ်ပြီး ဆုံရရင်ဖြင့် သူတို့နှစ်ဦးအပေါ် တင်နေတဲ့ကျိန်စာတွေပြယ်ဖို့ ဒေါ်သုန့်အနေနဲ့ ကူညီခွင့်ရပါစေ၊ ဒေါ်သုန် တိုက်တွန်းခဲ့လို့ ဒီကလေးနှစ်ယောက် သေကွဲ,ကွဲခဲ့ရတာမို့ သူတို့ ဘယ်တော့မှ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မခွဲရအောင် ကူညီပေးနိုင်ရပါစေ၊ ဆိုသော ဆုတစ်မျိုးတည်းကိုသာ အမြဲတောင်းပြီး ကုသိုလ်တွေ လုပ်ပေးခဲ့တယ်"

ထိုသို့ ရှင်းပြပြီးသောအခါ ဒေါ်ကြွစ္စတာသည် ဥ၏ ယ်ထိပ်ကို အသာလက်ဖဝါးဖြင့် အုပ်ကိုင်လိုက်ပြီးလျှင် ...

"သမီး ... ကျေးဥ၊ ဆရာမကြီးဟာ ဒေါ်သုန် ပြန်ဝင်စားတာပါ။ လူဖြစ်ကတည်းက မောင်မိုးမောင်နဲ့ မကျေးဥ အဖြစ် ပြန်ဝင်စားမဲ့သူနှစ်ဦးကို စောင့်လာခဲ့တဲ့သူပါ၊ အခုဘဝမှာ ရေစက်ပါပြီး ဆုံကြပါပြီ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အဆုံးသတ် ပြောလိုက်သောအခါ ဉမှာ အံ့ဩငေးကြောင်ပြီး အိပ်မက်ထဲမှ နိုးလာသလို ဖြစ်နေသည်။

"ယုံသလား သမီး"

ဉ,သည် မယုံဘူးလို့ ရင်ထဲမှာ ကြိုးစားပမ်းစား ငြင်းကြည့်ချင်သေးသည်။

သို့သော် နှလုံးသားထောင့် တစ်နေရာမှ ဘာမှန်း မသိသော အသံတစ်ခုကတော့ အဲဒါ ငါ့အကြောင်းပဲလို့ ဝန်ခံနေမိ၏။

"မောင်မိုးမောင်ကို ရှာပေးပါ သမီးရယ်။ သူ့မှာတင်နေတဲ့ ဝဋ်ကြွေးတွေပြေအောင် ကူညီပေးလိုက်ပါ၊ ဒီဘဝမှာ သမီးတို့ ချစ်ကြသူတွေ မဖြစ်ခဲ့ရင်တောင် လူတစ်ယောက်ရဲ့သံသရာမှာ ဝဋ်ကြွေးတွေ တင်မနေအောင် သမီးကူညီပေးသင့်ပါတယ်၊ ကုသိုလ်ရပါတယ် သမီး"

"ဘယ်လို ... ဘယ်လိုကူညီပေးရမှာလဲ"

"မောင်မိုးမောင်နဲ့ မကျေးဉနာမည်တွဲပြီး စေတီလေးတစ်ဆူ တည်ရမှာပါ၊ သစ္စာစူးနေတာတွေ ပြယ်ပါစေ၊ ဝဋ်ကြွေးတွေ ပြေပါစေ၊ ကျိန်စာတွေ ပြယ်ပါစေ ဆိုပြီး ဆုတောင်းပြီး တည်ရမယ်"





"သမီးဘာသာ တည်ပေးလိုက်ရင်ရော၊ ဥပမာပေါ့ ကိုမိုးမောင် မကျေးဉ အတွက် ရည်စူးတည်သော ဝဋ်ကြွေးကျေဘုရားပါလို့ ရည်စူးပြီး တည်ပေးရင်ရော"

"မရဘူး၊ ကာယကံရှင် မပါဘဲနဲ့ မရဘူး။ မောင်မိုးမောင် ဝင်စားသူ ကိုယ်တိုင် ရေစက်ချ အမျှဝေရမယ်လေ"

သိမ့်က စိတ်ပျက်သလို အသံဖြင့် ...

"ရှင်က မောင်မိုးမောင် ဝင်စားတဲ့သူလားဟင်လို့ ဘယ်သူ့ကို သွားမေးလို့ ရမှာလဲ ဆရာမကြီးရယ်။ ဒါမျိုးက လျှောက်မေးရင် ကိုယ့်ကို အရူးလို့တောင် အထင်ခံရဦးမှာ"

ဟု ဉ,ဘက်မှ အားမလို အားမရဖြစ်ပြီး ဝင်ပြောပါသည်။

"လိုက်ရှာရမှာပေါ့၊ ဒီလိုကြီး လိုက်မေးပြီး ရှာရမှာမျိုးတော့ မဟုတ်ဘူးပေါ့။ ဆရာမကြီးလည်း ကူညီပြီး ကြည့်ပေးပါ့မယ်၊ ဖြစ်နိုင်ရင်တော့ သမီး အချိန်ပေးနိုင်ရင် ဆရာမကြီးနဲ့အတူတူ ရွှေတိဂုံဘုရားမှာ မွေးနေ့တိုင်း တရားအတူတူ လိုက်ထိုင်ပေးပါ၊ အဓိဋ္ဌာန်ပုတီးလေး စိပ်ပေးပါ၊ ဒါဆို အချိန်တိုအတွင်းမှာ မောင်မိုးမောင်ကို ဆုံကိုဆုံရမှာပါ"

"ဘယ်သူ့မွေးနေ့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့မွေးနေ့ပဲပေါ့"

"တနင်္ဂနွေနေ့မှာ ..."

ဥသည့် ကိုယ့်ဘာသာ ရေရွတ်သလိုလို၊ အဆင်မပြေသလိုလို၊ ဆရာမကြီးကိုပဲ မေးသလိုလို မရေရာသောအသံဖြင့် ပြောမိသည်။

ဘယ်ဖြစ်မလဲ။ တနင်္ဂနွေနေ့ဆို အိမ်မှာ မိသားစုအားလုံး ဆုံကြတာလေ။ ကိုကြီးလည်း တစ်ပတ်မှာ ခြောက်ရက်လုံးလုံး စိတ်ရောဂါဝေဒနာသည်တွေရဲ့ တစ်ယောက်တစ်မျိုးသောရောဂါတွေကို ကြားနေရသူမို့ အဲဒီတစ်နေ့ပဲ သူ့စိတ်သူ အနားပေးနိုင်တာ။

"ပြောရရင်ကွာ အရူးတွေနဲ့ နေ့စဉ်တွေ့နေရတော့ ကြာရင်ငါပါရူးသွားနိုင်တယ်ဟ။ ဒါကြောင့် ပိုက်ဆံလည်းမမက်တော့ပါဘူး။ ဆန်းအေးလေး တစ်ရက်တော့ သားနဲ့ သမီးနဲ့ စိတ်အပန်းဖြေမှုပါဆိုပြီး ဆေးခန်းကို လုံးဝပိတ်၊ မိုဘိုင်းလ်ပါပိတ်ပြီး နေချင်တယ်"

အဲဒီတနင်္ဂနွေလိုနေ့မှာ ကိုကြီးဟာ မနက်ခုနစ်နာရီလောက်မှာ ထတတ်ပြီး သားတွေ သမီးတွေကို အတင်းလိုက်နှိုးကာ ...





"ထ ... ထ ... ဒင်းဆမ်း သွားစားမယ်"

ဆိုတာမျိုး။

"လပ်ကီးဆဲဗင်းမှာ မုန့်သွားစားမယ်"

ဆိုတာမျိုး။

"စိတ်တိုင်းကျမှာ မုန့်တွေပိုစုံတယ်၊ သွားကြရအောင်"

ဆိုတာမျိုးနဲ့ တစ်ပတ်တစ်မျိုး မရိုးရအောင် ဆိုင်တစ်မျိုးမဟုတ်တစ်မျိုး ပြောင်းစားတတ်သည်။ မုန့်စားပြီးတာနဲ့ နေသိပ်မပူသေးသော အချိန်မှာ ကန်တော်ကြီးထဲ ကဝင်လမ်းလျှောက်ရင်လျှောက်၊ မလျှောက်ရင် အင်းလျားမှာလမ်းလျှောက်၊ အဲဒါတွေမလုပ်ရင်လည်း သူကိုယ်တိုင် ကလေးတွေလက်ဆွဲ ဥကိုဆရာတင်ကာ ဟင်းချက်စရာတွေဝယ်သောဈေးထဲ ဝင်ဝယ်ရင်ဝယ်တတ်ပါသည်။ ဒီမောင်နှမနှစ်ယောက်ပဲရှိပြီး ဥမှာလည်း ဒီအစ်ကိုကလွဲရင် အားကိုးစရာလည်း မရှိသဖြင့် ကိုကြီးတို့သားအဖတွေသွားတိုင်း ဥ,ကတော့ တတန်းတန်း ပါရပါသည်။ မပါရင် ကိုကြီးကလည်း မကြိုက်။ ကလေးတွေကလည်း စိတ်မကောင်းဖြစ်တတ်သဖြင့် ဥ,ကတော့ ပင်တိုင်အထိန်းတော်ကြီးလို ပါနေရသည်။

တနင်္ဂနွေတစ်နေ့လုံးလည်း ကိုကြီးက ဥ ချက်ပေးတာတွေ စားပြီးတာနဲ့ အိမ်မှာအငြိမ်မနေ။ ကလေးတွေနဲ့ဥကို



www.burmeseclassic.com

www.burmeseclassic.com



ရှော့ပင်းလိုက်ပို့တတ်သည်။ ကစားကွင်းတွေ ဂိမ်းစင်တာတွေ လိုက်ပို့တတ်သည်။ ရန်ကုန်မြို့မှာရှိသော လည်စရာ ပတ်စရာ နေရာတွေကို တစ်ခုမဟုတ်တစ်ခု သွားတတ်သည်မို့ ညနေစောင်းမှပဲ အိမ်ပြန်နားရပါသည်။ တနင်္ဂနွေတစ်နေ့ဟာ ဥအတွက် ဘယ်လိုမှ အချိန်မပေးနိုင်သော နေ့ရက်လည်း ဖြစ်နေပြန်သည်။

မနက် ထသွားပြီး ဘုရားမှာ ပုံမှန်ကြီး ပုတီးသွားစိပ်နေလျှင် ကိုကြီးတို့ သားအဖတစ်တွေကို ဥ ဝင်မကူနိုင်။ ကလေးတွေက ဥ မရှိရင်မဖြစ်။ ကိုကြီးက သွားမယ်ဟော့ဆိုပြီး နှိုးရုံ၊ ခေါ်ရုံသာ။ ဥ့ကပဲ ကလေးမျက်နှာသစ် သွားတိုက်တာက အစ အကျီအဝတ်အစား ဖိနပ်ဝတ်တာအဆုံး လိုက်လုပ်ပေးရသူ ဖြစ်သည်။

"မနက်ပိုင်းလေး လေးဆယ့်ငါးမိနစ်လောက်ပါပဲ သမီး၊ သိပ်အစောကြီးလည်း ထ,လာစရာ မလိုပါဘူး၊ ခုနစ်နာရီလောက်ဆို ရပါပြီ"

"တနင်္ဂနွေဆို သမီးရဲ့အစ်ကိုကြီးက အိမ်မှာနားတာမို့ သမီး မအားတတ်လို့ပါ။ တနင်္ဂနွေမှရယ် မဟုတ်ပါဘူး။ ကြားရက်တွေဆို မနက်ပိုင်းတွေမှာ ဘယ်လိုမှ အပြင်ထွက်လို့မရအောင် မအားဘူး။ အခုလို သမီးကျောင်းသွားရတဲ့ အချိန်ပဲ အားတဲ့သဘော ဖြစ်နေတယ်"





ဒေါ်လှစ္စိတ်မှာ အံကြိတ်လိုက်သွားသလိုပုံစံဖြင့် ညည်းညည်းညူညူပြောသည်။

"အင်း ... သမီးမှာကလည်း သံယောဇဉ်မဖြတ်နိုင်တဲ့ကိစ္စတွေ ရှိနေတာကိုး၊ သမီးကိုယ်တိုင်ကလည်း ဆရာမကြီးတောင်းဆိုတဲ့အကြောင်းအရာကို ဘယ်စိတ်ပါလက်ပါရှိပါ့မလဲ။ ဒီဟာလုပ်ပေးရမှာက သမီးအတွက်မှမဟုတ်ဘဲလေ။ မိုးမောင်ဆိုတဲ့ လူတစ်ယောက် ဝဋ်ကြွေးကလွတ်ဖို့ လုပ်ပေးရမှာဆိုတော့ သမီး ဘယ်စိတ်ပါပါ့မလဲ။ အတိတ်ဘဝကသာ သိပ်ချစ်ကြတဲ့ ချစ်သူတွေဖြစ်ခဲ့ပေမယ့် အခုလက်ရှိကာလမှာတော့ သမီးတို့က တစ်ခါမှတောင်မတွေ့ဖူးကြတဲ့ သူစိမ်းတွေဖြစ်နေကြပြီပဲ"

"သမီး မလုပ်ပေးချင်လို့ပြောတာ မဟုတ်ပါဘူး၊ သမီးအတွက် နေ့ခင်းဘက်တွေကပဲ အဆင်ပြေလို့ပါ၊ နေ့ခင်းဘက်ဆို ကျောင်းကထွက်လာပြီး ဆရာမကြီးနဲ့ တရားထိုင်ပေးလို့ရပါတယ်"

"မနက်ပိုင်းမှာ ပိုပြီးသမာဓိအား ကောင်းတယ် သမီးရဲ့။ ပြီးတော့ ဆရာမကြီး အာရုံရထားတာကလည်း သမီးရဲ့ အခုဘဝက မွေးနေ့ရက်ဖြစ်တဲ့ တနင်္ဂနွေနေ့ကိုပဲ အာရုံရတယ်၊ ဖြစ်နိုင်ရင်တော့ ကြိုးစားပေးကြည့်စေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဥလည်း မကြိုတတ်တာမို့ ဘာမှ ဆက်မပြောတော့ဘဲ ပိုက်ဆံအိတ်ကိုသာ ဖွင့်ပြီး ဆရာမကြီးအား ဥာဏ်ပူဇော်ပေးဖို့ ပိုက်ဆံထုတ်လိုက်သည်။

"ဒီလိုလုပ်ပါလား ဥရဲ့"

သိမ့်က မနေနိုင်သလိုဖြင့် ဝင်ပြောလာသည်။

"နင့်အစ်ကိုကြီးနဲ့ ကလေးတွေက မနက်ခုနစ်နာရီလောက်မှ အိပ်ရာထပြီး ဟိုသွားဒီသွားလုပ်ဖို့ ပြင်ဆင်ကြတာဆို နင် ငါ့ကို ပြောဖူးတယ်လေ"

"အင်း ... ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လို့လဲ"

"မနက်ခုနစ်နာရီ မတိုင်ခင် နင် အပြင်ထွက်လို့ရပါတယ် ဟုတ်တယ် မဟုတ်လား၊ ဥပမာဟာ မနက်ငါးနာရီလောက် ဖြစ်ဖြစ် ငါးနာရီခွဲလောက်ဖြစ်ဖြစ် ဘုရားပေါ်ရောက်အောင် ရတာပဲ။ ဆရာမကြီးပြောတော့ လေးဆယ့်ငါးမိနစ်လောက်ပဲ ပုတီးစိပ်ရမှာလေ။ လွန်ရောကျွံရော ခြောက်နာရီခွဲ နင် ပုတီးစိပ်ပြီးနေပါပြီ။ ဘုရားကနေ အိမ်ပြန်ရောက်ရင် ခုနစ်နာရီလောက် အိမ်ရောက်ပါပြီ။ ငါပြောတာ နင့် အတွက် နည်းနည်းတော့ ပင်ပန်းတာပေါ့လေ။ ဒါပေမဲ့ နင် ဖြေရှင်းမရတဲ့ပြဿနာကို အကြံပေးကြည့်တာပါ"





သိမ့် ပြောတာဟုတ်တော့ဟုတ်ပါရဲ့။ ဒါပေမဲ့ ဒီလိုကြီး အပတ်တိုင်း မနက်အစောကြီးထသွားပြီး ပုတီးစိပ် တရားထိုင်ကို ဘယ်လောက်ကြာကြာ လုပ်ပေးရမှာလဲ။ ယုံရခက်ခက်၊ မယုံရခက်ခက် ဖြစ်နေတဲ့ အကြောင်းအရာတွေကို အရူးလိုပဲ စမ်းတဝါးဝါးနဲ့ ထ,လုပ်ရမှာ အဓိပ္ပာယ်ရှိရော ရှိရဲ့လား။

ဥ ဒီလိုတွေးနေတာကို အကဲခတ်တတ်ပုံရသော ဆရာမကြီး ဒေါ်ဣန္ဒိတဲမှာ ဥ အတွေးအဆုံးမှာပဲ ...

"ဆရာမကြီး အာမခံရဲပါတယ်၊ သမီးတို့ သုံးလအတွင်း ပြန်ဆုံရမှာပါ"

ဟူ၍ ဥ၏ အတွင်းစိတ်ကိုမြင်ဟန်ဖြင့် ပြောလိုက်သည့်အခါ ဥတစ်ယောက် အံ့သြမှင်တက်ရတော့သည်။

ဒေါ်ဣန္ဒိတဲဟာ တကယ်ပဲ အကြားအမြင်ရနေသူလား၊ သူမ ပြောခဲ့တဲ့ဇာတ်လမ်းထဲက ဒေါ်သုန်ဆိုသူ ပြန်ဝင်စားတာ တကယ်လား။

ကိုမိုးမောင်တို့ မကျေးဥတို့ဆိုတာ တကယ်ပဲ ရှိခဲ့သလား။ အဲဒီလူနှစ်ဦးဟာ အခုဘဝမှာ တကယ်ရော လူပြန်ဖြစ်ကြရဲ့လား။ ဥဟာ မကျေးဥဝင်စားတာ ဟုတ်ရောဟုတ်ရဲ့လား။ နှစ်ပေါင်းပဲ ခုနစ်ဆယ်နီးပါးရှိနေပြီ။ မကျေးဥဟာ အဲဒီကြားကာလတွေမှာ ဘယ်ရောက်နေသလဲ။ ဘာကြောင့် အခုမှ လူပြန်ဖြစ်ရသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဥသည် အတွေးတွေတသီကြီး ဖြစ်နေသော်လည်း ဘာကြောင့်မှန်းတော့မသိ။ ဒေါ်ကြူစွိတ်နဲ့အတူ တရားထိုင် ပုတီးစိပ် လုပ်ပေးဖို့ သိမ့် အကြံပေးသောအချိန်မှာလုပ်ရန် သဘောတူမိလိုက်ပါသည်။





# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



၈

ထိုတနင်္ဂနွေသို့ ရောက်သောအခါ ဥသည် မနက်ငါး နာရီမှာ နှိုးစက်အသံ မမြည်ခင်လေးတွင် ဖျတ်ခနဲ နိုးလာခဲ့သည်။ နှိုးစက်အသံကိုစောင့်ရင်း အိပ်ရာထဲလှဲနေလိုက်ပြီး နာရီစက်အ တချက်ချက်မြည်သည်ကို နားထောင်နေခဲ့မိသည်။ နားထောင်ရင်း နဲ့လည်း တွေးနေသည်မှာ ငါ ဘာကြောင့်များ ဒါကိုလုပ်မယ်လို့ စိတ်ဆုံးဖြတ် လက်ခံလိုက်သလဲ ဆိုတာပင်။

သိစိတ်မှာ မလုပ်ချင်ပေမဲ့ မသိစိတ်ထဲမှာတော့ လုပ်ချင်နေသည်ဟု ထင်ပါသည်။ နှိုးစက်မြည်သံ တုတု တု နှင့်ကြားသောအခါ ဥသည် နှိုးစက်ခလုတ်ကိုပိတ်လိုက်ပြီး အိပ်ရာ မှထလိုက်သည်။





ကိုယ်လက်သန့်စင်ပြီး ရေပါတစ်ခါတည်းချိုးလိုက် ပြီးလျှင် အင်္ကျီလုံချည်တို့ကို လဲလှယ်ဝတ်ဆင်ပြီး စိပ်နေကျ ပုတီးလေး လက်ကိုင်အိတ်ထဲထည့်၊ ကားသော့ကိုင်ပြီး ထွက်လာ သော့ မနက်ငါးနာရီပင်မခွဲသေး။

"ဆရာမကြီးကို သမီး လာခေါ်လိုက်နော်။ နှစ်ယောက် အတူတူ တစ်ခါတည်းသွားမှ ဘယ်ထောင့်ကိုသွားမယ်ဆို တာသိမှာ။ တစ်ယောက်နဲ့တစ်ယောက် ချိန်းနေရင် နေရာ လွဲကုန်လိမ့်မယ်"

ဒေါ်ကြူစီတာ မှာထားသည့်အတိုင်း ဥရဲ့ကားသည် ဒေါ်ကြူစီတာ၏အိမ်ကို မောင်းသွားခဲ့ပါသည်။ တစ်အိမ်လုံး မီးတွေ သင်းပြီး စောင့်နေဟန်တူသော ဒေါ်ကြူစီတာက ဥ့ကားမီးရောင်ကို မြင်တာနဲ့ အိမ်ရှေ့မှာ ကြိုရပ်စောင့်နေဟန်တူသည်။

ကားထဲဝင်ထိုင်လိုက်တာနဲ့ ...

"သမီး လာကိုလာမယ်ဆိုတာ သိပါတယ်ကွယ်"

ဟု ပြောလိုက်သလို ခရေပန်းရနံ့တွေလည်း သင်းပျံ့ သွားသဖြင့် ဥသည် စူးစမ်းသလိုကြည့်လိုက်တော့ ...

"ကိုမိုးမောင်က မကျေးဥနဲ့ဆုံဖို့ ချိန်းထားတဲ့ ချောင်းကလေး နံဘေးတောစပ်က ခရေပင်ကြီးအောက်မှာ ထိုင်စောင့်နေတဲ့ အခါတိုင်း ခရေပန်းလေးတွေ ရသမျှကောက် ပန်းကုံးသီ

www.burmeseclassic.com



ပြီး စောင့်နေတတ်တယ်။ မကျေးဥ ရောက်လာခဲ့ရင် မ
ရဲ့ တစ်ပတ်လျှိုဆံထုံးလေးမှာ ခရေပန်းကုံးလေး ပန်
တတ်တယ်လေ။ ဒီတော့ ဆရာမကြီးနဲ့သမီး ပုတီးစိပ်
ဘုရားကို ခရေပန်းကုံးလေးတွေ လှူပေးရမယ်၊ ဒါကြော
ခရေပန်းရောင်းတဲ့ကလေးတွေကို ညဦးကတည်းက လာ
မှာထားရတယ်လေ”

ဒီတော့ ဥသည် အခုမှ ကားထဲ ခရေပန်းပါလာ
ခရေပန်းနံ့ရတာနဲ့ အရင်ရက်တွေကတော့ ဘယ်ကဘယ်လို
မသိ ကိုယ့်ပတ်ဝန်းကျင်မှာလည်း မရှိဘဲ ရရလာတတ်တဲ့ ခ
ပန်းရနံ့ရတာနဲ့ကို ပြန်သတိရပြီး တွေးနေမိသည်။ ဒါတွေ
တိုက်ဆိုင်တတ်တာ မဖြစ်နိုင်ပါဘူးလေ။

“ငါးနာရီလေးဆယ့်ငါးမှာစပြီး အတူဘုရားရှိခိုးမယ်၊ ဘု
ရှိခိုး အမျှဝေပြီးရင် ဂုဏ်တော်ပုတီး စိပ်ကြမယ် သ
ဘယ်နှစ်ပတ်လဲဆိုတော့ ကိုမိုးမောင်အတွက်လို့ အရင်ဆု
ပြီး နှစ်ဆယ့်တစ်ပတ် စိပ်လိုက်ပါ။ ပြီးတာနဲ့ မကျေး
အတွက်လို့ရည်စူးပြီး အပတ်နှစ်ဆယ်စိပ်ပါ။ အားလုံးပေ
လေးဆယ့်တစ်ပတ်ပါ၊ အဲဒါပြီးရင် မနက် ခြောက်နာ
လောက်တော့ ဖြစ်နေမှာပါ”

ဥသည် အံ့ဩသံကလေးဖြင့် ...



“ဆရာမကြီး သမီးက အခု အသက်နှစ်ဆယ်”

ဟုပြောမိသည်။

“ဆရာမကြီး သိပါတယ်”

“ဒါ ... ဒါဖြင့် ...”

“ကိုမိုးမောင်နဲ့ မကျေးဥ အတူတူ ဆုံးပါးခဲ့တုန်းက နှစ်ယောက်စလုံး အဲဒီအသက်အရွယ်တွေ ရှိကြတာလေ၊ ဒါကြောင့် သံသရာတစ်ဝတ်ပြန်လည်ပြီး သမီးတို့ ပြန်ဆုံရရင်လည်း ကိုမိုးမောင် ဝင်စားသူဟာ အသက်နှစ်ဆယ့်တစ်နှစ်ပြည့်ပြီးနေမယ်၊ သမီးက အသက်နှစ်ဆယ်ပြည့်ပြီးနေမယ်။ မကြောက်ပါနဲ့ သမီး၊ ဘာမှ အခက်အခဲမရှိပါဘူး။ ဆရာမကြီး ပြောပြသားပဲ၊ သစ္စာစူးနေသူက ကိုမိုးမောင်ပါ။ သူက သစ္စာဆိုပြီး သစ္စာရည်သောက်ခဲ့ရတာလေ။ သူ့အတွက်ပဲ စိတ်ပူစရာရှိလို့ ဆရာမကြီး အလောတကြီး ကူညီနေတာပါ”

ဘုရားပေါ် အတူတူတက်လာတော့ မနက်စောစော ပေမယ့် လူစည်ကားနေတတ်သော ရွှေတိဂုံဘုရားရင်ပြင်မှာ ဆီမီး ပူဇော်သူ၊ ရေသပ္ပာယ်သူ၊ ပန်းကပ်လှူသူ၊ အရုဏ်ဆွမ်းကပ်သူ၊ ဝတ်ရွတ်သူတွေဖြင့် အသက်ဝင်နေတာတွေ့ရပါသည်။ ဥသည် ဒီလူတွေမြင်တော့မှ ကိုယ့်ကိုယ်ကိုယ်ပင် ရှက်သွားသည်။ ဥ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကို ရောက်တော့ရောက်ပေမယ့် မွေးနေ့လိုမျိုးနေ့မှာ နေ့လယ်ဘက်လောက်ရောက်လာပြီး အလှူအတန်းပြုတတ်သူသာဖြစ်သည်။ ဒီလိုမျိုး မနက်အစောကြီးလာဖို့ဆိုတာ ဥ စိတ်ပင်မကူးခဲ့ဖူးပါ။ ဥမှာ အပျိုဖော်ဝင်စကတည်းက ကိုကြီးရဲ့သားသမီးတွေကို ထိန်းကျောင်းပြုစုနေရတာနဲ့ပဲ သူတို့ကိစ္စတွေသာ ခေါင်းထဲထည့်နိုင်ပြီး ဘုရားစောစောလာဖို့၊ တရားစခန်းဝင်ဖို့ ခေါင်းထဲပင် မထည့်ခဲ့ဖူးပါ။

"ကိုမိုးမောင်ရဲ့မွေးနေ့ ကြာသပတေးထောင့်မှာ ပုတီးစိပ်ကြမယ် သမီး"

ဆရာမကြီး ရွေးချယ်ပေးသောထောင့်မှာ ဘုရားရှိခိုးပုတီးစိပ် လုပ်သောအခါ ဥ ရင်ထဲတွင် တစ်ခါမှမရဖူးသော အေးချမ်းတည်ငြိမ်ခြင်းကို ရလာသည်ဟု ခံစားရသည်။

အိမ်မှာ ပုတီးစိပ်တော့ စိပ်ပေမယ့် ဒီလောက်အပတ်ရေအများကြီးလည်း မစိပ်ဖူးခဲ့သလို ဒီလောက်လည်း အာရုံမဝင်စားမိဖူးပါ။ အလွန်ဆုံး သုံးပတ်လောက်သာ စိပ်နိုင်ပြီး နိုနိုတို့ ပိုပိုတို့ ကိစ္စတွေ လာရှုပ်တာနဲ့ပဲ ဘယ်တော့မှလဲ အာရုံကောင်းကောင်းမရဘဲ ပုတီးပတ်ကို ပြီးလိုက်ရတာများပါသည်။ အခုလို အာရုံစုစည်းပြီး သေသေချာချာ စိပ်သောအခါ ရင်ထဲမှာ ရှုပ်ထွေးနေတာတွေပဲ ရှင်းသွားသလိုလို၊ အရင်ကမသိခဲ့တာတွေပဲ သိလာ





သလိုလို၊ ထူးထူးဆန်းဆန်းပင် ဥ လုံးဝမတွေ့ခဲ့ဖူးသော ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့ကို မျက်စိထဲ မြင်ယောင်လာသလိုလို။

ထိုယောက်ျားမှာ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်လှကာ ညိုမောင်းလှသော အသားရောင်ရှိသည်။ ဖျင်ကြမ်းရှပ်အင်္ကျီအပေါင်းကြီးနှင့် ပုဆိုးတိုတိုဝတ်ထားသော သူ့အသွင်က နွမ်းပါးလှပေမယ့် သူ့ရုပ်ရည်မှာ တည်ကြည်မြင့်မြတ်လှကြောင်း ဥ အာရုံထဲမှာ သတိထားမိသည်။ သူက သူ့ကိုယ်သူ ...

"ကျွန်တော်က ကိုမိုးမောင်ပဲ",

လို့ ဝန်ခံနေသယောင်ယောင် မျက်ဝန်းအစုံဖြင့် ဥ၏ရင်ထဲကို ကြည့်သည်ဟု ခံစားရသည်။

ထို့အတူ အသားအရေလေးမှာ ဖြူထွေးအိစက်နေကာ မင်းသမီးရုပ်လေး တစ်ရုပ်လိုပဲ ချောမောလှပလွန်းသော တစ်ပတ်လျှိုဆံထုံးမှာ ခရေပန်းကုံးလေး ပန်ထားတဲ့ အမျိုးသမီးလေးရဲ့ မျက်နှာကတော့ ကြည့်ရင်း ကြည့်ရင်း ဥဟာ ကိုယ့်ရုပ်ကိုယ် အပြင်အဆင်ပြောင်းပြီး ကြည့်နေရသလိုလို ခံစားရသည်။ သူမဟာလည်း ...

"ကျွန်မ မကျေးဥပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောနေသယောင်ယောင် အပြုံးမျက်နှာလေးနဲ့ ဥကို ကြည့်သည်လို့ ခံစားရသည်။

ဥသည် အာရုံဝင်စားပြီး ပုတီးသာ စိပ်နေရသည်။ အာရုံထဲမှာဝင်လာသော ထိုသူနှစ်ဦးကိုတော့ ...

တောက်လျှောက် ဖျောက်ဖျက်ပစ်လို့မရဘဲ ပုတီးပတ်ပြည့်အောင် စိပ်နေရပါသည်။ ပထမနှစ်ဆယ့်တစ်ပတ်မှာ ကိုမိုးမောင်အတွက်။ ဒုတိယအပတ်နှစ်ဆယ်မှာ မကျေးဥ အတွက်။ ဂုဏ်တော်ပုတီးစိပ်ပေးရသော အကျိုးအားကြောင့် သူတို့အပေါ်မှာ သက်ရောက်နေတဲ့ ဆိုးကျိုးတွေ၊ ကျိန်စာတွေ၊ သစ္စာစူးတာတွေ ဝဋ်ကြွေးတွေ ပြေပါစေ။ ဥသည် မထင်မှတ်ဘဲလည်း ဆုတွေ အခါခါတောင်းပေးမိပါသည်။

ပုတီးပတ်ပြည့်သောအခါ မျက်လုံး ဖွင့်ကြည့်လျှင် ဒေါ်က္ကစ္စိတ် တစ်ယောက် ပုတီးပတ်ပင်ပြည့်နှင့်ပြီး ဆက်တရားထိုင်နေတာတွေ့ရသည်။ သို့သော် ဥ ပုတီးပတ်ပြည့်တာနဲ့ အသံမပေးပေမယ့်လည်း ဥ ပြီးပြီဖြစ်ကြောင်း ဒေါ်က္ကစ္စိတ် သိသလိုနှင့် မျက်လုံးတွေ ပြန်ဖွင့်ကြည့်လိုက်လေသည်။

"ပြီးရင် သွားကြတာပေါ့"

"ဟုတ်ကဲ့"

"သမီး ဘယ်ဝင်ချင်သေးလဲ"



"ရှင် ..."

"သြော် ... ဘုရားရောက်တုန်း ဘယ်တွေများဝင်ကြည့်ချင်သေးသလဲ လို့ပါ"

"မဝင်တော့ပါဘူး၊ နောက်အပတ်ကျမှ ဒီထက်ပိုစောစောလေး ဘုရားကိုလာလိုက်မယ်၊ စောစောပြီးတော့မှပဲ ဘုရားပတ်လို့ရမယ်၊ အခုတော့ အိမ်မှာ ကိုကြီးတို့သားအဖတွေ နိုးနေလောက်ပြီလား မသိဘူး"

ဥတို့ ဘုရားပေါ်မှ ဓာတ်လှေကားမစီးဘဲ ဒီတိုင်းခြေကျင်ဆင်းလာဖြစ်ပါသည်။ ထိုသို့ဆင်းလာလျှင် ...

"သမီး ပုတီးစိပ်ရတာ ဘယ်လိုနေလဲ၊ အာရုံစုစည်းလို့ ရရဲ့လား"

"ရတော့ရပါတယ်၊ ဒါပေမဲ့ အာရုံထဲကို သမီး မသိတဲ့သူတွေ တော့ဝင်လာတယ်"

"ကိုမိုးမောင်နဲ့ မကျေးဥလား"

"ဆရာမကြီးဆီကိုရော ဝင်လား"

"ဝင်လာတာပေါ့၊ သူတို့အတွက် ရည်စူးပြီး လုပ်ပေးတာဆိုတော့ သူတို့ကို ပြန်မြင်ရတာပေါ့"

"သမီး အခုတော့ တော်တော်လေး ယုံလာပါပြီ"

"ဒီကိစ္စတွေကို သမီး အစ်ကိုကြီးကို ပြောပြမှာလား"

www.burmeseclassic.com



"အဟင်း ... အဲဒါတော့ စဉ်းစားရဦးမယ်၊ ဘာလို့လဲဆို တော့ ကိုကြီးက စိတ်ရောဂါကုတဲ့ အထူးကုဆရာဝန်ကြီး လေ။ သူက အဲဒါမျိုးတွေ ယုံလည်းမယုံဘူး။ ပြောရင်လည်း မကြိုက်ဘူး။ သူ့ဆီလာတဲ့ လူနာတချို့ကလည်း အဲဒါမျိုး ခပ်ကြောင်ကြောင်တွေ ပြောတာရှိတော့ သူသာကြားရင် စိတ်ရောဂါရှိလို့ဆိုပြီး ရောဂါနာမည်ကောက်တပ်ခံရလိမ့် မယ်ထင်တယ်"

"သူ့ဆီလာတဲ့လူနာတွေထဲမှာ လူဝင်စားတွေဘာတွေ ပြော တဲ့လူနာမျိုးတွေ ရှိတယ်ပေါ့ ဟုတ်လား"

"ကိုကြီးက သူ့လူနာတွေအကြောင်း သေသေချာချာတော့ အသိမပေးပါဘူး၊ ဆရာဝန်ကျင့်ဝတ်ထဲမှာရှိတယ်တဲ့။ ကိုယ့် လူနာရဲ့ကိုယ်ရေးကိုယ်တာကို ဆရာဝန်သာ သိထားရမယ် တဲ့၊ ဒီတော့ သူက အများကြီး မပြောပါဘူး။ အကုန်လုံး လည်းမပြောပါဘူး။ တစ်ခါတလေကျမှ စကားစပ်မိလို့ နည်းနည်းပြောပြတာမျိုးပါ၊ တချို့က သူ့ကိုယ်သူ သိုက် ကလာတယ်ပြောပြီး ရူးနေတာရှိတယ်တဲ့၊ တချို့က သူ့ကိုယ် သူ အနော်ရထာမင်းကြီးရဲ့ အမျိုးအနွယ်လိုလို ထင်ပြီး ဘဝင်မြင့်ရူး ရူးနေတာတဲ့၊ အဲဒါမျိုးလေးတွေပဲ ပြောလိုက်





ရုံပြောတာပါ၊ ဘယ်လူနာက ဘာရောဂါနဲ့ ဘယ်လို ပြော တာရယ်တော့ အတိအကျ ထည့်မပြောပါဘူး"

"ဟော ... ဘယ်သူများလဲလို့"

ဥနဲ့ စကားပြောရင်း ကားပါကင်ရှိရာဆီ ဆင်းလာ သော ဆရာမကြီးမှာ ဥစကားမဆုံးခင်မှာပင် လူတစ်ဦးကို မြင် သဖြင့် သိကျွမ်းပြီးနှင့်ပုံစံနဲ့ လှမ်းနှုတ်ဆက်လိုက်သောကြောင့် ဥလည်း ပြောလက်စရပ်သွားပါသည်။

မော်(ခ်)တွားဆလွန်းကားအကောင်းကြီးဘေးတွင် ရပ် နေသော အမျိုးသားကြီးတစ်ဦးကို နှုတ်ဆက်လိုက်တာဖြစ်သည်။

"ဆရာမကြီးပါလား၊ ဘုရားတက်ပြီးပြီလား"

"ဟုတ်တယ်ရှင်၊ မနက်ပိုင်း ဘုရားကို စောစောလာတာ တော့ ကျွန်မရဲ့ နိစ္စဓူဝအလုပ်ပါပဲ"

"ကျွန်တော်ကတော့ ခုတလောမှာ ကျွန်တော့်အလုပ်ရှင် ကို လိုက်လိုက်ပို့ပေးနေရလို့ ဘုရားလည်း စောစောရောက် ဖြစ်ပါတယ်၊ ဘုရားပေါ်တက် တစ်ပတ်ပတ်ပြီးရင် ခဏ ဘုရားရှိခိုးပြီးတာနဲ့ အလုပ်ရှင် ပြန်မဆင်းခင် ကြိုရောက် အောင် ပြန်ဆင်းပြီး စောင့်နေတာပါ"

"ကောင်းတာပေါ့၊ ကုသိုလ်တွေရတာပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အလုပ်ရှင် အမျိုးသမီးလည်း ကျွန်တော်က ဆရာမကြီးဆီ လွှတ်ချင်နေတာပါ။ သူတို့က အဲဒါမျိုးတွေ အယုံအကြည်မရှိဘူး ဆိုတော့ အကြံထပ်မပေးရဲဘူးလေ။ သူ့သားလေးတစ်ယောက်တည်းရှိတာဗျာ၊ အပမှီသလိုလို ဘာလိုလိုဖြစ်ပြီး နေရင်းထိုင်ရင်း အကောင်းကြီးကနေ အိပ်မက်ဆိုးတွေကြောင့် နာလန်မထူဘဲ ရောဂါသည်လုံးလုံး ဖြစ်နေပြီ"

"သြော် ... ဖြစ်ရလေ"

"သူကတော့ ဘုရားမှလွဲ၍ ကိုးကွယ်အားထားစရာမရှိဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ အမျိုးသမီးဆိုတော့ သူ့သားအတွက် သူ အားရင် အားသလိုပါပဲ အားတဲ့ရက်တိုင်း ဘုရားလာပြီး အလှူအတန်း လုပ်ပေးနေတယ်၊ ဘယ်ဗေဒင်ဆရာမှလဲ မေးတာမဟုတ်ဘူး။ သူ့စိတ်ကူးနဲ့သူပဲ၊ တစ်ခါတလေ ကောက်ညှင်းပေါင်းနဲ့ပဲပြုတ်တစ်တောင်းကြီး ဝယ်ချလာပြီး ဘုရားလာတဲ့လူတွေကို အကုန်လှူပေးတယ်။ တစ်ခါ တလေလည်း စာအိတ်ထဲ ငွေနှစ်ရာတန်တွေ တစ်အိတ် တစ်ရွက် ထည့်ယူလာပြီး ငွေတစ်သောင်းဖိုးလောက်ပေါ့ ထည့်လာတာ ..."





တွေ့သမျှဘုရားပေါ်မှာရှိတဲ့ သံဃာနဲ့သီလရှင်ရယ် သက်ကြီးရွယ်အို နွမ်းပါးတဲ့သူရယ်ကို လှူတယ်တဲ့၊ တစ်ခါလာတစ်မျိုးပါပဲ၊ သူ့သားအတွက်ဆိုပြီး လှူပေးနေတာလေ"

ထိုလူကြီးက ဘာသဘောနဲ့ပြောသည်ရယ်တော့မသိ။ ရာမကြီးမှာ ထိုအကြောင်းအရာကို သေချာစွာနားထောင်မှတ်သား တာတော့ ဥ သတိထားမိခဲ့သည်။

ဆရာမကြီးနဲ့ တစ်လမ်းလုံး ဘာစကားမှမပြောဖြစ် ဘဲ တိတ်ဆိတ်စွာ ပြန်လာခဲ့ကြပြီး ဥက ဆရာမကြီးကို သူ့ မှာ ဝင်ချပေးရပါသည်။

"သမီး အကြောင်းတစ်ခုခုပေါ်လို့ မလာနိုင်တဲ့ တနင်္ဂနွေ အပတ်မျိုးတွေရှိရင် ဖုန်းဆက်လိုက်လို့ရတယ်၊ ဆရာမကြီးရဲ့လက်ထောက်ကောင်မလေး ဖုန်းကိုင်လိမ့်မယ်"

"ဟုတ်ကဲ့"

"အေး ... အေး ... သွားတော့ သမီး။ သွားလမ်းလာလမ်းတွေ ဖြောင့်ဖြူးပြီး ဘဝအေးချမ်းပါစေကွယ်"

ဥ ဆရာမကြီးကို ထားရစ်ခဲ့ပြီး အိမ်သို့ ကားမောင်း လာသောအခါ မနက်ခုနစ်နာရီကျော်လေးမှာ အိမ်ရောက်ပါ ည်။ ကိုကြီးက နိုးနှင့်နေပြီး ထုံးစံအတိုင်း သားတွေ သမီးတွေ လိုက်တောင်နိုးပြီးနေပြီ။ ဥ အိမ်ထဲဝင်လာတော့ ထွက်ကြည့် ...



www.burmeseclassic.com

www.burmeseclassic.com



"စောစောစီးစီး ဘယ်ထွက်သွားတာလဲ၊ ငါ့ညီမလေး ဒီလို မထွက်စဖူးထွက်လို့ အံ့သြနေတာ"

"ဉ ရွှေတိဂုံဘုရားမှာ ခပ်စောစောလေးသွားပြီး ပုတီးစိပ်တာပါ၊ ဉရဲ့ မွေးနေ့တိုင်း ပုတီးစိပ်ချင်လို့ပါ"

"အံမယ် ... တယ်ဟုတ်ပါလား၊ ဒါ ဘယ်သူ့အကြံလဲ၊ မဟုတ်မှလွဲရော သိမ့်သိမ့်သဲနဲ့ပေါင်းပြီး ဗေဒင်တွေ ယတြာတွေလုပ်နေပြီထင်တယ်"

ကိုကြီးက ဉ၏ တစ်ဦးတည်းသော သူငယ်ချင်းကို သိပြီးဖြစ်၍ သတိတရပြောသည်။

"ယတြာချေတာတော့ မဟုတ်ပါဘူး၊ ဉလည်း သူများတွေက မွေးရက်ရောက်တိုင်း မနက်အစောကြီး ဘုရားတက်ပြီး ပုတီးစိပ်ကြ၊ တရားထိုင်ကြတာကို ကြားတော့ အားကျပြီး နည်းနည်း လုပ်ကြည့်ချင်လို့ပါ။ ဉတို့ ဘုရားသွားရင် အမြဲတမ်းနေ့လယ်တွေ ညနေပိုင်းတွေဖြစ်နေတတ်တာလေ၊ တစ်ခါမှ မနက်အစောကြီးလည်း မသွားဖူးဘူး။ ပြီးတော့ ဘုရားသွားတိုင်း တူ၊ တူမတွေ တန်းလန်းနဲ့ဆိုတော့ ဉမှာ ဘုရားတောင် ဖြောင့်အောင်မရှိခိုးနိုင်ဘဲ ဖူးလိုက်ရတာများတယ်၊ အဲဒါကြောင့် ကလေးတွေမပါတုန်း သွားကြည့်တာပါ"





"အေးပါ သွားပါ၊ ဘုရားသွားတာ ဘာအပြစ်မှမရှိပါဘူး။ လုပ်နိုင်ရင်ပြီးတာပဲ။ ကဲ ... ကဲ ... နင့်တူ တူမတွေတော့ နိုးပြီးနေပြီ၊ သားကြီးက သူ့ဘာသာ ထ,လုပ်နေပေမယ့် ပိုပိုကတော့ သိတဲ့အတိုင်းပဲ တီဉ မတွေ့လို့တဲ့ ကောက်တော်မူနေတယ်၊ မထ,ဘူး"

ကိုကြီးက သိပ်အစစ်ဆေး အမေးအမြန်း မရှိဘဲ ဉကို သူ့သားသမီးတွေကိစ္စ သွားလုပ်ပေးဖို့ ပြောတော့မှပဲ ဉ ထွက်လာခဲ့တော့သည်။ ကိုကြီးကို အမှန်အတိုင်းတော့ အသိမပေးချင်။ အသိလည်းမပေးရဲ။ ဆရာမကြီး၊ ဒေါ်က္ကုစ္စိတံ ပြောတိုင်း နားယောင်ပြီး လိုက်လုပ်ရသလားလို့ အပြစ်တင်ခံရမှာကို ကြိုသိနေသည်။

နိုနို၊ ပိုပိုတို့ကို အဝတ်လဲ ပြင်ဆင်ပေးပြီးသောအခါ ကိုကြီးကိုယ်တိုင် သူ့ကားဖြစ်သော Honda CRV ကိုမောင်း၊ နိုနိုက ရှေ့ကထိုင်၊ ဉနဲ့ ပိုပိုက နောက်ကထိုင်ပြီး ထွက်လာကြသောအခါ မနက်ခုနစ်နာရီခွဲတော့ ရှိနေပြီဖြစ်သည်။

ဒီနေ့လိုမျိုးနေ့တွေမှာ အမြဲတမ်း မျက်နှာကြီးတည်ပြီး ခေါင်းထဲမှာ တစ်ခုခုတွေးနေသလို ပုံစံရှိတတ်သော ကိုကြီးမျက်နှာလည်း တော်တော့်ကို လန်းဆန်း ရွှင်ကြည်နေတတ်လေသည်။

၇



www.burmeseclassic.com

www.burmeseclassic.com



"ညနေစာကို ဥဒေါင်း လက်ရာ ငါးရံ့အုပ်ဟင်းစားမယ်ဟော့၊ အပြန်ကျ လှည်းတန်းဈေးဝင်ပြီးဝယ်မယ်၊ ငါးရံ့အူဆီပြန် ရယ်၊ မုန့်လာဥချဉ်ရည်လေးရယ် စားချင်တယ်"

"ကိုကြီးက ညနေစာကျမှ ငါးရံ့အူစားပြန်ပြီ၊ တော်ကြာ ဇက်ကြောတက်တယ် ဖြစ်ဦးမယ်"

"ဟ … ကျန်တဲ့ကြားရက်တွေလည်း ငါမှာ မစားရဘူးလေ။ လူနာတွေနဲ့စကားပြောရင် ဇက်ကြောတက်မှာစိုးလို့ မစား ရဘူး။ အလုပ်နားရက်လေး တစ်ရက်ရှိတာ စားချင်တာ တွေ အကုန် လျှောက်စားပြီးမှ ဆေးသောက်တော့မယ် ကွာ"

"ကိုကြီးလည်း အစားသောင်းကျန်းတာနဲ့ပဲ ဗိုက်က ထွက် နေပြီ။ လူက မဝဘူး၊ ဗိုက်က နည်းနည်းစူလာပြီ"

"ရှုပစေပေါ့၊ ဘာဖြစ်လဲ၊ အသက်လည်း သုံးဆယ့်ငါးကျော် နေပြီ။ ပြီးတော့ ကလေးနှစ်ယောက်အဖေကြီးလေ၊ အဖေ ဆိုတာ ဒီလိုပုံဖြစ်မှ ကြည့်ကောင်းတယ်လို့ ငါ ထင်တယ်"

"ဥရဲ့ သူငယ်ချင်း သိမ့်ကို ဘယ်နားသွားထားမလဲ"

"ဘာလဲ … ဘာပြောတာလဲ"

"ဥ,က သူနဲ့ ကိုကြီးကို ကျိတ်သဘောတူနေတာ"





"ဟာ … မဟုတ်တာတွေ။ ညီမအရွယ် တက္ကသိုလ်ကျောင်း သူ အပျိုလေးကို ငါ့လို ကလေးအဖေမုဆိုးဖိုကြီးနဲ့ သဘော တူစရာလား"

"ကိုကြီးတစ်ယောက်တည်း ဒီလိုကြီး တစ်သက်လုံးနေ သွားတော့မလို့လား"

"အောင်မာ … ဒီကောင်မလေး ငါ့ကို အတင်းမိန်းမယူ ခိုင်းနေတယ် ကြည့်စမ်း။ ဘာလဲ နင့်မှာ ရည်းစားရှိနေပြီ မို့ ငါ့ကိုပါ မြန်မြန်အဖော်ရှာခိုင်းတာလား၊ ပြောစမ်း"

"မဟုတ်ပါဘူး၊ ဥမှာ ရည်းစားမရှိပါဘူး။ ဥက ကိုကြီး အတွက်ပြောတာပါ။ သားတွေ သမီးတွေဆိုတာက သူတို့ အရွယ်ရောက်လာရင် ကိုယ့်ဘဝကိုယ် လျှောက်ကြမှာလေ၊ အဲဒီကျမှ ကိုကြီး တစ်ယောက်တည်း အဖော်မဲ့မှာ စိုးလို့ ပါ"

"မစဉ်းစားချင်သေးပါဘူး၊ ခုလောလောဆယ် ငါ့မှာ သား နဲ့သမီးရှိတယ်။ ညီမရှိတယ်၊ သူတို့နဲ့တင် ပြည့်စုံနေပြီလို့ ထင်တယ်"

နိုနိုကတော့ ဆယ်နှစ်သားပီပီ အရာရာကိုလည်း သိနေကာ စကားပြောလည်း တတ်လှသဖြင့် ဝင်ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တီဥမှာ ရည်းစားမရှိဘူးဆိုတာ သားက ကျောင်းမှာ ရဲကျော်တို့ကို ပြန်ပြောပြရသေးတယ်"

"အံမာ ... မင်းက နေရင်းထိုင်ရင်း အဒေါ်မှာ ရည်းစားမရှိတာ ကြော်ငြာစရာလား"

"ကြော်ငြာတာမဟုတ်ဘူး၊ ရဲကျော်ရဲ့အစ်ကိုဝမ်းကွဲတစ်ယောက်က ကျောင်းလာကြိုရင်း တီဥကို တွေ့ပြီး ကြိုက်လို့တဲ့။ ရဲကျော်ကို တစ်ဆင့်ပြန်မေးခိုင်းတာနဲ့ သားက ပြောပြရတာ"

"ဟုတ်လား ဥဒေါင်း"

"ဟာ ... ကိုကြီးကလည်း ကလေးတွေလျှောက်ပြောတာ ဥ ဘယ်သိမှာလဲ။ ရဲကျော်ရဲ့အစ်ကိုဆိုတာ မြင်တောင်မမြင်ဖူးပါဘူး"

ကိုကြီးက ဥကို ကားနောက်ကြည့်မှန်ထဲမှတစ်ဆင့် လှမ်းကြည့်ရင်း ...

"ဥဒေါင်းကို ငါက မချုပ်ချယ်ပါဘူး။ ကိုယ့်ဘာသာ သဘောကျတဲ့လူရှိရင်လည်း ငါ့ကိုပြောပေါ့၊ ရည်းစားရှိထားရင်လည်းပြောပေါ့။ ငါ လက်ခံပါတယ်၊ ငါတို့သားအဖတွေကိုပဲ ပြုစုစောင့်ရှောက်ပြီး တစ်သက်လုံး အပျိုကြီးလုပ်ရမယ်လို့ မပြောပါဘူး၊ ဒါပေမဲ့ ညီမလေး ဒီတစ်ယောက်တည်း





ရှိတာဆိုတော့ စောစောစီးစီး အိမ်ထောင်ပြုပြီး ခွဲထွက်သွားမှာတော့ မလိုလားဘူး။ ဖြစ်နိုင်ရင် အစိတ်ကျော် သုံးဆယ်လောက်မှ စဉ်းစားစေချင်တယ်"

ဟူ၍ ပြောလျှင် ဥသည်လည်း စိတ်ပါလက်ပါပင် ...

"စိတ်ချပါ ကိုကြီး၊ ဥလည်း အခု ဘာမှမစဉ်းစားသေးပါဘူး"

ဟု ချက်ချင်း အလွယ်တကူ ပြန်၍ ကတိပေးနိုင်ခဲ့လေသည်။

တကယ်တော့ ဥ၊ဟာ နောက်မကြာမီကာလအတွင်းမှာ ဆုံစည်းရမယ့်ကံကြမ္မာတစ်ခုကို ကြိုမမြင်ခဲ့၍ ကတိလွယ်လွယ်ပေးခဲ့တာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၉

မိုးခြိမ့်ညံသည် ဒီတစ်ခါ အိပ်မက်မှ နိုးလာသော အခါ အရင်အိပ်မက်များစွာတွေတုန်းက မသဲမကွဲ ဖြစ်နေခဲ့သော ကျေးဥ၏ မျက်နှာလေးကို သေသေချာချာ မြင်လိုက်ရသဖြင့် ရင်ထဲတွင် ကြည်နူးခြင်းများနဲ့ နိုးထလာခဲ့ရတာဖြစ်သည်။ ရင်ထဲ မှာရော သူ့နှုတ်ဖျားတို့မှာပါ ရေရွတ်မိသည်။

"ကျေးဥ ... ကျေးဥ ... ဥ ... ဥ ... ဥရယ် ဝမ်းသာလိုက်တာ၊ ဥကို မောင် တွေ့ရပြီ"

နာရီကြည့်လိုက်တော့ ထုံးစံအတိုင်းပဲ အိပ်မက်မှ နိုးလာတတ်ချိန် မနက် ငါးနာရီကျော်လောက်ဖြစ်နေသည်။ မေမေ ဘုရားရှိခိုးသံကိုလည်း ကြားနေရသည်။ အခုနောက်ပိုင်း မေမေဟာ





မိုးခြိမ့်ညံကြောင့် ဘုရားကို ပိုပြီး ရှိခိုးလာသည်ဟုလည်း ထင်ပါသည်။

မိုးခြိမ့်ညံအတွက်ကတော့ နေ့ရက်တွေဟာ အဓိပ္ပာယ် မရှိတော့သလိုပဲ ဖြတ်သန်းလာခဲ့တာ ဘယ်လောက်ကြာပြီလဲ။ လေးလလား ငါးလလား။

လူက ဆေးတွေသောက်ရသောဒဏ်ဖြင့် မှုန်မှိုင်းရီဝေနေကာ ဘယ်မှမသွားဖြစ်တာတောင်ကြာပြီ။

"ငါတို့ စိတ်ကောင်းလိုက်တာ မိုးခြိမ့်ရာ၊ ဆိုင်ကို မင်း လုံးဝ မလာတော့ဘူးကွာ"

နေလင်းဝင်းနဲ့ ကျော်ဇင်တို့ မိုးခြိမ့်ညံထံ မကြာခဏ အလည်ရောက်လာကြတိုင်း စိတ်မကောင်းစွာပြောပြီး ပြန်ရုံအပြင် မိုးခြိမ့်ညံဘက်မှ ဘာမှ တိုးတက်မလာသော အခြေအနေနဲ့ ရှိခဲ့တာ လပေါင်းများစွာပင် ကြာခဲ့ပြီ။

လူက အကောင်းကြီး ကျန်းကျန်းမာမာကြီး ရှိနေပေမဲ့ အလိုလိုနေရင်း လူမမာပုံထွက်ကာ အိပ်ချင်မှုံတူး ရီဝေဝေ မှုန်မှိုင်းမှိုင်း ဖြစ်နေသော မျက်ဝန်းအစုံဖြင့် မိုးခြိမ့်ညံ ကိုယ်တိုင် လည်း အိပ်မက်ထဲက အကြောင်းအရာကလွဲရင် ဘာကိုမှ စိတ်မဝင်စားခဲ့တာမို့ ဘယ်မှကိုမသွားတော့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရယ်၊ ဆေးခန်းရယ်ကလွဲရင် ဖွင့်ထားသော အရပ်ဆိုင်လည်းမသွား။ သူငယ်ချင်းတွေနဲ့ ထပ်ဖွင့်ကြမည်ဆိုသော မိနီမားကပ်လေးကိစ္စလည်း စိတ်မဝင်စားလို့ အားလုံး ရပ်ထားပြီး ဆက်မလုပ်တော့။ မိုးခြိမ့်ညံရဲ့ကားဆို သူ မမောင်းတော့လို့ ဖုန်တက်နေပြီ။ ကားဂိုဒေါင်ထဲမှာ ဒီအတိုင်းပဲ ရပ်ထားတာ ကြာလှပြီ။

"မေမေ သားအတွက် ရည်စူးပြီး ကောင်းမှုလုပ်ပေးနေတာ၊ ဘုရားကို တစ်ရက်တလေလိုက်ပြီး ကိုယ်တိုင် ရဟန်းသံဃာနဲ့ သီလရှင်တွေကို လှူကြည့်ပါလား သားရယ်၊ စိတ်ထဲလည်း ကြည်နူးမှုရပြီး အာရုံတွေရှုပ်နေတာတွေ ရှင်းကုန်တာပေါ့"

မေမေက အခုနောက်ပိုင်း မိုးခြိမ့်ညံအတွက်ဆိုကာ ဘုရားသွား၊ ပုတီးစိပ်၊ အလှူလုပ်ပေးနေသဖြင့် ထိုသို့ ဘုရားလိုက်ခဲ့ဖို့ခေါ်လည်း မိုးခြိမ့်ညံ မလိုက်ဖြစ်ခဲ့ပါ။

အိမ်တွင်းအောင်းသလိုကြီး ဖြစ်နေလို့တောင် မိုးခြိမ့်ညံကို ကြည့်ပေးရသော ဒေါက်တာစိုးအုပ်ကျော်ကပင် ...

"အိမ်ထဲမှာပဲအောင်းပြီး မနေနဲ့ပေါ့။ အပြင်သွားပါ။ ဆိုင်ဖွင့်ထားတယ်ဆို။ အဲဒီပလာဇာကိုသွားပြီး ပြန်ဆိုင်ထိုင်ပါလား၊ ဒါမှမဟုတ် စိတ်ပြေလက်ပျောက် ခရီးထွက်ကြည့်ပါလား"

ဟူ၍ အကြံပေးသောကုထုံးဖြင့် ကုလည်းမရ။





မိုးခြိမ့်ညံ ကိုယ်တိုင်က လောကကြီးထဲမှာ အသက်ရှင်ရတာ အဓိပ္ပာယ်မရှိတော့သလိုလို၊ မိုးမောင်ဘဝနဲ့ သစ္စာရည်သောက်ခဲ့ဖူးတဲ့အတွက် မကြာခင် သစ္စာစူးရတော့မှာကို ထိတ်လန့်နေသလိုလို ဖြစ်ခဲ့တာကြာပြီ။

အခုတော့ အိပ်မက်မက်တိုင်း ဝေဝေဝါးဝါးသာ တွေ့ခဲ့ရသော ကျေးဥကို တွေ့ရလေပြီ။ ကျေးဥ မျက်နှာလေးကို မြင်လိုက်ရတာဟာ သိပ်ကို စိတ်ချမ်းသာမိစေပြီး ရင်ထဲမှာ ရှိနေခဲ့သော စိုးရိမ်သောကတွေလည်း ပျောက်သွားသလို ခံစားရလေသည်။

ကျေးဥကို ရှာရမယ်ဆိုသော အသံက ခေါင်းထဲမှာ အချက်ပေးသလိုမြည်နေသည်။ ကျေးဥ ဒီဘဝမှာ လူပြန်ဖြစ်နေပြီဆိုတာ ယုံကိုယုံတယ်။ အခုတော့ ကျေးဥ မျက်နှာလေးကိုပါ မြင်ခွင့်ရပြီမို့ အဲဒီမျက်နှာလေးကိုပဲ သေသေချာချာ အမှတ်ရပြီး တူတဲ့သူကို လိုက်ရှာရတော့မယ်။

မိုးခြိမ့်ညံသည် ပြန်မအိပ်တော့ဘဲ ရေချိုး ကိုယ်လက်သန့်စင်ပြီး အဝတ်အစားပါ လဲလိုက်ပါသည်။ ဝတ်စားပြီး အခန်းပြင်ထွက်လာတော့ မေမေနဲ့ ဆုံရတော့သည်။

"ဟယ် ... သား အစောကြီးထ,လာပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဥမ္မာသည် လေးငါးလလောက်နီးပါး မှုန်မှိုင်းရီဝေပြီး ညှဉ်းဆိုးဆိုးနိုင်လှသည့်ရုပ်နှင့် ရှိနေခဲ့သော မိုးခြိမ့်ညို တစ်ယောက် ဒီနေ့မနက် အရင်ကနဲ့မတူစွာ အနည်းငယ် လန်းဆန်းကြည်လင်နေတဲ့ပုံနဲ့ တွေ့ရလျှင် စိတ်နည်းနည်းအေးသွားပါသည်။

အရင်ကတော့ အိပ်ရာကနိုးနေလည်း ထ,မလာ၊ ဒီတိုင်းပဲ ပဂျားမားဝတ်စုံကြီးနဲ့ ဆက်လှဲ အိပ်နေတတ်သဖြင့် ဒေါ်ဥမ္မာကိုယ်တိုင် ဝင်နှိုး၊ ဝင်ဆွဲထူ၊ အိပ်ရာထ,ခိုင်းစေပြီး လန်းလန်းဆန်းဆန်း၊ ကြည်ကြည်လင်လင်နေဖို့ တဖွဖွ နားချယူနေရသည်။ အစာစား ဆေးတွေသောက်ပြီးတာနဲ့ အိပ်ရာထဲ ဝင်ခွေနေဖို့လောက်သာ စိတ်ဝင်စားသော မိုးခြိမ့်ညိုမှာ ဒီနေ့တော့ သူ့သဘောနဲ့သူ ထ,လာပြီး ကော်ဖီစားပွဲ ဝင်ထိုင်နေတော့သည်။

ထမင်းချက် ဒေါ်မြိုင်တို့အဖွဲ့ရော၊ အိမ်ကခိုင်းတဲ့ ကောင်မလေးတွေရော မိုးခြိမ့်ညိုကို အထူးအဆန်းလိုပဲ ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသဖြင့် ဒေါ်ဥမ္မာကပဲ ...

"ဟဲ့ ... နင်တို့အစ်ကို ဘာစားမလဲ မေးကြဦးလေ၊ ဘာကြောင့်ရပ်နေကြတာလဲ"

ဟု မာန်မဲ သတိပေးရတော့သည်။





လူဆိုတာကလည်း စိတ်ပုံမှန်မဟုတ်ဘဲ နည်းနည်းဖောက်ပြန်သူကို အရူးဟုသာသတ်မှတ်ထားလေရာ သူတို့စိတ်ထဲမှာ မိုးခြိမ့်ညို တစ်ယောက် ဘယ်တော့ ထ,ပြီးသောင်းကျန်းလာမလဲလို့တွေးပြီး ကြောက်ရင်လည်း ကြောက်နေမည်။ ဒါ့အပြင် သူတို့တစ်တွေ ယုံကြည်ကြသော အောက်လမ်းနည်းပညာတွေဖြစ်သည့် ပြုစားခံရတာတို့၊ အပမှီတာတို့၊ ကျိန်စာသင့်တာတို့ကို ယုံပြီး စိတ်ဝင်တစား စောင့်ကြည့်ကြတာလည်းဖြစ်မည်။

ဒရိုင်ဘာဦးညိုကြီးကဆို ...

"မဥမ္မာရယ် ကျွန်တော်လည်း ဒီကလေးကို ကိုယ့်တူသားလို သံယောဇဉ် ရှိပါတယ်၊ ကလေးကို အကြားအမြင်ရ ဆရာမတစ်ယောက်ဆီ ခေါ်သွားပေးချင်လိုက်တာဗျာ"

ဟုပင် ဖွင့်ပြောပြီး ဒေါ်ဥမ္မာ၏ခွင့်ပြုချက်ကို တောင်းခံခဲ့သေးတာပါ။ ဒေါ်ဥမ္မာကတော့ လုံးဝ မယုံ။ လက်လည်းမခံ။ ကိုယ်ကိုယ်တိုင် ဗုဒ္ဓဘာသာဝင်ဖြစ်သော်ငြားလည်း အတိတ်ဘဝတွေ၊ နောက်ဘဝတွေလည်း သိပ်အယုံအကြည်မရှိပါ။ ဒါ့အပြင် ဘုရားသည်သာ အကြီးမြတ်ဆုံးသောပုဂ္ဂိုလ်၊ အားအကိုးထိုက်ဆုံးသော ကိုးကွယ်ရာတစ်ပါးအဖြစ်သာ လက်ခံကျင့်သုံးထားသူဖြစ်ရာ 'သာမန်လူပုဂ္ဂိုလ် ဆိုသူတွေက သိကျွမ်းသယောင်ယောင်၊



www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးရှိသယောင်ယောင် ဟိုပြောဒီပြောလုပ်တာတွေကို အလကား အရေမရ အဖတ်မရတွေဆိုပြီး မယုံကြည်နိုင်ပါ။

"မေမေ ... သား ဒီနေ့ ဆိုင်ဘက်သွားမယ်"

"ဟယ် ... သား နေကောင်းလို့လား"

"သား အရင်တည်းကလည်း နေကောင်းတာပဲ မေမေ၊ သားဘာသာ ဘယ်မှသွားချင်စိတ် မရှိလို့ပါ၊ ဒီနေ့မှ သွားချင်လာလို့ပါ"

"ဆေးတွေသောက်သွားဦး"

"ဆေးတွေမသောက်ချင်ပါဘူး မေမေရာ၊ အဲဒါတွေသောက်ပြီးရင် ခေါင်းပြန်မူးလာပြီး လုံအိပ်နေချင်ရော"

"ဒေါက်တာက ပြောသားပဲ၊ အဲဒါ သားရဲ့စိတ်ကို အနားပေးဖို့ သောက်ရတာတဲ့။ အခုပဲကြည့်လေ၊ သား ဆေးပတ်လည်လာတော့ ပြန်နေကောင်းလာတာပဲ"

"ဆရာဝန်ရဲ့ပညာကို စော်ကားထာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူပေးတဲ့ဆေးတွေနဲ့ သားနဲ့ ဘာမှမဆိုင်ဘူး မေမေ။ အနာတခြား ဆေးတခြား ဖြစ်နေပြီး သားက သားရည်ရွက်ချက်တွေ ပြည့်ရင် အလိုလို ပြန်နေကောင်းလာမယ့်သူပါ"





ဒေါ်ဥမ္မာလည်း စိတ်ကြည်လင်လာခါစ သားဖြစ်သူနဲ့ အပြိုင်မငြင်းလို၍ အလျှော့ပေးလိုက်ပါသည်။

"ကဲ ... ဒါဖြင့်လည်း ဒီတစ်ခွက်တော့ထားလိုက်တော့ပေါ့၊ သားစိတ်ထဲ နေလိုထိုင်လို့ မကောင်းဘူး၊ တစ်မျိုးဖြစ်လာတယ်ဆိုရင်တော့ ပြောပေါ့၊ ဆေးသောက်ရမယ်"

"သား ဒီနေ့ ဆိုင်ဘက်သွားမှာမို့ ခေါင်းမူးနေမှာစိုးလို့ ဆေးမသောက်တာပါ"

"ဆိုင်သွားလို့ရရဲ့လား"

"ရပါတယ် ဒေါက်တာကတောင်ပြောထားတယ်လေ၊ အိမ်ထဲမှာချည်းအောင်းမနေနဲ့တဲ့"

ဒေါ်ဥမ္မာမှာ သားကို စိတ်မချနိုင်သလို ဖြစ်နေပါသည်။ ဒေါက်တာစိုးအုပ်ကျော် ပြောပြထားတာကို မှတ်မိပေမယ့် ဒေါ်ဥမ္မာ့စိတ်ထဲမှာ သား အပြင်ထွက်သွားရင် တစ်ခုခုများ ဒုက္ခရောက်သွားမလားလို့ တွေးပူနေမိသည်။

"သား ဆိုင်မသွားခင် မေမေနဲ့ ဘုရားခဏလိုက်ခဲ့ပါလား"

"ဟာ ... မေမေကလည်း"

"သားအတွက် အလှူသွားလုပ်မလို့လေ၊ ဖိုးကြမ်းငှက်ပျောနှစ်ဆယ်တစ်ခိုင် သယ်သွားပြီး တစ်ယောက်တစ်လုံး လှူ



www.burmeseclassic.com

www.burmeseclassic.com



မလို့၊ ဦးညိုကြီးနဲ့ အဘိုးရှက်တို့တောင် ဘုရားပေါ် ဝိုင်းသယ်တင်ပေးဖို့ လူငှားခေါ်ပြီး ကားငှားပြီး နောက်က လိုက်ခဲ့ကြလိမ့်မယ်"

"မေမေ သွားနေကြပဲ သွားလိုက်ပါ"

"သားအတွက် သွားပေးတာပါ၊ ဒါကြောင့် အခုတောင်ကြည့်လေ သား ပြန်နေကောင်းလာပြီ၊ အညံ့တွေ ပျောက်အောင် အလှူများများလုပ်ပေးလိုက်ရင် ရပ်ပယ်မိုဟာ မေမေတော့ လက်ခံသွားပြီ၊ ဘာဗေဒင်ဆရာမှ မလိုဘူး၊ ဘာအကြားအမြင်ဆရာမှ သွားမေးစရာ မလိုဘူး တွေ့လား။ မေမေ့ မေတ္တာနဲ့ သားကို လုပ်ပေးလိုက်တာ"

"မေမေ လိုက်စေချင်လို့လား"

"လိုက်ခဲ့ရင် ကောင်းတာပေါ့ သားရယ်"

ဒါနဲ့ပဲ ဦးညိုကြီး မောင်းသောကားဖြင့် မိုးခြိမ့်ညမှာ မေမေနဲ့အတူ ရွှေတိဂုံဘုရားသို့ ရောက်ခဲ့ရပါသည်။ အဘိုးရှက်ကတော့ အိမ်မှာအလုပ်သမားရှာငှားပြီး ငှက်ပျောခိုင်တွေတင်ဖို့ ကားတစ်စီးပါငှားကာ သူ့အဖွဲ့နဲ့သူ နောက်ကပါလာသည်။ ငှက်ပျောခိုင်က နှစ်ဆယ့်တစ်ခိုင် ဆိုပေမယ့် တကယ်ကို အလုံးကြီးပြီး လှလည်းလှသော အသီးတွေချည်းပါသော ခေါင်ဖီးတွေ





ရွေးထားသဖြင့် တော်တော်လေးပါသည်။ ထိုငှက်ပျောသီးတွေကို သယ်ဖို့ လူသုံးယောက် ငှားထားသည်။ အဘိုးရှက် အပါအဝင် ဆိုတော့ လေးယောက်၊ ဦးညိုကြီးပါ နိုင်သဇလာက်ဝင်သယ်တော့ ငါးယောက်မို့ တစ်ခါတည်းနဲ့ ဘုရားပေါ် ရောက်နိုင်သည်။ အဘိုးရှက်က ကုလားလူမျိုးပေမယ့် ဟိန္ဒူလူမျိုး၊ ဗုဒ္ဓဘာသာ ိုးကွယ်သူမို့ ဘုရားပေါ်တက်တာဟာ သူ့အတွက် ပြဿနာ တုတ်သဖြင့် သူပါ ငှက်ပျောခိုင်ထမ်းပြီး ဘုရားရင်ပြင်ပေါ် ါလာသည်။ အားလုံး ဓာတ်လှေကားနဲ့ပင် တက်ကြရသည်။

ရင်ပြင်ပေါ်ရှိ ဓမ္မာရုံကြီးတစ်ခုထဲမှာ ခွင့်တောင်းပြီး ဘ်ပျောခိုင်တွေချကြပါသည်။

ဦးညိုကြီးက ငှက်ပျောခိုင်ချရင်း...

"ဒီနေ့ တနင်္ဂနွေဆိုတော့ လူစည်နေတယ်၊ မဉ္ဇမ္မာရဲ့ ငှက်ပျောသီးအလှူ ချက်ချင်းပြီးစီး အထမြောက်သွားမှာပါ"

ဦးညိုကြီးက ငှက်ပျောခိုင်တွေချပြီးတာနဲ့ အောက် ်ဆင်းပြီး ကားမှာသွားစောင့်နေပါသည်။

ဘုရားဖူးလာကြသော ရဟန်းသံဃာတွေ သီလရှင် ာ လူပရိသတ်ရော ဘယ်သူမှမခွဲခြားဘဲ တစ်ဦးလျှင် တစ်လုံး ငှက်ပျောသီးတွေ လှူပြီးသောအခါ မေမေ့မျက်နှာမှာ အလှူ



www.burmeseclassic.com

www.burmeseclassic.com



အထမြောက်ရသဖြင့် ဝမ်းသာပီတိဖြစ်နေဟန် တွေ့ရသလို မိုးခြိမ့်ညံ့ပါ ကိုယ်တိုင်ကိုယ်ကျ ဝင်လှူသဖြင့် ဝိုပြီး ကျေနပ်နေပုံရသည်။

"ဒီနေ့ ဒေါက်တာစိုးအုပ်ကျော်ကို ဖုန်းဆက်ပြောရမယ်၊ သား မေမေနဲ့အတူ ဘုရားလိုက်တယ်၊ ပြီးတော့ ဆိုင်ဘက်လည်း ပြန်သွားတယ်လို့၊ ဒေါက်တာ သိရင် ဝမ်းသာမှာပဲ၊ သူ့ခမျာ သားအပေါ် တော်တော်ကေး ဂရုစိုက် ကုတာကွယ်"

မေမေက ဒေါက်တာ့ကို သတိတရ ပြောနေပေမယ့် မိုးခြိမ့်ညံ့ကတော့ ဆရာဝန်ကို စိတ်သိပ်မကြည်လှပါ။ သူ့မှာ ဘာစိတ်ရောဂါမှလဲမရှိ။ သူ့အတိတ်ဘဝအကြောင်းကို သူ အမှန်အတိုင်းပြောတာကိုပင် Schizophrenia ဝေဒနာရှင်အဖြစ် သတ်မှတ်ပြီး ဆေးတွေကျွေးနေတာမို့ စိတ်ထဲမှာ သိပ်သဘောမကျ၊ သိပ္ပံခေတ်ကြီးထဲမှာ ဒါတွေ အယုံအကြည်မရှိပါဘူးဆိုတဲ့ ပုံစံနဲ့ တစ်ယူသန်လှသည်ဟုလည်း ထင်ပါသည်။

"သား ဒီနေ့ အိပ်ရာထတော့ ခေါင်းထဲမှာ ကြည်နေတာလား"

"ကြည်နေတယ်"





"ဒါဆို ဒေါက်တာ ဆေးပြောင်းပေးလိုက်လို့ ထင်တယ်၊ အဲဒီဆေးနဲ့ တည့်တယ်လို့ ဒေါက်တာ့ကို ဖုန်းဆက်ရင် ထည့်ပြောရမယ်"

"အဲဒါကြောင့် မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ သားရဲ့"

"သား သိပါတယ်၊ ညက အိပ်မက်ထဲမှာ ကျေးဥရဲ့မျက်နှာကို သေသေချာချာ တွေ့လိုက်ရလို့ပါ၊ ပြီးတော့ ကျေးဥက ပြောတယ် ပြန်ဆုံရခါနီးပါပြီတဲ့"

ဒေါ်ဥမ္မာ၏ ကြည်လင်နေသောစိတ်အစုံမှာ ချက်ချင်းညှိုးချုံးသွားပါသည်။ ဒီနေ့မနက် သား တော်တော့်ကို စိတ်ကြည်လင်ပြီး ခေါင်းထဲရှင်းနေသည်။ ဆေးတွေကြောင့် ပုံမှန်ပြန်ဖြစ်လာသည်ဟု ထင်နေမိသည်မှာ တကယ်တော့ မဟုတ်ပါလား။ စိတ်ချမ်းသာခဲ့ရတာတွေ ချက်ချင်းပဲ ပျောက်ကွယ်သွားသလို ခံစားရပါသည်။

"ကျေးဥကို သား ချစ်တယ် မေမေ၊ သူ ဒီဘဝမှာ လူပြန်ဖြစ်နေတယ်၊ သူ့ကို သား ပြန်ဆုံချင်တယ်၊ သား မိုးမောင်ဆိုတဲ့ဘဝတုန်းကလည်း ကျေးဥကို အသက်ပေးချစ်ခဲ့တယ်။ ဒီဘဝမှာလည်း သူ့ကို ချစ်ရမယ် ဆိုရင် အသက်ပဲ ပေးရ ပေးရ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အို ... သားရယ် ဘာတွေ ပြောနေတာလဲ၊ ဘုရားလာတာ စိတ်ကို ကြည်ကြည်လင်လင် ထားမှပေါ့၊ ဘာတွေတွေးနေတာလဲ၊ ကဲ ... ကဲ ... ဘုရားကန်တော့လိုက်ဦး"

"မေမေ ပုတီးစိပ်ဦးမလို့လား"

"မစိပ်တော့ပါဘူး၊ ပုတီးက အချိန်ရရင် စိပ်တာ၊ အချိန်မရရင်လည်း မစိပ်ပါဘူး။ တကူးတကကြီး အဓိဋ္ဌာန်ပြီး စိပ်တာမှ မဟုတ်တာ"

ဘုရားပေါ်မှာ ဒီနေ့ တနင်္ဂနွေနေ့လည်း ဖြစ်ပြီး လပြည့်နေ့လည်း ဖြစ်တာမို့ လူတော်တော်စည်လှပါသည်။

မိုးခြိမ့်ညံကတော့ ယောကျ်ားလေးပီပီ ဘုရားကန်တော့ရုံကလွဲရင် ဘုရားရှိခိုးစာလည်း မရွတ်တာမို့ ချက်ချင်းကန်တော့လို့ပြီးပါသည်။ မေမေကတော့ ဘုရားရှိခိုးစာရွတ်ပြီး အသေအချာရှိခိုးသဖြင့် နည်းနည်းတော့ ထိုင်စောင့်ပေးရသည်။ မိုးခြိမ့်ညံသည် လူတွေထဲ လျှောက်ငေးကြည့်နေတုန်း လူတွေ ဥဒဟိုသွားလာနေသည့်အထဲတွင် တစ်စုံတစ်ယောက်ကို ဖျတ်ခနဲမြင်လိုက်သည်။

ထိုသူကား ...





"ဟင် ... ကျေးဥ ... ကျေးဥ ... ဥ"

ဟု သူ့နှုတ်ဖျားမှ ယောင်ပြီးခေါ်လိုက်မိသည်။

ကျေးဥမျက်နှာလေးကို ဖျတ်ခနဲလှမ်းတွေ့လိုက်သည်ဟု ထင်ပြီး လူက ထ,ရပ်မိရက်သား ဖြစ်သွားပါသည်။ ကျေးဥကို မြင်လိုက်ရတာခဏဖြစ်ပြီး သူ ကြည့်နေသော မြင်ကွင်းထဲ အရပ်မြင့်မြင့် ခန္ဓာကိုယ်ခပ်ဝဝ လူတစ်ယောက် လာပိတ်သွားသဖြင့် သူ မရမက လိုက်ရှာကြည့်သောအခါ ကျေးဥ ပျောက်သွားပါသည်။

ဒါပေမဲ့ သူ ဖွဲ့မလျှော့ဘဲ ခေါင်းကို ဘယ်ညာလှည့်၊ မျက်လုံးတွေကို အစွမ်းကုန်အလုပ်ပေးပြီး ခေါင်းမူးလောက်အောင်ရှာသောအခါ ကျေးဥဟု သူ မှတ်မိလိုက်သော မိန်းကလေး၏ နောက်ကျောကို လှမ်းတွေ့လိုက်ရပါသည်။

"ဥ မောင်လာပြီ"

ဟု သူ့နှုတ်မှ ခပ်တိုးတိုးရွတ်ရင်း ထိုနောက်ကျောပြင်လေးကို မီအောင် မရမက ပြေးလိုက်သွားမိတော့သည်။ လူတွေကို ဂရုမစိုက်နိုင်ဘဲ တွန်းတိုက်ထွက်သွားသော သားဖြစ်သူကို ဒေါ်ဥမ္မာတစ်ယောက် ယယ်ထိပ်ထဲ သွေးတွေဆောင့်တိုးတဲ့အထိ စိတ်ပူပန်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ... ဘုရား ... သား စိတ်ဖောက်ပြီး ထွက်ပြေးသွားပြီလား"

ဟုပင် ရုတ်တရက် ထင်လိုက်ပြီးလျှင် ...

"သား ... သား ... သားရေ ... မိုးခြိမ့် ဘယ်သွားတာလဲ၊ ဘယ်ထွက်သွားတာလဲ၊ ရပ်လိုက်ပါ။ မေမေ ပါတယ်လေ။ သတိထားပါဦး"

အော်လည်းအော်ခေါ်။ နောက်ကလည်း ပြေး၍လိုက်။ သို့သော် အသက်နှစ်ဆယ်ကျော်လူငယ်တစ်ယောက်ရဲ့ ခြေလှမ်းတွေကိုတော့ ဘယ်လိုမှ မမီနိုင်ပါ။

"သား ... မိုးခြိမ့် ... မေမေ့ကို စောင့်ဦး"

"မေမေ လိုက်မလာနဲ့၊ သား ကျေးဇူးနောက် လိုက်သွားရမယ်"

မိုးခြိမ့်ည ထိုသို့ လှည့်အော်လိုက်လျှင် ဒေါ်ဥမ္မာရဲ့ စိုးရိမ်စိတ်မှာ အမြင့်ဆုံးသို့ မြင့်တက်သွားတော့သည်။ မျက်စိထဲမှာ မြင်ချင်ရာမြင်ပြီး ထွက်သွားတာပါလား။ ဘုရားရေ ... ဒုက္ခပါပဲ။

ဦးညိုကြီးလည်းမရှိ။ အဘီးရှက်လည်း မရှိတော့။ ဘယ်လိုများ သားကို ပြန်ဖမ်းခေါ်ရပါ့မလဲ။





"သား ... သား စိတ်ထိန်းပါ၊ စိတ်ထိန်းပါကွယ်။ မသွားပါနဲ့၊ သား မျက်စိထဲ မြင်ချင်ရာ မြင်နေတာပါ၊ အို ... ဒုက္ခပါပဲ၊ ကူညီကြပါရှင်၊ ကျွန်မကို ကူညီကြပါဦး၊ ကျွန်မ သားလေးပါ၊ ရှေ့မှာ သွားနေတဲ့ အရပ်မြင့်မြင့် အသားဖြူဖြူနဲ့ ရှပ်အင်္ကျီအဖြူကြားလေးနဲ့၊ ပုဆိုးအနက်လေးဝတ်ထားတဲ့ ကောင်လေးကို ဝိုင်းဖမ်းခေါ်ပေးကြပါ။ သူ စိတ်ရောဂါဝေဒနာရှင်ပါရှင်၊ ကျွန်မ အနားကနေထွက်ပြေးသွားလို့ ဝိုင်းဖမ်းပေးပါဦး၊ သားက ဘယ်သူ့ကိုမှ အန္တရာယ်မပြုတတ်ပါဘူး။ ဝိုင်းချုပ်ဖမ်းခေါ်ရင် ရပါတယ်"

ဒေါ်ဥမ္မာတစ်ယောက် ပြေးရင်းလွှားရင်း သားနောက်က မမီမကမ်းလိုက်ရင်း သူမကို ဘေးကလူတွေကလည်း သတိထားမိနေကြပြီဖြစ်ရာ ဖြစ်ချင်ရာဖြစ်တော့။ မထူးပါဘူး။ အရှက်ကွဲရင်လည်း ကွဲရပါစေတော့။ လူသိရင်လည်း သိရပါစေတော့ဟု ဆုံးဖြတ်ပြီးလျှင် ဘေးလူတွေကိုပါ ပြောဆိုအကူအညီတောင်းလိုက်မိတော့သည်။

အရှက်ကွဲတာက အရေးမကြီး။ သားကို မျက်စိရှေ့မှောက်ကနေ ပျောက်ဆုံးသွားရမှာသာ အရေးအကြီးဆုံးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘေးလူတွေလည်း ဒေါ်ဥမ္မာ ပြောတာကို ဇဝေဇဝါဖြင့် တီးတိုးတိုင်ပင် စောင့်ကြည့်နေကြလျှင် ...

"ကူညီပါရှင် ဝိုင်းဖမ်းချုပ်ပေးပါ၊ ကျွန်မ ကျေးဇူးဆပ်မှာပါ"

"ဟို ရှေ့ကသွားနေတဲ့ ကောင်လေးလား အစ်မကြီး"

"ရှပ်အဖြူကြားနဲ့ အရပ်မြင့်မြင့်ကောင်လေးတဲ့"

"ဟိုမှာ ... ဟိုမှာ အားလုံးထဲမှာ သူက ပိုအရပ်မြင့်ပြီး လှမ်းမြင်နေရတဲ့သူလား၊ သေချာလား အန်တီ"

တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြလျှင် ဒေါ်ဥမ္မာလည်း အားတက်သွားပြီး ...

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ အဲဒါ ကျွန်မသားလေးပါ၊ ဝိုင်းကူကြပါဦးရှင်"

ဟု ပြောပြလိုက်မိတော့သည်။

ထိုသို့ ဒေါ်ဥမ္မာ ပြောလိုက်တာနဲ့ ကောင်လေးတချို့နဲ့ ယောကျ်ားကြီးတချို့ အလျင်အမြန်ပဲ ပြေးလိုက်သွားကုန်ကြတော့လေသည်။ ဒေါ်ဥမ္မာမှာ ဝိုင်းဖမ်းပေးမယ့်လူတွေရှိနေတာတောင် စိတ်မချနိုင်ဘဲ သူမပါ ပြေး၍လိုက်မိလျှင် ခြေခေါက်လဲတော့လေသည်။





ထိုအချိန်တွင် မိုးခြိမ့်ညံမှာ ဘုရားစောင်းတန်းရှိ လှေကားထစ်တွေကိုပင် နင်းဖြတ်တော့မလို အသင့်ဖြစ်နေပြီ။ ရှေ့ခပ်ပျပျလေးမှာ လှမ်းမြင်နေရတဲ့ ကျေးဥ၏ နောက်ကျောလေးကိုတွေ့လိုသောဇောဖြင့် ပြေးဆင်းလျှင် ...

"ဟေ့ ... မိအောင်ဖမ်းကြကွ၊ ဖမ်းကြ၊ သေသေချာချာ ချုပ်ထားနော်"

"သတိလည်းထားကြဦး၊ သူ့အမေက ရန်မမူတတ်ဘူးပြောပေမယ့် လည်ပင်းညှစ်ခံနေရဦးမယ်"

ဆိုသောအသံတွေ ဆက်တိုက်ကြားရပြီး မိုးခြိမ့်ညံ၏ လက်မောင်းအစုံကို ဝိုင်းဝန်းဖမ်းချုပ်ခြင်းခံလိုက်ရတော့လေသည်။ ရုတ်တရက်မို့ အံ့အားသင့်နေပြီးလျှင် အချုပ်ခံလိုက်ရပြီးမှ ...

"ဟာ ... ဟေ့လူတွေ ဘာလုပ်တာလဲ၊ လွှတ် ... လွှတ် ကျွန်တော့်ကို ဘာလို့ဖမ်းတာလဲ"

ဟု အော်ဟစ် ရုန်းကန်မိလေသည်။

"ခင်ဗျားအမေက ဖမ်းခေါ်ခိုင်းတာ"

"ဟာ ... ဘာတွေလဲ၊ မေမေ့ကို ပြောခဲ့သားပဲ၊ ကျေးဥနောက် လိုက်မလို့ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ ဘယ်သူ့ကိုပြောတာလဲ၊ ဘယ်သူ့နောက် လိုက်မှာလဲ"

"ကျွန်တော့်ချစ်သူဗျာ ဟိုမှာ ဟာ ... မရှိတော့ဘူး။ မရှိတော့ဘူး၊ ကျေးဥ ပျောက်သွားပြီ။ ကျေးဥ ဘယ်ရောက်သွားပြီလဲ မသိဘူး၊ တောက် ... မီခါနီးနေပြီ၊ ခင်ဗျားတို့ ဝိုင်းချုပ်တာနဲ့ လွတ်သွားတာဗျ၊ ဖယ်စမ်း ကျွန်တော် သူ့နောက် ပြေးလိုက်မှဖြစ်မယ်"

"လွတ်လို့မဖြစ်ဘူး၊ ခင်ဗျားအမေက အသေအချာပြောပြီး ဖမ်းခေါ်ခိုင်းထားတာ"

"ဘာတွေလဲ ... ဘာတွေအရူးထနေတာလဲ၊ လူတစ်ယောက်ကို ဖမ်းခေါ်ချင်တိုင်း ခေါ်လို့ရမလား"

မိုးခြိမ့်ညံသည် ကျေးဥကို မြင်လိုက်ရခါနီးမှ ဒီလူတွေ ဝိုင်းဖမ်းတာနဲ့ လွတ်သွားရသည်ဖြစ်ရာ တော်တော့်ကို ဒေါသကြီးသွားပါသည်။ ဒေါသနဲ့အတူ သူ့ကို ခုထိ လုံးဝ မလွှတ်ပေးသေးဘဲ ဝိုင်းချုပ်ထားသော လူတွေကို ပြန်ရုန်းကန်တွန်းထိုးကန်ကျောက်မိလျှင် ဝရုန်းသုန်းကား ဖြစ်ကုန်ကြတော့သည်။

လူခြောက်ယောက်လောက်နဲ့ မိုးခြိမ့်ညံတစ်ယောက်တည်းမို့ ဘယ်လိုမှ မရုန်းသာဘဲ လှုပ်မရ၊ ရုန်းမရ ဖြစ်နေစဉ်





မေမေ့ကို အမျိုးသမီးနှစ်ယောက် တွဲခေါ်လာတာကို တွေ့လိုက်ရသည်။

ခြေထောက်ထော့နဲ့နဲ့ဖြစ်နေပြီး မျက်ရည်လည်ရွဲဖြစ်နေသော မေမေက မိုးခြိမ့်ညံကိုမြင်တော့မှပဲ ...

"အံမယ်လေး ... တော်ပါသေးရဲ့သားရယ်"

ဟု ငိုကြီးချက်မဖြင့် ပြောသည်။

"မေမေ ဘာတွေလျှောက်လုပ်တာလဲ"

"သား ဒီလိုလျှောက်ထွက်သွားမယ်ဆိုရင် မင်းကို ဘယ်လိုမှ အပြင်လွှတ်ဖို့ စိတ်မချတော့ဘူး"

"ကျေးဥကို တွေ့လိုက်လို့ သွားတာ မေမေ"

"ဘာ ... ကျေးဥ၊ ဘာကျေးဥလဲ၊ အဲဒီမရှိတဲ့ နာမည်ကိုပဲ တမ်းတနေ။ အိပ်မက်ထဲမှာတွေ့တာတွေကိုပဲ အဟုတ်ထင်ပြီး ရူးနေ။ မအေကတော့ ဘယ်လောက်စိတ်ဒုက္ခရောက်လိုက်ရလဲ၊ မင်းအတွက် ဘယ်လောက်သောကတွေ ရောက်နေရသလဲ၊ မသိဘဲနဲ့ မောင်မိုးခြိမ့်ရယ်။ ဘုရားပေါ်မှာ ဝရုန်းသုန်းကားနဲ့ မင်းထွက်ပြေးလို့ ပြန်ဖမ်းခိုင်းရတာပဲ၊ အဲဒီလိုမှ မဖမ်းရင် ကိုယ့်သားကိုယ် ဘယ်ရောက်လို့ ရောက်မှန်းမသိ ပူပင်သောကနဲ့ အသက်ရှင်ရလိမ့်မယ်"

"သား မရူးဘူး မေမေ၊ မရူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးခြိမ့်ညံသည် လူတွေအများကြီးရှေ့မှာ မေမေက သူ့ကို ရှုံးသည်ဟု ပြောလိုက်သဖြင့် ရှက်လည်းရှက်ကာ မရှုံးဘူးဟု အကျယ်ကြီး အော်ချလိုက်မိတော့လေသည်။

အဲဒီနောက်မှာတော့ ဘုရားမှာ စောင့်ရသော တာဝန်ရှိသူတွေပါ ရောက်လာ၊ မိုးခြိမ့်ညံကို လိုတာထက်ပိုပြီး ဝိုင်းဖမ်းချုပ်ခေါ်ကြ၊ ဘုရားခြေရင်းမှာရှိသော ကားပါကင်ရှိရာထိဝင် ဝိုင်းချုပ်ကြရသောအခါ ထိုနေ့မနက်အဖို့ ဘုရားပေါ်မှာ သတင်းထူး တစ်ခု ဖြစ်သွားပါတော့သည်။ မိုးခြိမ့်ညံတစ်ယောက်လည်း –

"ကျွန်တော် မရှုံးဘူး၊ ကျွန်တော် အရှုံးမပေးတတ်ဘူး၊ လွှတ်ကြစမ်းပါ၊ ဖယ်စမ်းပါ"

လို့ ဘယ်လောက်အော်အော် ငြင်းငြင်း၊ ဘယ်လောက်ပဲ ရုန်းရုန်း မလွတ်နိုင်ဘဲ လက်တွေရော ခြေတွေရော အချုပ်ခံပြီး ခေါ်လာတာ ခံခဲ့ရသည်။

ဦးညိုကြီးမှာတော့ အခုလေးတင် ဆရာမကြီး ဒေါ်ကြူစိတ်နှင့် အတူပါလာသော မိန်းကလေးတို့၏ ကားလေး မောင်းထွက်သွားတာကို ရပ်ကြည့်ကျန်နေတုန်းမှာပင် မိုးခြိမ့်ညံ၏ လူမြင်မကောင်း၊ သူမြင်မကောင်း ဖမ်းချုပ်ခေါ်လာခံရသော အဖြစ်ကို မြင်ရသောအခါ ကားတံခါးကို ပြေးဖွင့်စောင့်နေရတော့သည်။





စိတ်ထဲမှာလည်း ...

"ဩော် ... ဖြစ်ရလေ၊ ဆရာမကြီးနဲ့ တွေ့လွဲလေး လွဲသွားပြန်ပြီ။ ခုလေးတင် ဆရာမကြီးက မိုးခြိမ့်အကြောင်း စိတ်ဝင်စားလို့ ထပ်မေးနေတာ"

ဟု အားမလို အားမရ တွေးနေမိသည်။

❥ ✧ ❥



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ဒေါက်တာစိုးအုပ်ကျော်မှာ တနင်္လာနေ့ ဆေးခန်းစဖွင့်ဖွင့်ချင်း ရောက်လာသော မိုးခြိမ့်ညံတို့သားအမိကို စောင့်ကြို ပြုံးပြလိုက်ပါသည်။ မနေ့တညး်က ဖုန်းဆက်အသိပေးထားသောကြောင့် အဖြစ်အပျက်ကို ဒေါက်တာစိုးအုပ်ကျော် သိပြီးဖြစ်သော်လည်း မိုးခြိမ့်ညံကို ပြန်ပြောစေလို၍ တမင်ပဲ ပြန်အစဖော်မေးလိုက်ပါသည်။

"ကဲ ... မနေ့က အမေနဲ့ ဘုရားသွားတော့ ဘာတွေလုပ်ခဲ့လဲ ပြောပြပါဦး မိုးခြိမ့်"

"ဒေါက်တာ သိပြီးနေပါပြီ၊ ကျွန်တော် ပြန်မပြောတော့ဘူး"

"ကျွန်တော်က မိုးခြိမ့်ပြောတဲ့ဘက်ကအပြောကို ကြားချင်တာပါ။ ကျွန်တော့်ပေးရှင့်က မိုးခြိမ့်လေ၊ မိုးခြိမ့် ကျွန်တော့်ကို ပြောပြချင်ရမှာပေါ့ မဟုတ်ဘူးလား၊ ပေးရှင့် ဆိုတာ ကိုယ့်ရဲ့ဆရာဝန်ကိုပဲ ခံစားချက်အမှန်တွေ ပြောချင်တာ မဟုတ်ဘူးလား"

"မေမေနဲ့ ဘုရားလိုက်သွားတယ်၊ ကျေးဥကို လူအုပ်ထဲမှာ ဖျတ်ခနဲ တွေ့လိုက်လို့ ကျွန်တော် ပြေးလိုက်သွားတယ်ဒါပဲ။ အဲဒါကို ကျွန်တော် ရူးလို့စိတ်ဖောက်ပြီး ထွက်ပြေးသွားတယ်လို့ မေမေက သတင်းလွှင့်ပြီး လူတွေကို ဝိုင်းဖမ်းခိုင်းတယ်ဗျာ၊ ကျွန်တော် အဲဒီလိုလုပ်ခံရတာကို လုံးဝမကျေနပ်ဘူး"

ဒေါက်တာစိုးအုပ်ကျော်သည် မိုးခြိမ့်ညံ၏ မှုန်တေတေ မကြည်မသာဖြင့် ပြောဟန်ကို အလိုက်သင့်နားထောင်နေလိုက်သည်။ ဒီကောင်လေးကို ကုလာတာ ကြာပြီ။ လိုအပ်မယ်ထင်တဲ့ဆေးတွေလည်း တစ်မျိုးပြီးတစ်မျိုး ပြောင်းပေးပြီး စောင့်ကြည့်လာတာပဲ။ အခြေအနေက ဒီထက်ပိုမတိုးတက်လာခဲ့ဘူး။ ဘာကြောင့်များလဲ။

ငါများ ဒီလူနာကို သက်သာပျောက်ကင်းသွားအောင် မတုနိုင်ခဲ့ဘူးလား။ နောက်တစ်လစောင့်ကြည့်လို့မှ အခြေအနေ ထူးလာဘူး ဆိုရင်တော့ ငါ့ထက် ပိုသိကျွမ်းပြီး ပိုတော်တဲ့ဆရာကြီးတွေဆီလွှတ်ရင် ကောင်းမယ်ထင်တယ်။







www.burmeseclassic.com

www.burmeseclassic.com



"မိုးခြိမ့် ဘုရားကို အမေနဲ့ လိုက်သွားတာကရော ကျေးဥ လာမယ်ဆိုတာ သိလို့လိုက်သွားခဲ့တာလား"

"အဲဒါတော့ မဟုတ်ပါဘူး၊ ကျွန်တော် ခေါင်းကြည်ကြည် လင်လင်နဲ့ စိတ်ထဲလန်းဆန်းပြီးနိုးလာတော့ အမေကလည်း ဘုရားသွားဖို့ စီစဉ်ပြီးနေတာနဲ့ ကျွန်တော့်ကိုခေါ်တယ်၊ ဒါကြောင့် လိုက်သွားတာပါ။ ကျေးဥကိုတော့ အမှတ်မထင် တွေ့လိုက်တာပါ"

"မိုးခြိမ့်ရဲ့ အိပ်မက်ထဲက ကျေးဥမှန်း ဘယ်လိုလုပ်သိလဲ"

"ကျွန်တော် အိပ်မက်မက်တိုင်း ကျေးဥ မျက်နှာကို ဘယ်တော့မှ မတွေ့ရဘူး ဒေါက်တာ။ ဒါပေမဲ့ ထူးထူးခြားခြားပဲ မနေ့ကတနင်္ဂနွေနေ့ကမှ အိပ်မက်ထဲမှာ ကျေးဥ ပုံလေးကို သေသေချာချာ တွေ့လိုက်ရတာပါ။ အဲဒီလို တွေ့လိုက်ရတော့ ကျွန်တော့်ရင်ထဲမှာရှိနေတဲ့ သောကတွေ ပျောက်သွားသလိုခံစားရပြီး အိပ်ရာက နိုးခဲ့ရတာပါ"

ဒေါက်တာစိုးအုပ်ကျော်ကတော့ သူ့လူနာ အမြဲပြောနေကျ အိပ်မက်တစ်ခုထဲမှ ဇာတ်လိုက်တွေဖြစ်သည့် မိုးမောင်တို့ ကျေးဥတို့ကို ကြားဖူးပြီးဖြစ်နေရာ မိုးခြိမ့်ညွှဲ ပြောတာတွေကို သိပ်တော့အထူးအဆန်း ဖြစ်မနေပါ။ ထူးဆန်းနေတာက အမြဲတမ်း အေးအေးဆေးဆေးနေတတ်ပြီး အတိတ်ကအကြောင်းအရာတွေ





သူ့ဘာသာ ထင်နေတတ်တဲ့ မိုးခြိမ့်ညဲ့ဟာ ဒီတစ်ခါကျမှ ပေါက်ကွဲကွဲဖြစ်ပြီး အမေကိုတောင်ထားပြီး ထွက်ပြေးတယ်ဆိုတာ ပင်။ ဘာကြောင့် ထွက်ပြေးရသလဲ။ ဘာကြောင့် အမေတစ်ယောက်လုံးကိုတောင် မေ့ထားခဲ့ရလဲ။

"ကျေးဥကိုတွေ့တာနဲ့ အမေကိုထားခဲ့ပြီး ထွက်သွားတယ်ပေါ့"

"ကျွန်တော် ထွက်သွားတာမဟုတ်ဘူး ဒေါက်တာ။ ကျေးဥနောက်ကို မီအောင်လိုက်တာပါ။ မေမေ့ကိုလည်း လှမ်းအော်ပြောခဲ့ပါတယ်၊ ကျေးဥကိုတွေ့လို့ ခဏလိုက်သွားမယ်လို့။ ကျွန်တော် ကျေးဥကို ခေါ်လို့ရခဲ့ရင် မေမေ့ကို ပြမလို့ပါ။ အဲဒါ မေမေက မယုံဘဲ ကျွန်တော် ထွက်ပြေးသွားတယ်ထင်တာ"

"ကျေးဥ ဆိုတာ မိုးခြိမ့်ရဲ့ အိပ်မက်ထဲမှာပဲ ရှိတာလေ။ ဘယ်လိုလုပ် အပြင်ထွက်လာနိုင်မလဲ"

"ကျေးဥ အိပ်မက်ထဲကနေ အပြင်ထွက်လာတာမဟုတ်ဘူး ဒေါက်တာ၊ ကျေးဥ ပြန်ဝင်စားတဲ့မိန်းကလေးက အပြင်မှာ ရှိတာပါ။ အံ့သြဖို့ကောင်းတာက သူဟာ အတိတ်ဘဝက ကျေးဥနဲ့ ရုပ်ချင်းဆင်နေတယ်လို့ ကျွန်တော် အလိုလိုနေ ရင်း ကြိုသိနေတယ်၊ ဒါကြောင့် ကျေးဥ ဝင်စားတဲ့မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုတွေ့တော့ ကျွန်တော် သူ့ကို ပြေးတွေ့ပြီး စကားပြောကြည့်ချင်တာပါ။ သူလည်းပဲ ကျွန်တော့်လိုပဲ အတိတ်ဘဝကအကြောင်းတွေကို တစ်နည်းနည်းနဲ့ သိလိမ့်မယ်လို့ ထင်မိတယ်”

“ပြောပါဦး၊ အဲဒီကျေးဥ ဝင်စားတယ်ထင်တဲ့ မိန်းကလေးက ဘယ်လိုပုံလေးလဲ”

“ဖျတ်ခနဲ တွေ့လိုက်ပေမယ့် သူ့မျက်နှာလေးက ကျေးဥအတိုင်းပဲ ဒေါက်တာ၊ ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်ပေါင်းခြောက်ဆယ့်ရှစ်နှစ် အပြင်အဆင်နဲ့ အခု (၂၀၀၈) ခုနှစ်အပြင်အဆင်ကတော့ ကွဲတာပေါ့”

ဒေါက်တာစိုးအုပ်ကျော်သည် သူ့လူနာအကြိုက်လိုက်ပြီး ကျေးဥဟာ ဘယ်လိုပုံလေးလဲလို့ မေးကြည့်မိလျှင်ပဲ မိုးခြိမ့်ညံရဲ့ မျက်နှာဟာ ရွှင်လန်းကြည်လင်လာတာကို သတိထားမိသည်။ ဒီအကြောင်းကိုပြောဖို့ တကယ်ပဲ စိတ်ပါလက်ပါရှိနေတာကိုလည်း တွေ့ရသည်။

“အရင်တုန်းက ကျေးဥကတော့ ဆံပင်အရှည်ကြီးနဲ့ပေါ့။ တစ်ပတ်လျှို ဆံထုံးလေး ထုံးထားတတ်တယ်၊ မိုးမောင်းတဲ့ ခရေပန်းကုံလေး အမြဲပန်ထားတတ်တယ်၊ အခုတွေ့တဲ့ကျေးဥ ကိုယ်ခွဲကတော့ ဆံပင်က ရှည်ပါတယ်၊ ဒါပေမဲ့





ထုံးမထားတော့ဘူး၊ ဖြောင့်ဆင်းနက်မှောင်ပြီး ခါးမှာဝဲနေတာ၊ အသားကတော့ အရင်ကျေးဥလိုပဲ ဖြူဆွတ်နေတာ ဒေါက်တာရဲ့။ မျက်နှာမှာရှိတဲ့ မျက်ခုံးမျက်လုံးလေးတွေကလည်း ကျေးဥအတိုင်းပဲ၊ ဟာ ဟာ ... နေဦး ဟုတ်ပြီ၊ သူ့ကို ကျွန်တော် သိတယ်၊ ကျွန်တော် အဲဒီမတိုင်ခင်က တစ်ခါဆုံးခဲ့ဖူးတယ်ထင်တယ်၊ ဘယ်မှာဆုံဖူးမှန်းမမှတ်မိဘူး၊ အဲဒီတုန်းကတော့ အိပ်မက်ထဲက ကျေးဥကို သေသေချာချာ မတွေ့ရသေးလို့ သူ့ကို မသိတာပါ။ အခုတော့ သိပြီ၊ သူက ကျေးဥပဲ ဒေါက်တာ။ ဟုတ်တယ် ကျေးဥပါ၊ ကျွန်တော် မှားစရာအကြောင်း မရှိဘူး”

မိုးခြိမ့်ညံမှာ တကယ်တော့ သူ့ဘာသာ စကားပြောရင်း သူ့ရင်ထဲမှာ မှတ်မိလာတာတွေ၊ သိလာတာတွေကိုပါ ဆက်တိုက်ပြောတာဖြစ်ပါသည်။ ဒါပေမဲ့ ဒေါက်တာစိုးအုပ်ကျော် အမြင်မှာတော့ မိုးခြိမ့်ညံရဲ့ စိတ်တွေ တောင်ရောက်မြောက်ရောက်နဲ့ ပရမ်းပတာဖြစ်နေသည်။ ပြောချင်ရာ ပြောနေသည်ဟု ထင်လေသည်။

“မိုးခြိမ့်ကို ကျွန်တော်က အပြင်လေး ဘာလေး သွားပါ၊ ဆိုင်ထိုင်ပါ။ ခရီးသွား အပန်းဖြေပါတွေ အကြံပေးခဲ့မိတယ်။ အခုတော့ မိုးခြိမ့်က အမေပါတာတောင် ထွက်သွားချင်ရာ



www.burmeseclassic.com

www.burmeseclassic.com



သွားမဲ့ပုံစံမျိုးဖြစ်နေတော့ ကျွန်တော် မိုးခြိမ့်ကို အပြင်ပေးမသွားခိုင်းရမလို ဖြစ်နေပြီ”

“ဟာ ... အဲဒီလိုမလုပ်ပါနဲ့ ဒေါက်တာ၊ အရင်ကတော့ ကျွန်တော် အပြင်လုံးဝမထွက်ချင်ဘူး၊ အိမ်ထဲမှာပဲ နေချင်တာပါ။ အခုတော့ ကျေးဥ ရှိနေတယ်ဆိုတာ သိလိုက်ရပြီမို့ သူ့ကိုရှာရအောင် ကျွန်တော် အပြင်ထွက်ချင်ပါတယ်၊ မေမေ့ကို အိမ်ထဲမှာလှောင်ထားဖို့ အကြံမပေးပါနဲ့ ဒေါက်တာ။ အဲဒါဆို ကျွန်တော် ပိုရူးသွားလိမ့်မယ် ထင်တယ်”

မိုးခြိမ့်ညသည် သူ့ကို အားလုံးက ရူးနေသည်ဟု သတ်မှတ်ခံထားရသည်ဖြစ်ရာ ပြုံးမပြင်းတော့ဘဲ အရူးဘွဲ့သာ ခံလိုက်ပါသည်။ နည်းနည်းလေး ရူးနေတဲ့သူဟာ ပိုမရူးသွားဖို့ပဲ လိုတယ်လေ။

ဒီတော့ ပိုမရူးစေချင်ရင် အရူးတောင်းဆိုတဲ့ အခွင့်အရေးကို နည်းနည်းတော့ပေးရမှာပေါ့။ ဟား ဟား။

“ကျွန်တော်ကတော့ လူတစ်ယောက်ကို အိမ်ထဲမှာ အလကားနေရင်း နေခိုင်းမယ့်ဆရာဝန်မျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မိုးခြိမ့်ဘက်ကလည်း စိတ်လိုလက်ရ သိပ်မလုပ်မိစေဖို့ ကျွန်တော် သတိပေးချင်တယ်၊ ကျွန်တော်ပေးတဲ့ ဆေးတွေကိုလည်း ယုံယုံကြည်ကြည်နဲ့ မှန်မှန်သောက်ပါ။ အပြင်ထွက်ချင်ရင်ထွက်ပါ၊ ဒါပေမဲ့ အမေကို ဘယ်သွားမယ် ဘာလုပ်မယ်လို့ အသိပေးပါ။ ဟုတ်ပြီလား”

“စိတ်ချပါ ဒေါက်တာ”

“ကဲ ... ဒါဆို ဒီနေ့အတွက် ဒီလောက် စကားပြောရရင် ရပါပြီ။ မိုးခြိမ့် ခဏအပြင်မှာ ထိုင်စောင့်လိုက်ပါဦး၊ ကျွန်တော် မိုးခြိမ့်အမေနဲ့ စကားပြောဦးမယ်”

ဒေါက်တာစိုးအုပ်ကျော်သည် မိုးခြိမ့်ကို တရင်းတနှီးဝင် လက်ဆွဲနှုတ်ဆက်ပြပါသည်။ ဒါကလည်း လူနာတစ်ယောက်အနေနဲ့ သူ့ကိုကုသပေးသော ဆရာဝန်ရဲ့အရေးတယူရှိမှု၊ အလေးအနက်ထားမှုကို စိတ်ထဲမှာ သဘောတကျခံစားရပြီး ဆရာဝန်အပေါ် ပိုပြီး ယုံကြည်စိတ်ချလာစေလိုသော သဘော ပါပါသည်။ ဒေါက်တာစိုးအုပ်ကျော်အတွက်ကတော့ မိုးခြိမ့်ဟာ စိတ်ဝေဒနာခံစားနေရသော လူနာတစ်ဦးဟုမြင်ပေမယ့် မိုးခြိမ့်အနေနဲ့ကတော့ သူ မရူးပါဘဲ ဒေါက်တာစိုးအုပ်ကျော်က ရူးသည် Schizoဖြစ်နေသည်ဟု သတ်မှတ်ပြီး ဆေးကုနေသည်ဟု မြင်ထားကြောင်း ဒေါက်တာစိုးအုပ်ကျော် စိတ်ထဲမှာ သိနေလေသည်။

ဒေါ်ဥမ္မာ ဝင်လာတော့ ဒေါက်တာစိုးအုပ်ကျော် အကျိုးအကြောင်း ရှင်းပြရင်း ...

www.burmeseclassic.com



"သူ့ကို အပြင်တော့ပေးလွှတ်ပါ၊ ဒါပေမဲ့ အန်တီမှာရှိ တဲ့ စိတ်ချရတဲ့ တပည့်လက်သားတွေကို သူ့နောက် မသိမသာ လိုက်စောင့်ကြည့်တဲ့နည်းနဲ့ အပြင်ပေးထွက်ပါ အန်တီ။ ဒါမှ သူ တစ်ခုခု စိတ်ထဲမှာ မြင်ချင်ရာမြင်ပြီး ထွက် ပြေးတာတွေ ဘာတွေဖြစ်လာရင် အန်တီ သူ့ကို ပြန်ဖမ်း ခေါ်ဖို့ လူအသင့်ရှိနေမှာ"

ဟု တိတ်တဆိတ် ပြောပြပါသည်။

"ကျွန်မသားလေးကို လက်လွှတ်ဆုံးရှုံးလိုက်ရမှာ သိပ် ကြောက်တာပဲ ဒေါက်တာရယ်"

"အိမ်ထဲမှာ လှောင်ထားလို့လည်း မဖြစ်ဘူးလေ၊ သူ လုပ် ချင်တာမလုပ်ရရင် ပိုအခြေအနေဆိုးလာလိမ့်မယ်။ သူ့ စိတ်အခြေအနေက သိပ်ကြီးဆိုးသေးတာလည်း မဟုတ်ဘူး ဆိုတော့ လူသာမန်အတိုင်းပဲ သွားလာပါစေလေ။ အစ ကတော့ အန်တီ လူအင်အားများများသုံးပြီး စောင့်ကြည့် ခိုင်းဖို့လိုတယ်၊ အန်တီ ငွေသုံးနိုင်ရင်တော့ အန်တီ့သား ကို လိုက်စောင့်ကြည့်ပေးမယ့်လူတွေ ရှားနိုင်တာပေါ့"

"ဒါတော့စိတ်ချပါ ဆရာ။ သားအတွက်ဆိုရင် ငွေဘယ် လောက်ကုန်ကုန်ပါ"





"သူတော့ မရိပ်မိစေနဲ့နော် အန်တီ။ ရိပ်မိရင် စိတ်ဆိုးပြီး လုပ်ချင်ရာ လုပ်သွားတာမျိုး ဖြစ်လာလိမ့်မယ်"

"စိတ်ချပါ ဒေါက်တာ၊ အခုလို အကြံပေးတာ ကျေးဇူးပါပဲ"

"အန်တီတို့လည်း ကျွန်တော့်ဆီမှာပဲ ယုံယုံကြည်ကြည်နဲ့ ဆက်လာပြီးဆွေးနွေးဝိုင်ပင်ကုသနေတာမို့ သံယောဇဉ် လည်း ဖြစ်နေပါပြီ။ ကိုယ့်အဒေါ်လို ကိုယ့်ညီလေးလိုပဲ စိတ်ထဲမှာ ရင်းနှီးနေပြီ။ ဒီတော့ ကျွန်တော် အစွမ်းကုန် အကြံပေးရရင် ဒီတစ်လလောက်အချိန်အတွင်းမှာ မိုးခြိမ့်ကို ကျွန်တော် ဆေးတွေပြောင်းပေးလို့မှ သိပ်ထူးခြားမလာဘူး ဆိုရင် ကျွန်တော့်ထက်တော်တဲ့ ဆရာကြီးဆီ ညွှန်ပေးလိုက် ပါမယ်။ အဲဒီဆရာကြီးဆီမှာ ဆက်ပြကြည့်ပေါ့"

ဒေါ်ဥမ္မာသည် ဒေါက်တာစိုးအုပ်ကျော်ကို နှုတ်ဆက် ပြီး ရင်ထဲမှာ လေးပင်စွာဖြင့် အိမ်ပြန်လာခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

မိုးခြိမ့်ညံ့တစ်ယောက် မမောင်းရတာကြာပြီဖြစ်သော Celicaပြိုင်ကားလေးမောင်းပြီး ထွက်လာခဲ့တော့သည်။ ညကတည်းက ကားကိုထုတ်ရေဆေး အဝတ်ခြောက်နဲ့ပြန်သုတ်၊ ကားပေါလစ်ရှ်ပါပြောင်နေအောင် စိတ်တိုင်းကျ တိုက်ထားသောကားအနက်ရောင်လေးမှာ တောက်ပနက်မှောင်နေသည်။ ကားက အမိုးအရှင်ဖြစ်ကာ အမိုးဖွင့်ချင်ရင် ခလုတ်နှိပ်ဖွင့်ရုံ၊ အမိုးတင်ချင်ရင် နောက်ဘက်မှာ ခေါက်ဝင်နေသည့် အမိုးကို ခလုတ်နှိပ်ပြီးဖွင့်ရုံသာ။ အိမ်မှာ အလုပ်သမားတွေရှိပေမယ့် မိုးခြိမ့်ညံ့က အပျင်းဖြေဘဲ သူ့ကားသူ ရေဆေး၊ သန့်ရှင်းရေး လုပ်တတ်သည်။

မိုးခြိမ့်ညံ့ ထွက်သွားပြီဆိုတာနဲ့ ဒေါ်ဥမ္မာ ငှားထားသော လူလေးယောက်တို့လည်း အသီးသီး နောက်ယောင်ခံပြီး





လိုက်လာကြတာကို မိုးခြိမ့်ညံ့ လုံးဝ မသိပါ။ ထိုသူတွေဟာ မိုးခြိမ့်ညံ့ လုံးဝ မမြင်ဖူးသော သူတွေဖြစ်သည်။ ဒေါ်ဥမ္မာကိုယ်တိုင် သူမနဲ့သိကျွမ်းသော ရတနာကုန်သည်တို့၊ နယ်စပ်နဲ့ ကုန်သွယ်သူတို့ထံမှ ဆက်သွယ်ရယူပြီး ဒီလိုပဲ ကြေးစားသဘောမျိုး အခကြေးငွေယူကာ အလုပ်လုပ်ပေးသည့် ဂိုဏ်းတချို့ရှိကြောင်း စုံစမ်းရရှိလိုက်သည်။ ထိုမိတ်ဆွေတွေဆီကတစ်ဆင့် အဲဒီဂိုဏ်းကို ဆက်သွယ်ပြီး သားတစ်ယောက်ကို စောင့်ကြည့်ခိုင်းဖို့ လူလေးယောက် ငှားရပါသည်။ ထိုသူတွေကိုတော့ ပိုက်ဆံနင့်နေအောင် ပေးထားရသည်။

နင့်နေအောင်ပေးရသလို စိတ်လည်းချရသည်ဟု အသိမိတ်ဆွေတွေကပြောသဖြင့် ဒေါ်ဥမ္မာ နည်းနည်းတော့ရင်အေးရသည်။ ထိုသူတွေက မိုးခြိမ့်ညံ့ကို မျက်ခြည်မပြတ်ရအောင် ကားနဲ့လိုက်သူကနှစ်ယောက်၊ ကျန်နှစ်ယောက်က ဆိုင်ကယ်နှစ်စီးနဲ့ အသီးသီး လိုက်ပါပေးကြမှာဖြစ်သည်။

မိုးခြိမ့်ညံ့သည် မသွားတာကြာပြီဖြစ်သော Toys R Us အရုပ်ဆိုင်ရှိရာ ပလာဇာကြီးကိုပင် မောင်းလာလိုက်သည်။ စိတ်ထဲမှာ တော်တော့်ကို သွက်လက်ပေါ့ပါးနေပြီး ကျေးဥကို အနေးနဲ့အမြန် တွေ့ကိုတွေ့ရတော့မယ်လို့လည်း ထင်နေဟာ ပျော်ရွှင်တက်ကြွနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မိုးခြိမ့်"

ကျော်ဇင်က ဝမ်းသာအားရအသံကျယ်ကြီးဖြင့် အော်လိုက်လေသည်။ နေလင်းဝင်းလည်း ဆိုင်မှာရှိနေသဖြင့် မိုးခြိမ့်ည ဝင်လာတာမြင်လျှင် ခုန်ထလာပြီးပြေးကြိုပါသည်။ ဒါပေမဲ့ သူငယ်ချင်းတွေမျက်နှာမှာတော့ မိုးခြိမ့်ညံရဲ့စိတ်ရောဂါအခြေအနေကို အကဲခတ်နေဟန်တွေ အထင်းသား။

"ဆိုင်ဘက် မရောက်တာကြာပြီ၊ ဘာတွေပြောင်းလဲသွားသလဲလို့ လာကြည့်တာကွာ"

"လာ လာ ... ထိုင်စမ်းပါကွ၊ မတ်တတ်ကြီး ရပ်မနေနဲ့"

"မထိုင်တော့ဘူး၊ ငါ ခဏပဲ လာကြည့်တာ"

"ဟာ ... ဘယ်လိုဖြစ်ရတာလဲ"

"ငါ သွားစရာရှိတယ်"

"ဘယ်သွားမှာလဲ"

"လူတစ်ယောက် ရှာစရာရှိတယ်"

"ဘယ်သူများလဲကွာ၊ ပဟေဠိလုပ်မနေပါနဲ့"

"ငါ ပြောရင် မင်းတို့က ငါ့ကို သွက်သွက်ခါအောင်ရူးနေပြီလို့ ထင်ကြလိမ့်မယ်။ အေး ... ထင်ရင်လည်းထင်ကွာ၊ ငါပြောပြပါ့မယ်"





နေလင်းဝင်းနဲ့ ကျော်ဇင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတာတွေ့ရသည်။ မိုးခြိမ့်ညံကိုမြင်တော့လည်း အကောင်းကြီး ဖြစ်နေလေရာ ဒေါ်ဥမ္မာ ပြောပြထားသော အိပ်မက်ဆိုးတွေ မက်နေရာက စိတ်မမှန်တော့တာ၊ Schizophrenia ဆိုတဲ့ စိတ်ကစဉ့်ကလျားဖြစ်ပြီး ထင်ယောင်ထင်မှား စိတ်ဝေဒနာ မျိုးခံစားနေရတာ၊ ဘုရားခေါ်သွားတာ၊ အမေကို ဆောင်ထားပြီး ထွက်ပြေးတဲ့အထိ စိတ်ဖောက်ပြန်ဖူးတာ စသဖြင့်သော စကားတွေကို ပြန်သတိရပြီး ဇဝေဇဝါတွေဖြစ်နေကြသည်။

သူတို့သူငယ်ချင်းရဲ့ဖြစ်အင်ကို သူငယ်ချင်းရဲ့ မိခင်ကိုယ်တိုင်က အသိပေးထားခဲ့သည်ဖြစ်ရာ အခု မြင်နေရသော မိုးခြိမ့်ညံနဲ့ယှဉ်ပြီး ယုံရမလို၊ မယုံရမလို ဖြစ်နေကြသည်။

"ငါ အိပ်မက်ထဲမှာတွေ့တဲ့ ငါ့အရင်ဘဝက ချစ်သူ ကျေးဥလေ။ ဒီဘဝမှာ လူပြန်ဖြစ်ပြီး ကျေးဥနဲ့ ရုပ်အတူတူပဲဆိုတာ ငါ သိတယ်၊ ဒါကြောင့် ငါ လိုက်ရှာမှာ"

"ဟာ ... မိုးခြိမ့်ရာ"

"မဖြစ်နိုင်တာတွေကွာ"

ကျော်ဇင်နဲ့ နေလင်းဝင်း အသံပြိုင်တူပင် ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မယုံလည်း နေကြလေ။ တစ်နေ့ကျ ကျေးဥကို ငါ ခေါ်လာပြရင် ဟာ ဟာ ဟာ ... နေဦး ... နေဦး ... ငါ သတိရလာပြီ၊ သတိရလာပြီ။ ဟုတ်ပြီ ဒီဆိုင်မှာ ဒီဆိုင်မှာ တစ်ခါ သူ့ကို တွေ့လိုက်ဖူးတာပဲ"

မိုးခြိမ့်ညံ့သည် စကားပြောရင်းမှ တရေးရေးပြန်သတိရသလိုဖြစ်သွားပြီး ဝမ်းသာအားရ ပြောလိုက်မိသည်။ ရင်ထဲမှာ တုန်ခိုက်နေအောင်ပင် ဝမ်းသာမိလျက် အသံတွေပင် အဖျားခတ် တုန်ယင်နေတော့သည်။

"ငါ ... ငါ ကျေးဥနဲ့တူတဲ့ မိန်းကလေးကို တစ်ခါတွေ့လိုက်ရတယ် ကျော်ဇင်။ ငါ တကယ်ပြောတာ၊ ငါရူးလို့ ပြောနေတာ မဟုတ်ဘူး၊ သူ ဒီကိုလာတယ်လေ။ သူ ဒီမှာ ကလေးတွေကို အရုပ်လာဝယ်ပေးဖူးတယ်။ ကြာပြီ လွန်ခဲ့တဲ့ ခြောက်လလောက်ကဖြစ်မယ်"

ကျော်ဇင် ဇဝေဇဝါဖြင့် ခေါင်းကုတ်မိသည်။ အရုပ်ဆိုင်ဆိုတာ ကလေးပါသောသူတွေပဲ လာဝယ်ကြတာ။ ပြီးတော့ ကိုယ်က ဈေးရောင်းသူဖြစ်လေရာ ဈေးဝယ်လာသူတွေကို အမြဲ မတွေ့ရရင် ဘယ်လိုလုပ် မှတ်မိပါ့မလဲ။ ပြီးကျတော့ လွန်ခဲ့တဲ့ ခြောက်လက ဈေးလာဝယ်ဖူးသူကို မှတ်မိနေလောက်အောင်ထိ သူ့မှတ်ဉာဏ်က မကောင်းပါ။ နောက်ပြီး ဘယ်သူ့ကိုပြောလို့ ပြောမှန်းလဲမှ မသိတာလည်းပါသည်။





"သူ့မှာ ကျေးဥလိုပဲ နက်မှောင်ပြီးလှတဲ့ ဆံပင်ရှည်ရှိတယ်၊ အသားဖြူဖြူနဲ့ မျက်ခုံးမျက်လုံးလေးတွေ သိပ်လှတယ်"

"ဘယ်သူမှန်း ငါ ဘယ်လိုလုပ် မှတ်မိမလဲ"

"အဲဒီနေ့ကကွာ မင်းနဲ့ ငါပဲ ဆိုင်မှာရှိတာ"

"လွန်ခဲ့တဲ့ခြောက်လလောက်ကလား"

"ဟုတ်တယ်၊ ငါ အိပ်မက်တွေ စပြီးမက်တဲ့ညရဲ့ ပထမဆုံးနေ့။ ငါ အိပ်ငိုက်သလိုလိုဖြစ်ပြီး ဆိုင်လာထိုင်တဲ့နေ့မှာ သူ ရောက်လာတယ်၊ သူ့ကို မြင်မြင်ချင်း ငါ တစ်ခါမှ မတွေ့ဖူးဘဲနဲ့ သိပ်သိတာပဲလို့ ငါ ပြောခဲ့တယ်၊ သူ့နာမည်တော့ မသိလိုက်ဘူး။ သူ့ကို ကလေးတွေက အင်း ... နေဦး ဘယ်လိုခေါ်လဲဆိုတော့ ကျေးဥနာမည်မျိုးနဲ့ဆင်တဲ့ 'ဥ'ပါတဲ့အခေါ်အဝေါ်နဲ့ ခေါ်တယ်လေ၊ ကလေးတွေက ... ကလေးတွေက သူ့ကလေးတွေ မဟုတ်ဘူး"

အမှန်တော့ အရင်ကဆို မိုးခြိမ့်ညံ့ဟာ မှတ်ဉာဏ် သိပ်အဆိုးကြီးမဟုတ်။ စိတ်ထဲမှာ စွဲစွဲမြဲမြဲ အမှတ်ရလိုက်မိသူဆိုလျှင် ချက်ချင်းပဲ ပုံဖော်အမှတ်ရလွယ်သူပေမယ့် အခုကျတော့ ဘာဖြစ်မှန်းမသိ။ တစ်စုံတစ်ခုကပဲ ပိတ်ကာထားသလိုလို ဆေးတွေ

www.burmeseclassic.com

www.burmeseclassic.com



သော့ာက်ရလွန်းလို့ပဲ လေးလံထိုင်းမှိုင်းပြီး မှတ်ဉာဏ်အားမကောင်းတော့သလိုလိုဖြစ်ကာ စဉ်းစားမရ ဖြစ်နေခဲ့လေသည်။

ဒါပေမဲ့ ကျော်ဇင်ကတော့ ထို'ဉ'ဆိုသော နာမည်ရယ် ကလေးတွေပါတယ်ဆိုသော နာမည်ရယ်တွဲသိပြီး ဆက်စပ်လိုက်သောအခါ ချက်ချင်းပဲ ...

"တီဥလား"

ဟု စဉ်းစားလို့ရပြီး မေးလိုက်လျှင် မိုးခြိမ့်ညံတစ်ယောက် လျှပ်စစ်နဲ့ အတို့ခံလိုက်ရသဖြင့် ဓာတ်လိုက်သွားသလိုဖြစ်တဲ့ဟန်မျိုး တဆတ်ဆတ် တုန်ခါယိမ်းယိုင်သွားခဲ့ပါသည်။ နေလင်းဝင်းနဲ့ ကျော်ဇင်တို့ စိုးရိမ်တကြီးပင် မိုးခြိမ့်ညံကို ပြေး၍လာဆွဲကြသောအခါ မိုးခြိမ့်ညံထံမှ ရှိုက်သံတစ်ဝက်ပါသော အသံဖြင့် ...

"ဟုတ်တယ် တီဥပဲ၊ တီဥဟာ ကျေးဥဝင်စားတဲ့ မိန်းကလေးပဲ"

လို့ ဖြေလိုက်တော့သည်။

ကျော်ဇင်သည် လုံးဝမယုံသော မျက်နှာဖြင့် မိုးခြိမ့်ညံကိုကြည့်လိုက်သည်။ ဒီကောင့်စိတ်ထဲမှာ ခဏတစ်ဖြုတ် သဘောကျဖူးလိုက်တဲ့ မိန်းကလေးကို စိတ်စွဲပြီး သူဟာ အိပ်မက်ထဲမှာ





တွေ့ရသော ဘဝဟောင်းကချစ်သူပါလို့ စွပ်စွဲလိုက်တာပဲထင်လေသည်။

နေလင်းဝင်းကတော့ မိုးခြိမ့်ညံပြောသော မိန်းကလေးကို တစ်ခါတော့မြင်ဖူးလိုက်ပေမယ့် သေသေချာချာ မမှတ်မိသဖြင့် ပြန်စဉ်းစားနေသည်။ မိုးခြိမ့်ညံ ဆိုင်ဘက်မလာနိုင်တုန်းက အဲဒီမိန်းကလေးနဲ့ သူမရဲ့တူကလေး ထပ်လာပြီး အရုပ်လာဝယ်တာမို့ မြင်ဖူးလိုက်တာဖြစ်သည်။ ကောင်မလေးက ခေတ်မီသော ပုံစံလေးပေမယ့် ခပ်အေးအေးလေး။ မျက်နှာကလည်း ခပ်ရိုးရိုးလေးမို့ နေလင်းဝင်း ရင်ထဲကိုမထိပါ။ လှတော့လှပေမယ့် ရိုးအေးနေသည်ဟု ထင်မိသည်။

နေလင်းဝင်း အကြိုက် ပုံစံမျိုးမဟုတ်။ သူကသွက်လက်တက်ကြွပြီး ခေတ်ရှေ့ပြေးတာကို ပိုသဘောကျသူ ဖြစ်လေသည်။

"ငါ သူ့ကို တွေ့ချင်တယ်ကွာ"

"ဆိုင်ကို တစ်ခါနှစ်ခါလောက်ပဲ လာဖူးတဲ့ မိန်းကလေးကို ဘယ်လိုလုပ် လိုက်ရှာမလဲ"

"ငါတို့ဆိုင်က ကလေးအရုပ်ဆိုင်ကွ၊ မိန်းကလေးတွေ စိတ်ဝင်စားပြီး ခဏခဏဝင်ကြည့်ရတဲ့ အကျီတို့ မိနပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဖန်စီပစ္စည်းတို့ ရောင်းတဲ့ဆိုင်လည်း မဟုတ်တော့ သူ နောက်တစ်ခေါက်ထပ်ရောက်လာဖို့ဆိုတာ သိပ်မဖြစ်နိုင်ဘူး"

မိုးခြိမ့်ညံက ကျော်ဇင်တို့ နေလင်းဝင်းတို့ ပြောတာကို နားမဝင်ဘဲ သူ့ဖာသူ ဖြစ်နေသည်။

"စဉ်းစားကြစမ်းပါ၊ ဒီဆိုင်ကို မလာရင်တောင် သူဟာ ရှေ့ပင်းမောလ်တွေကိုရော မသွားနိုင်ဘူးလား"

"ဒါတော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ ရန်ကုန်မြို့မှာ ရှော့ပင်းစင်တာတွေ ရှော့ပင်းမောလ်တွေ ပလာဇာတွေ စူပါမားကပ်တွေမှ အများကြီး။ မင်းက သူ ဘယ်မှာရှိမယ်ထင်ပြီး ရှာမလဲ"

"ဒါဖြင့် သူ့တူနဲ့ တူမလေးဆိုတဲ့ကလေးတွေဟာ ကျောင်းနေတဲ့အရွယ်တွေပဲ၊ ဘယ်လိုကျောင်းမျိုးမှာ နေကြမလဲ စဉ်းစားရအောင်။ တူ တူမတွေကို ကျောင်းကြိုကျောင်းပို့ သူ လုပ်ရင်လုပ်မယ်လေ၊ အရပ်ဆိုင်တောင် အဖေအမေနဲ့ မလာဘဲ အဒေါ်နဲ့လာရတဲ့ကလေးတွေဟာ သူတို့ကျောင်းကိုစွကိုလည်း အဒေါ်က တာဝန်ယူထားတာမျိုးရော မဖြစ်နိုင်ဘူးလား"





"မိုးခြိမ့် ... မင်းတွေးတာတွေ ဟုတ်တော့ ဟုတ်ပေမယ့် သိပ်မဖြစ်နိုင်ဘူးကွာ။ ဘာကြောင့်လဲဆိုတော့ ရန်ကုန်မြို့မှာ ကျောင်းတွေက အများကြီးလေ။ အစိုးရကျောင်းတွေရော၊ ILBC တို့ ဘာတို့ရော အများကြီးပဲ။ ဘယ်ကျောင်းတက်လဲဆိုတာ ဘယ်လိုလုပ် စုံစမ်းလို့ရမလဲ။ ငါတို့နဲ့ လုံးဝ မသိကျွမ်းတော့ အလှမ်းဝေးတယ်"

"ဒုက္ခပါပဲကွာ၊ ငါ စဉ်းစားလို့ရမှပဲ ကျေးဥဟာ ငါ့နားကနေ တဖြည်းဖြည်း ပြန်ပျောက်သွားတယ်လို့ခံစားနေရတယ်၊ မကူညီကြတော့ဘူးလားကွာ"

နေလင်းဝင်းနဲ့ ကျော်ဇင်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် မျက်စတွေမစ်ကြရင်း ...

"ငါတို့ ကူညီချင်ပါတယ်ကွာ၊ အေး... ကူညီလို့ တွေ့ပြီပဲထားဦး။ အဲဒီကောင်မလေးက မင်းပြောတဲ့ မိုးမောင်တို့ကျေးဥတို့အကြောင်းကို ယုံပါ့မလား။ မင်းကသာ အတိတ်ဟောင်းကို သိပေမယ့် သူက လုံးဝပြန်မမှတ်မိဘူး ဆိုရင် မင်း ဘယ်လိုလုပ်မလဲ"

"ကျေးဥနဲ့ ငါ ဆုံရဖို့ပဲ လိုတယ်။ ငါ ပြောပြလိုက်ရင် သူ မှတ်ကိုမှတ်မိမှာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်ကတော့ ဒေါ်ဥမ္မာ ကြိုဖုန်းဆက်ပြီး မှာထား တာတွေကို သတိရနေသည်။

"သားက သူ့အတိတ်အကြောင်းတို့ဘာတို့ ပြောလာရင် အလိုက်အထိုက်သာ နားထောင်ပေးလိုက် သိလား။ ဒါပေမဲ့ သားတို့သူငယ်ချင်းကို ဖြည်းဖြည်းချင်းပဲ စည်းရုံးပြောပြီး အိပ်မက်ထဲက အတိတ်ဆိုတာ မရှိဘူး။ တကယ်မဟုတ်ဘူး။ ထင်ယောင်ထင်မှား ဖြစ်ခဲ့တာတွေဆိုတဲ့ အတွေးမျိုး ဝင်လာအောင် လုပ်ပေးကြနော်၊ အန့်တီ့သားက အဲဒါကို သိပ်ယုံပြီး အပြင်လောကထဲတောင် ဆွဲခေါ်နေတဲ့အထိ အစွဲအလမ်းကြီးနေပြီလေ။ ကြာရင် သူ ဒီထက် ပိုဆိုးလာ တော့မယ်"

ကျော်ဇင်မှာ ဒေါ်ဥမ္မာ ပြောတာတွေ ကြားပြီး မိုးခြိမ့်ညို ပြောတာတွေကို မယုံ။ နေလင်းဝင်းကျတော့ ဒေါ်ဥမ္မာ ပြောပြပြီးမှာထားခဲ့ပေမယ့် ဘာကြောင့်မှန်းမသိ မိုးခြိမ့်ညို ပြောတာ တကယ်ပါပဲလို့ ထင်နေသည်။ သူငယ်ချင်း မိုးခြိမ့်ကို ကြည့်ရ တာ စိတ်ကြောင်လို့ပြောနေတဲ့ပုံမဟုတ်ဘူးဟု ထင်သည်။ စိတ် ကြောင်ပြီး ရူးချင်သလိုလို ဖြစ်ရအောင်ကလည်း သူတို့တွေဟာ ဆေးခြောက်တို့ မူးယစ်ဆေးဝါးတို့ စိတ်ကြွဆေးတို့ အမြဲသုံးနေ နေကျတဲ့ ဆေးသမားတွေလည်းမဟုတ်။





နေရင်းထိုင်ရင်း အကောင်းကြီးကနေ စိတ်တွေ ကစဉ့်ကလျားဖြစ်၊ ထင်ယောင်ထင်မှားတွေဖြစ်ပြီး ဟိုပြောဒီပြော ဖြစ်တယ်ဆိုတာဟာ အင်မတန်မှရှားတာ။ ဆေးအမြဲချပြီး ဆေး ကြောင်တဲ့လူကလွဲရင် ကျန်းမာသန်စွမ်းပြီး တက်ကြွတဲ့ စဉ်းစား ဆင်ခြင်ဉာဏ်ရှိတဲ့ လူကောင်းတစ်ယောက်ဟာ ချက်ချင်းကြီး စိတ်ရောဂါဝင်လာပါ့မလား။ မျိုးရိုးလည်းမရှိဘဲနဲ့။ နေလင်းဝင်း ကတော့ ထိုသို့တွေးကာ မိုးခြိမ့်ညံကို ယုံလာသလိုလို ဖြစ်မိလေ သည်။

"ဘယ်မှာတွေ့မယ်မှန်းမသိရသေးဘဲနဲ့ ဒီနေ့တော့ လျှောက် မရှာပါနဲ့ဦးကွာ။ ဆိုင်ရောက်တုန်း ငါတို့နဲ့ အေးအေးဆေး ဆေးထိုင်ပါဦး၊ နောက်နေ့တွေကျ ငါတို့ပါ မင်းနဲ့ အဖော် လိုက်ပေးမယ်လေ"

ကျော်ဇင်က အချိုသတ်ပြီး မိုးခြိမ့်ညံ ဘယ်မှမသွား စေဖို့ စည်းရုံးလိုက်သည်။

နေလင်းဝင်းကတော့ မိုးခြိမ့်ညံကို ကူညီချင်ဟန် ဖြင့် ...

"ငါ စဉ်းစားမိတာ တစ်ခုတော့ ရှိတယ်"

ဟု စကားစနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဇင်က မိုးခြိမ့်ညံ့ မမြင်အောင် သူ့နောက်ကျော ဘက်နားမှာရပ်ရင်း နေလင်းဝင်းကို လက်ဟန်ခြေဟန်ပြနေသည်။ သူ့လည်ပင်းရှေ့သို့ သူ့လက်ဖဝါးတစ်ဖက်ဖြင့် ကန့်လန့်ဖြတ် သုံးလေးခါဖြတ်ပြရင်း "ရပ်တော့ တော်တော့ အဲဒါ ဆက်မပြော နဲ့တော့" ဆိုသော အမူအရာမျိုး အသံတိတ် လုပ်ပြနေလေ သည်။

သို့သော် နေလင်းဝင်းက နားမထောင်။ သူ ပြောချင် တာကိုသာ ဆက်ပြောသည်။

"မင်း ဖြစ်နေတာမျိုးက လောကီနည်းနဲ့ ဖြေရှင်းလို့ရ တာမျိုး ဖြစ်ရင်ဖြစ်နေမယ်ကွ၊ မင်း အကြားအမြင်ဆရာ တွေဆီ သွားမမေးချင်ဘူးလား"

"အံမာ ... မင်းက လူပုံကြည့်တော့ ဟာ့စ်(ပ)ဟော့(ပ)ပုံနဲ့ ဒါမျိုးတွေ ယုံသလားကွ"

မိုးခြိမ့်ညံ့သည် ရယ်ချင်ဟန်ဖြင့် နေလင်းဝင်းကို ပြန်ပြောလေသည်။

"ငါတို့က မြန်မာလူမျိုးလေကွာ၊ ဗေဒင်တွေ အကြားအမြင် တွေတော့ အနည်းနဲ့အများ ယုံကြည်တဲ့လူတွေ"

"မင်းကို ဘယ်သမိုင်းဆရာက ဒီလိုသင်သွားလဲ"





ကျော်ဇင်မှာ နေလင်းဝင်း လျှာရှည်နေသဖြင့် စိတ် တိုပြီး ငေါ်ပြောမိသည်။ မိုးခြိမ့် စိတ်ပြောင်းပြီး ဘယ်မှတောင်မသွား တော့ဘဲ ဒီဆိုင်ထဲ ထိုင်နေပြီပဲ။ အဲဒါကို ဒီကောင် လျှာရှည်နေ တာ။ တော်ကြာ ခုပဲ ဗေဒင်ဆရာဆီသွားမေးမယ်ဆို ဒုက္ခ။ ဘယ် ဆရာဆီ လိုက်ပို့ရမှန်းမသိဘူးလေ။ ပြီးတော့ အမှန်တွေဟောရင် ဟုတ်ရဲ့။ မမှန်ဘဲ တောင်ပြောမြောက်ပြောနဲ့ ဟိုဟာယတြာချေ ခိုင်း၊ ဒီဟာယတြာချေခိုင်းမှ ဒုက္ခရောက်မယ်။ မိုးခြိမ့်တစ်ယောက် ဥပါဒါန်ကြောင့် ဥပဒ်ရောက်ပြီး ပိုတောင်ဆိုးသွားဦးမယ်။

"သမိုင်းဆရာကတော့ မသင်ဘူးပေါ့ကွာ၊ ငါတို့လူမျိုးက အလှူအတန်းကြီးလုပ်ရင်ပဲဖြစ်ဖြစ်၊ မင်္ဂလာဆောင်လုပ်ရင် ပဲဖြစ်ဖြစ် ဗေဒင်ဆရာဆီသွားတွက်ချက်ပြီး ရက်ကောင်း တော့ရွေးရမှ စိတ်အေးကြတဲ့လူတွေမဟုတ်လား။ မယုံရင် မင်းအမေ မေးကြည့် ကျော်ဇင်။ သား ရှင်ပြုတုန်းက အမေတို့ နေ့ကောင်းရက်ကောင်းကို ဗေဒင်ဆရာဆီ သွား တွက်ချက်ပြီးမှ ရှင်ပြုပွဲလုပ်လားလို့"

"နေလင်းဝင်း ... မင်း စိတ်ကူးထဲ ရှိတာတွေ ပြောပြီး မိုးခြိမ့်ကို မြှောက်ပေးမနေနဲ့နော်။ တော်ကြာ ဗေဒင်ဆရာက အမှားတွေ လျှောက်ပြောရင် ခက်နေလိမ့်မယ်။ မိုးခြိမ့်

www.burmeseclassic.com

www.burmeseclassic.com



မင်းကလည်း အလကားနေရင်း မရှိတာတွေတွေးပြီး ယုံမှားနေပါနဲ့လားကွာ”

“ဘာကိုမရှိတာလဲ”

“မင်းရဲ့ မိုးမောင်နဲ့ ကျေးဥ ဇာတ်လမ်း”

“ရှိခဲ့တယ်ကွာ၊ တကယ်ရှိခဲ့တာပါ၊ ငါ့မှာ အရင်ဘဝက သစ္စာစူးနေတယ်။ အဲဒီသစ္စာကြောင့် ငါ သိပ်မကြာခင် နောက်လေးငါးလအတွင်းမှာ သေသွားဖို့ပဲ ရှိနေတယ်၊ ကျေးဥ ဝင်စားတဲ့ မိန်းကလေးကို အချိန်မီရှာမတွေ့ခဲ့ရင် သူနဲ့အတူတူ ဘုရားမတည်နိုင်ရင် ငါ တကယ်ပဲ အသေဆိုးနဲ့ ထပ်သေရဦးမယ်”

“ဟာကွာ ... မိုးခြိမ့်ရာ မဖြစ်နိုင်ပါဘူး”

“ဟော့ကောင် ... ကျော်ဇင် တော်တော့၊ မိုးခြိမ့်ကို ပြိုင်မငြင်းပါနဲ့၊ သူပြောတာ ဟုတ်မဟုတ်သိရအောင် လုပ်ဖို့ပဲရှိတော့တယ်၊ ငါ စုံစမ်းပေးမယ်”

နေလင်းဝင်းက ဝင်ပြီး အာမခံနေသဖြင့် မိုးခြိမ့်ရော ကျော်ဇင်ကပါ ...

“ဘာလဲ ... ဘာကို စုံစမ်းပေးမှာလဲ”

ဟု ပြိုင်တူ ပြန်မေးမိကြသည်။





“ဟား ဟား ... ကိုမိုးမောင်နဲ့ မကျေးဥဇာတ်လမ်း မဟုတ်ပါဘူးကွာ၊ ဘယ်ဗေဒင်ဆရာ မှန်လဲဆိုတာ စုံစမ်းပေးမှာပါ”

ထိုနေ့ကတော့ သူငယ်ချင်းတွေ အဆွယ်ကောင်းတာနဲ့ မိုးခြိမ့်သည် တစ်ယောက် ဘယ်မှမသွားဖြစ်တော့ဘဲ ဆိုင်မှာသာ တစ်နေကုန် ထိုင်ဖြစ်ခဲ့သည်။

ဒီသတင်းကို ဒေါ်ဥမ္မာ ပြန်ကြားရတော့ စိတ်အတော်အတန် အေးသွားပြီး ကျော်ဇင်တို့ကိုပင် ဖုန်းပြန်ဆက်လိုက်သည်။

“သားတို့နဲ့အတူတူ ဆိုင်မှာပဲ တစ်နေကုန် ရှိနေအောင် ပြောထားပေးနိုင်တဲ့အတွက် ကျေးဇူးပါပဲကွယ်၊ သားအတွက် စောင့်ကြည့်ဖို့ လူတွေသာ ငှားထားပေးရတာပါ၊ တကယ်တော့ ကိုယ့်သားလေးကို လမ်းမမှာ ဝိုင်းဆွဲဖမ်းချုပ်ခေါ်ရမယ့်အဖြစ်ကို ဘယ်အမေက မြင်ချင်မလဲကွယ်”

“စိတ်ချပါ အန်တီ။ မိုးခြိမ့် တစ်နေရာရာ သွားမယ်ပြောတိုင်း ကျွန်တော်တို့ လိုက်နေပါ့မယ်၊ ပြီးတော့ မိုးခြိမ့်ကို နေလင်းဝင်းက ဗေဒင်ဆရာဆီ ခေါ်သွားမယ်ပြောတယ် အန်တီ၊ အဲဒါ ပေးသွားခိုင်းရမလား။ မသွားအောင် ကျွန်တော် ပြောထားပေးရမလား”



www.burmeseclassic.com

www.burmeseclassic.com



"ဗေဒင်ဆရာ ဟုတ်လား၊ ဘာလုပ်ဖို့လဲ"

"နေလင်းဝင်းက မိုးခြိမ့် စိတ်ကျေနပ်အောင် နှစ်သိမ့်တာ လားတော့ မသိဘူး၊ သူ ပြောတာတွေ တကယ်ဟုတ် မဟုတ် သိချင်ရင် ဗေဒင်ဆရာသွားမေးပါလားလို့ အကြံ ပေးလို့ပါ"

"အန်တီတော့ ဗေဒင်ကို မယုံပါဘူး"

ဒေါ်ဥမ္မာ သဘောမကျသလို တစ်ခွန်းပြောပါသည်။

"မိုးခြိမ့်ကတော့ နေလင်းဝင်း ပြောတာ အဟုတ်ထင်နေပြီ အန်တီ"

"ဗေဒင်ဆရာကို စော်ကားတာတော့ မဟုတ်ပါဘူး၊ သူတို့က တတ်ထားတဲ့ပညာနဲ့ ဟောတာတစ်ဝက်၊ လူ့အရိပ်အကဲကိုကြည့်ပြီး ဟောတာတစ်ဝက်လို့ အန်တီ ထင်တယ်။ ဥပမာကွယ် ဒီကလေးဟာ သိုက်ကလာတယ်ထင်နေတာ ဟုတ်သလား ဆရာ မေးရင် သူတို့က လာမေးတဲ့သူ ဟောစေချင်တဲ့ဘက်နင်းပြီး ဟုတ်တယ်တို့၊ သိုက်ကလာတာတို့ ဘာတို့ စွတ်ပြောရော။ ကိုယ့်ကိုယ်ကိုယ် လူဝင်စားထင်ပြီး လာမေးရင်လည်း သူတို့ဟောလို့ ဇာတ်လမ်းပြောလို့ကောင်းအောင် ချဲ့ကားပြီး ဟောမှာပဲလေ။ တော်ကြာ





သားက ဒေဗင့်ဆရာကတောင် ပြောတာပဲ ငါ ထင်တာ အဟုတ်ပဲဆိုပြီး ပိုဆိုးလာမှဖြင့် ..."

"ဒါဖြင့် ကျွန်တော် နေလင်းဝင်းကို ကြိုမှာထားလိုက်ပါ့မယ်၊ မိုးခြိမ့်ကို ဗေဒင်ဆရာဆီ ခေါ်မသွားဖို့လေ"

ဒေါ်ဥမ္မာနှင့် စကားအနည်းငယ်ပြောပြီးသောအခါ ကျော်ဇင် ဖုန်းပြောတာရပ်ပြီး နေလင်းဝင်းထံ ထပ်ဖုန်းခေါ်ပြီး ဗေဒင်ဆရာဆီ မသွားဖြစ်ရေးကို ကြိုတင်ဇာတ်တိုက် တိုင်ပင်ထားလိုက်ကြပါသည်။

❥ ✧ ❥

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ဒေါက်တာစိုးအုပ်ကျော်သည် မိုးခြိမ့်ညံကို ကြည်ကြည်လင်လင်၊ လန်းလန်းဆန်းဆန်း တွေ့ရပေမယ့် စကားပြောမေးမြန်းကြည့်သောအခါမှာတော့ ...

"ကျေးဥကို ကျွန်တော်ရှာနိုင်ဖို့ အကြားအမြင်ရတဲ့ ဆရာတစ်ယောက်ဆီ ချဉ်းကပ်ဖို့လိုနေပြီ"

ဆိုတာမျိုးတွေ ...။

"မိုးမောင်ဟာ သစ္စာရည်သောက်ခဲ့ရလို့ သစ္စာစူးနေတယ် ဒေါက်တာ။ အရင်ဘဝမှာ အသက်နှစ်ဆယ့်တစ်နှစ်ပြည့်ပြီး ဆယ်လအကြာမှာ အသေဆိုးနဲ့သေခဲ့ရဖူးတယ်၊ ကျွန်တော်လည်း အခု အသက်နှစ်ဆယ့်တစ်နှစ် ပြည့်ပြီးတာ ရှစ်လရှိနေပြီ။ ကျေးဥကိုမှ မတွေ့ရရင် ကျွန်တော်လည်း တစ်နည်းမဟုတ်တစ်နည်း အသေဆိုးနဲ့ သေရမယ်"





ဆိုသော တစ်ခါမှမပြောဖူးသော စကားမျိုးတွေ ပြောလာသောအခါ တော်တော့်ကို စိတ်ညစ်သွားပါသည်။

ဆရာဝန်တစ်ယောက်ဟာ ကိုယ်ကုပေးနေတဲ့ လူနာရဲ့ရောဂါ သက်သာလာတာ မမြင်ရဘဲ တစ်နေ့တခြား ပိုဆိုးနေတာပဲမြင်နေရတော့ စိတ်ဓာတ်တွေ့ကျချင်သလိုလို ဖြစ်လာသည်။ နောက်ဆုံးတော့ သူ ဆုံးဖြတ်ထားသည့်အတိုင်း သူ့ရဲ့ဆရာကြီးတစ်ယောက်ထံသော လူနာလွှဲပေးဖို့ စာကို ကောက်ရေးဖို့ပြင်မိသည်။

"မိုးခြိမ့်ညံကို ကျွန်တော့်ဆရာတစ်ယောက်ဆီ လွှတ်ပေးလိုက်မယ်"

"ကျွန်တော် ဗေဒင်ဆရာတစ်ယောက်ဆီပဲ သွားချင်တယ် ဒေါက်တာ။ ဘယ်လိုသဘောရလဲ"

"ကျွန်တော်တော့သိပ်အားမပေးဘူး။ ဒါပေမဲ့ မိုးခြိမ့် သူတို့ပြောတာဟောတာတွေကို အလကားနေရင်း စွတ်ပြီးမယုံပါဘူးလို့ ကိုယ့်ကိုယ်ကိုယ် အာမခံနိုင်ရင်တော့ သွားပါ"

ဒေါက်တာစိုးအုပ်ကျော်သည် သူ့နာမည် Letter headရိုက်နှိပ်ထားသော စာရေးစက္ကူကို ဖြုတ်လိုက်ပါသည်။ စာထဲမှာတော့ ဆရာကြီးထံ လူနာလွှဲပေးလိုက်ပါကြောင်း ရေးသားထားသော အကြောင်းအရာတချို့သာပါသည်ဖြစ်ရာ စာအိတ်ပိတ်စရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုပါ။ ဆရာကြီးနဲ့တွေ့ရင် လူနာရဲ့ History ပြန်မေးမှာပဲမို့ သူ့လိုအငယ်ဂျူနီယာသမားတစ်ယောက်က အပိုတွေ ထည့်ရေးပေးနေစရာ မလိုပါ။

ထိုအချိန်တွင် ဆေးခန်းတံခါးကို အပြင်မှ အသာခေါက်သံကြားရသည်။ တံခါးက လော့(ခ)မလုပ်ထားဘဲ ဘုလုည့်ပြီးသာပိတ်ထားပေမယ့် အပြင်မှာစောင့်ရသော ရိုးဆက်ရှင် နှစ်(စ)ကတော့ ယဉ်ကျေးမှုအရ တံခါးအသာခေါက်လိုက်ပြီး ...

"ဒေါက်တာ"

ဟု အသံပြုလိုက်လေသည်။

"ဝင်ခဲ့ပါ ဒေါ်ဂျူလီ"

"ဒေါက်တာညီမလေး ရောက်လာလို့"

"ဘာကိစ္စလဲ ဖုန်းဆက်ရောပေါ့"

"ကျွန်မ ဘာပြောပေးရမလဲ ဒေါက်တာ"

"ခဏ ဝင်လာခိုင်းလိုက်"

အပြင်မှ စကားသံသဲ့သဲ့ကြားပြီးသောအခါ ဆေးခန်းတံခါးကို အသာတွန်းဝင်လာခဲ့သောသူတစ်ဦးကို မိုးခြိမ့်ညံ မကြည့်မိသေး။ ဒေါက်တာ့ညီမဆိုသဖြင့် မိန်းကလေးတစ်ယောက်ဟုသာ သိထားလေရာ ကိုယ်နဲ့ မသိကျွမ်းဘဲနဲ့ သူစိမ်းမိန်းကလေးတစ်ယောက်ကို စောင့်ကြည့်မနေချင်၍ ဒေါက်တာကမ်းပေးသော



အချက်ကိုသာ အာရုံစိုက်ပြီး နောက်ထပ်အထူးကုဆရာဝန်ကြီးရဲ့ အမည်ကို ဖတ်ကြည့်နေလိုက်မိသည်။

"ကိုကြီး"

ဟု ခေါ်လိုက်သံ သဲ့သဲ့သည် မိုးခြိမ့်ညံ၏ စိတ်အစုံကို ညှို့ငင်ဆွဲဆောင်သွားခဲ့ပါသည်။ ထိုအသံသည် သူ နှစ်ပေါင်းများစွာ တမ်းတနေခဲ့သော အသံကလေးဖြစ်နေခဲ့ပြီတည်း။

"ကျေးဥ"

လို့ မိုးခြိမ့်ညံ့ ရင်ထဲမှာ ခပ်တိုးတိုး အော်ခေါ်မိပေမယ့် အသံမှာ နှုတ်ဖျားမှ ထွက်ကျမလာခဲ့ပါ။ အသံတွေဟာ အစ်စုံတစ်ခုနဲ့ ပိတ်ဆို့ခံထားရသလိုပဲ လည်ချောင်းဝမှာ တစ်နေခဲ့သည်။ မိုးခြိမ့်ညံ့သည် ယောက်ျားတန်မဲ့ မျက်ရည်ဝဲနေသော မျက်ဝန်းအစုံဖြင့် ကြည့်နေမိသည်ကို ဒေါက်တာစိုးအုပ်ကျော် သတိမထားမိပါ။ ထို့အတူ သူမအစ်ကိုထံသာ အာရုံရောက်နေခဲ့သော ဥဒေါင်းပျိုလည်း သတိမထားမိလိုက်ပါ။

"ဥ ကားဒီနားရောက်မှ ပျက်သွားတယ် ကိုကြီး"

"အဲဒါ ဘာဖြစ်လဲ၊ ဝပ်ရှော့ကို ဖုန်းဆက်ခေါ်လိုက်လေ"

"ခေါ်ပြီးပြီ ခုထိ ရောက်မလာသေးလို့၊ ပြီးတော့ ဥ နိုနို တို့ကို ကြိုရခါနီးနေပြီ၊ ကားကို ဒီတိုင်းအစောင့်မရှိ ထားခဲ့ရမှာ စိတ်မချဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါ့ဆေးခန်းက အကူကောင်လေး တစ်ယောက် ခေါ်သွားပြီး စောင့်ခိုင်းလိုက်၊ နင်ကရော တက္ကစီနဲ့ သွားကြိုမလို့လား"

"ဟုတ်ကဲ့"

"အေး ... ဒါဆိုလည်း သွားကြိုပြီး အိမ်သာတန်းပြန်နေလိုက်တော့၊ ငါ့ကောင်လေးကို ဝပ်ရှော့ကလာယူတဲ့အထိ စောင့်ဖို့ ငါမှာလိုက်မယ်"

ဒေါက်တာမိုးအုပ်ကျော်ရော ဥဒေါင်းပျိုပါ စိတ်ထဲတွင် မသိုးမသန့်ဖြစ်တာနဲ့ (လူဆိုတာ ကိုယ့်ကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေရင်ပဲဖြစ်ဖြစ်၊ ချောင်းကြည့်နေရင်ပဲဖြစ်ဖြစ် မသိစိတ်မှာ အလိုလိုဖြစ်တာမို့) တစ်ဖက်မှလူဆီ ပြိုင်တူကြည့်လိုက်မိကြလေသည်။

မျက်ရည်ဝဲနေသော (သို့သော်) နှုတ်ခမ်းတွေမှာတော့ အစွမ်းကုန်ပြုံးနေသော မိုးခြိမ့်ညံကို ဆုံလိုက်ရလျှင် ဒေါက်တာမိုးအုပ်ကျော် အံ့သြတုန်လှုပ်သွားသည်။ ဒါ မှမမှန်တဲ့ အမှုအရာပဲလို့ သတ်မှတ်မိသည်။

ဒါပေမဲ့ ဥဒေါင်းပျိုကတော့ ထိုသို့မဖြစ်။ ရုတ်တရက် သူ့မျက်လုံးတွေကို ဆုံလိုက်ရလျှင် ဝမ်းသာပြီး ပြုံးမိတော့မလိုပင် ဖြစ်သွားသေးသည်။ ပြီးမှ ဇဝေဇဝါဖြင့် ငါ သူ့ကို မသိပါဘူး။





ဒါနဲ့များ ဘာကြောင့် ကိုယ်သိနေခဲ့ပြီးသားလူကို ပြန်ဆုံရလို့ ဝမ်းသာတဲ့စိတ်မျိုး ဖြစ်သွားတာလဲ။ နေဦး သူ့ကို ငါ သိပ်တွေ့ဖူးတာပဲ။ ဘယ်မှာပါလိမ့်။

"ဒေါက်တာ"

မိုးခြိမ့်ညံ ခေါ်လိုက်လျှင် ဒေါက်တာမိုးအုပ်ကျော် အလိုက်သင့်ပင် ...

"ပြောပါ မိုးခြိမ့်"

"သူလေ ... အဲဒါ ကျွန်တော့်ရဲ့ကျေးဥပဲ"

ထိုအသံသည် ဥဒေါင်းပျို ရင်ထဲတွင် ရှုပ်ထွေးပြီး ဇဝေဇဝါ ဖြစ်နေခဲ့သည်များကို ဖြေရှင်းပစ်လိုက်သလိုပင် ဖြစ်သွားခဲ့ပါသည်။ ဥဒေါင်းပျိုသည် ... "အဲဒါ ကျွန်တော့်ရဲ့ကျေးဥပဲ" ဆိုသော အသံကိုအကြားမှာ မူးမေ့လဲတော့မလို ယိမ်းယိုင်သွားခဲ့ပါတော့သည်။

"ကျွန်တော် ပြောနေတဲ့ ကျေးဥ ဝင်စားတဲ့သူဟာ သူပါပဲ ဒေါက်တာ။ သူ့ကို ကျွန်တော် အခု ပြန်တွေ့ပြီ၊ ပြန်ဆုံရပြီ၊ နောက်ဆုံးတော့ ကျွန်တော် ကျေးဥကို ရှာတွေ့ပြီ"

"မိုးခြိမ့် ဘာတွေပြောနေတာလဲ၊ အဲဒါ ကျေးဥမဟုတ်ဘူး၊ ကျွန်တော့်ညီမလေးပါ"

"သူ့နာမည်မှာ 'ဥ'ဆိုတဲ့စာလုံးပါတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်စိုးအုပ်ကျော်မှာ အတော်ကြီး စိတ်ရှုပ်သွား
ပြီး လက်မခံချင်သလိုဟန်ဖြင့် ...

"မိုးခြိမ့် စိတ်စွဲပြီး ထင်ချင်ရာ ထင်နေတာဖြစ်မှာပါ၊ 
လူဝင်စားမဟုတ်ပါဘူး"

"ကျေးဇူး ကျွန်တော်က ကိုမိုးမောင် ဝင်စားတဲ့သူ
ကျွန်တော် မိုးခြိမ့်ညံပါ"

မိုးခြိမ့်ညံသည် ပြောပြောဆိုဆို ဦးခေါင်းပျိုး
ဖျတ်ခနဲရောက်သွားလျှင် ဒေါက်တာစိုးအုပ်ကျော် အလန့်တကြား
ပင် ဆေးထိုးအပ်ကို ကောက်ကိုင်လိုက်တော့သည်။ စိတ်ရော
ဝေဒနာသည်က စိတ်ဖောက်ပြန်ပြီး ညီမလေးကို ဒုက္ခပေးတော့
မယ်ဆိုပြီး ဆရာဝန်တို့ထုံးစံအတိုင်း စိတ်ငြိမ်ဆေးထိုးပေးဖို့ ပြ
ဆင်လိုက်သည်။

"ကိုမိုးမောင် ဟုတ်လား"

"မှတ်မိတယ် မဟုတ်လား ကျေးဇူး"

"ဆရာမကြီးပြောတာ မှန်တယ်၊ ရှင့်ကို အခု တွေ့ပြီနော်"

"ဟာ ... ဦးခေါင်း ဘာဖြစ်နေတာလဲ၊ နင်ကပါ ဘာ
လာတာလဲ၊ သွား ... သွား ... ခုမြန်မြန်ထွက်သွားစေ
ဟေ့ ... အပြင်ကဝင်လာခဲ့ပါဦး၊ ဒီမှာ ဆေးထိုးရင် ဖိ
ထိန်းပေးဖို့ လူလိုတယ်"





ဒေါက်တာစိုးအုပ်ကျော်သည် အင်တာကွန်ခလုတ်ကို
နှိပ်လိုက်ကာ အပြင်က ဆေးခန်းအကူကောင်လေးတွေကို ခေါ်
လိုက်လျှင် ...

"ဒေါက်တာ ကျွန်တော် မရူးပါဘူး၊ ကျွန်တော် ပြောနေ
တာအမှန်တွေပါ၊ ကျွန်တော်နဲ့သူ အတိတ်ဘဝမှာ ဖြစ်ခဲ့
တာတွေကို ပြန်အိပ်မက်မက်နေတာပါ။ ကျွန်တော် သူ့ကို
ပြန်ဆုံရပြီဆိုရင် ပြဿနာတွေအားလုံး ရှင်းသွားပါပြီ"

"ကိုကြီး ဟုတ်ပါတယ်၊ သူ ပြောနေတာတွေ ဟုတ်ပါ
တယ်။ ဥ ပြောတာ နားထောင်ပါ"

"တိတ်စမ်း ဥဒေါင်း၊ နင်ကပါ ဘာအရူးထနေတာလဲ"

"ဥ သိနေတာပါ ကြာပြီ၊ ကိုကြီး။ ကိုကြီး ဆူမှာစိုးလို့
မပြောတာပါ။ ဆရာမကြီး ဒေါ်ကြူစိတ်ဆိုတဲ့ အကြားအမြင်
ရဆရာမကြီးဆီမှာ ဗေဒင်သွားမေးတုန်းက သိလာခဲ့တာပါ။
ဥ ဒါကြောင့် တနင်္ဂနွေမနက်တိုင်း ဘုရားမှာ အဓိဋ္ဌာန်
ပုတီး သွားစိပ်ပေးနေတာပါ။ ဥ သူ့ကို ကူညီမှုဖြစ်မှာမို့ပါ"

ထိုအချိန်တွင် ဒေါက်တာစိုးအုပ်ကျော်၏ ဆေးခန်း
အကူကောင်လေးနှစ်ယောက်တို့ရော ဒေါ်ဥမ္မာပါ အပြေးဝင်လာ
တော့သည်။ ဒေါက်တာစိုးအုပ်ကျော်က မျက်ရိပ်ပြပြီး ကောင်လေး
တွေကို ချုပ်ခိုင်းလိုက်တော့သည်။ မိုးခြိမ့်ညံမှာ ရုန်းကန်
ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... မေမေ သား မရှုးပါဘူး။ ဒေါက်တာ့ကို ဆေးထိုးပြီးမအိပ်နိုင်းစေပါနဲ့။ သား ကျေးဥကို တွေ့ပြီ မေမေ။ သူပဲ သူဟာ ကျေးဥပဲ မေမေ။ ဒေါက်တာ့ညီမ လေးဟာ ကျွန်တော့်ရဲ့ကျေးဥပါပဲ မေမေ။ ယုံပါ ... ယုံပါ ယုံလိုက်ပါ မေမေရာ။ ဒေါက်တာ့ကို ဆေးမထိုး ခိုင်းပါနဲ့"

ဟု အမေကို အားကိုးတကြီး အော်ပြောနေသည်။ ဒေါ်ဥမ္မာမှာ အခုမှ ဝင်လာသူဖြစ်ရာ ရုတ်တရက် နားမလည်နိုင်ဘဲဖြစ်လျက် ဒေါက်တာစိုးအုပ်ကျော်၏ညီမဆိုသူကို ကြည့်လိုက်မိသည်။ ဟင် ... ဘုရားရေ ကောင်မလေးမှာလည်း မျက်ရည်တွေနဲ့ပါလား။ ဘာတွေဖြစ်ကုန်တာပါလိမ့်။

"ကိုကြီး ... ကိုကြီး မလုပ်ပါနဲ့ ရပ်ပါတော့၊ သူ့ကို ဆေးမထိုးပါနဲ့၊ သူက ကိုမိုးမောင် ဟုတ်ပါတယ်၊ ဥ သိပါတယ်၊ သူ ပြောတာတွေအမှန်ပါ။ သူ့ကို ဆေးမထိုးပါနဲ့"

"ဥဒေါင်း ... နင် ထွက်သွားတော့လို့ ငါပြောနေတယ်"

ဥဒေါင်းပျိုသည် မိုးခြိမ့်ညံကို ဝိုင်းချုပ်ထားသည့်မြင်ကွင်းကိုကြည့်ရင်း ကြည့်ရင်း ရင်ထဲတွင် မခံမရပ်နိုင်အောင် နာကျင်လာခဲ့လေသည်။ ရင်ထဲမှာ တစ်ခါမှ အဲဒီလောက်မနာကျင်





ဖူးခဲ့။ ရင်ဘတ်တစ်ခုလုံး စူးအောင့်နေကာ အသက်ရှူပင် ကျပ်လာသည်။ မျက်လုံးတွေမှာ တဖြည်းဖြည်း မှုန်ဝါးပြာဝေလာသည်။ လူက တည့်တည့်ရပ်နေ၍မရအောင် ယိမ်းယိုင်လာသည်။ နောက်ဆုံးမှာတော့ ဥဒေါင်းပျိုသည် ခွေခနဲပင် ပုံရက်သား လဲကျသွားပါသည်။

"ဟာ ... ကျေးဥ ... ကျေးဥ လဲသွားပြီ"

ဒေါက်တာစိုးအုပ်ကျော်သည် လူနာရှင်ဖြစ်သော ဒေါ်ဥမ္မာ ဝင်လာသဖြင့် ဆေးထိုးဖို့ခွင့်တောင်းမည့်ဟန်ပြင်နေတုန်း ရှိသေးသည်။ မိုးခြိမ့်ညံ၏ ကြေကြေကွဲကွဲ အော်ချလိုက်သော အသံကြောင့် အားလုံး အရှိန်တန့်သွားပြီး မိုးခြိမ့်ညံအပေါ် အာရုံလျှော့သွားသည်။ မိုးခြိမ့်ညံသည် သူ့ကို ချုပ်ထားသူတွေလက်မှ အလွယ်တကူပင် ရုန်းထွက်သွားခဲ့ပြီးလျှင် ဥဒေါင်းပျိုထံ ပြေးသွားလိုက်တော့သည်။ ခွေခွေလေး လဲနေသော ဥဒေါင်းပျိုကို ဆွဲ့လိုက်သောအခါ ဒေါက်တာစိုးအုပ်ကျော်၏အသံမှာ ဟိန်းထွက်သွားပါသည်။

"မိုးခြိမ့်"

"ဒေါက်တာ ကျွန်တော် သူ့ကို ဘာမှ မလုပ်ပါဘူး၊ သူ သတိမေ့နေလို့ စိုးရိမ်သွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို အနှောင့်အယှက်မပေးပါနဲ့၊ သွားပါ သွားပါတော့ မိုးခြိမ့်ရာ။ မင်း ငါ့လူနာမဟုတ်တော့ပါဘူး။ သွားပါတော့ မင်းကို ညွှန်ထားတဲ့ ဆရာကြီးဆီပဲ သွားပါတော့"

ဒေါက်တာစိုးအုပ်ကျော်သည် စိတ်အရှုပ်ကြီးရှုပ်ကာ မိုးခြိမ့်ညဲ့ လက်ထဲမှာ ပွေ့ထားသော ညီမဖြစ်သူကို သဝန်တိုစွာပင် လှယူပွေ့ထားလိုက်ပါသည်။ မိုးခြိမ့်ညံမှာ အလွယ်တကူပင် အလုခံလိုက်လျက် ဥဒေါင်းပျို၏ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်၍မဆုံး ဖြစ်နေသဖြင့် လုံးဝထွက်မသွားသေးပါ။

"အန်တီသားဟာ ကျွန်တော့်လူနာမဟုတ်တော့ပါဘူး၊ သူ့ကို ပြန်ခေါ်သွားပါတော့၊ ကျွန်တော် သူ့ကို ဆရာကြီးတစ်ယောက်ဆီကို လွှဲပေးလိုက်ပါပြီ အန်တီ။ နောက်ဆို ကျွန်တော့်ဆီလာစရာမလိုတော့ပါဘူး။ ပြီးတော့ ကျွန်တော့် ညီမလေးကိုလည်း ထပ်ပြီး မနှောင့်ယှက်ပါစေနဲ့ အန်တီ၊ သူ့ကြောင့် ညီမလေး စိတ်ဆင်းရဲရမှာ မမြင်ချင်ဘူး"

ဒေါ်ဥမ္မာသည် ဒေါက်တာစိုးအုပ်ကျော်၏ ပြတ်သားသော ခပ်စိမ်းစိမ်း စကားတွေကို အံ့ဩတကြီး နားထောင်ရင်း သားဖြစ်သူကိုသာ ဖျောင်းဖျပြီးခေါ်ဖို့ ဆုံးဖြတ်လိုက်သည်။ ဆရာဝန်တစ်ယောက် ဖြစ်ရက်နဲ့ ကိုယ့်လူနာအပေါ် လုံးဝ ညှာတာစိတ် မရှိဘဲ ဒီဆေးခန်းထဲက မြန်မြန်ထွက်သွားဖို့သာ ပြောနေသော





ဒေါက်တာစိုးအုပ်ကျော်၏ စိတ်ဓာတ်ကို မယုံနိုင်သလိုဖြစ်နေသည်။ လူနာတစ်ယောက် စိတ်ကယောင်ချောက်ချားဖြစ်ပြီး ထင်မိထင်ရာ ရှိခဲ့ရာပြောသည်ပဲထားဦး။ အေးအေးဆေးဆေး ချော့မော့ဖို့တော့ ခေါင်းစားဘဲ သူ့ညီမထိတော့ နာတာတ်လိုက်တာလို့ တွေးနေမိသည်။

မိုးခြိမ့်ညံမှာ ဒေါ်ဥမ္မာပင် မဖျောင်းဖျ လိုက်ရပါ။ သူ့သဘောနဲ့သူ ဆေးခန်းထဲက တံခါးဖွင့်ပြီး ထွက်သွားပါသည်။ ဒေါ်ဥမ္မာကသာ နောက်က အပြေးလိုက်ရင်း ...

"သား ... သား ... ဘယ်မှမသွားနဲ့နော်၊ မေမေနဲ့ ပြန်လိုက်ခဲ့နော်၊ စိတ်ထိန်းပါ သားရယ်"

ဟု ပြောလည်းပြော။

မိုးခြိမ့်ညံကတော့ တဟက်ဟက် ရယ်လျက် ...

"မေမေ ခုထိ မယုံသေးဘူးလား"

"ဘာလဲ သားရယ်။ ဘာကို ယုံရမှာလဲ"

"သားဟာ ကိုမိုးမောင် ဝင်စားတာပါ၊ အရင်ဘဝကချစ်သူ မကျေးဥကို လိုက်ရှာနေတာပါ၊ အခုတော့ မကျေးဥကို တွေ့ပြီ။ ကျေးဥကိုပြန်တွေ့ရလို့ ဝမ်းသာပြီး ပြောပြနေတာပါ မေမေ၊ သူကလည်း သားကို သိတယ် မေမေ၊ သားကို သူ ကြိုသိနေတယ်၊ သားနဲ့ဆုံရမယ်ဆိုတာ သူ ကြိုသိပြီး မျှော်နေခဲ့တယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဥမ္မာသည် သူမ ဆေးခန်းထဲ မဝင်ခင်ကတော့ ဘာတွေ ပြောကြမှန်း မသိပေမယ့် သူမ ဝင်လာပြီးသောအခါမှာ ကောင်မလေး မျက်ရည်လည်ရွဲနဲ့ ပြောသော ...

"သူက ကိုမိုးမောင်ပါ၊ သူ ပြောတာတွေ အမှန်ပါ"

ဗလုံးဗထွေး စကားသံကိုတော့ ကြားလိုက်ရသည် ဖြစ်ရာ အခုတော့ ယုံပဲယုံရတော့မလိုလို။ ဒေါက်တာ့ညီမလေးဆိုတာက စိတ်ရောဂါရှိသူလည်း ဟုတ်ပုံမရဘူး။ သွက်သွက်လက်လက်။ လန်းလန်းဆန်းဆန်းလေးနဲ့ လက်ကိုင်အိတ်လေး တံတောင်ဆစ်မှာချိတ်ပြီး ကားသော့လေးကိုင်ကာ ဝင်လာခဲ့တုန်းက အပြင်မှာ ထိုင်စောင့်နေသော ဒေါ်ဥမ္မာပင်။

"အို ... ဒီမိန်းကလေး ချောလိုက်တာကွယ် ကျက်သရေရှိလိုက်တာ"

ဆိုပြီး ငေးကြည့် သဘောကျနေခဲ့သေးတာပါ။

လုံးဝ အဆက်အစပ်လည်းမရှိ ပတ်သက်မှုလည်း မရှိခဲ့သူ မိန်းကလေးက သားပြောပြောနေတဲ့ ကိုမိုးမောင် မကျေးဥကို ဘာကြောင့်များ သိနေစရာရှိလဲ။ ဆရာဝန်တွေဟာ သူတို့လူနာတွေအကြောင်း အိမ်မှာပြန်ပြောတယ်ရယ်လို့တော့ မရှိပါဘူး။ ပြီးတော့ ဒီမိန်းကလေးကလည်း သူနဲ့ ဘာမှမဆိုင်ပါဘဲ သားပြောတာကို လိုက်ထောက်ခံပြီး ဟုတ်ပါတယ်လို့ ကူပြောပေးပါ့မလား။





ဒေါ်ဥမ္မာသည် ကားတံခါးဖွင့် အသင့်စောင့်နေသော ဦးညိုကြီးကိုမြင်တော့ ...

"ဦးညိုကြီး မြင်မှ သတိရတယ်၊ ရှင် တစ်ခါပြောဖူးတယ် နော်။ သားရဲ့ရောဂါကို ဒီတိုင်းကုနေလို့ မသက်သာရင် အကြားအမြင်ရတဲ့သူဆီမှာ သွားမေးမြန်းကြည့်ပါလားတဲ့။ အခု အဲဒီလိုလုပ်ရမလို ဖြစ်နေပြီထင်တယ်"

ဟု တွေ့တွေ့ချင်း တိုင်ပင်သလို ပြောလိုက်မိတော့လေသည်။

ဦးညိုကြီးက တက်တက်ကြွကြွပင် ...

"ဒါဆို သွားကြမလား မဥမ္မာ"

ဟု ချက်ချင်း မေးလာပါသည်။

"ဒီနေ့တော့ မသွားသေးပါဘူးလေ။ ဆရာဝန်ရဲ့ ပစ်ပစ်ခါခါ ဆက်ဆံခံလိုက်ရတာကို စိတ်ထဲမှာ ခိုးလိုးခုလု ဖြစ်နေသေးတော့ မသွားချင်ဘူး"

"သားကတော့ သွားစရာမလိုအောင် သေသေချာချာသိပြီး နေပါပြီ၊ ကျေးဥကို ပြန်တွေ့ပြီပဲ၊ ဘာမှ မလိုတော့ပါဘူး။ သူနဲ့ ကျွန်တော် ဘုရားတည်ဖို့ပဲ လိုတော့တယ်"

"မဥမ္မာသဘောပါ၊ သွားချင်ရင် ကျွန်တော် ဒီနေ့တည်းက တိုကင်ကြိုယူထားရမှာမို့ပါ၊ ဆရာမကြီးက အမြဲလူပြည့်နေတတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းမှာ ဒေါ်ဥမ္မာကတော့ သားရဲ့ပြဿနာကို ဘယ်လိုဖြေရှင်းရမလဲလို့ တွေးတောလာခဲ့သလို မိုးခြိမ့်ညံကလည်း ကျေးဥ ဝင်စားသော မိန်းကလေး 'တီဥ'ဟုသာ နာမည်သိထားသော မိန်းကလေးကို ဘယ်လိုပြန်ဆုံအောင်လုပ်ရမလဲပဲ အကြံထုတ်လာခဲ့သည်။





## ၁၃

ဥဒေါင်းပျို ပြန်သတိရလာသောခါ အရင်ဆုံး ရင်ဆိုင်ရသူမှာ ကိုကြီးပဲဖြစ်သည်။ ဥ အနားမှာ လက်ကြီးပိုက်၊ မျက်မှောင်ကြီးကြုတ်ကာ ထိုင်စောင့်နေခဲ့သော ကိုကြီးသည် ဥကို အကဲခတ်လျက် ...

"နေစမ်းပါဦး၊ အဲဒီကောင်နဲ့ နင်နဲ့က ရည်းစားဖြစ်နေပြီလား"

"ရှင် ... ကိုကြီး"

"ဘာ ... ရှင်တွေရှန်တွေ လုပ်နေတာလဲ၊ ငါလူနာအကောင် Schizo(စကစ်ဇို)အကောင် မိုးခြိမ့်ညံကို ပြောတာ၊ သူက နင့်ရည်းစားမို့ ဒီကိစ္စမှာ ဝင်ပါနေတာလား။ နင်တို့ တိုင်ပင်ပြီး လုပ်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကိုကြီးရယ်၊ သူ့ကို အခုမှ ဦ တွေ့ဖူးတာပါ"

"အခုမှ တွေ့ဖူးပြီး သူ ပြောတာဟုတ်တယ်၊ မှန်တယ်တွေ ထောက်ခံလို ထောက်ခံ။ သူ့ဘက်ကတောင် ဝင်ပါပြီး မျက်ရည်လေး စမ်းစမ်း,စမ်းစမ်းနဲ့ ဝင်တောင်းပန်လို တောင်းပန်နဲ့ အဲဒါ ဘာဖြစ်ရတာလဲ"

"ကိုကြီး ... အဲဒါတွေက တကယ့်အမှန်တွေပါ။ အဲဒီအကြောင်းကို ဦ သိနေတာ ကြာပါပြီ၊ နှစ်လလောက်ရှိပြီ"

"သူများရှုးတိုင်း နင်ပါ ဝင်မရှုးနဲ့ ဦဒေါင်း"

"ဦ သူငယ်ချင်း သိမ့်နဲ့ မထင်မှတ်ဘဲ အကြားအမြင်ဆရာမကြီးဆီ ရောက်သွားမှ သိလာတာပါ"

"အလကား ... အဲဒီလူတွေဟာ ဒီလိုပဲ ပေါချင်ရာလျှောက်ပေါပြီး လုပ်စားနေတာ၊ ဘာယုံစရာရှိလဲ၊ ကျွန်တော် ဒီအကြားအမြင်ဆရာမဟာ အောင်သွယ်ဆရာမကြီး ထင်တယ်၊ နင့်ကို တမင် အဲဒီ စကစ်ဇိုကောင်နဲ့ ဖြစ်စေချင်လို့ ဓာတ်လမ်းဆင် လွှတ်လိုက်တာ ဖြစ်မယ်"

"ဦလည်း သူများပြောတိုင်း ယုံလွယ်တဲ့သူ မဟုတ်ပါဘူး။ ဦ စိတ်ထဲမှာ တကယ်ပဲ ထူးခြားတာတွေ ခံစားလာရလို့





ပါ။ သူ ပြောပြတဲ့ အကြောင်းအရာတွေကို ဦ တကယ်ကြုံခဲ့ဖူးတယ်ဆိုတာ ခံစားလာရလို့ပါ။ ပြီးတော့ ဦ,ကိုယ်တိုင် အဓိဋ္ဌာန်ပုတီး သွားစိပ်ရင်းနဲ့ အာရုံထဲမှာ အဲဒီအဖြစ်အပျက်တွေကို တကယ်ပဲ ပုံဖော်မြင်လိုက်လို့ပါ။ ဦ,ဟာ အဲဒီမကျေးဦနဲ့ ရုပ်အတူတူပါပဲ၊ အဲဒီလိုပဲ မိုးခြိမ့်ညံ့ဟာလည်း ကိုမိုးမောင်နဲ့ ရုပ်ချင်းတော်တော့်ကို ဆင်ပါတယ်၊ ဦတို့ တကယ်ပဲ အတိတ်ဘဝက ..."

"တော်စမ်း ... တိတ်၊ အရူးစကားတွေ မပြောနဲ့၊ ငါ မကြားချင်ဘူး"

ဦဒေါင်းသည် အရင်တည်းက အစ်ကို,ကို ချစ်ကြောက်ရှိသေရသူဖြစ်ရာ အစ်ကိုက ဆက်မပြောနဲ့အော်လျှင် မပြောရဲတော့။ အသနားခံသော မျက်လုံးအစုံဖြင့်သာ ကြည့်နေမိသည်။ ယုံချင်မှယုံပါ ကိုကြီးရယ်။ ဒါပေမဲ့ ဦကတော့ သူ့ကိုကူညီမှ ဖြစ်မယ်။ သူ့အတွက် အချိန်သိပ်မကျန်တော့ဘူး။ သူ့ကိုသစ္စာရှုးနေတာတွေက လွတ်အောင် ဦကိုယ်တိုင် ကူညီမှဖြစ်မှာမို့ပါ။ ပြီးတော့ ... ပြီးတော့ ... အို ... အမှန်အတိုင်း ပြောရရင် အတိတ်ဘဝကရေစက်ပဲထင်ပါရဲ့။ သူ့ကို ပြန်မြင်မြင်ရချင်းမှာပဲ ဦ ရင်ထဲအသည်းထဲပေါက်ထွက်သွားတော့မဲ့တတ် ချစ်သွားခဲ့တယ်။ ဒီတော့ချစ်ရတဲ့သူအတွက် ဦ အစွမ်းကုန် ဝင်ကယ်မှ ဖြစ်တော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ကစပြီး နင် အိမ်ထဲကအိမ်ပြင် ဘယ်မှထွက်စရာ မလိုတော့ဘူး"

"ရှင်"

"ကလေးတွေကိစ္စ၊ ကျောင်းကိစ္စတွေ အကြောင်းပြပြီး ထွက်ဖို့လည်း မကြိုးစားနဲ့၊ ထွက်ရင် နင် အဲဒီကောင်နဲ့ တွေ့မှာပဲ။ သူနဲ့တွေ့ရအောင်လုပ်ပြီး ငါမကြိုက်တဲ့ အတိတ်ဘဝအကြောင်းတွေ ပြောကြမယ်၊ အယုံအကြည်မရှိတဲ့ ကိစ္စကို လုပ်ကြမယ် မဟုတ်လား။ ဒီတော့ ငါ ခွင့်မပြုဘူး၊ မလုပ်ရဘူး၊ မသွားရဘူး။ ဘယ့်နှယ် အစ်ကိုကတော့ စကာစ်ဖိုပါဆိုပြီး ကုပေးနေ၊ ညီမနဲ့တွေ့မှ ဘာရောဂါမှ မရှိပါဘူး၊ ဒါအမှန်တွေပါ ဆိုတာ ယုံလိုက်ရမှာလား"

အမှန်တော့ ဒေါက်တာစိုးအုပ်ကျော်မှာ သူကတော့ ဆရာဝန်ပီပီ ရောဂါအမည်တပ်ပြီး ကုပေးနေခဲ့သူမှာ ဘာရောဂါမှ မရှိဘဲ တကယ်ပဲ အတိတ်ဘဝရှိခဲ့သူ အစစ်အမှန်ဖြစ်နေခြင်းကို ရှက်ရမ်း ရမ်းပြီး ငြင်းဆန်နေမိတာဖြစ်သည်။ ညီမလေးဥဒေါင်း ဟာ လိမ်မပြောဘူး တကယ်ပြောတာလည်းဖြစ်နိုင်ပေမဲ့ သူ လုံးဝ လက်မခံလိုခဲ့ပါ။ မိုးခြိမ့်ညံကိုလည်း မုန်းလို့မဟုတ်ပါ။ သူ့ရဲ့ ဆရာဝန်ဟူသော အတ္တအရ စိတ်ရောဂါမရှိသူကို ရှိပါတယ် သတ်မှတ်ပြီး ဆေးတွေပေးပြီး ကုပေးမိခဲ့သည်အတွက် ရှက်ရမ်း ရမ်းမိတာဖြစ်လေသည်။





"သူ့ကို ဥ အချိန်မီ မကယ်နိုင်ရင် သူ မကြာခင်မှာသေ ရတော့မယ် ကိုကြီး။ သူ့မှာ ကျိန်စာမိသလိုလည်း ဖြစ်နေတယ်။ အဲဒီအတိတ်ဘဝမှာ သေခဲ့ရတဲ့ အချိန်ရောက်ရင် သူ တစ်ခါပြန်သေရလိမ့်မယ်၊ ဒါကြောင့် ဥ,က သူနဲ့ အတူတူ ကိုမိုးမောင်–မကျေးဥ ကောင်းမှုလို့ ကမ္ပည်းတင်ပြီး ဘုရားတစ်ဆူတည်ပေးမှ သူ ဒီအဖြစ်ဆိုးကြီးက လွတ်မှာမို့ပါ"

"ဥဒေါင်းနော် ... နင် ဘယ်လိုဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ငါ မကြိုက်တာတွေ ဆက်ပြောနေရတာလဲ ... တိတ်စမ်း"

ဥဒေါင်းပျိုသည် ကိုကြီးကို ကြောက်ရသဖြင့် အသာ ငြိမ်နေလိုက်ရပါသည်။ ရင်ထဲမှာတော့ လုံးဝမကောင်းလှ။ သူ့ကို ပြန်တွေ့ရက်နဲ့ မကူညီနိုင်တော့ဘူး။ သူတော့ ဒီကျိန်စာဆိုးကြီး ထဲက လွတ်ပါတော့မလား။

သံသရာတစ်ပတ်လည်သွားလို့ သူရယ်၊ ဥရယ်၊ ဒေါ်သုန်ရယ် ဆိုတဲ့ အတိတ်ဘဝမှာ ဆုံစည်းဖူးကြတဲ့ လူသားသုံးယောက်တို့၊ တိုက်ဆိုင်စွာ ပြန်ဆုံကြရတဲ့ ဒီလူ့ဘဝတစ်ခုမှာမှ သူ့ရဲ့သစ္စာစူးနေတဲ့ ကျိန်စာတွေကို ပြေပျောက်အောင် မလုပ်ပေးနိုင်ခဲ့ရင် ဘယ်တော့များမှ အခုလို ပြန်ဆုံခွင့် ရှိဦးမှာလဲ၊ ဘယ်သူမှ ကြိုမသိနိုင်တဲ့ ဘယ်တော့ပြန်ဆုံကြမလဲ။ ဘယ်ကာလမှာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆုံကြမလဲဆိုတဲ့ အဖြေကိုလည်း မသိချင်ပါဘူး။ အခုလို ဆုံခွင့်ရတဲ့ဘဝမှာပဲ သူ့ကိုလွတ်မြောက်အောင် လုပ်ပေးချင်တာပါ။

ဘာကြောင့်လဲဆိုတော့ ဉက သူ့ကို အတိတ်ဘဝမှာ သိပ်ချစ်ထားခဲ့ဖူးတဲ့ စိတ်ကြောင့်ထင်ပါရဲ့။ အခုဘဝမှာလည်း သူ့ကို အဆုံးရှုံးမခံနိုင်လောက်အောင် ဉ ချစ်သွားမိတယ်။

ထိုနေ့ကစပြီး ဉသည် အိမ်ထဲကအိမ်ပြင် ထွက်ကို မထွက်ရတော့။ ကိုကြီးက အိမ်သားအားလုံးကို ခေါ်ပြောထားသည်မှာ ...

"ဉဒေါင်းကို အပြင်လုံးဝ ပေးမထွက်ပါနဲ့၊ ဒရိုင်ဘာရော ခြံစောင့်ရော မှာထားတယ်နော်၊ ခြံကိုလုံအောင်စောင့်ကြ။ ဉဒေါင်း ဘယ်လိုအကြောင်းပြချက်နဲ့ပဲ တံခါးဖွင့်ခိုင်းပါစေ ဖွင့်မပေးရဘူး။ ဖွင့်ပေးရင် အလုပ်ပြုတ်ပြီပဲမှတ်၊ ဒေါ်စိန်စိန်တို့ မမိတို့ကိုလည်း မှာထားမယ်၊ ဈေးသွားဝယ်တဲ့အလုပ်ကအစ ခင်ဗျားတို့ပဲ ဒိုင်ခံလုပ်တော့။ ဉဒေါင်း ဘယ်မှ သွားခွင့်ရမှာ မဟုတ်ဘူး။ သွားလည်း ပေးမသွားဘူး။ သေသေချာချာ မှာထားပြီးပြီနော်"

အားလုံးကတော့ သူများအိမ်မှာ ခိုကပ်နေထိုင် အလုပ်လုပ်နေကြရသူများဖြစ်ရာ သူတို့ရဲ့အလုပ်ရှင်ဖြစ်သော ကိုကြီး စကားတစ်ခွန်းကိုသာ နာခံဖို့ အသင့်ဖြစ်နေကြသည်။ ဉသည်



ဒီတစ်ခါမှာတော့ ကိုကြီးကို မမုန်းစဖူး မုန်းမိကာ စကားပင်ပြန်ပြောမနေချင်တော့တာနဲ့ ရှောင်ထွက်လာခဲ့သည်။

နိုနိုတို့ ပိုပိုတို့ကို ကျောင်းသွားဖို့ ပြင်ဆင်ပေးရပြီးသောအခါ ကလေးတွေကို ဒရိုင်ဘာမောင်းပို့သောကားဖြင့် ပါသွားသည်အား စိတ်မချစွာ ရပ်ကြည့်ပြီးတော့ ကျန်ခဲ့ရသည်။

ဒေါ်စိန်စိန်တို့ မာမီတို့ကလည်း အိမ်၏အခြေအနေ သိပ်မကောင်းမှန်း ရိပ်မိ၍ ဉကို မေးမြန်းစကားပြောကြခြင်းပင် သိပ်မလုပ်ကြဘဲ ရှောင်ထွက်သွားကုန်ကြသည်။

ဉဒေါင်းဗျိုသည် ကျောင်းတောင် ပေးမသွားသော ကိုကြီးကို နားမလည်နိုင်အောင် ဖြစ်မိသည်။ ဒီလောက်လေးနဲ့ ဉကို ဘာကြောင့် ချုပ်ချယ်ရသနည်း။ ဉ ဘာများလုပ်ရသေးလို့လဲ။ ရည်းစားထားတာလည်း မဟုတ်။ သူ မကြိုက်တာလည်း ဘာတစ်ခုမှ လုပ်ရသေးတာ မဟုတ်။ အတိတ်ဘဝတစ်ခု တကယ်ရှိခဲ့ပါတယ်လို့ ပြောတာလောက်နဲ့ ဒီလောက်ကြီး ဖြစ်သွားရသလား။ ဘာကြောင့် မိုးခြိမ့်ညံအတွက် မကူညီပေးစေချင်ရသနည်း။ တကယ်ဆို မိုးခြိမ့်ညံ ဆိုတာ ကိုကြီးရဲ့လူနာအဖြစ် ခြောက်လ ခုနစ်လလောက်တောင် ဆက်ဆံခဲ့ဖူးတာပဲ။ ဆရာဝန်နဲ့ လူနာဆိုတဲ့ သံယောဇဉ်လေးတောင် မထားခဲ့ဖူးလား။ ဘာကြောင့် အတိတ်ဘဝဆိုတာ မရှိနိုင်ပါဘူးလို့ ခွတ်ငြင်းနေရသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုသာဆို ဥ ဘဝက ဒီလိုပဲ၊ အိမ်ထဲမှာ အပိတ်အလှောင်ခံပြီး နေသွားရမှာလား။ ဘာလဲ ... ကိုကြီးရဲ့သဘောက မိုးခြိမ့်ညဲ့ ကျိန်စာကြောင့် သေချင်သေပါစေ။ သူသေမှပဲ ဥကို အပြင်ပေးထွက်မဲ့သဘောပဲလား။ ဥသည် ကိုကြီးကို စိတ်အနာကြီး နာနေမိတော့သည်။

နေ့လယ်ကျ အိမ်ဖုန်းလာသည်။ ကိုကြီးက ဥကို ဖုန်းမကိုင်ရဟု မမှာထားခဲ့သဖြင့် ဥ ဖုန်းကောက်ကိုင်လိုက်သည်။

"ဟဲလို ... ဥလား"

သိမ့်ထံမှ ဖုန်းဆက်ခြင်းဖြစ်သည်။

"အေး ... ဟုတ်တယ် သိမ့်"

"ကျောင်းမလာလို့ ဖုန်းဆက်မေးတာ၊ ငါ အခုကျောင်းက ဆက်တာလေ"

"ကျောင်းကို ဘယ်အချိန်ကျမှ ပြန်တက်ရမလဲ မသိတော့ပါဘူး သိမ့်ရယ်"

"ဘာဖြစ်လို့လဲ ဥရဲ့"

ဥသည် မနေ့က ကိုကြီးရဲ့ဆေးခန်းရှိရာ ကွန်ဒိုခန်းတွေနား ကားပျက်သဖြင့် ကိုကြီး ဆေးခန်းကိုဝင်ပြီး အကူအညီတောင်းစဉ်မှာ ဆုံခဲ့ရသော အကြောင်းအရာကို အသေးစိတ်နီးပါး ပြောပြလိုက်မိပါသည်။ သိမ့်မှာ နဂိုတည်းက ဗေဒင်ယုံ၊ အကြား





အမြင်ယုံထားသူဖြစ်ရာ ဆရာမကြီးပြောတာတွေ မှန်လိုက်တာ ဘယ်လို့ တပြောပြောနဲ့။

ဥ၏စကား ဆုံးသောအခါ သိမ့်သည် အားတက်သရောပင် ...

"နင် ... ငါ့ကို ဘာကူညီပေးစေချင်လဲ ဥ။ ငါ ဆရာမကြီးဆီ နင့်အစား သွားပြောပေးရမလား၊ ကိုမိုးမောင် ဝင်စားတဲ့သူကို တွေ့ပြီလို့လေ"

"အေးဟယ် ... သိမ့်ရယ်၊ နင် အကြံပေးမှ ငါ သတိရတယ်၊ ငါလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတာလေ။ ကိုကြီး ဘာကြောင့် ဒီလောက်ကြီး တင်းကျပ်သွားလဲ မသိဘူး၊ ငါလည်း ဘာအပြစ်မှ မလုပ်ဘဲနဲ့ဆိုပြီး စိတ်လည်းညစ်နေတယ်"

"ဆရာမကြီးကို နင့်အစ်ကိုကြီးအတွက်ပါ ကြည့်ခိုင်းရမယ်၊ မဟုတ်မှလွဲရော သူလည်း နင့် အရင်ဘဝက အစ်ကိုသုံးယောက်ထဲက ပြန်ဝင်စားတဲ့ တစ်ယောက်လား မသိဘူး"

"ဘာပဲဖြစ်ဖြစ်ပါဟယ်၊ ငါ မိုးခြိမ့်ညဲ့ကို၊ အဲ ... ကိုမိုးမောင်ပဲ ပြောရမလား၊ မိုးခြိမ့်ညဲ့ပဲ ပြောရမလား မသိပါဘူး။ သူ့ကို ပြန်ဆုံတုန်း သူ ကျိန်စာက လွတ်သွားအောင် ကူညီခွင့် ရချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူက ဘယ်လိုပုံမျိုးလဲ"

"ကိုမိုးမောင်နဲ့ နည်းနည်းတော့ ဆင်တယ်လို့ ထင်တယ်၊ ကိုမိုးမောင်လိုပဲ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည်တောင့်တောင့်နဲ့ ယောကျ်ားပီသတဲ့ ရုပ်ရည်ရှိတယ်၊ ဒါပေမဲ့ သူကတော့ ကိုမိုးမောင်လို လယ်ထဲ ယာထဲ တစ်ချိန်လုံးဆင်းပြီး အလုပ်ကြမ်း မလုပ်ရဘူးဆိုတော့ အသားခပ်လတ်လတ်ပေါ့"

"နင့်ရဲ့ ကိုမိုးမောင်ကိုမှ ငါ မမြင်ဘူးတာ၊ ငါက ဘယ်လိုလုပ် ပုံဖော်မလဲ၊ ဒါပေမဲ့ ချောတယ် မဟုတ်လား"

"ချောတယ် ပြောရုံလောက်အောင်လည်း မဟုတ်ဘူး။ ကြည့်ကောင်းတဲ့ အဆင့်လောက်ပဲပေါ့"

"နင် သူ့ကိုမြင်တော့ ရင်ထဲမှာ ဘယ်လိုဖြစ်သွားလဲ"

ဥသည် ဘယ်သူ့ကိုမှ မညာချင်။ ဘာကိုမှလဲ လိမ်ညာမပြောချင်သလို ဖြစ်နေသည်။ ရင်ထဲမှာ အတိတ်ဘဝက ချစ်သူကို ပြန်တွေ့တွေ့ချင်း ချစ်သွားခဲ့တယ်လို့ ဝန်ခံတာဟာ ဘာမှမမှားဘူးလို့ ထင်သည်။

"သိမ့် ... ငါလေ သူ့ကို အရင်ဘဝက ချစ်ခဲ့သလို အချစ်မျိုးနဲ့ ချစ်သွားတယ်ဟယ်"





သိမ့်က နားလည်လက်ခံသလို အသံဖြင့် ...

"ငါသိပါတယ်၊ နင် ဒီအကြောင်းတွေ ပြောပြနေကတည်းက ရိပ်မိတယ် သိလား။ နင်တို့ဟာ တကယ်ချစ်ကြလို့ပဲ ဘဝပေါင်းများစွာ ကွဲကွာလာခဲ့ပြီးတာတောင် ဒီဘဝမှာ ပြန်ဆုံကြရတာပဲ၊ စိတ်ချ သူငယ်ချင်း ဥရေ။ ငါ အစွမ်းကုန် ကူညီမယ် ... သိလား။ ငါ ခုပဲ တက္ကစီငှားပြီး ဆရာမကြီးဆီ သွားမယ်၊ တိုကင်မယူထားပေမဲ့ သူ့ရဲ့လက်ထောက် ကောင်မလေးကတစ်ဆင့် ဥဒေါင်းပျိုက လွှတ်လိုက်တာပါလို့ သတင်းပို့လိုက်ရင် ငါ ချက်ချင်းဝင်တွေ့ရမှာပါ"

"ကျေးဇူးတင်လိုက်တာ သိမ့်ရယ်"

ဥသည် အပြင်ထွက်ပြီး ဘာမှလုပ်နိုင်တာ မဟုတ်၍ အိမ်ထဲမှာပဲ ထိုင်စောင့်ပြီး သိမ့်ထံမှ ဘာကြားရမလဲလို့ စောင့်ရုံကလွဲရင် ဘာမှမတတ်နိုင်ပါ။

ဥသည် တစ်နေကုန် သိမ့်ထံမှဖုန်းကို စောင့်နေပေမဲ့ နောက်ထပ်ဖုန်းတစ်ခု ဝင်လာသောအခါမှာတော့ တအံ့တသြ ရင်ဆိုင်ရသူမှာ ...။

"သမီးလေး ... ဥဒေါင်းလား"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အမျိုးသမီးတစ်ယောက်အသံ ဖြစ်လေသည်။ ဘယ်သူပါလိမ့်။ ဆရာမကြီးများလား။ ဖုန်းထဲမှာကြားရတာတော့ ဆရာမကြီးအသံ မဟုတ်သလိုမို့ ဖုန်းထဲမှာ အသံပြောင်းနေသလား။

"ဟုတ်ကဲ့ပါ၊ ဉဒေါင်း စကားပြောနေပါတယ်ရှင်"

"ဒေါ်ဉမ္မာပါ၊ အန်တီက ဒေါ်ဉမ္မာပါ၊ သား မိုးခြိမ့်ညဲ့ရဲ့ အမေပါကွယ်"

"ရှင် ... ... ..."

ဉဒေါင်းပျို၏အသံမှာ တအံ့တသြနဲ့ ရေရွတ်လိုက်သလိုမျိုးမို့ ဒေါ်ဉမ္မာ အသာအယာပင် စောင့်နားထောင်နေလိုက်သည်။

"သားမှာ အချိန်သိပ်မကျန်တော့ဘူးကွယ်"

"အန်တီ ... အန်တီ သိလာပြီလား"

"ဆရာမကြီးဒေါ်ကြူစ္စတံဆီကို အန်တီ့ဒရိုင်ဘာကြီး ဦးညိုကြီးက ခေါ်သွားခဲ့လို့ ရောက်ခဲ့ပါပြီ၊ အစကတော့ သားကို မယုံတဲ့အထဲမှာ အန်တီလည်း ပါခဲ့တယ်လေ။ ဒါကြောင့် ကိုယ့်သားလေးကိုယ် အရူးစာရင်းသွင်းပြီး ဆေးတွေဖွတ်ကုပေးခဲ့မိတာပေါ့၊ အခုတော့ အန်တီ ယုံပါပြီ သမီးရယ်။ ဒီတော့ သမီး ကူညီပါနော်၊ သားလေး ဒီကျိန်စာတွေက





လွတ်အောင် ဘုရားတည်ဖို့ မြေနေရာကိုတောင် ဒေါ်ကြူစ္စတံ တွက်ချက်ပေးလိုက်ပါပြီ၊ အတူတူ သွားကြည့်ပြီး ကိုမိုးမောင်–မကျေးဉ နာမည်နဲ့ လက်မှတ်ထိုး ဝယ်ကြရအောင်နော်"

"အန်တီ ... အန်တီရယ်၊ ဉ ဘာပြောရမှန်းတောင် မသိတော့ဘူး၊ ဉ ကူညီချင်ပါတယ်၊ ဒါပေမဲ့ ..."

ဒေါ်ဉမ္မာသည် ဒါပေမဲ့အသံကို ကြားရတော့ ရင်ထိတ်သွားမိသည်။

"သမီးမှာ သက်ဆိုင်သူ ချစ်သူရည်းစားရှိပြီးရင်လည်း သူ့ကို အသိပေးစရာ မလိုပါဘူး၊ ဒါက မိုးခြိမ့်ညဲ့နဲ့ ဉဒေါင်းပျို့ရဲ့ ကောင်းမှုအဖြစ် ကမ္ပည်းတင်မှာမှ မဟုတ်တာ။ ကိုမိုးမောင်–မကျေးဉ အမည်နဲ့ ကမ္ပည်းတင်မှာလေ။ မတော်တဆ တွေ့ခဲ့ရင်လည်း ဘာမှပြဿနာမရှိပါဘူး"

"မဟုတ်ပါဘူး အန်တီ။ ဉမှာ သက်ဆိုင်သူ မရှိပါဘူး။ အဓိက,ကတော့ ဉရဲ့အစ်ကိုကြီးပါပဲ၊ ကိုကြီးက ဉကို ပြဿနာရှုပ်တယ်ဆိုပြီး အခုတောင် အိမ်ထဲကအိမ်ပြင်ပေး မထွက်တော့ဘူး၊ ဉ ကျောင်းတောင် သွားမတက်ရဘူး။ ဘယ်ဆို ဘယ်မှ ပေးမသွားဘူး၊ သူက အဲဒီအဖြစ်အပျက်ကို 'လုံးဝမယုံဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဥမ္မာသည် ဒေါက်တာစိုးအုပ်ကျော်ကို သမားဂုဏ်နှင့်အညီ လေးလည်းလေးစားသလို၊ ဥပဓိရုပ်မြင်လိုက်တာနဲ့ပင် စိတ်သဘောကောင်းမည့်သူပါပဲရယ်လို့ မှတ်ချက်ချဖူးသည်ဖြစ်ရာ ဥ‌ခေါင်းမျိုးထံမှ ထိုစကားကြားရလျှင် အံ့သြသွားမိသည်။

လူတစ်ဦးတစ်ယောက်ရဲ့ အစွဲအလမ်းကို ကူညီတာပဲ ဘာဖြစ်လဲ။ သူ့ညီမရဲ့သိက္ခာလည်း တစ်ပြားမှ ပွန်းပဲ့သွားတာလည်း မဟုတ်ဘူး။ သူ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ဘာကြောင့်များ ဒီလောက်ကြီး တင်းတင်းကျပ်ကျပ်တွေ တားမြစ်လိုက်ရသနည်း။

"အန်တီ ဒေါက်တာ့ကို သွားတောင်းပန်ကြည့်ပါ့မယ်"

"ကြိုးစားကြည့်ပါ အန်တီ။ ဥ,လည်း ကူညီချင်ပါတယ်။ ဒါနဲ့ သူ နေကောင်းရဲ့လားဟင်"

ဥသည် စိတ်ထဲမှာရှိတဲ့အတိုင်း မေးမိပြီးမှ နည်းနည်းတော့ ရှက်သွားပါသည်။ ကိုယ်က မိန်းကလေးဖြစ်ရက်နဲ့ ယောကျ်ားလေးတစ်ယောက်အကြောင်းကို စပြီးမေးမိသလို ဖြစ်နေပြီ။

"သား နေကောင်းပါတယ်၊ သမီးကို ပြန်တွေ့ပြီးကတည်းက အိပ်မက်ဆိုးတွေ မမက်တော့ဘူးတဲ့၊ သူ အခု သူ့သူငယ်ချင်းတွေနဲ့ ဖွင့်ထားတဲ့ဆိုင်ကို သွားတယ်။ သမီးဆီ





သူ ဖုန်းဆက်ချင်နေတာ၊ အန်တီက တားထားလို့ပါကွယ်၊ တစ်ခါမှ မသိကျွမ်းဖူးတဲ့ မိန်းကလေးကို ခဏခဏ ဖုန်းသွားမဆက်ပါနဲ့လို့လေ။ ဆရာမကြီးကတော့ ပြောပါတယ်၊ သမီးတို့ ပြန်ဆုံစည်းရအောင် သမီးကပဲ ဆရာမကြီးနဲ့ အတူတူ အမိဋ္ဌာန်ပုတီး လိုက်စိပ်ပေးတာတဲ့။ လူတောင် မမြင်ဖူးသေးပေမဲ့ အရင်ဘဝက သံယောဇဉ်ကြောင့် သမီးက ကူညီပေးခဲ့ပါစာယ်တဲ့။ ဆရာမကြီး ပြောပြမှပဲ တစ်ခါက တနင်္ဂနွေတစ်ရက်မှာ ဘုရားပေါ်ကို အန်တီနဲ့သား အတူသွားတုန်း သူက သမီးကို ဖျတ်ခနဲ လှမ်းတွေ့တော့ ကျေးဥကို တွေ့တယ်ဆိုပြီး ပြေးလိုက်သွားတာမှန်း အန်တီ သတိရသွားတယ်၊ အဲဒီတုန်းကတော့ အန်တီက သူစိတ်ဖောက်ပြီး ထွက်ပြေးတယ်ထင်လို့ လူတွေကို ဝိုင်းဖမ်းခိုင်းမိသေးတယ်၊ သားအပေါ် အန်တီ မဆင်မခြင် ဒုက္ခပေးမိတာတွေအတွက် သနားနေမိတယ်"

ဒေါ်ဥမ္မာသည် တစ်ဖက်မှ ကျေးဥ ဝင်စားသော မိန်းကလေး၏ ရင်တွင်းခံစားချက်ကို နားလည်သဘောပေါက်ပြီး အသေအချာပင် ပြောပြပါသည်။ တကယ်တော့ ဆရာမကြီး ဒေါ်ကြူစိုးတင့် ပြောတဲ့ စကားတွေထဲမှာ ...



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဒီဘုရားတည်ပြီးတာနဲ့ ဒီဘဝမှာ သေတစ်ပန် သက်တစ်ဆုံး ပေါင်းရပါပြီ၊ သူတို့ဟာ ဘဝအဆက်ဆက် အမြဲဆုံစည်းရမဲ့ ချစ်သူနှစ်ဦး ဖြစ်ကြရပါပြီ"

ဆိုသော စကားကိုတော့ ဒေါ်ဥမ္မာ ကြိုမပြောထားတော့ပါ။

"သူဟာ အရင်ဘဝကလည်း သားရဲ့ချစ်သူ၊ အခုပြန်တွေ့တော့လည်း သူဟာ သားရဲ့ချစ်သူပဲလို့ စိတ်ထဲမှာ တကယ် ခံစားရပြီး ချစ်မြတ်နိုးမိတယ်"

သားမိုးခြိမ့်ညံ ဝန်ခံသော စကားတွေကိုလည်း မပြောချင်ပါ။ ဒီစကားတွေကို သားကိုယ်တိုင်ပဲ ပြောချင်မှာပေါ့။ ထို့အတူ တစ်ဖက်မိန်းကလေးဟာလည်း သားခံစားရတဲ့အတိုင်း ရင်ထဲမှာ ခံစားရလိမ့်မယ်ဆိုတာ ဒေါ်ဥမ္မာ အခုတော့ နားလည်လက်ခံနိုင်ခဲ့ပါပြီ။ ဒီလောကကြီးထဲမှာ အံ့ဩစရာကောင်းလောက်တဲ့ အဖြစ်အပျက်တွေ ရှိနေတယ်ဆိုတာ အခုတော့ တကယ်ယုံသွားခဲ့ပြီ။

"အန်တီ ဖုန်းချလိုက်မယ်နော်၊ ဒေါက်တာ့ဆီ သွားထောင်းပန်ကြည့်ရဦးမယ်လေ"

ဥသည် ဖုန်းပြန်ချလိုက်ပြီးပြီးချင်းပဲ နောက်ထပ်ဖုန်းတစ်ခုက မြည်သဖြင့် လန့်ပြီးတုန်တောင်တုန်သွားပါသည်။





ဒီနေ့မှ လာလိုက်တဲ့ဖုန်းတွေ။ ဥ အိမ်မှာ အလှောင်ခံထားရလို့ပဲ ဖုန်းတွေ ဒီလောက်လာသလား မသိ။ လာတဲ့ဖုန်းတွေအားလုံး ဟာလည်း ဥနဲ့ပတ်သက်တဲ့ ဖုန်းတွေဖြစ်နေတယ်။

"ဟဲလို"

"ဥဒေါင်း"

ဘုရားရေ ... ကိုကြီး အသံ။ ဥသည် ယောင်ပြီး ဖုန်းခေါင်လွတ်ကျတော့မလို ဖြစ်သွားပါသည်။

"ဖုန်းဆက်နေတာ တစ်ချိန်လုံး အင်ဂေ့ချ်ပဲ၊ ဘာဖြစ်နေတာလဲ၊ ဘယ်သူတွေဆီ နင် ဖုန်းဆက်နေလဲ"

"မဆက်ပါဘူး၊ သိမ့် ... သိမ့်ပါ။ သိမ့်နဲ့ စကားပြောနေတာပါ"

ဥမှာ အမှန်ကို မပြောရဲ၍ လိမ်လိုက်ရသည်။

"ကိုကြီး ဘာပြောမလို့လဲ"

"ဘာမှ ပြောစရာမရှိဘူး၊ နင် အိမ်မှာရှိရဲ့လားလို့ စစ်တာပါပဲ။ အပြင်ထွက်မသွားနဲ့နော်၊ နင် ဘယ်မှမသွားရဘူး"

"ကိုကြီးဟာက မဟုတ်သေးပါဘူး။ ဥက ဘယ်လောက်ထိ အိမ်ထဲမှာ ပိတ်လှောင်ခံရမှာလဲ၊ ဒီလိုပဲ နေသွားရမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"နင် စကစ်ဖိုကောင်နဲ့ မဆက်သွယ်ပါဘူး ကတိပေးမှ ယုံလည်း ယုံရမှ အပြင်လွှတ်မယ်"

"သူ့ နောက်နှစ်လလောက် အတွင်းမှာ အကြောင်းတစ်ခုခု ကြောင့် အသေဆိုးနဲ့ သေခဲ့ရရင် ကိုကြီး သိပ်ကိုစိတ်မ ကောင်းဖြစ်ပြီး နောင်တ,ရရလိမ့်မယ်၊ ဥတို့ပြောနေတာတွေ တကယ်ပါ ကိုကြီးရယ်။ ကိုကြီး ယုံသည်၊ မယုံသည်ထား ပါ။ လူတစ်ယောက် လုပ်ချင်တာကို ဥက လိုက်ကူညီ ဆောင်ရွက်ပေးတယ်ပဲ သဘောထားပေးပါ။ ပြီးတော့ သူဟာ ကိုကြီးရဲ့လူနာလည်း ဖြစ်ခဲ့သူပါ။ လူနာတစ်ယောက် အပေါ် ဘာကြောင့် မကူညီနိုင်ရမှာလဲ"

"တော် ... တော် ... ဥဒေါင်း ... နင်ကပါ အဲဒီကောင် ရူးလို့ လိုက်ရူးပြီး အကြားအမြင်ဆရာစကား နားယောင်ပြီး ပြောပြန်ပြီ၊ ကိုယ်နဲ့ဘာမှမသက်ဆိုင်တဲ့ သူစိမ်းယောကျ်ား တစ်ယောက်နဲ့ ဘုရားအတူတူ တည်စရာလား၊ သူ့ဘာသာ ဘုရားတည်ရင်တည်ပေါ့၊ နင်က ဘာကြောင့်ရေစက်အတူတူ ချပြီး အလှူလုပ်ပေးရမှာလဲ၊ အဓိပ္ပာယ်မရှိဘူး"

ဥသည် စိတ်ထဲမှာ ဘယ်ကဘယ်လို ပေါ်လာသည် မသိသော သတ္တိဖြင့် ပြောမိသည်မှာ ...





"သူက ဥ အတွက် သူစိမ်းယောကျ်ားတစ်ယောက် မဟုတ် ခဲ့ပါဘူး။ ဥရဲ့အရင်ဘဝက ချစ်သူပါ"

လို့ ရဲရဲဝံ့ဝံ့ ပြန်ပြောမိသောအခါ ဒေါက်တာစိုးအုပ် ကျော်သည် မကျေမချမ်းဖြင့် အကျယ်ကြီး "တောက်" ခေါက်ကာ ဖုန်းကိုချပစ်လိုက်တော့သည်။

ဥဒေါင်းဆီ ဖုန်းဆက်ပြီး သိပ်မကြာ။ ဒေါ်ဥမ္မာ ရောက်လာပြန်သည်။ ဒေါက်တာစိုးအုပ်ကျော်ဆီက ခွင့်တောင်းတာ ဖြစ်သည်။ ဥဒေါင်းကို အပြင်ထွက်ခွင့်ပြုပြီး သူမ၏သားနဲ့ ဘုရားအတူတူတည်ဖို့ ခွင့်ပြုပေးဖို့အကြောင်းပဲ ဖြစ်နေပြန်သည်။

"တော်ကြပါတော့၊ အဲဒီအကြောင်းတွေ ပြောနေတာ။ ကြာတော့ ကျွန်တော်တောင် Sick ဖြစ်လာပြီ။ ကျွန်တော် လုံးဝအယုံအကြည်မရှိတဲ့ အကြောင်းအရာကို သဘောတူ လက်ခံပေးဖို့ လာခွင့်မတောင်းပါနဲ့။ ကျွန်တော် ဘယ်လိုမှ ခွင့်မပြုနိုင်ဘူးလို့ ပြောထားပြီးပါပြီ"

"ဒေါက်တာရယ် ... ဒီအဖြစ်အပျက် အကြောင်းအရာတွေ တကယ်ရှိခဲ့တာပါ၊ ဒါကြောင့်လည်း သားမှာ အရူးတစ် ယောက်နီးပါး စိတ်ကယောင်ချောက်ချား ခံစားခဲ့ရတာပါ၊ ကူညီပါ ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစိုးအုပ်ကျော်သည် မာနကြီးစွာပင် ...

"ကျွန်တော့်အမြင်မှာတော့ မိုးခြိမ့်ညဲဟာ စိတ်ရောဂါဝေဒနာ ရှင်တစ်ယောက်ပဲ အန်တီ၊ ကဲ ... ကျွန်တော် လူနာကြည့်စရာတွေ ရှိသေးတယ် အန်တီ၊ သွားပါတော့"

ဟူ၍သာ အချိုသာ အယဉ်ကျေးဆုံး ပုံစံဖြင့် ငြင်းဆန်ပြခဲ့လေသည်။





၁၄

"ကျေးဥလားဟင်"

"ကျေးဥ မဟုတ်ပါဘူး၊ ဥဒေါင်းပျိုပါ"

"ကျွန်တော့်အတွက်တော့ ကျေးဥလို့ပဲ ထင်မိတယ်"

"ကိုမိုးမောင်နဲ့ မကျေးဥက မရှိတော့ဘူးလေ၊ ဥတို့က ဒီဘဝမှာ မိုးခြိမ့်ညဲနဲ့ ဥဒေါင်းပျိုပဲ၊ ဘာကြောင့် အဲဒီနာမည်တွေ ဆက်သုံးနေတော့မလဲ"

"တီဥ မကြိုက်ရင် မခေါ်တော့ပါဘူး"

"ရှင် ... ဘာရယ် ... ဘာရယ်"

"တီဥလေ။ ကလေးတွေ ခေါ်သလိုပေါ့"

"ဘယ်လိုလုပ် သိလဲ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါက ကျွန်တော့်ဆိုင်မှာ အရုပ်လာဝယ်ဖူးတယ်၊ အဲဒီတုန်းက ကလေးတွေခေါ်သွား ကြားဖူးလို့"

အိမ်မှာ ဥဒေါင်း ကျန်ခဲ့သောအခါ အပြင်ထွက်ခွင့်မရသူကို ဆက်သွယ်ရန်မှာ ဖုန်းတစ်ခုသာ ရှိသဖြင့် မိုးခြိမ့်ညို ဖုန်းဆက်လာသည်။ ဖုန်းစ,ဆက်ဆက်ချင်းမှာ သူတို့ဟာ အရင်တည်းက ရင်းနှီးပြီးသား လူတွေပမာ တရင်းတနှီး စကားတွေ ဆက်တိုက်ပြောမိကြလေသည်။

"ရှင့် အရုပ်ဆိုင်က ... ?"

"Toys R Us လေ"

"ဪ ... အဲဒီတုန်းက ရှင်နဲ့ ဥ တစ်ခါဆုံဖူးတယ်လား"

"မှတ်မိသေးတယ်၊ ကျွန်တော် အိပ်မက်စ,မက်ပြီး ပထမဦးဆုံး ဖြတ်သန်းရတဲ့နေ့မှာ တီဥကို စတွေ့တာလေ"

"တီဥလို့ မခေါ်ပါနဲ့ရှင်"

"ဘာဖြစ်လို့လဲ"

"အဟင်း ... တီကောင်ဥ လိုလို ဘာလိုလိုနဲ့"

"ကလေးတွေကျ ခေါ်ပြီးတော့"

"သူတို့က အန်တီဥလို့ ခေါ်တာပါ၊ အမြန်ခေါ်ရင်း တီဥဖြစ်သွားတာပါ"





"ကျွန်တော်ကတော့ ကျေးဥလို့ပဲ ခေါ်ချင်တယ်"

"အဲဒီနာမည် မခေါ်ပါနဲ့ရှင်"

မိုးခြိမ့်ညိုသည် ဥဒေါင်းပျို၏ အသံလေးကို နားထောင်ရင်းနဲ့ တစိမ့်စိမ့် ရင်ထဲမှာ ချစ်နေမိသည်။

"ဘာဖြစ်လို့လဲဟင်"

"အဲဒီနာမည်နဲ့ ဖြတ်သန်းခဲ့ရတဲ့ အတိတ်ဘဝက Happy Ending (ဟက်ပီးအန်းဒင်း) မဖြစ်ခဲ့ဘူးလေ"

"ဒါဆိုလည်း ဥ,လို့ပဲ ခေါ်တော့မယ်၊ ဒါနဲ့ ဥ,မှာ ချစ်သူရှိနေပြီလားဟင်"

ကြည့်စမ်း ... မေးမဲ့မေးတော့လည်း တိုက်ရိုက်ကို မေးတော့တာပဲ ရှင်ရယ်။ ဥဒေါင်းသည် အခုပဲ စတွေ့တယ် အခုပဲ စ,သိတယ်။ ဒီအကြောင်းတွေ မေးရဲသလားရယ်လို့ သူ့ကိုစိတ်မဆိုးတော့။ ဘာကြောင့်လဲ ဆိုတော့ ဥဒေါင်းနဲ့သူဟာ ဒီဘဝမှာလည်း ချစ်သူဖြစ်ကြရမဲ့သူတွေပဲရယ်လို့ စိတ်ထဲမှာ အလိုလိုခံစားနေရ၍ ဖြစ်ပါသည်။

ဒီလိုနဲ့ပဲ ဖုန်းတွေ အပြန်အလှန် ဆက်ကြရင်း မိုးခြိမ်းညိုနဲ့ ဥဒေါင်းပျိုတို့သည် ရက်ပိုင်းအတွင်းမှာပင် ချစ်သူတွေဖြစ်သွားခဲ့ကြပါသည်။ တစ်ယောက်နဲ့တစ်ယောက် မြင်တွေ့ခွင့်လည်းမရ၊ မျက်နှာချင်းဆိုင် စကားပြောခွင့်လည်းမရပါဘဲ ဖုန်း



www.burmeseclassic.com

အဆက်အသွယ်နဲ့သာ ချစ်သူဖြစ်သွားခဲ့ကြပေမဲ့ သူတို့နှစ်ဦးဟာ အတိတ်ဘဝတည်းကပင် သိပ်ချစ်ကြတဲ့ ချစ်သူတွေလည်း ဖြစ်ခဲ့ဖူးသဖြင့် ယခုဘဝမှာလည်း ဒီလောက် ရက်ပိုင်းလေးအတွင်းမှာ အသည်းနှလုံးတွေ ပေါက်ထွက်သွားတော့မတတ် ချစ်မိကြသော ချစ်သူတွေ ဖြစ်ခဲ့ပါသည်။

ချစ်သူတွေ ဖြစ်လာသောအခါ မိုးခြိမ့်ညံက ဥဒေါင်းကို အပြင်ထွက်လို့ရအောင် ကြိုးစားကြည့်ဖို့ တိုက်တွန်းလာသည်။

"ဥ ... အစ်ကိုကြီးလည်း တမ်းမနေတာ အိမ်မှာရှိတာမှ မဟုတ်တာ။ ဥ ထွက်လာခဲ့ပါလား။ ကိုယ်တို့ တွေ့ကြရအောင်လေ"

"ကို့ကို ပြောရင် ယုံမှာမဟုတ်ဘူး၊ ဥ,ဘယ်လိုမှ အပြင်ထွက်လို့ မရလို့ပါ။ ခြံတံခါးကို ဖွင့်ပေးမှာ မဟုတ်ဘူး၊ ဥ ဘယ်လိုထွက်လို့ရမလဲ၊ ကိုကြီးက ခြံစောင့်ကို သေသေချာချာ မှာထားတာ သူတို့ဖွင့်ရဲမှာ မဟုတ်ဘူး"

"ကို,တို့ ဘုရားအတူတူတည်ဖို့ မြေနေရာလေးကို မေမေဝယ်လိုက်ပြီ ဥ။ ဒါကြောင့် ဥ,ကို ပြချင်လို့ပါ။ အုတ်မြစ်ချတဲ့နေ့မှာ ဥနဲ့အတူတူ အုတ်မြစ်ချရမယ်လို့ ဒေါ်ကြူစိန်တိက ပြောတယ်"

"ဥ လာချင်တယ် ကိုရယ်"





"ကို ဥကို အတင်းထွက်လာခိုင်းနေတာဟာ ကို သေရမှာကိုကြောက်လို့ ဘုရားတည်တဲ့ကိစ္စ ဖြစ်မြောက်စေချင်လို့ မဟုတ်ပါဘူး။ ကို သိပ်ချစ်ရတဲ့ ချစ်သူမို့လို့ တွေ့ချင်တာပါ"

"သိပါတယ် ကိုရယ်။ ဥ,လည်း ကို့ကို သိပ်တွေ့ချင်တာပဲ"

"ဥနဲ့တွေ့ရရင် ဥကို လက်ဆောင်ပေးဖို့ဆိုပြီး ကို ဆွဲကြိုးလေးတစ်ကုံး လုပ်ထားတယ်။ အဲဒါလေးလည်း ဥ လည်တိုင်မှာ ကို,ကိုယ်တိုင် ဆွဲပေးချင်တယ်"

"ဘာဖြစ်လို့ လက်ဆောင်ပေးတာလဲ"

"အတိတ်ဘဝတုန်းက ကိုမိုးမောင်ဟာ လူဆင်းရဲ ငမွဲမို့လို့ သူ့ချစ်သူ မကျေးဥကို ခရေပန်းကုံးလေးတွေပဲ ပေးနိုင်တာသတိရလို့၊ အခုတော့ ဒီဘဝမှာ ကိုက ဥကို ခရေပန်းပုံစံလေးတွေချည်း တစ်ကြိုးလုံးပုံဖော်ထားတဲ့ ရွှေဆွဲကြိုးလေးတစ်ကုံး လက်ဆောင်ပေးချင်လာလို့ပါ။ တန်ဖိုးချင်းကကွာပေမဲ့ အချစ်ခြင်းကတော့ အတူတူပါပဲ"

အဲဒီလို တစ်နေ့ပြီးတစ်နေ့ ဖုန်းဖြင့်သာ စကားပြောပြီး ချစ်သူဖြစ်ခွင့် ရနေခဲ့တာ၊ တစ်လကျော်ကြာလာသည်အထိ ဥဒေါင်း အပြင်ထွက်ခွင့် မရသေးသောအခါ ဥဒေါင်း စိုးရိမ်လာ

www.burmeseclassic.com



သည်။ မိုးခြိမ့်ညဲ့ အတွက် အချိန်က သိပ်မကျန်တော့။ ကိုမိုးမောင်ဟာ အသက်နှစ်ဆယ့်တစ်နှစ်ကျော် နှစ်ဆယ့်နှစ်နှစ် ပြည့်ခါနီး နှစ်လလောက်အလိုမှာ သေဆုံးခဲ့ရသည်ဖြစ်ရာ မိုးခြိမ့်ညဲ့လည်း ဒီဘဝမှာ အဲဒီအရွယ်ရောက်ရင် သေဆုံးရလိမ့်မယ်လို့ ဥ,ထင်ကို ထင်နေလေရာ ဥမှာ ထိုစိတ်နှင့်ပင် အစိုးရိမ်ကြီးပြီး အိပ်မပျော်၊ စားမဝင် ဖြစ်လာသည်။

"သမီးမှာတော့ အဲဒီသစ္စာက စူးမနေခဲ့ဘူး ဆိုတော့ ကျိန်စာလည်း မသင့်ပါဘူး။ ကိုမိုးမောင်မှာသာ ကျိန်စာသင့်နေခဲ့တာ၊ သူဟာ လူ့ဘဝရောက်လေတိုင်း အဲဒီကျိန်စာဒဏ်ကို ခံစားရလိမ့်မယ်"

လို့ ဆရာမကြီး ဒေါ်ဣန္ဒစိတ်ကလည်း ဟောပြောထားလေရာ ဥ,သည် ချစ်တဲ့သူဟာ သူမဘဝထဲမှ သေဆုံးပျောက်ကွယ်သွားမှာကို အလွန်အမင်း စိုးရိမ်နေမိပါသည်။ ကျိန်စာမသင့်ခံရဘူး ဆိုပေမဲ့လည်း ကိုယ်သိပ်ချစ်ရတဲ့ ချစ်သူကို သေကွဲခွဲရတာဟာလည်း ကျိန်စာသင့်ခြင်း တစ်မျိုးပဲ မဟုတ်ပါလား။

ခက်တာက အိမ်ထဲကနေ အပြင်ကို ဘယ်လိုမှလဲ ထွက်ခွင့်မရတာ ဆိုးသည်။ ဥတို့နေသော နှစ်ထပ်တိုက်လေးမှာ နောက်ဘက်လည်း ခြံရှိသလို အိမ်ရှေ့ဘက်မြေကွက်လပ်ကျယ်ကျယ်လည်း ရှိသည်။ ထိုခြံဝင်းပတ်လည်ကို ကာထားတာ





အုတ်တံတိုင်း ခြံစည်းရိုးတွေဖြစ်ပြီး လူတစ်ရပ်ကျော်မြင့်သည်။ အိမ်နောက်ဖေးခြံမှာတော့ ထွက်ပေါက်မရှိဘဲ အိမ်ရှေ့ခြံတံခါးတစ်ခုသာ ထွက်ပေါက်ရှိပါသည်။ ထိုသံတံခါးကြီးမှာ ရိုမုဒ်ဖြင့် အဖွင့်အပိတ် လုပ်ရပြီး ထိုရိုမုဒ်ကို ကိုင်ရသူမှာ ခြံစောင့်တာဝန်ရော အိမ်ရှေ့မြက်ခင်းနဲ့ သစ်ပင်များကို ကြည့်ရှုရတာရော နှစ်ခုတာဝန်ယူရသည့် ကိုသိန်းဇော်က ကိုင်ထားပါသည်။ ထိုကိုသိန်းဇော်မှာ အသက်လေးဆယ်အရွယ် တောသားကြီးတစ်ယောက်ဖြစ်ပြီး ကိုကြီး၏လူယုံလည်းဖြစ်ကာ ကိုကြီးစကားကလွဲရင် ဘယ်သူ့စကားမှ နားမထောင်တဲ့အထိ သစ္စာရှိလှသည်။

ထို့ကြောင့် ကိုကြီးက ဥဒေါင်းကို တံခါးဖွင့်မပေးရဘူးဆိုလျှင် ဘယ်လိုမှ ဖွင့်ပေးမဲ့ဟန်မမြင်။ မိုးခြိမ့်ညဲ့ကတော့ နွမလျှော့စတမ်း တစ်နေ့သုံးကြိမ်လောက် အချိန်ခွဲကာ ဥဒေါင်း၏ အိမ်နားတစ်ဝိုက် လာလာစောင့်တတ်ကြောင်း ဖုန်းဆက်တော့ ပြောပြပါသည်။

"ဥ အခွင့်သာတဲ့တစ်နေ့ ထွက်လာခဲ့ရင် ကို, အဆင်သင့်ရှိနေအောင်ပါ၊ မနက်ပိုင်း ခြောက်နာရီကနေ ကိုးနာရီလောက်ထိ တစ်ခါလာစောင့်လိုက် ပြန်လိုက်၊ နေ့ခင်းတစ်နာရီလောက်ကနေ လေးငါးနာရီထိ စောင့်လိုက် ပြန်လိုက်၊ ညကျ ကိုးနာရီလောက်ကနေ ထိုင်စောင့်တာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ ကားထဲမှာတောင် အိမ်ပျော်သွားပြီး ညတစ်နာရီ နှစ်နာရီလောက်မှ ပြန်နိုးလာလို့ အိမ်ပြန်ရတာလေ”

ဟု မှာထားသဖြင့် မိုးခြိမ့်ညံ လာစောင့်သောအချိန်လေးတွေမှာ ဉဒေါင်းလည်း အားပိုရှိသလို ခံစားရပြီး ထွက်ခွင့်ရဖို့အရေး တချောင်းချောင်း လုပ်နေမိခဲ့သည်။

ဉဒေါင်းမှာ ခုတလောတွင် မိုးခြိမ့်ညံ အတွက် စိုးရိမ်ရတာတွေကြောင့် ကောင်းကောင်းလည်း အိပ်မပျော်။ အချိန်ကျ၍သာ စားလိုက်ရသည်။ အစားအသောက်သည်း မကောင်းလှဘဲ တွေတွေ တငေးငေး ဖြစ်လာမိသည်။

ဒေါက်တာစိုးအုပ်ကျော်မှာ ညီမဖြစ်သူ၏ အမူအရာကိုကြည့်ပြီး ငါလုပ်မိတာ မှားပြီလားလို့ တွေးတော့ တွေးပေမဲ့ သူ့မာနကို ချုပ်စ်လိုက်ရမှာလည်း ရှက်သဖြင့် အလျှော့မပေးချင်စိတ်က ဖြစ်နေတာနဲ့ပဲ တစ်ရက်ပြီး တစ်ရက် ကုန်လွန်လာပါသည်။

အဲဒီလိုနဲ့ တစ်ရက်မှာတော့ ဉဒေါင်း အိပ်မက်တစ်ခုမက်ပါသည်။ အိပ်မက်ထဲမှာ ကိုမိုးမောင် မရှိ၊ မကျေးဉ မရှိ၊ ဉဒေါင်းရယ် မိုးခြိမ့်ညံရယ်ပဲ ရှိနေကာ ဉဒေါင်းသည် အိပ်မက်ထဲမှာ မိုးခြိမ့်ညံကို တွေ့ရတော့ ဝမ်းသာအားရ ပြေးဖက်မိသည်။

“ကိုရယ် ... အခုမှပဲ တွေ့ရတော့တယ်”





“အချိန် သိပ်မရှိတော့ဘူး ဉ၊ ကို, သွားရတော့မယ်။ အဲဒါကြောင့် လာနှုတ်ဆက်တာ”

“ဟင် ... ကို ဘယ်ကိုသွားမှာလဲ၊ မသွားပါနဲ့၊ မသွားပါနဲ့ ကိုရယ်။ ဉ ... ကို့ကို မခွဲနိုင်ဘူး”

“ကိုလည်း မသွားချင်ပဲနဲ့ သွားရမှာပါ ဉရယ်၊ သွားရမဲ့ အချိန်က နီးနေပြီ။ ကို့အတွက် တစ်ရက်ပဲ ကျန်တော့တယ်။ ကို အသက်ရှင်ဖို့ တစ်ရက်ပဲ ကျန်တော့တယ် ဉ”

“ဉ ... ဉတို့ ဘုရားတည်ကြမယ်လေ”

“ဉ,ပါမှ အတူတူ အုတ်မြစ်ချမှ ဘုရားက စပြီးတည်လို့ရမှာ။ အခုတော့ ဉ မရှိတော့ ဘုရားလည်း မတည်ဖြစ်တော့ဘူးလေ။ ဒါကြောင့် ကို,လည်း အသက်ရှင်ခွင့် မရတော့ဘူး”

“ဉ ကို့ကို ချစ်တယ်”

“ကိုလည်း ဉကို ချစ်တယ်”

ဟု ပြောရင်း ပြောရင်း ဉဒေါင်း တွယ်ဖက်ထားသော မိုးခြိမ့်ညံရဲ့ ခန္ဓာကိုယ်ဟာ တဖြည်းဖြည်းနဲ့ ဝေဝါးပျောက်ကွယ်သွားလေသည်။ ဉ၏ လက်မောင်းအစုံထဲမှ အငွေ့လိုပဲ ပျောက်ကွယ်သွားခြင်းကို ခံစားလိုက်ရလျှင် ဉ,သည် ကြောက်လန့်တကြားနဲ့ ရှိုက်ကြီးတငင်ငင် ငိုနေမိတော့သည်။ ဖြစ်ရလေ ကိုရယ်၊ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မှဖြစ်ရလေ ကိုရယ်။ ဥ ရှိရက်နဲ့ ကို့ကို မကာယ်ခဲ့နိုင်ဘူး။ ဥ ကို့ကို ချစ်ခဲ့ရက် ဘာမှမလုပ်ပေးနိုင်ခဲ့ဘူး။ ဥသည် ရင်ထဲတွင် နှလုံးသားတွေ အစိတ်စိတ်အမြွာမြွာ ကြေသလိုပဲ ခံစားရကာ ရင်ဘတ်ထဲကနေ ပေါက်ထွက်တော့မတတ် ငိုကြွေးမိလေသည်။

ငိုရင်း ငိုရင်း ကယောင်ကတမ်းတွေပြောရင်း ဥသည် အိပ်ရာမှ နိုးသောအခါ အပြင်းဖျားနေခဲ့တော့သည်။





## ၁၅

ဒေါက်တာစိုးအုပ်ကျော်သည် အပြင်းဖျားနေသော ဥဒေါင်းပျိုကို ဆေးတိုက်ပြီးနောက် လက်ပိုက် မျက်မှောင်ကြီး ကုတ်ကာ ညီမဖြစ်သူကို အကြာကြီး စိုက်ကြည့်နေမိသည်။ သူ့ အသံတိတ်ဆိတ်နေပေမဲ့ ရင်ထဲမှာတော့ ဘာလုပ်ရမလဲ၊ ငါ ဘာလုပ်ရမလဲလို့သာ အခါခါ အဖြေထုတ်နေမိပါသည်။

အပြင်းဖျားနေသော ဥဒေါင်းမှာ သတိတော့မရတစ်ချက်၊ ရ,တစ်ချက်ပေမဲ့ ကယောင်ကတမ်းတွေ ပြောနေသည်ကတော့ ပီပီပြင်ပြင် ကြားနေရသည်။ ကယောင်ကတမ်း ပြောခြင်းမှာ ဗလုံးဗထွေးသာ အပြင်လူအနေနဲ့ ကြားရတာမျိုးပေမဲ့ ဥဒေါင်း ပြောနေတာကျတော့ စကားသံ တော်တော်ပီပါသည်။ ဒါကြောင့် အကုန်ကြားနေရသည်။

www.burmeseclassic.com



"ဘုရားကို အချိန်မီတည်မှ ဖြစ်မယ်"

"သူ ... သူ ... သေရတော့မယ်၊ တစ်ရက်ပဲ အချိန်ကျန်တော့တယ်"

"သူ့ကို အဆုံးရှုံးမခံနိုင်ဘူး၊ သူ့ကို ဥ သိပ်ချစ်တယ်"

"ဥ သိပ်ချစ်ရပါတယ် ကိုရယ်"

ဒီစကားတွေဟာ မိုးခြိမ့်ညံနဲ့ ပတ်သက်ပြီး ပြောနေတာတွေချည်းပဲလို့ ဒေါက်တာစိုးအုပ်ကျော် အလိုလိုသိနေသည်။ တစ်ခါတလေတွေမှာလည်း သိပ္ပံနည်းပညာအရ လိုက်မမီသော အဖြစ်အပျက်တွေ Paranormal (ပါရာနော်မယ်လ်)ဟုခေါ်သော သာမန်မဟုတ်တဲ့ ဖြစ်ရပ်ဆန်းတွေ၊ Supernatural (စူပါနက်ထရယ်လ်)ဟုခေါ်သော သဘာဝလွန် အကြောင်းအရာတွေဟာလည်း ရှိတတ်တာမို့ လက်ခံလိုက်ရတော့မလို့ပင်။ အတ္တကြီးကြီးနဲ့ မာနတစ်ခုကို လက်ဆွဲကိုင်ပြီး ဒါမျိုးတွေ မရှိနိုင်ပါဘူးလို့ တရားသေငြင်းနေဖို့ မသင့်တော့ဘူး ထင်ပါရဲ့။

နေ့လယ်လောက်မှာ အဖျားကျပြီး သတိကောင်းကောင်း ပြန်ရလာသော ဥဒေါင်းသည် သူမ အိပ်ရာဆားတွင် အစ်ကိုဖြစ်သူကိုမြင်လျှင် ...

"ဟင် ... ကိုကြီး ဆေးခန်းမသွားဘူးလား"

"နင် အဖျားကြီးနေလို့ ထိုင်စောင့်ပေးနေတာ"





"ဥ သက်သာသွားပြီ ကိုကြီး"

ဥသည် ထိုသို့ပြောပြီးတာနဲ့ ချက်ချင်းပင် ဝုန်းခနဲ ထထိုင်ကာ ...

"ဥ သွားမှဖြစ်မယ် သွားမှ။ ဥ ဒီနေ့ မိုးခြိမ့်ညံကို တွေ့ရမှဖြစ်မယ်။ သူ ဒီတစ်ရက်ပဲ အသက်ရှင်ရတော့မှာပါ၊ ဥကို ခွင့်ပြုပါ ကိုကြီး၊ ဥ သူ့ကိုချစ်တယ်"

ဟူ၍ ဆက်တိုက်ပင် ပြောလိုက်တော့လေသည်။

"ဘာလဲ ... နင်တို့ ပြောပြောနေတဲ့ အတိတ်ဘဝက ချစ်သူမို့လို့ ချစ်တယ် ပြောတာလား ဥဒေါင်း"

"မဟုတ်ဘူး ကိုကြီး။ သူနဲ့ ဥ အခုဘဝမှာလည်း ချစ်သူဖြစ်နေပါပြီ၊ ဥတို့ ဖုန်းအဆက်အသွယ်နဲ့ပဲ စကားပြောရင်း ချစ်သူဖြစ်သွားတာပါ"

"ဘာ ... ဒီတစ်လ နှစ်လအတွင်းမှာ ဟုတ်လား၊ မြန်လှချည်လား"

"ဥတို့က အတိတ်ဘဝတုန်းကလည်း သိပ်ချစ်ကြတဲ့ ချစ်သူတွေ ဖြစ်ခဲ့ဖူးတာမို့ သူ့ကိုပြန်တွေ့တွေ့ချင်းမှာ ဥလည်း သူ့ကိုချစ်ခဲ့တယ်၊ သူလည်း ဥကို ချစ်နေခဲ့ပါတယ် ကိုကြီးရယ်။ ဥတို့ကို မခွဲပါနဲ့နော်၊ ဥတို့ ဒီဘဝမှာ သေကွဲမခွဲပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစိုးအုပ်ကျော်သည် ညီမဖြစ်သူကို လက်မြှောက်အရှုံးပေးသလို ဟန်ပြလိုက်ပြီး ...

"နင်တို့အဖြစ်တွေကလည်းဟာ ယုံချင်စရာတောင် မရှိဘူး၊ ငါ့လို စိတ်ရောဂါကုဆရာဝန်တောင် ပြန်ပြီး စိတ်ရောဂါ ရပြီး ရူးချင်လာပြီ တကယ်ပဲ။ ငါကတော့ ဒီကောင် စကစ်ဖိုကောင် အမေမသိအောင် ခိုးပြီးဆေးချရင်း ဖြစ်လာတယ်လို့ ထင်ကိုထင်ခဲ့ပြီး ဆေးတွေ ကုလိုက်ရတာ။ Therapy (သာရာပီ)တွေ ပေးလိုက်ရတာ၊ အခုတော့ ငါကပဲ ငတုံးအကြီးဖြစ်ပြီး ရောဂါမရှိဘဲ စွတ်ကုတဲ့ ဒေါက်တာရမ်းကုကြီးလိုလိုနဲ့ အလျှော့ပေးလိုက်ရပြီလား"

ဟု ကြည်ကြည်သာသာပဲ ပြောလိုက်ပါသည်။

သူ့ကို စိုးရိမ်တကြီး ကြည့်နေသော ဥဒေါင်း၏ ငယ်ထိပ်ကို အသာဖိလိုက်ပြီးနောက် "လာ ... သွားရအောင်"ဟု ပြောလိုက်သောအခါ သူမြင်ဖူးသမျှထဲတွင် အကြည်လင်ဆုံး၊ အတောက်ပဆုံးဖြစ်မဲ့ အပြုံးလေးတစ်ခုကို ဥဒေါင်း၏ မျက်နှာပြင်မှာ တွေ့လိုက်ရပါသည်။

ဒေါက်တာစိုးအုပ်ကျော် ကိုယ်တိုင် ကားမောင်းပြီး ဥဒေါင်းကို နံဘေးက ထိုင်စေကာ သူ့လိပ်စာသိထားသော မိုးခြိမ့်ညံတို့အိမ်ကို ထွက်လာခဲ့ကြပါသည်။





အိမ်ရောက်သောအခါ ဒေါ်ဥမ္မာလည်းမရှိ။ မိုးခြိမ့်ညံလည်း မရှိနေခဲ့ပဲ ...

"ဒီနေ့မနက်မှာ မောင်မိုးခြိမ့် ကားအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံရောက်နေပါပြီ"

ဆိုသော သတင်းဆိုးကိုသာ ရင်ဆိုင်ရလျှင် ဥဒေါင်းသည် ညကဖျားထားသောအရှိန်ကြောင့်ရော၊ သတင်းဆိုးကြောင့်ရော နေရာမှာတင် ခွေလဲမေ့မြောသွားပါသည်။

ဒေါက်တာစိုးအုပ်ကျော်သည် ညီမဖြစ်သူကို ပွေ့ခေါ်ပြီး သတိရအောင် ပြုစုပေးရင်း ...

"ငါ တကယ်ယုံသွားပါပြီ ဥဒေါင်းရယ်။ ညီမလေးရယ် ... ငါ့ကို ခွင့်လွှတ်ပါ၊ မိုးခြိမ့် သေသွားခဲ့ရရင် ငါ ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ ခွင့်လွှတ်နိုင်တော့မှာ မဟုတ်ပါဘူး"

ဟု တီးတိုးပြောမိသည်။

ဥဒေါင်း သတိပြန်ရလာသောအခါ ဒေါက်တာစိုးအုပ်ကျော် ကားမောင်းနေသည်ကို တွေ့ရပါသည်။

"ကိုကြီး ... ကိုကြီး ... မိုးခြိမ့်ညံကို ဥ မကယ်နိုင်တော့ဘူး ထင်တယ်"

"ငါ အခု ဆေးရုံကို သွားနေပါတယ် ဥဒေါင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦး သတိမေ့လဲသွားတုန်းက သူ့အိမ်ကလူတွေ ဘာပြော လိုက်လဲဟင်"

"ဒေါ်ဥမ္မာ သတင်းကြားကြားချင်း ဆေးရုံလိုက်သွားတယ်။ ဘာသတင်းမှ အိမ်ကိုပြန်မပို့သေးဘူး ဆိုတော့ မျှော်လင့်ချက်နည်းနည်း ရှိပါသေးတယ်လေ။ တစ်ခုခု မကောင်းတာဖြစ်ခဲ့ရင်တော့ အိမ်ကလူတွေဆီ အကြောင်းကြားမှာပါပဲ၊ စိတ်တင်းထားပါ ဦးဒေါင်း"

ဦးဒေါင်းသည် ငိုရလွန်း၍ မျက်လုံးတွေပင် ကျိန်းစပ်လာသည်။ ငိုရင်းနဲ့ ပြောသည်မှာ ...

"သူ အဲဒါကြောင့် ညက ဦးကိုလာနှုတ်ဆက်တာပါ၊ သူ သွားရတော့မယ်လို့ လာနှုတ်ဆက်ခဲ့တယ်၊ အဲဒါ တကယ် ဖြစ်လာပြီ ကိုကြီးရဲ့"

ဒီလိုနဲ့ ဆေးရုံကိုရောက်ခဲ့ပြီ။ ဦးဒေါင်းသည် အားအင်ချည့်နဲ့သလို ခံစားနေရပေမဲ့လည်း ဖွဲမလျှော့သော ခြေလှမ်းတွေဖြင့် ဆေးရုံထဲ ပြေးဝင်လာခဲ့မိသည်။ ရီဆက်ရှင်းမှာ စုံစမ်းပြီးသော အခါ ...

"မနက်က အက်ဆီးဒင့်နဲ့လာတဲ့ မိုးခြိမ့်ညံကို သုံးထပ်က အခန်းနံပါတ်(--)မှာ ထားပါတယ်"





ဆိုသော သတင်းကြားရတော့ ဦးဒေါင်း ရင်ထဲတွင် နည်းနည်းငြိမ်သွားသည်။ သူ အသက်ရှိနေပါသေးလား။ သူဟာ ဆေးရုံအခန်းမှာ ရှိနေတယ်ဆိုတဲ့ သတင်းထက် ပိုကောင်းတာ ဘာသတင်းမှလဲ မရှိနိုင်တော့။

ဓာတ်လှေကားဖြင့်တက်၊ အခန်းရှာပြီး တွေ့တွေ့ချင်း ဦးဒေါင်း မပြောမဆိုပင် စေ့ထားသော တံခါးကိုတွန်းဖွင့်၍ပြေးဝင်။

မျက်ရည်တွေနဲ့ ထိုင်နေခဲ့သော ဒေါ်ဥမ္မာသည် ဦးဒေါင်းကို မြင်လိုက်ရလျှင် ဝမ်းသာအားရပင် ...

"သမီး ... မကျေးဉ"

ဟု ခေါ်လိုက်တော့လေသည်။

"မကျေးဉ မဟုတ်ပါဘူး၊ ဦးဒေါင်းပျို့ပါ အန်တီ"

"အေး ... အေးပါကွယ်၊ ဘယ်သူပဲ ဖြစ်ဖြစ်ပါ၊ သားကို ကယ်ပါ၊ အသက်ရှင်ခွင့်ရအောင် ကူညီပေးပါ သမီးရယ်"

"ဦး အိပ်မက်,မက်ပြီး မနက်က အပြင်းဖျားနေလို့ ချက်ချင်းထ,မလာနိုင်ခဲ့ဘူး။ အဲဒါကြောင့် နောက်ကျသွားပြီ ထင်တယ် အန်တီရယ်"

"သားက မနက်အစောကြီးမှာ သမီးတို့အိမ်နား မယောင်မလည် သွားစောင့်တုန်း သူ့ကို ကားတစ်စီးက ဝင်တိုက် သွားခဲ့တာပဲ"

www.burmeseclassic.com



"အဲဒီမနက် အစောကြီးမှာ ဥ,က အပြင်းဖျားသွားခဲ့တယ်၊ ဘာကြောင့်များ ဥ သူ့ကို မကယ်နိုင်အောင် တားဆီးတဲ့ အရာတွေက ရှိနေခဲ့တာလဲရှင်"

ထိုအချိန်မှာပင် ကြာမြင့်စွာ သတိမေ့နေခဲ့သော မိုးခြိမ့်ည် တစ်ယောက် ညည်းတွားသံပြုရင်း အနည်းငယ် လှုးလွန့် လာခဲ့တော့သည်။ သူ သတိရရချင်းပင် ...

"ကျေးဥ"

ဟု ယောင်ယမ်း ခေါ်ဆိုပေမဲ့ ဥဒေါင်းပျိုကတော့ ဒါ ဘယ်သူ့ကို ခေါ်သလဲဆိုတာ အလိုလို သိနေခဲ့ပါသည်။

"ဥ ရောက်နေပါပြီ၊ ကို, အားတင်းထားနော်၊ ဥ,တို့ ဘယ်တော့မှ မခွဲဘူးနော်"

ဒေါက်တာစိုးအုပ်ကျော်သည် လက်ချင်းတင်းတင်း ကျပ်ကျပ် မြဲမြဲခိုင်ခန့်စွာ ဆုပ်ကိုင်ထားကြပြီဖြစ်သော သူတို့နှစ်ဦးကို နားလည်ခွင့်လွှတ်စွာပင် ပြုံးပြီးစောင့်ကြည့်ပေးနေခဲ့သည်။





# ဆုံနိုင်ခွင့်ရှိသောဘဝတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဘုရားတည်ခြင်း ပြီးမြောက်အောင်မြင်သောအခါ ရေစက်ချအလှူပေးပွဲကြီး အကြီးအကျယ်ပြသော နေ့ကတော့ လူတိုင်း ပြောစမှတ်ဖြစ်သွားသည့် အဖြစ်အပျက်ကြီး တစ်ခု ဖြစ်ခဲ့ပါသည်။

နွေခေါင်ခေါင်ကြီးမှာ လျှပ်ပန်းလျှပ်စီးတွေ ပြိုးပြိုးပြက်ပြက် ကောင်းကင်မှာလက်လျက် သည်းကြီးမည်းကြီး မိုးရွာချတာဖြစ်သည်။

အလှူမွဲလာ အနီးဝန်းကျင်ရွာများမှ လူတိုင်း မိုးမစိုသည့်လူ မရှိစေရအောင် တမင်များ စောင့်ရွာသလား ထင်ရအောင် ရေစက်ချ အမျှဝေချိန်ကျမှ လေရော မိုးပါ တစ်ပြိုင်တည်း သွန်ချလိုက်သောအခါ အလှူမဏ္ဍပ်တစ်ခုလုံးလည်း ရေတွေရွှဲရတော့သည်သာ။

"မိုးရေနဲ့အတူ အားလုံး ပါသွားပြီဆိုတဲ့ သဘောပဲ"

ဟု ဒေါ်ကြက်စွံတ်က ဝမ်းသာအားရ ဆိုပါသည်။





"ကိုမိုးဟောင်းစေကျော
ကောင်းမှု"

ဟူသော ကမ္ပည်းစာတန်း ထင်းထင်းရှိသည့် ရွှေရောင်ဝင်းနေသော စေတီလေးကတော့ လျှပ်ရောင်များကြားမှာ ဆည်းလည်းသံသာသာဖြင့် ထင်ထင်ရှားရှား ရှိလှသည်။

ထိုစေတီလေးရဲ့ ရင်ပြင်တော်ပေါ်မှာတော့ မိုးရေတွေကို မမှုပဲ အတူတူ ယှဉ်တွဲလက်အုပ်ချီ၍ ကန်တော့နေကြသော မိုးခြိမ့်ညီနဲ့ ဥခေါင်းပျိုတို့ နှစ်ဦးသည် ... ...။ ... ... ...။



www.burmeseclassic.com

www.burmeseclassic.com



(ဆုံနိုင်ခွင့်ရှိသော ဘဝတိုင်း)

ဘယ်ဘဝကိုပဲရောက်ရောက်

ပြန်ဆုံစည်းပေါင်းဖက်ခွင့်ရသူ

ချစ်သူနှစ်ဦးအဖြစ်ကိုသာ

ရောက်ရလိုပါ၏ ... ဟူသော

ဆုတောင်းတစ်ခုတည်းကို

အတူတူ တောင်းနေခဲ့ကြပါသည်။

◆ ◇ ◆



ရှင်မိုး

(ဆေးတက္ကသိုလ်)

16th Sunday, March

2008.

BURMESE CLASSIC

www.burmeseclassic.com